www.burmeseclassic.com

# ရင်မိုး

(ဆေးတက္ကသိုလ်)

## အိပ်မက်၏အပိုင်းအစ



www.burmeseclassic.com

www.burmeseclassic.com

# ရှင်မိုး(ဆေးတက္ကသိုလ်)

## အိပ်မက်၏အပိုင်းအစ


စာမူခွင့်ပြုချက်အမှတ် - ၅၀၀၀၀၂၀၁၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၁၅၀၀၂၁၀

၂၀၁၀ ခုနှစ်၊ မေလ

ဒုတိယအကြိမ်

တန်ဖိုး - ၁၀၀ိ/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဦးကျော်လှိုင်(၀၃၈၈၇)၊ စေတနာစာပေ အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃)၊ စေတနာ-OFFSET အမှတ်(၅၉)၊ ၁၉-လမ်း၊ ရန်ကုန်။

၈၉၅.၈၃

ရှင်မိုး(ဆေးတက္ကသိုလ်)

အိပ်မက်၏အပိုင်းအစ/ရှင်မိုး(ဆေးတက္ကသိုလ်)-ရန်ကုန်။

စေတနာစာပေ၊ ၂၀၁၀။

၂၈၈- စာ၊ ၁၂×၁၈ စင်တီ။

(၁) အိပ်မက်၏အပိုင်းအစ


### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်


- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com





ရှင်ဖိုး
(ဆေးတက္ကသိုလ်)





စိစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com





ဗေဒါရီက စာတစ်ပိုဒ်အား အသံနေ အသံထားဖြင့် အဖြတ်အတောက် မှန်ကန်စွာဖြင့်၊ တိကျကြည်လင်စွာဖြင့်၊ ပီသ တည်ငြိမ်စွာဖြင့် ဖတ်သောအခါ သူမ၏စာသင်သားများသည် အပ်ကျသံမျှ မကြားရလေအောင် ဂရုတစိုက် နားထောင်ကြလေ သည်။ ဘယ်လောက်တောင် စိတ်ချမ်းသာရတဲ့ ဘ၀လည်းကွယ်။ ဒေါ်ဗေဒါရီ အတန်းကို တက်ချင်လွန်းလို့တဲ့။ ဒေါ်ဗေဒါရီ သင် မှပဲ နားလည်မတဲ့။ ဒေါ်ဗေဒါရီနဲ့သင်မှ စာပိုရသတဲ့။ ဒေါ်ဗေဒါရီ ရဲ့အသံနဲ့ ဖတ်မှပဲ အင်္ဂလိပ်စာဟာ ပိုအတတ်မြန်သတဲ့။ သည် ဝက်သတင်းတွေ၊ သည်ကျော်ကြားမှုတွေ။ အို ... ကြည့်စမ်း။ အများအမြင်မှာ ဗေဒါရီတို့ဘ၀က အင်မတန်ကို တည်ငြိမ်အေး ချမ်းပြီး ဘယ်လောက်တောင် အပူအပင်ကင်းမဲ့တဲ့ ဘ၀လည်း နော်။

“ရှင်တို့ ... အဲဒီတစ်ပိုဒ်လုံးရဲ့ ဆိုလိုချက်ကို သိကြပြီနော်၊ ကဲ ... ဒါဆို ကျုပ်က ရှင်တို့မမှတ်မိနိုင်ဘူးလို့ ထင်တဲ့

www.burmeseclassic.com



စာလုံးလေးတွေ မီးနှင်း(Meaning)ရေးပေးမယ်၊ သေသေ ချာချာကူးရေးကြဦး၊ တချို့က ကူးရေးစာအစောင် စာလုံး ပေါင်းတို့၊ အဓိပ္ပာယ်တို့ တလွဲစီ ကူးရေးကြသေးတော့"

ထိုသို့သော စကားပြောဟန်ကလေးသည် ဗေဒါရီ၏ မပြောင်းလဲသေးသော စကားပြောဟန်ကလေးပဲ ဖြစ်သည်။ သူမ၏ "ရှင်"၊ "ကျွပ်" "တော့" စသည့် အသုံးအနှုန်းများကိုလည်း သူမ၏စာသင်သားများက တမြတ်တနိုး အတုယူ သုံးစွဲကြပေါင်း လည်း များပြီ။ အထူးသဖြင့် မိန်းကလေးတွေပဲ။ သူမကလေး တို့က ဒေါ်ဗေဒါရီ စတိုင်လ်အဖြစ် ထိုသို့ စကားသုံးနှုန်းဟန်က လေးကို ချစ်ခင်နှစ်သက်စွာ အတုယူပြောကြသတဲ့။ ယောကျ်ား ကလေးတွေကတော့ မိခင်ကဲ့သို့သော၊ အစ်မကြီးတစ်ယောက်ကဲ့ သို့သော ဆရာမအဖြစ် သဘောထား သတ်မှတ်ကာ လေးစား မြတ်နိုးကြသတဲ့။

"မမ ... ဟိုဟာကလေးက ဘာရေးထားတာလဲ"

"ဟဲ့ ... ဘယ်ဟာကလေးတုန်း ဒေါ်သုန်သုန်၊ ရှင် ပြော တာက ဘယ်ဟာမှန်းမှ ကျွပ် မသိတာ၊ ဘယ်နံပါတ်လဲ ပြောပါဦးတော့"

သုန်သုန် ဆိုသော ကလေးမကလေး၏ အမေး ကပေါက်တီ ကပေါက်ချာကို ကျန်တဲ့ စာသင်သား ကလေးတွေ ရယ်ချင်ပက်ကျိဖြင့် အသံထွက် ရယ်ကြ၏။ သို့သော် ဗေဒါရီ





က လက်ကာ၍ ဟန့်လိုက်လျှင် အားလုံး ရယ်ရှိန်သတ်ကြစမြဲ ပဲတည့်။

ဗေဒါရီသည် စာပိုဒ်ထဲမှ အင်္ဂလိပ်စာလုံး ခက်ခက် များကို အဖြူရောင် ကျောက်သင်ပုန်းပေါ်တွင် ဆော့ပ်ပင်န်အပြာ ဖြင့် ညီညာဝိုင်းစက်သည့် သူမ၏လက်ရေးကလေးတွေကို ရေး ချ၏။ ပြီးတော့ Word Form နှင့် Verb Form များကိုပါ တစ် ခါတည်း ရေးချရင်း၊ မြန်မာအဓိပ္ပာယ်ကိုပါ ရေးချရင်း ငြိမ်သက် လှသော သူ၏စာသင်သားကလေးတွေကို စိတ်ထဲမှ ကျိတ်၍ ချီးကျူးလိုက်၏။ သိပ်လိမ္မာတဲ့ ကလေးတွေ။ အမှန်က သည့်ခေတ် သည်အခါမှာ ပထမနှစ်တက္ကသိုလ်ကျောင်းသား ကျောင်းသူတွေ ဟာ ငယ်တဲ့အရွယ်ကလေးတွေမှ မဟုတ်ကြတာ။ အနည်းဆုံးရှိလှ အသက်ဆယ့်ကိုး နှစ်ဆယ် ဆိုတော့ ဗေဒါရီတို့ခေတ်ကနဲ့ဆို အတော်အတန့်ကို ရင့်ကျက်နေကြပြီ။

သို့သော် သူတို့လေးတွေ ယဉ်ကျေးကြသည်။ လိမ္မာ ကြသည်။ ကလေးဆန်ဆန် နွဲ့ဆိုးကြသည်။ သူတို့ထက် အသက် ရှစ်နှစ်တိတိ၊ ဒါမှမဟုတ် ကိုးနှစ်နီးပါးကြီးသော ဗေဒါရီတို့လို ကျူတာပေါက်စ ဆရာမကလေးတွေကို ရိုသေတတ်ကြသည်။

"မမက သိပ်ကျက်သရေရှိတာပဲဟယ်၊ ငါတော့ သူ့လို အရမ်းဖြစ်ချင်တာပဲ၊ သိပ်ကျွန်ရြေ၊ သိပ်ပြီးပညာတတ်၊ သိပ်ပြီးတော့လည်း လှတာပဲနော်၊ မမကို လိုချင်တဲ့သူတွေ



www.burmeseclassic.com

www.burmeseclassic.com



ခိုင်းခိုင်းလည်နေမှာ သိလား၊ မမက ဘာလို့ ချစ်သူမရှိ ဆေးတာလဲ မသိဘူး”

ထိုအသံ တိုးတိုးကျိတ်ကျိတ်ကလေးအား သူမ ကြားဖြစ်အောင် ကြားလိုက်ပါသည်။ အဲဒီအခါ ပြုံးချင်ချင် ဖြစ်သွားခဲ့ပါသည်။ ထို့နောက် “ချစ်သူ”ဆိုသည့် စကားတစ်ခွန်းကို တမင်ပဲ မှန်းတီးစွာ မေ့ပစ်လိုက်ရန် ကြိုးစားခဲ့ပါသည်။ သို့သော် အချည်းနှီးပဲတည်း။

ဗေဒါရီသည် စာအုပ်ကို ဘေးချရင်း နံဘေးက ပြတင်းပေါက်နား လျှောက်သွားလိုက်၏။ ပြတင်းပေါက် ပေါင်တွင် လက်တံတောင်ထောက်ကာ မိုးသားပြာပြာများအား အဓိပ္ပာယ်မဲ့ မော့ကြည့်နေမိသည်။ သည်လိုပါပဲလေ။ ဗေဒါရီဟာ “ချစ်သူ” ဆိုတဲ့ ဝေါဟာရကို တမင်မေ့ပစ်နေတဲ့ ကြားက မကြာခဏကြားရတတ်သည့် ထိုဝေါဟာရကြောင့် သူမလည်း နာကျင်ကြေကွဲရပေါင်း များခဲ့ပြီ။ သူမ၏တစ်စုံတစ်ယောက်အား သတိတရဖြစ်ကာ မွှမွှကြေနေတတ်ခဲ့ပြီ။ သူမ၏ တစ်စစီဖြစ်အောင် ကျိုးပဲ့ပျက်စီးသွားသော နှလုံးသား အစအနများထဲမှ တစ်စုံတစ်ယောက်၏ ပုံရိပ်အား စိတ်အာရုံထဲတွင် ကြိုးစားမေ့ပျောက်ထားခြင်းများလည်း အရာမထင်တော့ပြီ။

“ချစ်သူ”တဲ့။

ဩော် ... “ချစ်သူ”တဲ့။





နေစမ်းပါဦး။ ချစ်သူဆိုတာ မိမိကချစ်မိတဲ့သူ တစ်ယောက်ကို ခေါ်တွင်တဲ့ နာမည်လား၊ ဒါမှမဟုတ် နှစ်ဦးသတ်မှတ်ကြတဲ့ အမည်နာမ တစ်ခုလား။

အင်း ... စဉ်းစားရခက်ပါဘိ။

သို့သော် ဗေဒါရီ သိသည်က ချစ်သူဆိုသည်မှာ သူမ၏ဘဝတွင် တစ်ယောက်တည်းသော အမျိုးသားကလေး အတွက် သာလျှင် သတ်မှတ်ထားသည့် အမည်နာမကလေးပဲ ဖြစ်သည်။ ဒါပေမဲ့ ဘယ်လောက်တောင် ကြေကွဲစရာကောင်းလိုက်တဲ့ သူမရဲ့အဖြစ်ကလေးလည်း၊ သူမ၏ချစ်သူဆိုသော အမျိုးသားကလေးဟာ သူမရဲ့နှလုံးသားထဲက မပျောက်ကွယ်သေးသော်လည်း သူမ၏ဘဝထဲက ကိုယ်ရောင်ပျောက်သွားတာ ကြာခဲ့ပါပြီ။ အိုး ... အင်မတန်ကို ကြာခဲ့ပါပြီ။ နှစ်တွေမှ မနည်းတော့ဘူး။ တိတိကျကျ ရေတွက်ရင် ကိုးနှစ်တောင်ကွယ့်။ အင်မတန် ကြာခဲ့ပြီပဲ။

တစ်ခုတော့ ဝန်ခံချင်သားပင်။ ဗေဒါရီက သည်အဖြစ်ကလေးတွေကို နေ့စဉ်နှင့်အမျှ လက်ချိုးမရေဖြစ်ပါဘူး။ သို့သော် အသိဉာဏ်တို့က ထူးခြားစွာပင် မှတ်မိနေခဲ့၊ ချစ်သူအား နာကြည်းရမည့်အစား တမ်းတနေခဲ့၊ ပြီးတော့ “ကို”ဟု မြတ်နိုးယုယစွာ ခေါ်နေတတ်ခဲ့။

“မမ ... မမ”

“ဟေ ... ဟေ ... အေး ... ပြောကွယ်၊ ဘာမေးချင်လို့လဲ”



www.burmeseclassic.com

www.burmeseclassic.com



ဖေဒါရီသည် လွင့်မျောနေသော သူမ၏အတွေးတို့ကို ပြန်လည်စုစည်းလျက် သူမ၏ကျောင်းသူမကလေးထံမှ အခေါ်အား ဖရိုဖရဲ တုံ့ပြန်လိုက်ရသည်။

"ကော်ဖီတွေ အေးကုန်ပြီ မမရဲ့၊ သောက်လိုက်ပါဦး၊ မမက ကော်ဖီခါးခါးကြီး ကြိုက်တတ်လို့ အိမ်ကကောင်မလေးတွေ ဖျော်ရင် ချိုမှာစိုးလို့ သမီးကိုယ်တိုင် ဝင်ဖျော်ထားတာ၊ သောက်လိုက်ပါဦး"

"ကျေးဇူးပဲ သမီးရယ်၊ သမီး အလုပ်ရှုပ်ရင် မဖျော်ထားပါနဲ့၊ မမအတွက် အလုပ်ပိုပါတယ်"

"ရပါတယ် မမရဲ့၊ မမက မုန့်လည်း ဘယ်တော့မှမစားဘူး၊ ကော်ဖီခါးခါး သိပ်ကြိုက်တယ်ဆိုတာ သိထားတော့ သမီးက ကြိုးစားပမ်းစား ဖျော်ထားရတယ်လေ"

"မမ ... ကော်ဖီက ခါးတော့ ဘယ်လိုလုပ် သောက်ကောင်းမလဲနော်၊ ကျွန်တော်တို့က ကော်ဖီမသောက်ပေမယ့် လက်ဖက်ရည်တော့ ကျဆိမ့်မှသောက်တာ၊ ကျွန်တော် သိတာက ကောင်မလေးတွေက ခါးတာမကြိုက်ဘူး၊ Except လက်ဖက်ကလွဲရင်ပေါ့"

"ရှင်တို့က လက်ဖက်ရည်ကျဆိမ့် ကြိုက်ပေမယ့် လက်ဖက်ရည်ချိုချိုကြိုက်တဲ့ အီပျစ်ခွေလဲ အရသာမျိုး ကြိုက်တဲ့လူတွေက ရှင်တို့ရဲ့လက်ဖက်ရည်ကို အထင်မကြီးကြဘူးလေ၊





ဒီကောင်တွေ ဘာလို့ ကျကျကြီး ကြိုက်ရသလဲလို့ တွေးမှာပဲ၊ ဒါပေမဲ့ ရှင်တို့က ကြိုက်တာပဲ မဟုတ်လား၊ အဲဒီလိုပေါ့တော်၊ ကျုပ်လည်း ကော်ဖီခါးခါးကြီး ကြိုက်တာကို ဘယ်သူကတားတား ရှောင်လို့မှမရတာ၊ အမှန်က ကော်ဖီခါးခါးကြီးသောက်လေ နှလုံးရောဂါရဖို့ Chance ပိုများတယ်"

ဖေဒါရီ၏ ကော်ဖီခါးခါးကိစ္စသည် အမှန်က သူမ၏အကြိုက်မဟုတ်ခဲ့ကြောင်း သူမတစ်ယောက်သာ သိခဲ့သည်။ နက်စ်ကော်ဖီခါးခါးကို မြတ်နိုးခုံမင်စွာ သောက်တတ်ခဲ့ခြင်း၏ အမိကရင်းမြစ်မှာ "ကို"ကြောင့်သာဖြစ်ပေသည်။ ကိုကပဲ ဖေဒါရီ့ကို ပြောင်းလဲခဲ့တာ။ ကိုယ်ကပဲ ဖေဒါရီ့ဘဝကို လွှမ်းမိုးသွားခဲ့တာ။ ပြီးတော့ ကိုကပဲ ဖေဒါရီ့ကို စွန့်ပစ်ခဲ့တာ။ ဒါဟာ တကယ့်တကယ် တွေးကြည့်ရင် နာကြည်းလောက်တဲ့ လုပ်ရပ်တစ်ခုပဲ။ သို့သော် ဖေဒါရီသည် သူမအား ဒဏ်ရာများစွာ ဖွဲ့စည်းထားသည့် နှလုံးသားပိုင်ရှင် မိန်းမတစ်ယောက်အဖြစ် ပြောင်းလဲစေခဲ့သူ ယောကျ်ားတစ်ယောက်အား နာကြည်းလောက်စရာ ခွန်အားမရှိပါတဲ့။ ဘယ်လောက်တောင် အချစ်ကို တန်ဖိုးထားတတ်တဲ့ အမျိုးသမီးကလေးလဲ။

"ကဲ ... ဒီနေ့တော့ ဒီလောက်ပဲကွယ်၊ နောက်နေ့တော့ စောစောကလေ လှုံရင် ကောင်းမယ်ထင်တယ်၊ အခုရာသီက ဆောင်းရာသီဆိုတော့ နေစောစောဝင်တတ်တယ်



www.burmeseclassic.com

www.burmeseclassic.com



ဆေး ခြောက်နှာရီလောက်ဆို အရမ်းမှောင်နေပြီ၊ ကလေးတို့ ပြန်ရတာကို ကျုပ်က ပိုစိုးရိမ်တယ်၊ တစ်ခုခုဖြစ်သွားရင် မကောင်းဘူးပေါ့၊ ကျုပ် လေးနာရီ ငါးမိနစ် အလွန်ဆုံး ဆယ်မိနစ် လူစုံနေရင် အကောင်းဆုံးပဲ"

"ဟုတ် ... ကဲ့ ... ပါ"

"ဟုတ်ကဲ့ပါ"အား အသံရှည်ကြီးဖြင့် အော်ကြလျက် ဆူဆူညံညံ စကားတွေပြော၊ ခဲတံ၊ ဘောလ်ပင်န်၊ စာအုပ်သိမ်း သူသိမ်း၊ ကားသော့ ကောက်ကိုင်သူကောက်ကိုင်ဖြင့် အိမ်ပြန်ရန် အသီးသီး ပြင်ကြဆင်ကြလေသည်။

"သုန်သုန်လေးရေ ... ကျုပ် ပြန်ပြီ"

"ရှင် ... ဟုတ်ကဲ့ မမ"

ကျူရှင်သင်ရာအိမ်ကလေး၏ အိမ်ရှင်တပည့်လေး သုန်သုန်အား နှုတ်ဆက်၍ သူမ အိမ်ပေါ်မှဆင်းတော့ ကားကိုယ်စီဖြင့် ပြန်သွားကြသော သူမ၏တပည့်များက လက်ပြနှုတ်ဆက်ကာ ထွက်ခွာသွားကြ၏။ Limited ကားဖြူဖြူကလေးအား စက်နှိုး၍ ဗေဒါရီ၏ အကျင့်အတိုင်း ကက်ဆက်ခလုတ်ကိုပါ နှိပ်ပြီးသား ဖြစ်ချိန်မှာ သုန်သုန်က "မမ ... တာ့တာ"ဟု နှုတ်ဆက်လေသည်။

"ပြန်လာပါ အိပ်မက်ကလေးရေ ... အရင်လို ငါဟာ မင်းရဲ့အနမ်းလေးတွေ ... တမ်းတနေပြီလေ ... ရက်စက်ည





များထဲ ... တစ်ခါပြန်မနိုးခင် အထိကွယ် ... ရင်မှာဒဏ် ရာ ... အို ... ပျက်လွင့်သွားအောင် ..."

ထူးအိမ်သင်က သူ့ရဲ့အိပ်မက်ကလေးအား ပြန်လာဖို့ တမ်းတစွာခေါ်ညည်းနေခဲ့သည်။ ထိုသီချင်း၏ မူရင်းအင်္ဂလိပ်သီချင်း ဖြစ်သော "Enternal Flame"ကို နှစ်သက်သလို မြန်မာသံထည့်ဆို သောအခါလည်း ဗေဒါရီက နှစ်သက်စွာ နားထောင်ခဲ့ပါသည်။

"And ... I only dreaming ... It is burning ... and eternal flame"

ဟူသော စာပိုဒ်ကလေးကဲ့သို့ ထာဝရမီးတောက် ကလေးတစ်ခုသည် ဗေဒါရီဆိုသော မိန်းမတစ်ယောက်၏ဘဝထဲ မှာ သူမ၏ချစ်သူ ကိုက ထားရစ်ခဲ့လေသည်။

"ကိုရေ ..."

ဟု ခပ်တိုးတိုး ညည်းမိ၏။ လွမ်းလိုက်တာ ကိုရယ် ... ဆောင်းရာသီရဲ့ နှင်းပွင့်ကလေးတွေ ဝေရင်လည်း လွမ်းခဲ့တယ်၊ နွေရာသီရဲ့ နွေနေပူပူကို မြင်ရင်လည်း လွမ်းခဲ့ တယ်၊ မိုးရာသီရဲ့ မိုးစက်မှုန်တွေနဲ့ တိမ်တိုက်တိမ်ညိုညိုတွေတွေ့ ရင်လည်း လွမ်းခဲ့တယ်။ ရယ်ပဲ ရယ်လိုက်ချင်သေးတော့ ... ဗေဒါရီဟာ အင်မတန် အလွမ်းသန်တဲ့ မိန်းမပဲနော်။

နှင်းကွဲမီးရောင် တောက်တောက်များ အောက်တွင် တရိပ်ရိပ်မောင်းသွားသော လီမိတက် Limited ကားဖြူဖြူကလေး



www.burmeseclassic.com

www.burmeseclassic.com




ထဲမှ ဆေဒါရီဆိုသည့် အမျိုးသမီးကလေးသည် ဟိုး ... လွန်ခဲ့တဲ့ ကိုးနှစ်တုန်းက သူမ၏နေ့ရက်များအား ပြန်လည်သတိရနေခဲ့တော့သည်။ အသက်နှစ်ဆယ့်ရှစ်နှစ် ရှိပြီဖြစ်သည့် မိန်းကလေးတစ်ယောက်သည် ယခုအခါမှာတော့ သူမ၏အသက် ဆယ့်ကိုးနှစ်အရွယ်က အဖြစ်အပျက်များကို တည်ငြိမ်ရင့်ကျက်စွာ တွေးကြည့်နိုင်သားပင်။

✣ ❤ ✣








www.burmeseclassic.com

www.burmeseclassic.com

ဘယ်လောက် ခံပြင်းစရာ ကောင်းလိုက်သလဲ ...။

ကြည့်စမ်း ... မာနကြီးသော၊ အနိုင်ရလိုသော၊ မိမိကိုယ်ကို အထင်ကြီးသော၊ မိန်းမတွေကို အထင်သေးသော၊ လျှော့တွက်တတ်သော ယောကျာ်းနှစ်ယောက်ရဲ့ အတ္တပြိုင်ပွဲမှာ အဓိကပစ်မှတ်ဟာ ဗေဒါရီတဲ့။

ဗေဒါရီဟာ ပစ်မှတ်တဲ့။

ဗေဒါရီကို ရွေးချယ်ပြီး ယှဉ်ပြိုင်ခဲ့ကြသတဲ့။ ပစ်မှတ်တဲ့ ... ပစ်မှတ်။ ပစ်မှတ်ဆိုတာဟာ အလယ်ဗဟိုကို ထိအောင် ပစ်နိုင်တဲ့သူကို အနိုင်လို့ သတ်မှတ်ပေးရတဲ့ အဓိကဆုံးဖြတ်ပေးတဲ့ အရာဝတ္ထုကလေးပဲ။

သူမအား အရာဝတ္ထုတစ်ခုပမာ သဘောထား၍ယှဉ်ပြိုင်ရက်ခဲ့ခြင်းကို နာကြည်းပစ်ရန် သင့်ပါလျက် ... အထူးသဖြင့် ကို့ကို နာကြည်းလိုက်သင့်ခဲ့ပါလျက် မနာကြည်းရက်သည်မှာ ဗေဒါရီဆိုတဲ့ မိန်းမပဲတည်း။

✤ ❤ ✤





(က)

ဒုတိယနှစ် အင်္ဂလိပ်စာ ဂုဏ်ထူးတန်း ကျောင်းသူကလေး ဗေဒါရီ၏ ဘဝထဲသို့ စတင်ခြေချမည့်သူသည် သူ၏ခြေချခြင်းကို ကျောင်းသားကတ်ကလေးတစ်ခုဖြင့် စတင်လေသည်။ ဆိုစဉ်ကတော့ မသိခဲ့သေးပါ။ ဖတ်ချင်သမျှ စာအုပ်တချို့ ထိုင်ဖတ်အပြီး အပြင်မှာ မိုးလည်းတိတ်ချိန်မှာ တစ်ချိန်လုံး ငုံ့ဖတ်ထားရ၍ ညောင်းညာကိုက်ခဲလှလှ ဦးခေါင်းကိုမော့။ စာကြည့်မျက်မှန်ကလေးကိုချွတ်။ ထို့နောက် လွယ်အိတ်လွယ်လိုက်စဉ်မှာ သူမ၏မျက်စိရှေ့တည့်တည့်က တစ်ဖက်စားပွဲပေါ်မှ အရာဝတ္ထုတစ်ခုအား မြင်ခွင့်ရလိုက်တာပဲဖြစ်သည်။

ထိုအရာဝတ္ထုကလေးက ပလတ်စတစ်အမာဖြင့်ကပ်ထားသော ကျောင်းသားကတ်ကလေးမှန်း မနီးမဝေးမှ မြင်ရုံဖြင့် သူမ သိလိုက်သည်။ ဘယ်သူများ နှမော်နမဲ့ ကျန်ခဲ့ပါလိမ့်။ အင်မတန် ပေါ့ဆတာပဲ။ ဘာတွေများ အရေးတကြီး သွားစရာရှိလို့



www.burmeseclassic.com

www.burmeseclassic.com



ကတ်ပြားတစ်ခုလုံး မေ့ကျန်ခဲ့ရတာပါလိမ့်နော်၊ နေစမ်းပါဦး ... ခုနက ငါထိုင်တဲ့စားပွဲရှေ့မှာ ဘယ်သူများ စာလာထိုင်ဖတ်သလဲ။

ဟင့်အင်း ... သတိမထားမိချေ။ ဗေဒါရီက စာတစ်ခုထဲ စိတ်ဝင်စားပြီဆိုရင် ဘယ်အရာမှ မှတ်မှတ်ရရ သတိမထားတတ်ချေ။ အင်း ... ဒုက္ခ ... ဒုက္ခ။ ကိုယ့်မျက်စိရှေ့ ရှိနေပြန်တော့ တစ်ဗွက်ကိုယ်ကောင်းဆန်စွာ မထားချင်ခဲ့ပြန်။

ထိုအခါ ဗေဒါရီသည် ထိုစားပွဲဆီသွား၍ ကတ်ပြားကလေးအား ကောက်ယူလိုက်၏။

မောင်ရဲတိုက်။

တဲ့လား။ ထူးခြားတဲ့ နာမည်ကလေးပဲ။ နေရပ်လိပ်စာနှင့် မှတ်ပုံတင်နံပါတ်အား ဖတ်ရှုပြီးသောအခါ ထိုကတ်ပြားပိုင်ရှင်ကလေး၏ ကျောင်းနှင့် အတန်းအားသိခွင့်ရလေသည်။

စတုတ္ထနှစ်(ဗိသုကာ)

ရန်ကုန်စက်မှုတက္ကသိုလ်။

ဟူသော ဂုဏ်ပုဒ်တွေကြောင့် အိုး ... ပျိုတိုင်းကြိုက်ကြတဲ့ စက်မှုတက္ကသိုလ် ကျောင်းတော်သားကလေးပဲဟု ခပ်ရွှတ်ရွှတ် တွေးလိုက်သေးရဲ့။ ဟုတ်တယ် ... တကယ်ပါ ဓာတ်ပုံထဲက မှုန်ကုပ်ကုပ်၊ နှုတ်ခမ်းထူထူနဲ့ တစ်စက်လေးမှ ကြည့်မကောင်းတဲ့ ကိုးတန်း၊ ဆယ်တန်း ကျောင်းသားရုပ်ပုံကလေးကို ဘယ်သူက စိတ်ဝင်စားပါ့မလဲနော်။ အံ့ပါရဲ့ ... ဒါလား စတုတ္ထနှစ် ဗိသုကာ





ကျောင်းသားကလေး။ ယုံပဲ ယုံလိုက်ချင်သေးတော့လို့တောင် ...ရဲ့မိခဲ့သေးသည်။

သည်ကျောင်းကလည်း မဟုတ်ဘဲနဲ့ နေရာချဲ့ပြီး စာကြည့်တိုက်မှာ ဘာတွေများ လာဖတ်ရှုသလဲ။ မှတ်ဉာဏ်ကောင်း ...ရတဲ့ ကျောင်းသားကလေး(ဓာတ်ပုံထဲမှာ နားရွက်ကားကားကလေးတွေတွေ့၍ သည်လို မှတ်ချက်ချတာပဲ ဖြစ်သည်) ဟာ ... အလို့ မိမိရဲ့ကျောင်းသားကတ်တစ်ခုလုံးကို မေ့သွားတာပါလိမ့်။ ...တ္တ သူ့ကောင်မလေးနဲ့ ချိန်းထားတဲ့အချိန် လွန်သွားလို့ ...ခန်းကတန်း ထထွက်သွားလို့ ဖြစ်မယ် ထင်ခဲ့သားပင်။

"ဒီမှာရှင့် ... ကျောင်းသားကတ်တစ်ခု ဟိုစားပွဲပေါ်မှာ ကျန်ခဲ့လို့"

"ဟုတ်လား ... ဒါဆိုလည်း ဒီမှာပေးခဲ့လေ၊ နောက်နေ့တော့ လာယူချင်ယူမှာပေါ့"

အဲသည်လို စာကြည့်တိုက်က တာဝန်ရှိသူကို ထို ...တ်ကလေးပေးရင်း သူမ ငှားမယ့်စာအုပ်စာရင်း ရေးမှတ်ခိုင်း ...မှာ သူမ၏နံဘေးမှာ ဝင်ရပ်လိုက်သော အရိပ်တစ်ရိပ်အား ...နဲ့ တွေ့ခွင့်ရလိုက်သည်။ ဘယ်သူရယ်လို့ သိပ်စပ်စုတတ် ...ရှိသော ဗေဒါရီသည် သူမ၏ ငှားဖို့ရည်ရွယ်ထားသော စာ ...တွေလောက် စိတ်မဝင်စားခဲ့ပါ။ ထို့ကြောင့် လှည့်မကြည့်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ... ဒီမှာ ခင်ဗျား ကျွန်တော့်ကျောင်းသားကတ် ဟို နားက စားပွဲပေါ်မှာ ကျန်ခဲ့တယ်ထင်လို့ ပြန်လာရှာတာ အခုမရှိတော့ဘူး၊ အစ်မတို့များ ယူသိမ်းထားလိုက်သလား လို့"

ထိုအခါ ဗေဒါရီသည် ထိုအရိပ်အား လှည့်ကြည့် ဖြစ်သွားပါသည်။ ထိုအရိပ်က သူမ၏ အရပ်အမောင်းအားမိုး၍ ရပ်နေနိုင်သော မြင့်မားသည့် အရပ်အမောင်းပိုင်ရှင်ပင် ဖြစ်ကြောင်း တိတ်တဆိတ် ဝန်ခံပါသည်။ သူ့အရိပ်ကြောင့် ဗေဒါရီက ကျုံ့ ဝင်သွားရသလို ခံစားရပါသည်။ သူက ဗေဒါရီ့ကို ကြည့်မနေ ချေ။ သူ့မျက်လုံးတွေက စာအုပ်စာရင်းမှတ်သော အစ်မကြီး၏ လက်ထဲမှ ကတ်ပြားဆီ ရောက်နေ၏။ အင်း ... ပြောရရင် သူ့ ခန္ဓာကိုယ်က သိပ်တောင့်တင်းခိုင်မာတာပဲ။ သူ့မျက်လုံးတွေက သိပ်စူးရှတာပဲ။ သူ့ရဲ့ခပ်လတ်လတ် အသားအရေဟာ သိပ်စိုပြည် တာပဲ။

"အခုလေးတင် ဒီညီမလေးက ကောက်ရလာလို့ အစ်မကို ပေးထားတာ၊ မင်း ချက်ချင်းသတိရသွားပဲ၊ ချက်ချင်းပြန် လာရှာတယ်၊ တချို့ဆို ကိုယ့်ကတ် ဘယ်နားကျလို့ ကျခဲ မှန်း မသိဘူး"

ဗေဒါရီကို မေးထိုး၍ ညွှန်ပြလိုက်ခြင်းကြောင့် သူ က သူ့နံဘေးမှ ဗေဒါရီကို ငုံ့ကြည့်လေသည်။ ရှက်ဖို့ပင်ကောင်း





သေးတော့။ သူမက သူ့ကိုစူးစမ်းငေးမောနေခဲ့ခြင်းကြောင့် သူ့ရဲ့ စူးရှသော မျက်ဝန်းအစုံနှင့် ဗေဒါရီ့မျက်ဝန်းတို့ ဆုံဖြစ်သွားကြ သည်။ သူနဲ့ သူမတို့ နှစ်ယောက်သည် ဘယ်သူမှ မိတ်ဆက်ပေး ခြင်းမရှိခဲ့သေးသော်လည်း အသိးသီး ပြုံးပြနှုတ်ဆက်မိကြလေသည်။ ဒါဟာ ဗေဒါရီရဲ့ရာဇဝင်ကို ဖျက်သိမ်းခြင်းအစ ဖြစ်လေသည်။ ဘာဖြစ်လို့လဲသိလား၊ ဗေဒါရီဟာ ဘယ်ယောကျာ်းတစ် ယောက်ကို မှအလွယ်တကူ ပြုံးမပြတတ်တဲ့ မိန်းမတစ်ယောက် ဖြစ်ခဲ့လို့ပဲ။

"ဟုတ်လား ... ကျေးဇူးပဲဗျာ၊ ကျွန်တော် လောလော လောလောနဲ့ ထွက်သွားတာ၊ အိတ်ထဲ အကုန်ကောက်ထည့် မိတယ် ထင်တာပဲ၊ နောက်မှ စီးကရက်ဝယ်ဖို့ ပိုက်ဆံထုတ် မှပဲ ကတ်မပါလာတာ သတိထားမိတော့တယ်၊ ကျေးဇူး တင်ပါတယ်"

"ရပါတယ်၊ ကဲ ... သွားပြီနော်"

မောင်ရဲတိုက် ... ရှင့်ရဲ့ စူးစိုက်တဲ့ အကြည့်တွေကို ကျုပ် တယ်ဘဝင်မကျလှဘူးဟု မာနကြီးသော မိန်းမပီပီ ချက်ချင်း တောားစဖြတ်ကာ လှည့်ထွက်လိုက်သည်။ ကြည့်စမ်း ... ရဲတင်းလိုက် တဲ့အကြည့်။ ငါ့ကို အရင်ကတည်းက သိကျွမ်းရင်းနှီးတဲ့ပုံစံနဲ့ ကြည့်တာ။ အကြည့်တွေက လုံးဝမရိုးသားတာ အမှန်ပဲ။ သည် ဘတ်ပြား တမင်များ ထားခဲ့သလား။ ငါ ကောက်ကိုင်အောင် အမင်ဖန်တီးခဲ့တာလား။ ဗေဒါရီသည် သူမ၏သက်တမ်းတစ်



www.burmeseclassic.com

www.burmeseclassic.com



လျှောက်တွင် ရဲတိုက်ကဲ့သို့သော ယောကျ်ားကလေးပေါင်းများစွာ ထံမှ ရရှိသော အကြည့်မျိုးကို အစိမ်းပွာယ်ဖော်တတ်နေပြီဖြစ်၍ သူမ သတိလက်လွတ် ငေးမိသော ရဲတိုက်အား ကျော်ခိုင်း၍ ခ သွက်သွက် လျှောက်ထွက်ခဲ့လေသည်။

ခြေလှမ်းဆယ်လှမ်း မပြည့်ခင်တွင်ပင် ဗေဒါရီ၏ နံ့ဘေးသို့ ကပ်ပါလာသည့် အရိပ်တစ်ခုအား ကြုံလိုက်ရတော့၏ သူဟာ ရဲတိုက်ပဲဟု ချက်ချင်းသိရှိလျက် ဘုပြောပစ်ဖို့ ဆုံးဖြတ် လိုက်တော့သည်။

"ဒီက ဘယ်ကျောင်းကလဲ မသိဘူး"

"ကတ်ပြား ပြန်ပေးလို့ နည်းနည်းပါးပါး ရယ်ပြမိတာနဲ့ မိတ်ဖွဲ့ခင်မင်ဖို့ ကြိုးစားစရာ မလိုဘူးထင်တယ်၊ ကျုပ် ဘယ်ယောကျ်ားလေးနဲ့မှ မိတ်ဆွေမဖြစ်ချင်ဘူး ဆိုတာ ကြိုတင်ပြောထားချင်တယ်"

"ဘာလဲ ... မေမေက ယောကျ်ားလေးတွေနဲ့ အပေါင်း အသင်း မလုပ်ရဘူးလို့ မှာထားတဲ့စကားကို သမီးလိမ္မာ ကလေးပီသစွာ လိုက်နာနေတာလား"

"သွားသေလိုက်ပါလား၊ ကျုပ်ကို လာရိမနေနဲ့နော်၊ ဒီမှာ တွေ့လား၊ လက်ထဲက ခေါက်ထီးနဲ့ မရိုက်ရဲဘူး မထင်နဲ့ လူကြီးလူကောင်းသားသမီး ပီသရင် ကျုပ်ကို ဆက်ဒုက္ခ မပေးရင် ကောင်းမယ်"





"ဘယ်လိုလဲကွာ၊ ကတ်ပြားကောက်ရတဲ့ ကောင်မလေးမို့ ခင်မင်ချင်လို့ မိတ်ဖွဲ့တာပါ၊ အခုတော့ ဘုတောခံနေရတယ်"

ဒါဆိုလည်း လှည့်ပြန်ပေါ့။ ဗေဒါရီသည် မှန်တာ ပြန်ခံရသော် ရဲတိုက်၏ ပေါ့တီးပေါ့ဆ စကားသံများကို မုန်းမိ ဘာလည်း တစ်ဒုက္ခ။ ပြီးတော့ ရဲတိုက်၏အသံကို ကြားရခြင်း ကြောင့် ရင်ခုန်မိခြင်းတည်းလည်း တစ်ဒုက္ခ။ ထို့ကြောင့် ရဲတိုက် အား လုံးဝမော့ကြည့်ဖို့ မစဉ်းစားခဲ့ပါ။ တစ်သက်နဲ့ တစ်ကိုယ် သည်တစ်ခါသာ ရဲတိုက်ဆိုသော ယောကျ်ားတစ်ယောက်ကြောင့် တောင်၍ ဖရိုဖရဲ ရင်ခုန်မိတာတော့ အံ့သြချင်သားပင်။

"ရှင် လှည့်ပြန်ရင် ကောင်းမယ်၊ ဒီလောက်ဆိုရင် ကျုပ်ရဲ့ ဆက်ဆံရေး ညံ့ဖျင်းမှုကို နားလည်လောက်ရောပေါ့"

"အိုကေ ... ဗေဒါရီဆိုတဲ့ ဒုတိယနှစ် အင်္ဂလိပ်စာဂုဏ်ထူး တန်းရဲ့ ကျက်သရေဆောင်ကလေးဟာ ဒီလောက်တော့ တင်းမာပြတ်သားမှာပေါ့၊ ဒါကို ကျွန်တော် သိထားဖို့သင့် တယ်၊ အခုတော့ ဗေဒါရီရဲ့ လုပမှုကလေးနဲ့ မလိုက်ဖက် တဲ့စကားတွေ ကျွန်တော် ကြားခွင့်ရလိုက်တာ သင်ခန်းစာ ပါပဲ၊ ကဲ ... သွားမယ် ဗေဒါရီ၊ နောက်နေ့လာခဲ့မယ်နော်"

ဟင် ... ဘုရား ... ဘုရား၊ သူ ငါ့ကို သိနေတယ်၊ ငါ့ကို သိနေတယ်။ ကြည့်စမ်း ... ဒါဟာ သူ့ရဲ့တမင်လှည့်ကွက် ပေါ့ လှည့်ကွက် ... ဟုတ်တယ်။ ငါနဲ့ရင်းနှီးရအောင် သူ့ရဲ့ ကျောင်းသားကတ်ကို တမင် ငါ့ရှေ့စားပွဲမှာ ချထားခဲ့တာ၊ ငါ့ကို



www.burmeseclassic.com

www.burmeseclassic.com



ဆောင့်ကြည့်နေခဲ့တာ။ ငါ ဒါကို မသိခဲ့တာ ညံ့တယ်။ အို ... စိတ်
ပျက်ပါဘိ။ ဗေဒါရီဆိုတဲ့ လှသိမ်ုးသော မိန်းမတစ်ယောက်က
ချဉ်းကပ်ပုံက သည်ပုံနဲ့စတင်ခဲ့သတဲ့။ ဘယ်လောက် မုန်းစရာ
လေးလဲ။

သချာတာ တစ်ခုကတော့ "နောက်နေ့လာခဲ့မယ်
နော်"ဆိုသော မှာကြားသံကလေးအား သတိရနေမိတာပင်။ ထူထဲ
သော မျက်ခုံးများအောက်မှ ရီတီတီမျက်ဝန်းအစုံကို ရင်ခုန်ခဲ့သည်။
သွန့်တ်ခမ်းထူထူတို့က ချိုမြသော အပြုမးရိပ်ဆင်လျက်။ (ဒါပေမဲ့
ထိုအပြုံးက ထေ့သလိုပြုံးသော အပြုံးမျှသာ) ရှိခြင်းအား ရင်ခုန်ခဲ့
သည်။ ညိုမောင်း၍ စိုပြည်သော အသားအရေ၊ တောင့်တင်းကျယ်
ပြန့်သော ရင်အုပ်နှင့် မြင့်မားခိုင်မာသော အရပ်အမောင်းတို့က
ယောကျ်ားပီသမှုကို ဖော်ညွှန်းသကဲ့သို့ ရှိသည်ဟု သူမ ဝန်ခံလျက်
ရင်ခုန်ခဲ့ပြန်သည်။

တဒင်္ဂလေး တွေ့ဆုံလိုက်ရခြင်းမှာ မကြာမြင့်သော်
လည်း ဗေဒါရီသည် ရှေးနှစ်ပေါင်းများစွာက တွေ့ကြုံရင်းနှီးရခဲ့
သူ တစ်ယောက်ပမာ ရဲတိုက်၏ သွင်ပြင်နှင့် စကားသံတို့ကို
အလွယ်တကူ မှတ်မိနေခဲ့တော့သည်။

(ဒါဟာ အမှန်တော့ သူမထံမှ "ကို"တစ်ယောက်
တည်းအတွက်သာ ထူးခြားစွာ ပေါက်ဖွားလာသည့် အချစ်စစ်စစ်
တစ်ခုကြောင့် ဖြစ်မည်ဟု ယခုအခါ လက်ခံနိုင်ခဲ့ပြီ။)

✣ ❤ ✣





# ၅

ထိုနေ့၏ အတန်းလွှတ်ချိန်တွင် ဗေဒါရီသည် သူမ
တစ်ခါမှ မတွေ့ဖူးဘူးဟု ထင်ရသော ယောကျ်ားတစ်ယောက်နှင့်
မမျှော်လင့်ဘဲ ထပ်မံတွေ့ဆုံရလေသည်။

"ကျွတ် ... စိတ်ပျက်ပါတယ်၊ ဘယ်သူများ ငါ့ကားရှေ့မှာ
ကားကို ကန့်လန့်ရပ်ထားလည်း မသိဘူး"

သူမသည် စိတ်ပျက်လက်ပျက်နှင့် ညည်းတွားလျက်
ဆားဘီကို ရှာဖွေသော်လည်း အချည်းနှီးပင်။ နံဘေးက ယှဉ်ရပ်
ထားသော ကားတွေကလည်း သွားဦးမည့်ပုံ မပေါ်သလို သူမ၏
ကားရှေ့ ပိတ်ရပ်ထားသော ကားပိုင်ရှင်ကိုလည်း ဘယ်မှာရှာရ
မှန်းမသိ၍ နောက်ဆုံးတော့ ကားဟွန်းအကျယ်ကြီး တီးပစ်မိ၏။

ဟင်း ... ရှက်ဖို့ပင် ကောင်းသေးတော့။ ဗေဒါရီ
ကဲ့သို့ လှပသည့် မိန်းမတစ်ယောက် ကားဟွန်းအကျယ်ကြီး တီး
ခြင်းကို သာမန်ရှုးစမ်းကြည့်ခံရသည်ထက် ပို၍ရှုးစမ်းကြ၏။
ကားပိုင်ရှင်ရေ ... မြန်မြန်လာပါဟု ဆုတောင်းကာ ဟွန်းကို
ဆပ်မံတီးလိုက်ပြန်သည်။ ထိုအခါ ခပ်လှမ်းလှမ်းက သစ်ပင်တစ်



www.burmeseclassic.com

www.burmeseclassic.com



ဝင်းအောက်တွင် တစ်စုံတစ်ရာကို စိတ်ပါဝင်စားစွာ မတ်တတ်ရပ်လျက် အကြီးအကျယ် ဆွေးနွေးနေကြသော ယောကျ်ားလေးအုပ်စုတစ်စု လှည့်ကြည့်ကြလေသည်။

ထိုအုပ်စုထဲမှ အဝေးကနေ ထင်းခနဲ မြင်ရစေသူတစ်ယောက်က ဗေဒါရီ့ဆီ ခပ်သွက်သွက် လျှောက်လာ၏။ ဪ … ကားပိုင်ရှင်ကလေး ထင်ပါရဲ့ဟု ဝမ်းသာသွားရုံကလေးအပြင် သူမ၏အမြင်မှာ ထိုသူကလေးအား ဘာမှစိတ်ဝင်စားစရာမရှိလို့ သတ်မှတ်ချင်သည်။ အမှန်က ဗေဒါရီမသိသေးသည်မှာ ထိုအမျိုးသားကလေးက အင်မတန့်ကို ချောမောလှပါလျက် မနက်က တွေ့ဆုံခဲ့ရသော ရဲတိုက်ဆိုသည့် မိုက်တိမိုက်ကန်းသူငယ်ကလေးနှင့် ကွာခြားပါလျက် ရင်မခုန်မိခြင်းသည် ရဲတိုက်အပေါ်တွင် သူမ၏ တစ်မူထူးခြားသော ပြောင်းလဲမှုပဲတည့်။

"ကားထွက်ချင်လို့ ထင်တယ်"

သူမက ခေါင်းညိတ်ပြရုံအပြင် မပိုခဲ့ချေ။ သို့သော် …

"ဒုက္ခပဲဗျာ၊ ကျွန်တော် ကားသော့ပျောက်နေလို့"

တဲ့လေ။ ကဲ … ဘယ်လောက် စိတ်ညစ်ရတဲ့အဖြစ်လဲ။

"ကျွန်တော် ကားကိုခဏလေးရပ်ပြီး ဟိုကောင်တွေနဲ့ သွားစကားပြောတာ၊ ကားသော့ကို ခါးကြားထိုးထားမိတယ် ထင်တာပဲ၊ အခု ကျပျောက်တာလား၊ အထဲမှာကျန်ခဲ့တာလား မသိဘူး၊ ကျွန်တော် ရှာမတွေ့တော့လို့ ပြဿနာတက်နေတာ"

တစ်ကားလုံး အနက်ရောင်မှန်တွေ သုံးထားမှတော့အထဲက ပစ္စည်းတစ်ခုခုကို ဘယ်လိုမှ မြင်နိုင်မည်မထင်။ အို … သည်နေ့ ကံကိုဆိုးနေပါတယ်ဟု မဆီမဆိုင် မနက်က ပြဿနာအသေးအဖွဲကလေးအား သတိရကာ စိတ်ပျက် လက်ပျက် တွေးလိုက်မိသေးရဲ့။ ကဲလေ … ဒါဆိုလည်း ဘေးကကားတွေသွားမှပဲ ငါ့ကား ထွက်လို့ရတော့မှာပေါ့ဆိုကာ စိတ်လျှော့ပြီး ထိုအမျိုးသားကလေးအား စကားတစ်ခွန်းမှတောင် ထပ်မပြောခဲ့ချေ။

ဒါပေမဲ့ … ဗေဒါရီဆိုသည့် မိန်းမလှကလေးအား တွေ့မြင်လိုက်ရသော အမျိုးသားကလေးသည် မမျှော်လင့်ဘဲ ဆုံစည်းလိုက်ရသည့် အခွင့်အရေးကို လက်လွှတ်ချင်ဟန်မတူ။ စကားဆက်ဖို့ မပြင်ဆင်ခင် သူ့ကားတံခါးကိုမှီ၍ လက်ပိုက်ကာ ဗေဒါရီ့ကို ငေးနေလိုက်သေးသည်။ ပြီးတော့မှ …

"စိတ်ညစ်နေပြီလား"

ဗေဒါရီက ခေါင်းခါပြ၏။ ထိုအခါ ထပ်မံစကားဆက်၏။

"ကားက သိပ်အကျဉ်းအကျပ်ကြီးမှ မဟုတ်တာ၊ လွတ်အောင် ကွေ့ပတ်ထွက်ရင်တော့ ရမယ်ထင်တယ်၊ ကြိုးစားကြည့်ပါလား"







www.burmeseclassic.com

www.burmeseclassic.com



ဟင်း ... အင်မတန် အတွေးအခေါ် ကောင်းတာပဲ။ ဘယ်မိန်းကလေးမဆို ကားကို မောင်းချင်လို့သာ မောင်းမယ်။ ယောကျ်ားကလေးတွေလို ကျွမ်းကျင်ရင်လည်း ကျွမ်းကျင်မယ်။ ဒါပေမဲ့ ,သည်လောက် အကျဉ်းအကျပ်ကလေးကိုတော့ ချိုးကွေ့ထွက်ရဲတဲ့သတ္တိမရှိ။ ပြိုင်မောင်းရဲ၊ ကျော်တက်ရဲတဲ့ သတ္တိမရှိ။ ပတ်ကင်နေရာကျဉ်းရင် ဝင်ရဲတဲ့သတ္တိမရှိတာ အများစုပင်။ ဒါကို မသိဘဲ ဖွတ်ကြီးအကြံပေနေသေးသည်။ ပြီးတော့ ... သူမကို ညို့ငင်ဖြားယောင်းစွာ စိုက်ကြည့်သေးသည်။ အင်း ... သူကတော့ ... သူကတော့ ကိုရဲတိုက်ကတော့ ညို့ငင်ဖြားယောင်းစွာ စိုက်မကြည့်ပါ။ သို့သော်ရီဝေဝေရှိသည့် သူ့မျက်လုံးတွေကို သူမ ရင်မဆိုင်ရဲတာတော့ ဇေဒါရီရဲ့ အားနည်းချက်တည်း။

"ဘယ်အတန်းကလဲဟင်"

လာပြန်ပြီ ... တစ်ယောက်ဟု တွေးမိချိန်မှာ သူ့ကို သတိရမိတာ လွန်သလားကွယ်။

"ဒီမှာရှင့် ... ကျုပ်ကားရှေ့မှာ ရှင့်ကား ကိုးလိုးကန့်လန့်ရပ်ထားတာကို အကြောင်းပြပြီး မိတ်ဖွဲ့ဖို့မကြိုးစားရင်ကောင်းမယ်၊ ကျုပ် ဘယ်ယောကျ်ားလေးနဲ့မှ မိတ်ဆွေမဖြစ်ချင်ဘူး"

ဘယ်လို ကုသိုလ်ကံပါလိမ့်။ မနက်ကပဲ သည်စကားမျိုးကို ရွတ်ခဲ့ရသေး။ ယခု ကျောင်းဆင်းချိန်မှာလည်း သည်စကားကို ရွတ်ရပြန်သေး။





"ဘာလို့ ဒေါသတွေ ကြီးနေရတာလဲ၊ သြော် ... သိပြီ ... သိပြီ၊ အိမ်စောစောမပြန်ရလို့ ထင်တယ်၊ မေမေက အိမ်ပြန်နောက်ကျရင် ဆူမှာလား"

မေမေ ... ဟင် ... သူလည်း မေမေ့အကြောင်းကားထဲ ထည့်ပြောတယ်။ အခု သည်အမျိုးသားကလေးကလည်း မေမေ့ကို ထည့်ပြောပြန်တယ်။ သူတို့ဟာ ဘာလို့ ဇေဒါရီရဲ့မေမေ့ကို သိနေကြတာလဲ။ သူက ... အင်း ... ရဲတိုက်က ဇေဒါရီကို ကြိုသိနေလို့ မေမေ့ကို သိတယ်ထား။ သည်လူကရော သူမကိုများ ကြိုသိနေခဲ့လို့ မေမေ့ကို သိနေသလား။ အင်မတန့်ကို ထူးဆန်းနေပြီကွယ့်။ ဒါဟာ... တိုက်ဆိုင်မှုလား။ မရိုးသားမှုလား။ တမင်တကာ ဖန်တီးမှုလား။

ဇေဒါရီသည် ထိုအမျိုးသားကလေး မရိုးမသားဟန်အား ချက်ချင်းသတိပြုမိကာ ...

"ရှင့်ကား အခုဖယ်ပေး"

"ဟ ... ကားသော့ ပျောက်နေပါတယ်ဆိုမှ ဘယ်လိုလုပ်ဖယ်မလဲ"

"အဲဒါ ရှင် တမင်ညစ်တာ၊ ကျုပ်မသိဘူး ထင်နေလား"

"အို ... ဟိုး ... လုံးဝမညစ်ပါဘူးဗျာ၊ တကယ့်ကို ကျွန်တော့်ကားသော့ ပျောက်သွားတာပါ၊ ကဲ ... ဒါဖြင့် ကျွန်တော် မညစ်ကြောင်း ယုံကြည်သွားအောင် မင်းရဲ့ကားကို ရအောင်မောင်းထွက်ပေးမယ်လေ၊ ဒါမှ မင်း မမြင်ချင်တဲ့

www.burmeseclassic.com



ကျွန်တော့်ကို ကြာကြာမမြင်ရဘူးပေါ့၊ ဘယ်လိုလဲ၊ မင်းရဲ့ကားကို ကျွန်တော် မောင်းထုတ်ပေးရမလား"

"အို ... နေပါစေ၊ ကျုပ်ကားပေါ်မှာ ဘယ်သူ့စိမ်းယောကျ်ားမှ ထိုင်ခွင့်မပေးခဲ့ဖူးဘူး၊ ဒါကြောင့် ရှင်လည်း ထိုင်စရာမလိုဘူး၊ မောင်းထုတ်ပေးစရာ မလိုဘူး၊ ရှင် မြဲမြဲမှတ်ထားလိုက်စမ်းပါ၊ မိန်းမတစ်ယောက်ကို အရောဝင်ချင်တဲ့ နည်းလမ်းထဲမှာ အဲဒီနည်းလမ်းဟာ အညံ့ဖျင်းဆုံးပဲ"

ထိုအခါ ထိုအမျိုးသားကလေးက ဟက်ဟက်ပက်ပက် ရယ်ချလေသည်။ ရယ်လိုက်သောအခါ ပါးချိုင့်နှစ်ဖက် ခွက်ဝင်သွား၏။ ကလေးဆန်သော ရယ်မောဟန်ကလေးဖြစ်သည်။ သူ့မျက်နှာပြင်သည် ရယ်လိုက်ချိန်မှာ ကလေးဆန်၍ အရိုးသားဆုံး ဖြစ်နေခဲ့သည်။ ရဲဘိုက်ကရော ရယ်ရင် ဘယ်လိုနေမလဲဟု မှန်းဆကြည့်ခဲ့မိသေးရဲ့။ အင်း ... ဖေဒါရီဟာ အင်မတန်ညံ့ဖျင်းတဲ့ မိန်းမပဲကွယ့်။ ကိုယ့်ကို တမင်လာရောမှန်း သိထားတဲ့။ အခုလောလောဆယ် ကိုယ့်မျက်စိရှေ့က အမျိုးသားကလေးလောက်တောင် မချောမောတဲ့ လူတစ်ယောက်ကို အာရုံထဲက ဖျောက်လို့ မရသေးပါလား။

ပြီးတော့ ထိုအမျိုးသားကလေးရဲ့ အရောဝင်ခြင်းကိုတော့ ညံ့ဖျင်းတယ်ဟု ကဲ့ရဲ့မိပေမယ့် တကယ့် တကယ်ကျတော့ ရဲတိုက်ဆိုတဲ့ အမျိုးသားကလေးရဲ့ အရောဝင်မှုက ပိုပြီးတော့တောင် ညံ့ဖျင်းသေး။





ထိုအခိုက်မှာ ဖေဒါရီက ဏံကောင်းသွားပါသည်။ ဘာဖြစ်လို့လဲဆိုတော့ သေးကကား၏ ပိုင်ရှင်ရောက်လာ၍ဖြစ်၏။ ထိုသူက သူ့ကားကို မောင်းထွက်ဖို့ ကားစက်နှိုးလျှင် သူမသည် သက်ပြင်းကို ယခုမှချနိုင်ကာ သူမ၏ကားထဲသို့ ဝင်လိုက်၏။ ဒါပေမဲ့ ကားစက်တောင်မှ မနှိုးရသေးခင် ဖေဒါရီအတွက် ထူးဆန်းသော နေ့တစ်နေ့အဖြစ် သတ်မှတ်သွားစေသည့် အဖြစ်တစ်ခုကို ကြုံလိုက်ရတော့သည်။ အဲဒါကတော့ သူမ၏ကားရှေ့တွင် ကပ်ရပ်ထားသော ကားပိုင်ရှင်ကလေးက ဖေဒါရီ့ကားနံဘေးသို့ ရောက်လာပြီး ...

"စိတ်ချမ်းသာသွားပြီလား ဖေဒါရီ၊ ဒီလိုလုပ်ဖို့ မရည်ရွယ်ပါဘူး၊ ဖေဒါရီ စိတ်ညစ်သွားရအောင် လုပ်မိလို့ ဒီနေ့တော့ ကိုယ့်ကိုယ်ကိုယ် မုန်းလို့ဆုံးတော့မှာ မဟုတ်ဘူး"

တဲ့လေ။ ဟင်ခနဲ ပါးစပ်က မရေရွတ်မိအောင် ချုပ်တီးလိုက်ရပါသည်။ သည်နေ့မနက်က အဖြစ်နှင့် သည်နေ့ညနေက အဖြစ်တို့သည် အင်မတန်မှ ထူးဆန်းစွာပင် တိုက်ဆိုင်နေခဲ့သည်။

ဖေဒါရီမှန်း သိနှင့်သော ယောကျ်ားနှစ်ယောက်၏ အကြိမ်အဖန်ဖြင့် စတင်ချဉ်းကပ်မှုသည် ဖေဒါရီ့ဘဝတွင် ထူးဆန်းသော နေ့တစ်နေ့အဖြစ် သတ်မှတ်စေခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်နာမည် ဖိုးတေဇပါ၊ ဝိုင်အိုင်တီမှာ ဖိုးဒ်ရီးယား အာခီတက်စ်(4th year, Architect)တက်နေပါသည်။ ဗေဒါရီ နဲ့ မိတ်ဆွေများ ဖြစ်မလားလို့ ဒီလို ညစ်မိတာပါ၊ စိတ် မဆိုးပါနဲ့ ဗေဒါရီ၊ နောက်နေ့ လာခဲ့မယ်နော်"

ဘုရားရေ ... သူလည်း သူကလည်း စတုတ္ထနှစ် ဗိသုကာကျောင်းသားကလေး ဖြစ်နေပါရောလား။ ဒါဟာ ရိုးမှ ရိုးရဲ့လား။ လုံးဝကို မယုံနိုင်စရာကောင်းတဲ့ တိုက်ဆိုင်မှုကြီးပဲ။ ဟုတ်တယ် တိုက်ဆိုင်မှု မဖြစ်နိုင်တော့ဘူး။ တစ်ကျောင်းတည်း၊ ဘာသာရပ်တစ်ခုတည်း၊ တစ်ချိန်တည်းက အမျိုးသားကလေးနှစ် ယောက်ဟာ တစ်နေ့တည်းမှာ ဗေဒါရီ့ကို ကိုယ်နည်းကိုယ့်ဟန် နဲ့ စတင် ချဉ်းကပ်ကြတယ် ဆိုတာဟာ ဟင်း ... အတွေးရခက် လေစွ။

မေမေရေ ... မေမေပြောတဲ့ ယောကျ်ားတွေဟာ မယုံသင့်တဲ့ လူသားတွေပဲဆိုတာ တကယ်ပဲ ဖြစ်နေပြီလားဟင်။ ဗေဒါရီသည် အခက်အခဲဟု သူမဘာသာ သတ်မှတ်ပြီးသော အဖြစ်အပျက်နှစ်ခုကို တိုင်ပင်ဆွေးနွေးဖို့ သူမ၏မေမေဆီအမြန် ဆုံးရောက်အောင် ပြန်လာခဲ့မိသည်။ ဗေဒါရီရဲ့မေမေက ဒီကိစ္စ လေးနှစ်ခုကို ဆုံးဖြတ်ပေးနိုင်ကောင်းရဲ့ဟု သူမက အားကိုး ရှာချင်သားပင်။

✣ ❤ ✣





"ဟုတ်တယ် သမီးကလေး၊ ဒီသူငယ်လေး နှစ်ယောက်ဟာ အကြံအစည်တစ်ခုနဲ့ စတင်ချဉ်းကပ်တာပဲ၊ ဘာအကြံ အစည်လဲတော့ မေမေ မသိဘူး၊ ဒါပေမဲ့ သမီးကလေး သတိထားရမှာက သူတို့ရဲ့ခြေလှမ်းတွေပဲ၊ သမီးကလေး ရှောင်ရမယ်၊ ကြိုတင်တားဆီးရမယ်၊ သူတို့ဟာ သမီး ကလေးကို ချစ်မြတ်နိုးတာ မဟုတ်ဘူး၊ သမီးကလေးရဲ့ လှပမှု၊ ပညာတတ်မှု၊ ကျော်ကြားမှုနဲ့ မေမေ့သမီးကလေး အဖြစ် လူသိများမှုကို လိုချင်တပ်မက်ကြတာ၊ သမီးကလေး က သိပ်လိမ္မာတာပဲ ဘာမဆို မေမေ့ကို ဒီလိုပဲ အမြဲတိုင် ပင်နိုင်ပါစေကွယ်"

"အို ... မေမေကလည်း အမြဲတိုင်ပင်မှာပေါ့၊ သမီးကလေး မှာ မေမေ တစ်ယောက်ပဲ ရှိတာနော်"

"အင်မတန်လိမ္မာတဲ့ အမျိုးသမီးငယ်လေးပဲ၊ ကဲ ... ကဲ ... ရေသွားချိုးတော့၊ မေမေ ထမင်းစားဖို့ စောင့်နေတယ်ဆို တာ သမီးကလေး သိထားရင် ရေကိုမြန်မြန်ချိုးဖို့ ကိုယ့် ကိုယ်ကိုယ် တိုက်တွန်းသင့်တယ်နော်"



www.burmeseclassic.com

"အို ... ရက်စ် ... ရက်စ် ... ချစ်လှစွာသော မိခင်ကြီး ထမင်းဆာနေမှာကို ချစ်လှစွာသော သမီးကလေးက ဥာ တာစွာ ရေမြန်မြန်ချိုးပါမည်"

ရေချိုးတတ်သလောက် နှာစေးလွယ်၊ ဖျားလွယ်သော ဗေဒါရီသည် ရေချိုးခြင်းကိစ္စကတော့ ကြာမြဲဖြစ်၏။ ထို့ကြောင့် မေမေသည် ရေချိုးမှုကြာစေရန် တစ်ခုမဟုတ်တစ်ခု စောင့်ဆိုင်း နေခြင်းဖြင့် အကြောင်းပြလျက် သူမ၏ရေချိုးချိန်များကို စောင့် ကြည့်တတ်သူလည်း ဖြစ်သည်။

ကဲ ... ဘယ်လောက် အားကိုးချစ်ခင်ဖို့ကောင်းတဲ့ မေမေလဲနော်။

မေဒါရီရဲ့မေမေသည် နာမည်ကြီး အဆိုတော်တစ် ယောက် ဖြစ်ခဲ့ဖူးသည်။ ဗေဒါရီ မှတ်မိသလောက်ဆိုရင် မေမေ့ သီချင်းတွေက မြန်မာ့အသံမှာ ဓာတ်ပြားနဲ့တောင် လွှင့်ရသည် အထိ နာမည်ကြီးသည်။ မေမေက သီချင်းခွေတွေလည်း အများ ကြီး ဆိုဖူးသည်။ ယခုအခါ ဗေဒါရီရဲ့မေမေ မဠူရီက အဆိုသင် တန်းကျောင်းတစ်ခုဖွင့်၍ ပညာအမွေပေးနေခဲ့ပြီ။ သီချင်းဆိုပေး ဖို့ ဖိတ်ကြားခံရသည့် ပွဲတွေမှာ ဆိုပေးရသော၊ မင်္ဂလာဆောင်မှာ အခါတော်ပေးရသော၊ တီဗီမှာ သီချင်းကြီးကဏ္ဍ၊ ခေတ်ပေ တေးဂီတကဏ္ဍတွေမှာ ဆိုလေ့ရှိသော ဝါရင့်အဆိုရှင်တစ်ယောက် ဖြစ်သည်။





ဒါကြောင့်လည်း ဗေဒါရီ့ကို တက္ကသိုလ်စတက် တည်းက လူသိများတာ မဟုတ်ပါ။ အထက်တန်းကျောင်းသူ ကတည်းကကို လူသိများခဲ့တာ။ လူသိများနေမှာပေါ့။ ဗေဒါရီ စ်သမီးအရွယ်က မေမေနဲ့ ဖေဖေတို့ လမ်းခွဲကြတော့ မေမေ ိုင်ဆိုင်လိုမှု၊ ဖေဖေက အုပ်ထိန်းလိုမှုတို့ဖြင့် အကြီးအကျယ် ဖြစ်ကြ၏။

နောက်ဆုံးတော့ ရုံးတော်မှာ ဗေဒါရီ့ကိုခေါ်ပြီး အဖြတ် ယူကြသည်အထိ တစ်ဖက်ကိုတစ်ဖက် အလျှော့ ခဲ့သော အမှုတစ်ခု။

သာမန်လူဆိုရင် အကြောင်းမဟုတ်။ အဲသည် တ် လူသိများစရာမရှိ။ သို့သော် မေမေ့လို နာမည်ကြီးအဆို ကြီးတစ်ယောက်ရဲ့ အိမ်ထောင်ရေးပြဿနာဖြစ်၍ စာစောင် ိလိနဲ့ ဖော်ပြခံရသည်အထိ လူသိများခဲ့တာ။ အို ... ဗေဒါရီ မေမေ့မကောင်းကြောင်းတွေ သိနေတဲ့အရွယ်ဆိုတော့ ...

"မေမေနဲ့ပဲ နေချင်ပါတယ်၊ သမီးကို မေမေနဲ့ မခွဲပါနဲ့"

ဆိုတာကလေးနဲ့တင် ဗေဒါရီဟာ မေမေ့ရင်ခွင်ထဲ ုံကြည်စိတ်ချစွာ နေရစ်ခဲ့တာ။

အဲသည်ကတည်းက ဗေဒါရီဟာ လူသိများနှင့်သည်။ က ဗေဒါရီ့ကို စိုးရိမ်၍ မိန်းကလေးကျောင်းမှာ ထားသော င့် မေမေ့ဆီမှ ယောကျ်ားတွေ မယုံသင့်ဘူးကို နားဝင်သော

www.burmeseclassic.com



ကြောင့် ဗေဒါရီ့မှာ ယောကျ်ားလေးသူငယ်ချင်း မရှိခဲ့ဖူးပါ။ ချဉ်းကပ်လာသူ ယောကျ်ားတိုင်းကို မောက်မာခက်ထန်စွာ ပြော ပစ်တတ်ခြင်းကလည်း ဗေဒါရီ့ကို ပို၍လူသိများစေသတဲ့။

"သမီးကလေး ရေတွေ ဒီထက်စိမ်ရင် အသားတွေပိုဖြ ဖြူလာမယ်လို့ ဘယ်သူငယ်ချင်း မြှောက်ပေးလိုက်သလဲ"

"အိုကေ ... ပြီးပြီ မေမေ၊ ဒီမှာ ထွက်လာတော့မလို့ မေမေ ပြောတာ အရင်ဦးသွားတာ၊ ဟဲ ... ဟဲ"

"သနပ်ခါးတွေ ဖွေးနေအောင်လိမ်းရင် အသားတွေ ပိုဖြ လာလိမ့်မယ်ဆိုတာ မေမေ ပြောရဲတယ်"

"ဟုတ်ကဲ့ရှင်၊ လိမ်းပါ့မယ် ဒေါ်မဥ္ဇူရီ၊ အဲ ... ချစ်သော မေမေ အလိုကျ ပဲဟင်းအိုးထဲ မျက်နှာမှောက်ကျသလို သနပ်ခါးတွေ ဖွေးနေအောင် လိမ်းပါ့မယ်"

ကဲ ... ဘယ်လောက် ချစ်ဖို့ကောင်းတဲ့ မေမေ နော်။ မေမေ့လောက် စကားပြော လိမ္မာပါးနပ်တာ မရှိ။ သူလု စေချင်တာကို ဘယ်တော့မှ တိုက်ရိုက်မတောင်းဆို။ စကားလှ ကလေးတွေဖြင့် ဗေဒါရီ့ကို ဆွဲဆောင်တတ်သည်။ ထိုအ ဗေဒါရီက ကျေကျေနပ်နပ် လုပ်ပေးပြီး၊ နာခံပြီး ဖြစ်နေခဲ့ပြီ။ ချိုးပြီးရင် သနပ်ခါးလိမ်းရမှာ ပျင်းသော ဗေဒါရီသည် မေမေ့ စကားလှလှများဖြင့် နာခံမိလျက် ဘယ်သောအခါမှ သနပ် မလိမ်းမိသည့်နေ့ဟူ၍ မရှိခဲ့တာတော့ အမှန်။





"သမီးကလေးရဲ့မနက်ဖြန် ကျောင်းတက်ချိန်ကို မေမေက ပိုပြီး စိတ်ပူနေမိပြီ၊ သာမန်ထက် ထူးခြားတဲ့ အဖြစ်အပျက် နှစ်ခုကို ဖန်တီးပြီး ဝင်ရောက်လာတဲ့ ယောကျ်ားနှစ်ယောက် ဟာ သမီးကလေးကို တစ်ခုခုတော့ ဖန်တီးပေးဦးမှာပဲ၊ မေမေ ကြိုသိနေတယ်၊ ခါတိုင်းလို ချဉ်းကပ်မှုထက် ထူး ခြားတဲ့ ဖြစ်စဉ်မို့ မေမေ စိတ်ပူနေရတာပဲ၊ မေမေ့သမီး ကလေးဟာ အဲဒီယောကျ်ားနှစ်ယောက်ကို အရင်အခါတွေ လိုပဲ ရှောင်ရှားနိုင်ပါစေကွယ်"

ထိုအခါ ဗေဒါရီက အနာဂတ်ကို ကြိုမမြင်၍ ...ငယ်တကျပင် ကတိပေးလိုက်မိပါသည်။

✣ ❤ ✣

www.burmeseclassic.com



(၁)

"သမီးကလေးရေ၊ ခြေလှမ်းတွေကတော့ စနေပြီကွယ

မေမေက ဗေဒါရီ့နံနက်ခင်းကို နှင်းဆီတစ်စည်း

စောင့်ကြိုနေမှုဖြင့် စတင်ခြင်းအား ဤသို့မှတ်ချက်ချသည်။ အ

နှင်းဆီတွေ။ တကယ့်ကို ဖြူလွှတဲ့ နှင်းဆီတွေ။ ဗေဒါရီ နှင်း

ကြိုက်တာ။ နှင်းဆီတောင်မှ ဖြူဆွတ် ကြည်သန့်နေမှ ကြိုက်

ဘယ်သူသိနေသလဲ။ အင်း ... ဖြစ်ချင်တာ ပြောရရင် ရဲတ

သိတာပဲ ဖြစ်စေချင်ရဲ့နော်။ ပလတ်စတစ်ဖြင့်အုပ်၍ အဖျား

ဖဲပြားအဖြူကလေးအပြင် အဖြူရောင် ကတ်ပြားကလေးတင်

ဗေဒါရီကို ညှို့ငင်လေသည်။ ဟင့်အင်း ... မေမေ ခွင့်မပြ

ထင်တယ်။ ဗေဒါရီက ဖတ်ကြည့်ဖို့ မကြိုးစားတော့ချေ။

"သမီးကလေး ... ရဲတိုက်တဲ့၊ ဒီမှာ ကတ်ပြားကလေး

ဖတ်ကြည့်ဦး"





မေမေက အလိုက်သိစွာ ပေးဖတ်တော့ သူမရှက်ကိုး ရှက်ကန်း ပြုံးမိ၏။ သူမ၏မေမေသည် ယောကျ်ားတွေကို ယုံသင့်ဘူးဟု အမြဲဆုံးမတတ်သော်လည်း ဖြစ်တတ်သော သဘာဝကိုတော့ မလွန်ဆန်တတ်သူဖြစ်သည်။ စဉ်းစားကြည့်လေ။ ဘယ်မိန်းကလေးမဆို မိမိကို အရေးတယူ၊ မိမိရဲ့အကြိုက်ကို သိနှင့်စွာ သက်ဆောင်ပေးသူအား သိချင်လိမ့်မည်ဆိုခြင်းအား မေမေက နားလည်တတ်ပါသည်။

**"ဗေဒါရီ ...**

ထိုလက်ရေးစောင်းစောင်းလေးဖြင့် သူမ၏ရင်ခုန်မှုကို အရယူတတ်သူမှာ ရဲတိုက်ပဲတည်း။

"နှင်းဆီဖြူတွေ ကြိုက်တတ်တဲ့ မိန်းမလှလေးတစ်ယောက်အတွက် နံနက်ခင်းရဲ့ လက်ဆောင်ဟာ နှင်းဆီဖြူ ဖြစ်စေချင်လို့ပါ ..."

ရဲတိုက်

... တဲ့လေကွယ်။ ဘယ်လောက်တောင် တိုတောင်းပြတ်သားလိုက်တဲ့ စာကြောင်းကလေးလည်း ဆိုတာနော်။ သူဟာအင်မတန် ကပ်စေးနဲ့တာပဲ။ သည်ထက် စာကိုရှည်အောင် ရေးပြလို့ မရဘူးလား။ ဗေဒါရီသည် တဒင်္ဂအတွင်းမှာ သူမ၏နေ့သစ်တစ်နေ့အား အင်မတန်မှ အဓိပ္ပာယ်ရှိသည်ဟု ထင်မှတ်နေပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူဟာ ဖိုးတေဇဆိုတဲ့ အမျိုးသားကလေးနဲ့ ဘယ်လိုတော်သက်နေခဲ့သလဲ၊ ဘာအကြံအစည်နဲ့ သည်လိုချဉ်းကပ်သလဲ။ အကြံအစည် ဆိုတာကတော့ မိန်းကလေးတစ်ယောက်ရဲ့အသိနဲ့ တွေးဆကြည့်ရင်တော့ အရှင်းကြီးပါ။ ဗေဒါရီ့ချစ်သူအဖြစ် ရွေးချယ်ခံလိုမှုပေါ့။ သို့သော် ရဲတိုက်၏ ထိုအကြံအစည်နှင့် ဖိုးတေဇ၏ အကြံအစည်တို့ ဘာကြောင့်များ တိုက်တိုက်ဆိုင်ဆိုင် တူနိုင်လွန်းနေရတာပါလိမ့်ဆိုတာ သံသယ ဖြစ်ချင်သားပင်။

"ဖိုးတေဇ ဆိုတဲ့ သူငယ်လေးထက် ခြေတစ်လှမ်း သာသွားပြီ သမီးကလေးရေ"

"ဒါပေမဲ့ ကျောင်းမှ မရောက်သေးတာ မေမေရဲ့၊ အဲဒီပုဂ္ဂိုလ်လည်း အကြံအစည်သစ်တွေနဲ့ စောင့်မနေနိုင်ဘူးလို့ သမီးကလေးရော ဟောဒီ မေမေပါ ကြိုပြီးပြောမှ မပြောနိုင်သေးတာပဲနော်"

"အေးလေ ... ဟုတ်ပါရဲ့၊ ကဲ ... သမီးကလေး ကျောင်းသွားတော့၊ မေမေ့တပည့်တွေလည်း လူစုံလောက်ပြီထင်တယ်၊ မေမေလည်း အောက်ထပ်ဆင်းတော့မယ်"

ဗေဒါရီနဲ့ မေမေတို့နေသော လုံးချင်းတစ်ထပ်ခွဲ တိုက်ပုကလေး၏ အပေါ်ထပ်သည် သူမတို့နှစ်ယောက်အတွက် အနေတော်ကလေးဖြစ်သည်။ မေမေ့ အဆိုသင်တန်းကျောင်းနှင့် စန္ဒရားတီးသင်တန်းကိုတော့ အောက်ထပ်မှာ ကျယ်ကျယ်ဝန်းဝန်း နေရာအပြည့်ပေး၍ ဖွင့်ထားခြင်းဖြစ်၏။ ဗေဒါရီကတော့ ဘောဘက်လှေကားမှ အဆင်းအတက် ပြုလုပ်လေ့ရှိတာကြောင့် မေမေ့ကျောင်းသားတွေကို စုံစုံစေ့စေ့ တစ်ခါမှ မမြင်ဘူးချေ။

ဗေဒါရီသည် မေမေ ဆင်းသွားသောအခါ သူ့ရဲ့လက်ဆောင် နှင်းဆီတွေကို ခိုး၍ မြတ်နိုးစွာ နမ်းရှိုက်ပြီးမီးအိုးကလေးထဲမှာ ထိုးခဲ့လေသည်။ ညှော်ခနီးကလေး တစ်ခုလုံး နှင်းဆီနံ့တွေ သင်းပျံ့သွားစေသကဲ့သို့ ဗေဒါရီ၏နှလုံးသားလည်း ရဲတိုက်၏လွှမ်းခြုံမှုအောက်၌ နှစ်မြုပ်ကျဆုံးတော့မည် ထင်ပါရဲ့။ အံ့သြစရာကြီးနော်။ ကိုယ့်ကို မရိုးမသားသော အကြံအစည်တစ်ခုခုနဲ့ ချဉ်းကပ်လာပြီမှန်းသိလျက် သူမသည် မိုက်မဲစွာပင် ရဲတိုက်၏ ချဉ်းကပ်မှုအား ရင်ခုန်ခဲ့ရလေသည်။ ဖိုးတေဇ ဆိုသည့် အမျိုးသားကလေးဟာ သူမ၏အာရုံထဲမှာ ရဲတိုက်၏ နေရာယူမှုကြောင့် မြူမှုန်ကလေးလို ပျောက်လုခါနီးပါပဲ။

ဗေဒါရီသည် ကျောင်းရောက်တော့ ကားပတ်ကင်ခြံဝင်းမှာ ခဏတဖြုတ်တော့ သတိရလိုက်မိပါရဲ့။ ဒီနေ့ရော ငါ့ကားရှေ့ ပိတ်ရပ်ဦးမလားဟု သတိရမိရုံကလေးပါ။ သို့သော် ဖိုးတေဇသည် ဒီနေ့တော့ ကားပိတ်ရပ်ပြီး ဓာတ်လမ်းရှာသောနည်းကို လက်လွှတ်လိုက်ပြီဖြစ်ကြောင်း မကြာမီပဲ ဗေဒါရီ သိခွင့်ရခဲ့သည်။ အဲဒါကတော့ သူမ ကားပေါ်မှဆင်းပြီး ခြေလှမ်းသုံးလှမ်းလောက် လှမ်းရသေးခင် ဖိုးတေဇသည် သူမ၏နံဘေးသို့ ဘယ်နေရာက ရောက်လာမှန်းမသိ ရိပ်ခနဲ ရောက်လာတာပဲဖြစ်၏။

"ဗေဒါရီ ... ကောင်းသော နံနက်ခင်းပါ ခင်ဗျာ"





စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဗေဒါရီသည် ခေါင်းကို ပိုမိုငုံ့လျှိုးကာ သူမ၏လွယ်
အိတ်ကလေးအား ဘာရယ်မဟုတ် လွယ်ထားရာမှ အရှေ့ဘက်
ဆွဲယူ၍ ပိုက်ထားလိုက်သည်။ ထိုအခါ ဖိုးတေဇက ခပ်သဲ့သဲ့ရယ်
၏။

"စိတ်မပူပါနဲ့ဗျာ၊ လွယ်အိတ်ထဲကို ရည်းစားစာ ခိုးထည့်တဲ့
ခပ်တုံးတုံးနည်းလမ်းတွေကို မသုံးဖို့ ကျွန်တော် ဆုံးဖြတ်
ပြီးသားပါ"

"ကိုယ့်လမ်း ကိုယ်သွားရင် ကောင်းမယ်"

"ဟုတ်ကဲ့ ... ကျွန်တော်သွားမယ့်လမ်းက ဗေဒါရီ့နောက်
ကိုလိုက်မယ့်လမ်း ဖြစ်နေလို့ပါ၊ အဲဒါ ကျွန်တော့်လမ်း
လေ၊ ဗေဒါရီ့လမ်းက ကျွန်တော့်လမ်းပဲ"

"မနှောင့်ယှက်နဲ့နော်၊ မော်ကွန်းထိန်းနဲ့ တိုက်လိုက်မယ်"

"မနှောင့်ယှက်ပါဘူး ဗေဒါရီ၊ ခင်ချင်လို့ပါ၊ ဗေဒါရီ
ခင်ချင်လို့ ရိုးရိုးသားသား မိတ်ဖွဲ့တာပါ"

ရဲတိုက်ရေ ... ရှင်ကတော့ နှင်းဆီဖြူလေးတစ်စည်း
နဲ့ ကျေနပ်နေခဲ့သလောက် လူရိပ်လူယောင်တောင် မပြသလော
ဖိုးတေဇကတော့ သည့်ထက်မက ခြေလှမ်းတွေ လှမ်းနေခဲ့ပြီ
ဒါပေမဲ့ သူ့ကို ရှင့်လောက်တော့ နေရာမပေးနိုင်တာ ဗေဒါ
လွန်သလားကွယ်။ "အချစ်"လို့ မသတ်မှတ်လိုသေးပေမ
သည်လူသားတစ်ယောက်ရဲ့ အကြည့်အပြုံးနဲ့ စကားသံတို့ရဲ့လွှ





ခိုးမှုအောက်မှာ ကျေနပ်လိုချင်မှုတော့ ... တွေးကြည့်ရင် သိပ်ကို
ကြောမြင့်သေးတဲ့ တဒင်္ဂလေးပါ။ သို့ပေမယ့် ရှင့်ကို ကျွန်မက
အနှစ်နှစ်အလလကတည်းက သိကျွမ်းဖူးတဲ့ လူတစ်ယောက်လို
အလွယ်တကူ မှတ်မှတ်ရရ ဖြစ်သွားမိခဲ့ပြီ။

"ဗေဒါရီ ... ဗေဒါရီ၊ ဟာ ... ဘာဖြစ်သွားတာလဲ၊ ကျွန်
တော်ခေါ်နေတာ ငါးခွန်းလောက် ရှိသွားပြီ၊ ဗေဒါရီက
ကျွန်တော့်ကို မေ့သွားသလိုပဲ"

"မေ့သွားတယ်၊ ဟုတ်တယ် ... ရှင့်ကို ကျုပ် မေ့သွားတယ်၊
ဘာဖြစ်လို့လဲဆိုတော့ ရှင့်ထက် စိတ်ဝင်စားစရာကောင်း
တဲ့ လူတစ်ယောက်ကို ကျုပ် သတိရသွားလို့၊ ကဲ ... ရှင်
ဒီနေရာမှာပဲ ရပ်နေခဲ့ရင် ကောင်းမယ်၊ ဟိုမှာ ကျုပ်ရဲ့
အတန်းနား ရောက်ခါနီးပြီ၊ သည်လောက် စကားပြောချင့်
ရရင် ကျေနပ်ရောပေါ့ရှင်၊ အချိန်တွေ အများကြီး ကျန်ပါ
သေးတယ်"

ဗေဒါရီက ခပ်ရှတ်ရှတ် ပြန်ပြောသောအခါ ဖိုးတေဇ
သည် နာခံစွာ ထိုနေရာကလေးမှာ ရပ်ကျန်ဖို့ ဆုံးဖြတ်လေသည်။

"ဟာ ... ခဏ ... ခဏလေး ဗေဒါရီ၊ ခုန ဗေဒါရီပြော
သွားတဲ့ အထဲမှာ ဗေဒါရီ့မှာ ကျွန်တော့်ထက် စိတ်ဝင်
စားစရာကောင်းတဲ့လူ တွေ့နေပြီဆိုတာ တကယ်လားဟင်၊
သူက ဘယ်သူလဲ၊ ကျွန်တော် သိခွင့်ရှိမလား"



www.burmeseclassic.com

www.burmeseclassic.com



အံမယ် ... ရာရာစစ။ အင်မတန် စပ်စုတဲ့ အမျိုးသားကလေးပဲ။ သူ့မသည် ထိုအတွေးဖြင့် ပြုံးမိကာ ခေါင်းခါပြလျက် ဖိုးတေဇအား ကျောခိုင်းပစ်လိုက်သည်။ အင်း ... ဖိုးတေဇဟာ လူပုံစံကြည့်ရင် ဘဝင်ခပ်မြင့်မြင့်လို့ ထင်ရပေမယ့် သည်လိုတော့လည်း မဆိုးပါဘူး။ စကားပြော ပြေပြစ်သား။ နောက်ပြီးတော့ ရဲတိုက်ကို လိုက်မမီတဲ့ သာမန်ချဉ်းကပ်တဲ့နည်းလမ်းတွေလည်း သုံးတတ်သား၊ စကားပြောတာထက် အဆများစွာ ထိရောက်တဲ့ နည်းသစ်တစ်ခုနဲ့ သူ့ထက်အလျင် ရဲတိုက်ရဲ့ချဉ်းကပ်မှုတစ်ခုဟာ သည်နေ့မနက်မှာ စတင်ခဲ့ပြီးပြီဆိုတာ မသိရှာဘူးထင်ပါရဲ့။ သနားဖို့ပင် ကောင်းသေးတော့။

သေချာတာကတော့ မကြာမီမှာ ကြားရတော့မည့် "အချစ်"ဆိုသည့် စကားတစ်ခွန်းသည် ရဲတိုက်နှင့် ဖိုးတေဇတို့ အသီးသီးထံမှ ရရှိတော့မည်ဆိုတာပဲဖြစ်သည်။

✤ ❤ ✤





"ဇေဒါရီ ... ဒီနေ့ အရမ်းလှတာပဲ"

ဇေဒါရီနှင့် အမြဲတွဲလေ့ရှိသော သူငယ်ချင်း ခိုင်မာလာက စားပွဲပေါ် လက်တံတောင်ထောက်၍ လက်ဖဝါးထဲ မေးစေ့တင်ရင်း နှုတ်ဆက်၏။ ဇေဒါရီ၏ အချစ်ဆုံးသူငယ်ချင်းဆိုတာရှိပေမယ့် အတွဲဆုံးကတော့ ခိုင်မာလာနှင့် သီရိဟူသော မိန်းမချောလေးနှစ်ယောက် ဖြစ်လေသည်။ သီရိက သူမ၏ဝါသနာအတိုင်း ကဗျာတွေ တကုန်းကုန်းရေးရင်းမှ ...

"ဇေဒါရီ မလှတဲ့နေ့ရော ရှိလို့လား၊ တို့မေဂျာရဲ့ကွင်းပဲဟာ မလှဘဲ နေပါ့မလား၊ ဒီမှာ သီရိက ဇေဒါရီ့အလှကိုတောင် ကဗျာရေးထားသေးတယ်၊ ဒီတစ်ခါ ကဗျာစာအုပ်ထုတ်ရင် ဒီကဗျာထည့်ရမယ်၊ နာမည်ကိုက 'ဇေဒါရီ'လို့ပေးထားတယ်၊ ဘယ်လိုလဲ ဇေဒါရီ ခွင့်ပြုမလား"

သီရိ၏ အရူးထခြင်းအား ဇေဒါရီက ရယ်ချင်သည်။ ဘာမှပြန်မပြောဘဲ ခေါင်းညိတ်ပြရင်းက ရဲတိုက်နှင့် ဖိုးတေဇဆိုသူ



www.burmeseclassic.com

www.burmeseclassic.com



လူထူးလူဆန်းကလေး နှစ်ယောက်အကြောင်း မေးကြည့် တိုင်ပင်ရင် ကောင်းမည်ဟု ဆုံးဖြတ်မိ၏။

"ခိုင်တို့ကို ကျုပ် တိုင်ပင်စရာတစ်ခုရှိတယ်"

"ဘာလဲ ... ဘာလဲ"

ခိုင်မာလာက အလောတကြီးမေးသည်။ သီရိက ရေးလက်စကဗျာကို ဘေးချကာ စိတ်ဝင်တစား နားထောင်လေသည်။ ဗေဒါရီသည် မနေ့က လိုင်ဘရီမှာ ကတ်ပြားတမင်ထားခဲ့သည့် ရဲတိုက်ကအစ သည်နေ့ ဖိုးတေဇ စကားလိုက်ပြောသည်အထိအဆုံး ခပ်အေးအေး ပြောပြလိုက်သည်။ ဘာကြောင့် ခပ်အေးအေးဆိုတဲ့ စကားကို သုံးရသလဲဆိုရင် ဗေဒါရီက အေးဆေးသလောက် ရဲတိုက်နှင့် ဖိုးတေဇဟူသော နာမည်ကို စကြားကတည်းက မအေးဆေးတော့ဘဲ သိချင်စိတ် အလောသုံးဆယ်ဖြစ်နေသော ခိုင်မာလာနှင့် သီရိကြောင့်ပင် သည်စကားကို သုံးရခြင်းတည်း။

"အဲဒါ ... ဘယ်လိုသဘောရလဲ၊ ကျုပ်ကို အကြံပေးပါဦး"

"ဗေဒါရီ သူတို့နှစ်ယောက်ကို တကယ်မသိဘူးလား"

"ဟင့်အင်း ... အခုမှ ... အဲ ... မနေ့ကမှ စသိတာ"

ခိုင်မာလာနှင့် သီရိသည် တစ်ယောက်ကိုတစ်ယောက် ကြည့်ရင်း ဗေဒါရီ့ဆီ ပြန်စိုက်ကြည့်ကာ သက်ပြင်းချ၏။

ဟင် ... ဘာများမှားယွင်းနေလို့ပါလိမ့်။





"ရဲတိုက်နဲ့ ဖိုးတေဇဆိုတာ ဖအေတူ မအေကွဲတဲ့ ညီအစ်ကိုတွေပဲ၊ သူတို့နှစ်ယောက်က တစ်အိမ်တည်း အတူတူနေရင်းကြီးပြင်းလာကြတာလေ၊ ဝိုင်အိုင်တီမှာ မေဂျာတစ်ခုတည်းဖြစ်နေတာရော ဘာကြောင့်လဲဆိုတာ ဗေဒါရီ သိလား"

"ဟင် ... မသိပါဘူး ဆိုတဲ့လူကို သိလား မေးရတယ်လို့"

"သူတို့နှစ်ယောက်ဟာ အမြဲတမ်း ပြိုင်နေကြတာလေ၊ အမြဲတမ်း တစ်ယောက်ခြေလှမ်းကို တစ်ယောက် စောင့်ကြည့်နေကြတာ၊ လုံးဝမတည့်တဲ့ ညီအစ်ကိုပေါ့၊ သူတို့နှစ်ယောက်ရဲ့ အမေနှစ်ယောက်ကလည်း တစ်အိမ်တည်းနေကြရတာဆိုတော့ ဒီနှစ်ယောက် မတည့်တာ မဆန်းဘူးလေ"

"ဟင် ... ဘယ်လိုကြီးလဲ"

"သူ့အဖေက သိပ်ပွေတာ၊ မယားကြီးကို သူပိုင်တဲ့တိုက်ရဲ့ အပေါ်တစ်ထပ်လုံး ပေးထားတယ်၊ မယားငယ်ကို အောက်ထပ်တစ်ထပ်လုံး ပေးတယ်၊ ဒီပြင် မိန်းမတွေလည်း ရှိသေးတယ်တဲ့၊ ဒါပေမဲ့ သားသမီးဆိုလို့ သူတို့နှစ်ယောက်ပဲ ထွန်းကားတော့ အဖေက ဖူးဖူးမှုတ်ထားတာ၊ အဲဒီတော့ ဒီနှစ်ကောင် ထင်တိုင်းကြတာပေ့ါ၊ အထက်တန်းကျောင်းသားဘဝမှာတုန်းက ခဏခဏ ရိုက်ပွဲ ရန်ပွဲ ဖြစ်ကြတာ၊ အဖေက ငွေထုပ်ပိုက်ပြီး လိုက်ရှင်းတယ်လေ၊ အဲဒီတော့



www.burmeseclassic.com

www.burmeseclassic.com



ဆိုးသို့ကောင်းကြတာပေါ့၊ ဒါပေမဲ့ ပညာလေးတွေကတော့ သူများထက် သာနေသား၊ အမှန်က ရဲတိုက်က ဆေးကျောင်း တောင် တက်လို့ရတယ်၊ ဝါသနာမပါလို့ မတက်ဘူး၊ ဝိုင်အိုင်တီလျှောက်တော့ ဖိုးတေဇနဲ့ တူသွားတာ၊ ဖိုးတေဇက ဆယ်တန်းမှာ သရီးဒီ၊ ရဲတိုက်က ဖိုးဒီမို့ ရဲတိုက်က တစ် ခါနိုင်ဖူးတယ်၊ အခုတော့ အာကီတက်စ်မှာ ရိုးလ်(Roll)ချင်း ပြိုင်လေရဲ့။ တခြားမေဂျာတွေ အမှတ်မီရဲ့သားနဲ့ ဗိသုကာ ဝါသနာပါပုံချင်းတူလို့ စိတ်ကြိုက်ယူတာတဲ့၊ သူတို့နှစ် ယောက်က တည့်သာမတည့်တယ် တကယ့် တကယ်တော့ သိပ်ချစ်ကြတယ်ဟ၊ ရန်ပွဲမှာ ဖိုးတေဇ ခံလာရရင် ရဲတိုက် က လက်စားချေသလို၊ ရဲတိုက် ခံလာရရင် ဖိုးတေဇ လက်စားချေတာတော့ ပုံသေနည်းတစ်ခု ဖြစ်နေပြီ၊ ဒါပေမဲ့ ပြိုင်တာကတော့ ပြိုင်နေကြတာပဲ"

ဒါဆိုရင် ငါ့ကိုရော ... ငါ့ကိုရော သူတို့နှစ်ယောက် ရဲ့ ယှဉ်ပြိုင်မှုတစ်ခုအဖြစ် သတ်မှတ်ပြီး ချဉ်းကပ်တာ မဖြစ်နိုင် ဘူးလား။ ဟင့်အင်း ... လုံးဝပြောလို့မရဘူးလား။ တစ်ယောက်က စိတ်ဝင်စားတယ် အရင်ကြေညာလို့ နောက်တစ်ယောက်က ဖျက် လိုဖျက်ဆီး ဒါမှမဟုတ် ပြိုင်နေကျ ထုံးစံအတိုင်း လိုက်ပြိုင်တာ ပဲလား။ အို ... ရှုပ်ထွေးလှပါဘိ။

"ခိုင်မာလာနဲ့ ရင်းနှီးလို့ ဒီလောက်သိတာလား"





"မရင်းနှီးဘူး၊ ခိုင့်အမေနဲ့ သူတို့နှစ်ယောက်လုံးရဲ့အမေ တွေက သိကျွမ်းကြတာ၊ ခိုင့်အမေက စိန်ပွဲစားလေ၊ ဦးအောင်ခန့်ရဲ့ ဇနီးနှစ်ယောက်က စိန်တွေအပြိုင်ဝယ်တာ သိတော့ အဲဒီမိသားစုအကြောင်း အိမ်မှာပြောပြောပြတာ၊ နောက်ပြီး ဗေဒါရီက ဘယ်သူ့ကိုမှ ရောရောနှောနှောမနေ၊ တခြားအကြောင်းတွေလည်း စပ်စပ်စုစု နားမထောင်လို့ပါ၊ ရဲတိုက်နဲ့ ဖိုးတေဇ ဆိုတာ ဝိုင်အိုင်တီမှာ နာမည်ကြီးတွေပဲ"

"သူတို့က ညီအစ်ကိုသာဆိုတယ် ရုပ်မတူဘူး"

"ဘယ်တူမလဲ၊ သူတို့က မအေတူတွေလေ၊ ရဲတိုက်ရဲ့အမေ က မြန်မာစစ်စစ်၊ ဖိုးတေဇရဲ့အမေက ရှမ်းကပြား"

သီရိသည် ခိုင်မာလာလောက် သည်အကြောင်းတွေ သော်လည်း ရဲတိုက်နှင့် ဖိုးတေဇ ဆိုသော အမည်ကို စိမ်းနေ ၏။ ဗေဒါရီသာ ယခုမှ သိခွင့်ရသူဖြစ်၍ သည်နာမည်နှစ်ခု အစိမ်းသက်သက်တည်း။

ရဲတိုက် ... ရှင့်ရဲ့ နှင်းဆီဖြူကလေးတွေလို ကျွန်မ ခြင်စွာ ချဉ်းကပ်တာပဲ ဖြစ်စေချင်ပါရဲ့ဟု တိတ်တဆိတ် သည်ရင်း ဗေဒါရီသည် အရာရာကို အလိုလို ဝမ်းနည်းချင် ၏။ "ချစ်တယ်"ဟူသော စကားတစ်ခွန်းအား ရင်ခုန်စွာ ချော်ရမည့်အစား သံသယများဖြင့် စောင့်မျှော်ရသည့်ဘဝကို ချင်း ရင်ဆိုင်နေရပြီ။ ဘယ်လောက်တောင် ကံဆိုးလိုက်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘာလဲ။ ယှဉ်ပြိုင်မှုလား၊ တကယ်ပဲ တိုက်ဆိုင်မှုလား။ ဝေခွဲမရ အဖြစ်အပျက်။ သည်အဖြစ်အပျက်ဟာ ဖေဒါရီကျ ကြုံရတယ် ကွယ်။

ဖေဒါရီသည် ခပ်တွေတွေဖြင့် အကြာကြီး ငိုင် မိ၏။

"ဖေဒါရီ ဘယ်လိုဆုံးဖြတ်ချင်သလဲ"

"ဟင့်အင်း ... မသိသေးဘူး၊ ဘာမှကို မသိသေး မနေ့ကတွေ့လို့ ဒီနေ့မှ ခိုင့်တို့ကို အသိပေးတာ၊ ကျ အရမ်းစိတ်ညစ်သွားပြီ"

"ဘာပဲဖြစ်ဖြစ်ပါ၊ အားလုံးကို ဖေဒါရီ ချင့်ချိန်ဆုံးဖြတ် အောင် ခိုင်က ကြိုတင် အသိပေးထားတာနော်၊ ဖေ တိုင်ပင်ချင်တာ အကုန်တိုင်ပင်ပါ၊ ခိုင်တို့ ဝိုင်းအကဲ ပေးရမှာပေါ့"

"အေးလေ ... ဘယ့်နှယ် သီရိတို့ရဲ့ မင်းသမီးကလေး ယှဉ်ပြိုင်မှုတစ်ခုတော့ အဖြစ်မခံနိုင်ပါဘူး၊ ကဲ ... ကဲ ကဗျာကလေးကို ဖတ်ကြည့်ပါဦး"

ဖေဒါရီနှင့် ခိုင်မာလာက သီရိ၏အလိုကျ "ဖေဒါ ဟု အမည်တပ်ထားသော ကဗျာကလေးအား ယူဖတ်လိုက် သည်။ သူမ၏အလှကို ဖွဲ့ဆိုသည့် ကဗျာကလေးပင်ဖြစ် ဖေဒါရီသည် ခါတိုင်းလို ပီတိဖြစ်ရမည့်အစား သည်အလှတွေ





ဆိုင်နေလို့ပဲ ရဲတိုက်နဲ့ ဖိုးတေဇတို့ရဲ့ ယှဉ်ပြိုင်မှုတစ်ခုအဖြစ် ရွေးချယ်ခံရလေသလားလို့ စိတ်ပင်ညစ်သွားသေးရဲ့။

အိမ်ရောက်ရင် မေမေ့ကို အသိပေးစရာတွေ တစ်ပုံတစ်ပင်ဖြစ်ကာ စာသင်ချိန်တွေ မြန်မြန်ကုန်စေချင်ပြီ။ မေမေနဲ့ ဆွေးနွေးဖို့ အိမ်ပြန်ချင်သူမှာ ဖေဒါရီဆိုတဲ့ အမျိုးသမီးကလေးပင် ဖြစ်လေသည်။

✣ ❤ ✣



www.burmeseclassic.com

www.burmeseclassic.com



ဗေဒါရီသည် နှင်းဆီဖြူလေးတစ်စည်း ပို့ရုံကလွဲလျှ
အရိပ်အယောင်ကလေးတောင်မှ မပြသည့် ရဲတိုက်အား အနည်
ငယ် စိတ်ကောက်ချင်နေခဲ့၏။ ထို့အတူပင် သည်နေ့ တစ်နေ့လုံ
တွင် မနက်ပိုင်းကလေး စကားလိုက်ပြောပြီး တစ်နေ့လုံး ပျော
နေခဲ့သော ဖိုးတေဇကလည်း အံ့သြနေခဲ့သည်။ သူတို့နှစ်ယော
ဟာ တစ်ယောက်ရဲ့ခြေလှမ်းကို တစ်ယောက် စောင့်ကြည့်ပြိုင်ဆ
ကြသလို စိတ်ကူးချင်း မတိမ်းမယိမ်း ရှိကြတယ် ဆိုရမလာ
တစ်ယောက်က နှင်းဆီဖြူတစ်စည်းဖြင့် ကိုယ်ရောင်ဖျောက်တ
ပြီး ကျန်တစ်ယောက်က စက္ကန့်ပိုင်းကလေးလောက် စကားလ
ပြော၍ ကိုယ်ရောင်ဖျောက်တတ်ပုံချင်းကတော့ ထူးဆန်းစွာ
နေခဲ့လေ၏။

ထိုနေ့က ဗေဒါရီ့မေမေသည် ဗေဒါရီ သိသ
ပြန်ပြောပြသောအခါ ဗေဒါရီလို အံ့သြမနေ။ ပြန်လည်မေးခ
ထုတ်မနေခဲ့ချေ။





"အဲဒါ သမီးကလေး စဉ်းစားဆုံးဖြတ်တဲ့နေရာမှာ အဓိက
ထားပြီး ဆုံးဖြတ်ရမယ့် အချက်ပဲ၊ တစ်ယောက်ယောက်
ကို သမီးကလေးက သဘောကျတယ်ပဲ ထားပါတော့၊
အဲဒီတစ်ယောက်ယောက်ဟာ သမီးကလေးကို သူ့ရဲ့ပြိုင်
ဘက် အနိုင်ရဖို့အတွက်ပဲ ကြိုးစားမှာလား၊ သူ အနိုင်ရပြီးရင်
သမီးကလေးကို ထားရစ်ခဲ့မှာလား၊ ဒါမှမဟုတ် အမှန်
တကယ် ချစ်မြတ်နိုးမိပြီး လက်ထပ်တဲ့အထိ ရည်ရွယ်မှာ
လား၊ နောက်ပြီး သားတွေဟာ အဖေရဲ့စိတ်ရင်းဗီဇနဲ့ထပ်
တူကြတာ များတယ်ဆိုတာလည်း သမီးကလေး မမေ့နဲ့၊
တော်ကြာ သမီးကလေးလည်း တခြားတစ်ယောက်နဲ့ ခိုင်
မာလာတို့ အမေဆီက စိန်တွေ အပြိုင်ဝယ်နေရဦးမယ်
နော်"

အဲသည်နေ့ညသည် ဗေဒါရီ့အဖို့ နောက်ထပ် အနာ
ဂတ်၏ နေ့ရက်များကို ရင်မဆိုင်ချင်သောစိတ်၊ ရင်ဆိုင်ခံစားကြည့်
ချင်သော စိတ်တို့ဖြင့် ရှုပ်ထွေးစွာ ဖြတ်သန်းရသော ညတစ်ည
ဖြစ်ခဲ့လေသည်။ အမှန်တကယ် ဝန်ခံရသော် ရဲတိုက်သည် သူမ
အား လက်ထပ်ဖို့အထိတောင် ရည်ရွယ်ပြီး ဖိုးတေဇအား ပြိုင်ဆိုင်
သာပဲ ဖြစ်စေချင်သည်။ ပြီးတော့ ရဲတိုက်၏ တစ်ဦးတည်းသော
ချစ်သူကလေးတစ်ယောက်လည်း ဖြစ်ချင်သေးသည်။

ဘယ်လောက် အတ္တကြီးလိုက်သလဲနော်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့၏ နံနက်ခင်းတွင် ဗေဒါရီသည် မျက်လုံးဖွင့်ဖွင့်ချင်း သတိရမိသူမှာ ရဲတိုက်ဖြစ်ပြီး နှင်းဆီဖြူတစ်ခည်းကိုတော့ မျှော်လင့်မိသေးသည်။ သို့သော် သည်နေ့မနက်မှာ နှင်းဆီဖြူတွေ ရောက်မလာခဲ့ချေ။ ဒါပေမဲ့ မေမေက ဗေဒါရီ့အတွက် စာတစ်စောင် ရောက်နှင့်နေခြင်းအား သတင်းပေး၏။

"ခြံစောင့် ဦးသန်းကို မေးကြည့်တော့ ပြိုင်စက်ဘီးနဲ့ ကောင်လေးတစ်ယောက်တဲ့၊ ဗေဒါရီကို ပေးလိုက်ပါဆိုလို့ မသက်တာနဲ့ မေမေ့ဆီ လာပေးလေရဲ့။ အင်မတန်သစ္စာရှိတဲ့ ဦးသန်းပဲ၊ ကဲ ... ကဲ ... မေမေက သူတစ်ပါးရဲ့စာကို ဖောက်ဖတ်လေ့မရှိတော့ ဒီစာကို သမီးကလေးပဲဖတ်ပါ၊ မေမေ အားလုံး ခွင့်ပြုတယ်"

"ဟင် ... မေမေ့ကို သမီးကလေးတ အကုန်ပြောပြမှာ မေမေ မသိဘူးလား၊ သမီး ဖတ်ပြီးပြီးချင်း မေမေ့ကိုပေးဖတ်မယ်"

"အလိုတော် ... ရှက်စရာကြီးတွေ၊ ကျုပ် မဖတ်ချင်ပါဘူးရှင်ကလေး ပြောပြချင်သပဆိုရင် စာထဲက အဓိကလိုရင်းအချက်ကိုပဲပြော၊ ဟုတ်ပြီလား"

မေမေသည် ဗေဒါရီ့အား အခန်းထဲတွင် ထားရစ်ကာ ဘုရားဆွမ်းတော်ဗန်းကလေးကိုင်လျက် ဘုရားခန်းထဲဝင်သွားလေသည်။ ဘယ်လောက် အလိုက်သိ ခေတ်မီတဲ့ မေမေလဲကွယ်။





ဗေဒါရီသည် တစ်ခါသာ မြင်ဖူးသော်လည်း စာအိတ်မှာ "ဗေဒါရီ"ဟူသော လက်ရေးစောင်းစောင်းတွေကို အလိုလိုမှတ်မိနေခဲ့ပြန်၏။ နှင်းဆီပန်းရနံ့သင်းသော စာအိတ်အပြာကလေးထဲမှာ အပြာနုရောင် စာရွက်ပြာကလေး၏ ပိုင်ရှင်ဟာ ဗေဒါရီ့ရဲ့ တစ်ယောက်တည်းသော သူကလွဲ၍ ဘယ်သူများ ဖြစ်နိုင်ပါလိမ့်နော်။ အို ... ရင်ခုန်ရလေစွ၊ ဘာတွေများ မှာတမ်းခြွေထားလဲကွယ်။

"ဗေဒါရီ ...

မနေ့က မာမာနဲ့ ပါပါ စကားများရင်း မာမာသွေးတက်ပြီး သတိလစ်သွားလို့ ကျွန်တော် ပြုစုနေရတာနဲ့ ကျောင်းတောင် မတက်ဖြစ်ဘူး၊ ဒါကြောင့် ဗေဒါရီ့ကိုလည်း လာမတွေ့ရဘူး။ လွမ်းလိုက်တာဗျာ၊ တစ်နေ့ကလေး တွေ့ခွင့်မရတာနဲ့ အရမ်းလွမ်းတတ်နေပြီ၊ ကြာရင် မလွယ်ဘူး၊ မာမာ့ကိုတောင် ပြောထားရတယ်၊ နောက်နေ့ နေကောင်းအောင် နေပါလို့၊ ကျွန်တော့်ရဲ့ကောင်မလေး မျှော်နေလိမ့်မယ်လို့ ပြောထားတယ်၊ ကျွန်တော် ဒီနေ့ ဗေဒါရီ့ဆီ လာခဲ့မယ်၊ ဗေဒါရီ့ကို ကြိုတင်သတင်းပေးထားတာမို့ ပုန်းနေချင်ရင် ပန်းနေလို့ ရတာပေါ့နော် ...

ရဲတိုက်"

ကဲ ... ဘယ်လောက် အူတူတူနိုင်တဲ့ စာတစ်စောင်ပါလဲ။ သူ့အမေနဲ့ အဖေအကြောင်းလည်း တိုင်ပင်သေး။



www.burmeseclassic.com

www.burmeseclassic.com



သူ့အစကိုလည်း မဟုတ်မဟုတ်တွေ လျှောက်ပြောသေး။ မ
ဆိုင် သူ လွမ်းဘာလည်း ထည့်ရေးသေး။ သူ လာမှာကို
သိထားလို့ ပုန်းနေချင်ရင် ပုန်းပါလို့လည်း ခနဲ့သေး။ ကြည့်စ
အရင်က စိတ်မျိုးနဲ့ဆို ဗေဒါရီတို့ ဘယ်ခံလိမ့်မလဲ။ ချက်ချင်း
သည်စာ ဆွဲဆုတ်ခံရမှာ။ ကာယကံရှင်ကိုတွေ့ရင် မောက်မော
မာမာနဲ့ ရန်တွေ့ပစ်လိုက်မှာ။ ဟင်း ... အခုတော့ သူမို့လို့ပေ
သူ့စာမို့လို့ပေါ့။

ဗေဒါရီသည် သူမကိုယ်သူမ ရဲရဲဝန်ခံရဲခဲ့ပြီ။ စ
ချိန်ကတည်းက နှလုံးသားထဲတွင် မမေ့မပျောက် ရှိနေခဲ့
ပုံရိပ်၏ ပိုင်ရှင်ကလေးသည် သူမ၏အချစ်ကို ပိုင်ဆိုင်သွားခဲ့
မှန်း ဝန်ခံခဲ့ရပြီ။ ဘယ်လောက်တောင် ဆန်းကြယ်လိုက်သ
ကွယ်။ တိတိကျကျ ရေတွက်ရင် တစ်ကြိမ်တည်းသာ မြင်ခွင့်
နှင်းဆီဖြူကလေးတွေ၊ လက်ရေးကလေးတွေနဲ့သာ သူ့ကို လ
ဆွတ်ရချိန် တစ်ရက်ခွဲကလေးမှာ သူဟာ ဗေဒါရီရဲ့အချစ်တွေ
သိမ်းကျုံးယူငင်သွားခဲ့တာမဲ့။ အင်မတန့်ကို အစွမ်းထက်တာ

"မေမေ"

မေမေသည် ဘုရားရှိခိုးပြီး၍ နောက်ဖေးခန်း
ဝင်သွားချိန်တွင် ဗေဒါရီက မေမေ့နောက်မှ လိုက်ဝင်လာ
ခပ်တိုးတိုး မဝံ့မရဲ ခေါ်မိ၏။

"ဘာလဲ သမီးကလေး"

"သူက ဒီနေ့ သမီးကလေးဆီ လာမလို့တဲ့"





"ဘယ်သူကလဲနှင်း"

"ရဲတိုက်ပေါ့၊ ရဲတိုက်က သမီးကလေးဆီ လာမယ်ဆိုတာ စာရေးပေးလိုက်တာ မေမေ"

မေမေက ပြုံး၏။ ထိုအခါ ဗေဒါရီက မဆီမဆိုင် မေမေ့ကို စိတ်ကောက်တော့သည်။ မေမေ ဘာပြုံးတာလဲဟု မမေးရဲပြန်။ မေမေ့အပြုံး၏ အဓိပ္ပာယ်ကိုကြားလျှင် သူမရှက်ရွံ့ရမှာ စိုးရိမ်သေးသည်။ ရဲတိုက်ရေ ... ရှင့်ကို ချစ်မိတာဟာ ဘယ်လောက် ပင်ပန်းရတဲ့ ဒုက္ခကြီးလဲနော်။ မေမေ့ကိုရှက်ရ၊ အရာရာကိုလည်း စိုးရိမ်ရနဲ့။ ဟင်း ... စိတ်ကုန်စရာပင် ကောင်းသေးတော့။

ထို့နောက် မေမေသည် ဘာတစ်ခွန်းမှ မပြောဘဲ ငြိမ်သက်နေပြန်လျှင် ဗေဒါရီက မနေတတ်တော့ချေ။ မေမေ ဘာစ်ခုခုပြောပါဟု ဂျီတိုက်မိ၏။

"ကဲ ... မေမေ ပြောစေချင်ရင် ပြောပါ့မယ်၊ ရဲတိုက်က သမီးကလေးဆီ လာမယ်ဆိုတာ တမင့် စာရေးပြောလည်း ဘာဂရုစိုက်စရာ လိုသလဲကွယ်၊ ရန်ကုန်တက္ကသိုလ်ကြီးက ဘယ်သူ့မဆို လာလည်ခွင့် ပေးထားတာပဲ၊ ဒီတော့ သမီးကလေးရဲ့အဓိက ဆုံးဖြတ်ချက်က ရဲတိုက်ကို စကားလက်ခံပြောသင့် မပြောသင့်ဘဲကွယ့်၊ ကျေနပ်ရဲ့လား။ အမျိုးသမီးကလေး ရည်းစားထားဖို့ကိစ္စလည်း အမေက ညွှန်ကြားရတယ်လို့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ရည်းစားထားမယ်လို့ သမီးကလေးက မေမေ့ကို ပြောမိလို့လား"

"သိနိုင်ဘူးတော်"

ထိုအခါ ဗေဒါရီသည် ရှက်ကိုးရှက်ကန်းဖြင့် မေမေ့နောက်ကျောကို သိုင်းဖက်၍ မေမေ့ကျောပြင်မှာ မျက်နှာအပ်ကာ တဟီးဟီး ရယ်မိသည်။ လူကြီးတိုင်းဟာ အရွယ်အမျိုးမျိုး၊ အတွေ့အကြုံအမျိုးမျိုးကို ဖြတ်သန်းလာခဲ့ပြီးသူတွေမို့ အင်း ... မေမေလည်း ဗေဒါရီရဲ့ ဖရိုဖရဲ အမူအရာတွေကို ရိပ်မိပြီးပြီ ထင်ရဲ့။ ဟင့်အင်း ... မေမေ။ ရဲတိုက်ကို လောလောဆယ်မှာ "ချစ်တယ်" ဆိုတဲ့ စကားတစ်ခွန်းနဲ့ တုံ့ပြန်ဖို့ မစဉ်းစားမိသေးပါဘူး။ မေမေ့သမီးကလေးဟာ ချစ်သူထံမှ "ချစ်တယ်"ဟူသော စကားကို အလုံးစုံ ယုံကြည်နိုင်ဖို့ အချိန်တွေယူရဦးမယ် မေမေဟု မေမေ့အား စိတ်ထဲမှာကျိတ်၍ ကတိပေးခဲ့မိပြန်သည်။

ဗေဒါရီရဲ့မေမေသည် ...တော့မှ ဗေဒါရီလုပ်ချင်တာ ဟူသရွေ့ကို မလုပ်ရဟု ချုပ်ချယ်လေ့မရှိသူပီပီ အရာရာကို ကိုယ်တိုင်စဉ်းစားဆုံးဖြတ်ပုံ ဗေဒါရီ့ကို လမ်းပြပေးခဲ့သူပီပီ။ သည်တစ်ခါလည်း ရဲတိုက်နှင့် ဖိုးတေဇတို့၏ ခြေလှမ်းများ၊ ပြိုင်ဆိုင်မှုနှင့် မာနတရားများ။ သည့်အပြင် ဖစ်မှန်သည် မစစ်မှန်သည် ခန့်မှန်း၍ မရသေးသော အချစ်တစ်ခုအတွက် ဗေဒါရီ ကိုယ်ပိုင်အသိဉာဏ်ဖြင့် ဆုံးဖြတ်ခွင့်ကို ပေးခဲ့ခြင်းလည်း ဖြစ်ပေသည်။

✤ ❤ ✤





ထိုနေ့က ရဲတိုက် ရောက်လာခဲ့သော်လည်း စာသင်ချိန်ဖြစ်၍ သူ့ စကားလာပြောခွင့် မရခဲ့ချေ။ အတန်းအပြင်ကလာ လက်ပိုက်ရပ်ကြည့်။ ဗေဒါရီ ယောင်လို့ သူ့ဆီ မျက်လုံးရောက်ရင် "အချစ်လေး"ဟု နှုတ်ခမ်းလေးလှုပ်၍ ခေါ်သံပြုတတ်။ ...အခါ ဗေဒါရီက ရှက်ရွံ့စိတ်ဆိုးလျက် မျက်စောင်းတွေ တစ်...ကြီးပေးပစ်ကာ ခေါင်းငုံ့နေတတ်။ သို့သော် အင်မတန် နား...ည်ရခက်သော လူသားကလေးကို ပြပါဆိုလျှင် ရဲတိုက်ကိုပဲ...နေမည့်အဖြစ်ကို သူက ဖန်တီးပေးခဲ့သည်။ အဲဒါကတော့ ...တန်းလွှတ်ချိန်မှာ ရှုပ်ထွေးသော လူအုပ်များကြားတွင် ရဲတိုက်... ကိုယ်ရောင်ဖျောက်သွားတော့တာပဲဖြစ်သည်။

ထိုအခါ ဗေဒါရီက ဟင်း ... တော်ပါပြီ။ နောက်...ခါ သူ့ရဲ့ဖြားယောင်းမှုတွေကို ရင်မခုန်တော့ပါဘူး။ နေပါစေ...။ နောက်နေ့ အဲဒီလို လုပ်ပြခွင့်မရအောင် သူ့ကို လုံးဝမ...ည့်တော့ပါဘူးတွေနှင့် စိတ်ဆိုးကျန်ရစ်စမြဲ။ ထိုသို့ နေ့စဉ်ရက်

www.burmeseclassic.com



ဆက် သူလာတတ်၊ ဗေဒါရီ့ကို သူ့ရဲ့မှုန်ကုပ်ကုပ် မျက်မှောင်များပါသော အပြုံးဖြင့် နှုတ်ဆက်တတ်။ တစ်ခါတစ်ရံမှာတော့ ဖိုးတေဇနှင့် နှစ်ယောက် ဆုံသွားတတ်တာလည်းရှိ၏။

"ဟယ် ... နှစ်ယောက်ဆုံကြပြီ၊ ပြဿနာတော့ တက်ကြပြီထင်တယ် ဗေဒါရီ"

သီရိနဲ့ ခိုင်မာလာ စိုးရိမ်တကြီး ပွဲကြည့်ပရိသတ်အဖြစ် သူတို့ကိုယ်သူတို့ ခံယူကြသလောက် အတန်းရှေ့မှာ ဆုံကြသော ရန်သူတော်ညီအစ်ကိုလေး နှစ်ယောက်သည် သည်အခါမျိုးမှာ ထူးဆန်းစွာပင် တစ်ယောက်ကိုတစ်ယောက် စိန်ခေါ်ပြုံးများဖြင့် ပြုံး၍နှုတ်ဆက်ကြလျက် သူတို့ချင်း ခပ်တိုးတိုးစကားကပ်ပြောခြင်းများ၊ နှစ်ယောက်ယှဉ်ရပ်လျက် ဗေဒါရီ့ကို သူတို့ချင်း အရှုံးပေးရမှာစိုးသည့်အလား ပြိုင်၍ကြည့်ခြင်းများ။ ထိုနေ့မျိုးဆို အတန်းဆင်းချိန်အထိ ရှိတတ်ကြပြီး ဗေဒါရီ သွားရာနောက် မနီးမဝေးမှ လိုက်ကြစမြဲဖြစ်သည်။ တစ်ခုတော့ရှိသည်။ ဗေဒါရီ့နောက် မျက်ခြည်ပြတ်မခံ လိုက်သောအခါ သူတို့ညီအစ်ကို တွဲမလျှောက်ကြချေ။ ပြီးတော့ ရယ်စရာလည်း ကောင်း၏။ ထိုသို့ လိုက်လာကြရုံ၊ ကင်န်တင်းထိုင်လျှင် လိုက်ကြည့်ကြရုံ၊ ဗေဒါရီ့ အိမ်ပြန်ချိန်တွင် သူမ၏ကားနောက်က သူတို့နှစ်ယောက် ကားတွေ မောင်းလိုက်လာကြရုံအပြင် ဘာစကားမှ လာပြောခြင်းလည်း မရှိ။





မတော်တဆ တစ်ယောက်ယောက်နဲ့ မျက်လုံးချင်း ဆုံမိရင်တော့ သူတို့ထံမှ ...

"နေကောင်းလား"

ဖြစ်ဖြစ်။ ဒါမှမဟုတ် ...

"အရမ်းလှတာပဲ"

ဖြစ်ဖြစ်။ တစ်ခါတလေတော့ ...

"အရမ်းချစ်ဖို့ကောင်းနေပြီ" ဆိုတာမျိုးတွေနဲ့ဖြစ်ဖြစ် နှစ်ယောက်သား အကျင့်ချင်းတူညီစွာ နှုတ်ခမ်းကလေးတွေလှုပ်ရုံ နှုတ်ပြတတ်ကြစမြဲတည်း။ မှန်တာပြောရရင် ဖိုးတေဇ သည်လိုပြောရင် စိတ်ဆိုးရုံ ကြည့်မိတာ မှားတယ်ဟု နောင်တရုံအပြင် မရှိသာ။

သို့သော် ရဲတိုက်ကသာ သည်စကားတွေ ပြောတာဖြစ်ကြည့်၊ ဗေဒါရီလောက် ရင်ခုန်မိတော့တာမရှိ။ ကြည်နူးရွက်ရွံ့မိတော့မတာမရှိ။

ဘယ်လောက် အဖြစ်သည်းလိုက်သလဲနော်။

"အင်း ... သူတို့နှစ်ယောက် ကြည့်ရတာ ဗေဒါရီက ငါ့ကို ဘယ်နှခါ လှမ်းကြည့်တာ၊ ဘယ်နှခါ ပြုံးပြတာက အစ အကြိမ်အရေအတွက်မှတ်ပြီး ပြိုင်နေကြသလိုပဲ၊ သိပ်တော့ မလွယ်ဘူး ဗေဒါရီ၊ စဉ်းစားပြီးမှ သေသေချာချာ ဆုံးဖြတ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ဟင့်အင်း ... သေသေချာချာ ဆုံးဖြတ်စရာကို
လိုတော့ဘာ။ အစကတည်းကိုက မိုက်မိုက်ကန်းကန်း ငါ့ကိုဘာ
သဘောနဲ့ချစ်တာဖြစ်ဖြစ်ဟူသောစိတ်နဲ့ ရဲတိုက်ကို ကျေကျေနပ်
နပ် ရွေးချယ်ဖို့ ဆုံးဖြတ်ခဲ့ပြီးပြီလေကွယ်။ ဒါကို ခိုင်မာလာ မသိ
သေး။ သီရိလည်း မသိသေး။ နောက်ပြီး ဇေဒါရီရဲ့မေမေလည်း
မသိသေးချေ။

"ဘယ်လိုတွေမှန်းကို မသိတော့ပါဘူးဟာ၊ တစ်နေ့ တ
နေ့ လာကြည့်ကြ၊ ပြန်ကြ၊ ရယ်ပြကြနဲ့ စကားကလေး
တောင် လာမပြောဘူး၊ အင်မတန် မာနကြီးတဲ့ ညီအစ်ကို
ဒါကြောင့်လည်း သူတို့အကြောင်းက လူသိများနေတာဖြ
မယ်၊ တကယ်ဆို မိန်းကလေးတစ်ယောက်ကို အမူအရာ
သဘောကျနေကြောင်း ဒီလောက်ထိ လုပ်ပြပြီးမှ ရှေ့ဆက်
ခြေလှမ်းတိုးဖို့ သင့်ပြီ"

"အံမယ် ... သီရိက ကြားထဲက ရင်ခုန်နေပြီဟ"

"ရင်ခုန်ရတယ်ဟေ့၊ ခိုင်ရေ ... ရှင်က သီရိကိုသာ ဒီ
ပြောတာ ရှင်ရော ရှေ့ဆက် ဘာဖြစ်မလဲဆိုတာကို မသိ
ချင်ဘဲ နေမလား၊ ပွဲကြည့်ပရိသတ်က အီလည်လည်ပြဇာတ်
ကြီးကို ကြည့်ရတာ ရိုးအီလာပြီ၊ မင်းသမီးလည်း မင်းသာ
တွေဘက်က ဘာမှမထူးခြား ဘယ်လိုဆက်က,ရမလဲ
ဖြစ်နေပြီ၊ ဟုတ်တယ်နော် ဇေဒါရီ"





သီရိသည် ယခုအခါ ကျောင်းက အနုပညာအသင်း
၏ ရန်ပုံငွေပွဲအတွက် ပြဇာတ်တစ်ပုဒ်ကို လက်ခံရေးသားနေသူ
ဖြစ်၍ ထိုသို့စကားတွေထဲ ပြဇာတ်အကြောင်း ထည့်ပြောနေခြင်း
ဖြစ်ကြောင်း ခိုင်မာလာနှင့် သူမတို့ရိပ်မိလျှင် ရယ်ချင်စိတ်ကို
ချိုသိပ်ကာ ခေါင်းညိတ်ပြရ၏။

ဟုတ်တယ်နော်။ ရဲတိုက်က ဘာလို့ အေးဆေးပြီး
သူမကို အလှကြည့်ရုံအပြင် မပိုခဲ့သလဲ။ ဖိုးတေဇကရော ဘာလို့
ငြိမ်သက်နေခဲ့သလဲ။ တစ်ခုခုတော့ ရှိမယ်။ ဖိုးတေဇ ဖွင့်မပြော
တာ ကိစ္စမရှိ။ ရဲတိုက်က ဖွင့်မပြောတာတော့ ဇေဒါရီ အခံရခက်
နေခဲ့သည်။ သူ ငါ့ကို တကယ်မချစ်လို့ပဲလား ဟူသော အတွေး
ဆ်ုလာတိုင်း မျက်ရည်ဝဲရသည်အထိ ကြေကွဲရတတ်သည်။

ဇေဒါရီက ဘယ်လောက်တောင် အဖြစ်သည်းလိုက်
သလဲ။ ဘယ်လောက်တောင် ခံစားထိခိုက်တတ်သလဲ။ ရဲတိုက်
ဆီမှ ချစ်ခြင်းကို တိုက်ရိုက်ခံစားခွင့် မရသေးတာတောင် ကြို့ဘင်
၍ လွမ်းတတ်၊ ကြေကွဲတတ်၊ တိတ်တိတ် မျက်ရည်ကျနေတတ်။

"ဖိုးတေဇက ပိုချောတယ်၊ ပိုပြီးတော့လည်း ဇေဒါရီ့ကို
ကြည့်နေတတ်တယ်၊ ဇေဒါရီ သူ့ဆီလှမ်းကြည့်ရင် လှိုက်
လှိုက်လှဲလှဲ ဝမ်းသာတတ်တယ်၊ သူက ဇေဒါရီ့ကို တကယ်
ချစ်တာဖြစ်မယ်၊ ဇေဒါရီ သူ့ကို ရွေးလိုက်ရင် မှန်မယ်
ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



နိုင်က တစ်ခါတစ်ရံ အကြံပေးတတ်၏။

"ရဲတိုက် ကြည့်ရတာ ဒီအလုပ်ကြီး လုပ်နေရတာကို စိတ်ပင်ပန်းနေသလိုပဲ၊ စိတ်မပါသလိုပဲ၊ ကြည့်ရတာ ဖိုးတေဇက အရင်တွေ့ပြီး သဘောကျသွားမှန်းသိလို့ ပြိုင်ပြီးလိုက်တာလား မသိဘူး၊ နောက်ပြီး သူက သိပ်လည်းမချော့ပါဘူး၊ ဂျစ်ကန်ကန် ရုပ်ရည်နဲ့ ဖိုးတေဇက ချေလည်သန့်တယ်"

သီရိကလည်း ရဲတိုက်အား ဝေဖန်ချင်သေးရဲ့။ ထိုသို့ဝေဖန်မှုကတော့ ဗေဒါရီ့ကို များစွာထိခိုက်စေခဲ့သည်။ ဟုတ်လားဟင် ...။ ဒါဟာ တကယ်ပဲလားဟု ရဲတိုက်ဆီ လှမ်းကြည့်မိလျက် စိတ်ထဲက မေးရုံအပြင် ဘာမှမတတ်နိုင်ခဲ့ချေ။ ဖြစ်နိုင်ရင် သူ့ရှေ့ပြေးသွား၍ သူ့ကိုမော့ကြည့်၍ သူ့လက်မောင်းကို ကိုင်လှုပ်၍ မေးပစ်ချင်သားပင်။

ဘယ်လောက်တောင် မျိုသိပ်ကြေကွဲရတဲ့ ဘဝလဲကွယ် ...။

ပြီးတော့ ဖိုးတေဇက ပိုလည်းသွက်သည်။ ရဲတိုက်မလာတဲ့နေ့တွေ သူ တစ်ယောက်တည်း ရောက်လာခဲ့ရင်တော့ ဗေဒါရီတို့အား လာစကားပြောတတ်သည်။ ထိုအခါမျိုးမှာ လွန်ခဲ့တဲ့နေ့တွေက သူနဲ့ ရဲတိုက်တို့ ဗေဒါရီနောက်က နောက်ယောင်းလိုက်တာ၊ အပြိုင်ကြည့်ကြတာတွေကို မေ့ထားသလို၊ မသိသလိုနေတတ်၏။ ဘယ်လောက်တောင် ပဟေဠိများလိုက်သလဲဆိုတာ





"ဟိုနေ့က ကိုဖိုးတေဇကို တွေ့လိုက်ပါတယ်၊ ဘာလို့လာမနှုတ်ဆက်တာလဲ"

ခိုင်မာလာက တစ်ခါတစ်ရံ အမြင်ကတ်ဟန်ဖြင့်ရို့အစား မေးပေးတတ်ပါသည်။ ထိုအခါ ရယ်ကျဲကျဲဖြင့် ...

"ကျွန်တော်နဲ့ အတူတူပါလာတဲ့ကောင်က ကျွန်တော်နဲ့ ညီအစ်ကိုတွေလေ၊ သူက ကောင်မလေးတွေနဲ့ အကြာကြီး ရပ်ပြီး စကားပြောတာ မကြိုက်ဘူး၊ ဒါကြောင့် လာမနှုတ်ဆက်တာပါ"

ဟု ကပေါက်တိကပေါက်ချာ ဆင်ခြေပေးတတ်

"ဟုတ်လား၊ သူက ရှင့်ရဲ့အစ်ကိုလား၊ ညီလား ဟင်"

"ကျွန်တော့်ညီ တော်ပါတယ်၊ ကျွန်တော်တို့က တစ်နှစ်တည်း မွေးပေမယ့် ကျွန်တော်က စက်တင်ဘာမွေးတာ၊ သူက အောက်တိုဘာ မွေးတာဆိုတော့ ကျွန်တော့်ထက် သူက တစ်လငယ်တယ်၊ ဗေဒါရီ ဘာဖြစ်လို့ မေးတာလဲ"

ဗေဒါရီက ရဲတိုက်အကြောင်း သိချင်လှစွာ အလေးမေးလိုက်မိသည့် မိမိကိုယ်ကို အပြစ်တင်ချင်သွားသေးရဲ့။

ဖိုးတေဇသည် စိုးရိမ်တကြီးဖြင့် ဗေဒါရီ့အဖြေကိုစောင့်နေတာ တွေ့၍ ...

"သိချင်လို့ပါ၊ ဘာမှမဖြစ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဖုံးကွယ်လိုက်ပါသည်။ ဖိုးတေဇသည် ဗေဒ
ကများ ရဲတိုက်အား သူ့ထက်ပို၍ စိတ်ဝင်စားနေသလားဆိုေ
အကဲခတ်မှုမျိုးဖြင့် ကြည့်နေတာတော့ ရင်ဆိုင်ရပါသည်။ ဒ
ဘာဖြစ်သလဲ၊ ငါ့ဘာသာ ဘာကြောင့် မေးမေးပေါ့၊ သူ့
သောက်ဂရုစိုက်စရာလားဟူ၍ ဗေဒါရီက ခပ်ရွဲ့ရွဲ့ကလေး ေ
မိခဲ့သေးသည်။

"ဒေါ်မဥ္ဇူရီရဲ့သီချင်းတွေကိုဆို မာမာတို့ အင်မတန်ြ
ကြတာ၊ အခုနောက်ပိုင်း အဆိုတော် အသစ်တွေ ြ
ကြတော့လည်း ကြိုက်ကြတာပဲ၊ မဥ္ဇူရီဆိုတာေ
ဘယ်လိုဆိုပြီး နှိုင်းယှဉ်တတ်ကြတယ်၊ ဗေဒါရီက
သီချင်းဆိုတဲ့ ဝါသနာမပါဘူးလား၊ အမေရော ... သ
အဆိုတော်ဆိုတော့ ကောင်းတာပေါ့"

ထိုအခါ ဗေဒါရီသည် အလိုက်ကန်းဆိုး ေ
သူမ အင်မတန်မှ ဝါသနာနည်းသော အလုပ်ကိုလုပ်ဖို့ တိုက်
ချင်သော ဖိုးတေဇအား နောက်ထပ် စကားလက်ခံပြောဖို့ေ
အတော်လေး စဉ်းစားချင်လာသတဲ့။ မေမေက ဓမေ၊ ဗေ
ဗေဒါရီပဲဟာ။ သူနဲ့ ဘာဆိုင်လို့ ဝင်အကြံပေးရသလဲေ
စိတ်ထဲမှ ရန်တွေ့ပစ်မိသတဲ့။

"ရှင် ... ကျုပ်ကို ဘယ်အချိန်က စသိသွားတာလဲ
နဲ့စတွေ့တော့ ရှင် ကျုပ်အကြောင်းရော၊ မေမေ့အ





ကိုပါ သိနှင့်နေတယ်၊ ပြီးတော့ ကျုပ်က မေမေ့ကိုအား
ကိုးတာ၊ မေမေ့ကို မေမေလို့ခေါ်တာ၊ မေမေက ကျုပ်ကို
ချစ်တာတွေလည်း အတော်လေး သိနှင့်နေပါလား"

"ဟာ ... ဒါကတော့ နာမည်ကြီး အဆိုတော်ကြီးတစ်
ယောက်အကြောင်းပဲ၊ မသိဘဲ နေမလား၊ နောက်ပြီး
ဒေါ်မဥ္ဇူရီက အင်တာဗျူးတွေမှာဆို သမီးကလေးက သမီး
ကလေးကနဲ့ စကားတိုင်း ထည့်ပြောတတ်တယ်၊ မေမေလို့
ခေါ်တာလည်း ဒေါ်မဥ္ဇူရီက အင်တာဗျူးတွေမှာ ထည့်
ပြောဖူးတာ သိထားလို့၊ ဘယ်အင်တာဗျူးမှာလဲ မသိဘူး
ထည့်ပြောဖူးတယ်၊ ဗေဒါရီ့ကို စသိသွားတာကတော့
Valentine ဆိုတဲ့ စားသောက်ဆိုင်လေးမှာပဲ၊ အဲဒီနေ့က
ကျွန်တော်တို့ညီအစ်ကိုနဲ့ သူငယ်ချင်းနှစ်ယောက်က ဗေဒါရီ
ရယ်၊ ဗေဒါရီ့မေမေရယ်နဲ့ အန်ကယ်လ်ကြီးတစ်ယောက်တို့
ရှိနေခဲ့တဲ့အခန်းနဲ့ ကပ်ရပ်အခန်းမှာရှိနေတယ်၊ ဗေဒါရီတို့
ပြန်ထွက်လာမယ့် အချိန်ကို ကျွန်တော်တို့ စောင့်ရင်း
ချောင်းကြတာပေါ့၊ ဘာဖြစ်လို့လဲဆိုတော့ တစ်ဖက်က
သမီးကလေးလို့ခေါ်သံ၊ မေမေလို့ခေါ်သံ၊ အန်ကယ်လ်ကြီး
ရဲ့ မဥ္ဇူရီခေါ်သံ၊ ဗေဒါရီခေါ်သံတွေကြောင့် တမင်စောင့်
ကြည့်ကြတာ၊ ဗေဒါရီ့ကို E မေဂျာရဲ့ကွင်းအဖြစ် ကျွန်တော်
တို့က ကြိုသိထားလို့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်တို့ညီအစ်ကိုက အတူတူ တွဲသွားကြတယ်၊ ဟုတ်လား၊ ခိုင်တို့ ကြားဖူးတာတော့ သိပ်မတည့်ဘူးဆို"

ခိုင်မာလာက တအံ့တသြ မေးခဲ့သေးသည်။ ထိုအခါ ဖိုးတေဇသည် သူတို့အကြောင်းကို သိနှင့်နေ၍ မျက်နှာတစ်ချက် ပျက်သွားတာ ဗေဒါရီက မြင်ဖြစ်အောင် မြင်လိုက်သေး။

"အဲဒီတစ်ခါတော့ တွဲသွားဖူးတယ်၊ ကျွန်တော်တို့ရဲ့ သူငယ်ချင်းနှစ်ယောက်စလုံးက နိုင်ငံခြားသွားတော့မှာမို့ နှုတ်ဆက်တဲ့ပွဲအနေနဲ့ ကျွေးကြတာလေ၊ ရဲတိုက်နဲ့ သိပ်မတည့်ဘူး… တော့ မဟုတ်ပါဘူး၊ ရောရောနှောနှော မနေဖြစ်တာ… မာမာနဲ့ သူ့မာမာတို့ကသာ မတည့်ကြတာ၊ ငယ်ငယ်… တည်းက သွေးခွဲစကား ပြောထားတော့ ငယ်ငယ်တုန်း… မတည့်ကြဘူး၊ အခုတော့ သူလည်း သူ့ဘာသာနေ၊ ကျွန်… တော်လည်း ကျွန်တော်လုပ်ချင်တာ လျှောက်လုပ်ပါ… ဒါပေမဲ့ သူခံလာရရင် ကျွန်တော် နေလို့မရဘူး ပြန်လက်… ပြန်သလို၊ ကျွန်တော် ခံလာရရင်လည်း သူက လက်… ပြန်တာလေ၊ ထုံးစံဖြစ်နေပြီ၊ ခိုင်မာလာတို့က ကျွန်တော်… အကြောင်း သိနှင့်သားပဲ"

ထိုသို့ ဖိုးတေဇနှင့် တော်တော်များများစကားလက်… ကျရသောနေ့တွေဆို ဗေဒါရီသည် တစ်စွန်းတစ်စ သိခွင့်ရ… ရဲတိုက်ရဲ့အကြောင်းအရာလေးတွေကို နှစ်သက်နေတတ်စမြဲ… တော့ ဖိုးတေဇလောက်မသွက်သည့် ရဲတိုက်အား မချင့်မရဲဖြစ်ရ…





ဗေဒါရီကသာ အသည်းအသန် မျှော်လင့်သလောက် …်အေးအေး ဖြစ်နေသူမှာ ရဲတိုက်သာဖြစ်သည်။ ဖိုးတေဇလောက် …ည်း နေ့တိုင်း မှန်မှန်လာမတွေ့။ လာချင်သည့်နေ့ လာကြည့် …ိက်။ စကားလေးတောင် လာပြောခြင်းလည်း မရှိ။ ဗေဒါရီနဲ့ …စ်ခါမှ သေသေချာချာ တွေ့လိုက်ရတယ်ရယ်လို့လည်းမရှိ။ …စ်ခါတလေ ဖိုးတေဇ မလာဖြစ်သည့် ရှားပါးသည့်ရက်ကလေး … သူ ရောက်လာခဲ့ရင် ဖိုးတေဇလိုများ စကားလာပြောလိမ့် …ည်လားဟု မျှော်လင့်စွာ ဗေဒါရီက ကုန္တြေတွေ ခဏမေ့ပစ်လျက် …ငုံ့လှမ်းကြည့်ရသလောက် သူ့ထံမှ ခပ်ပြုံးပြုံး ကြည့်နေရုံ၊ သူ …ခေါင်း ခေါင်းဆတ်နှုတ်ဆက်ရုံ သည့်အပြင် မပိုခဲ့ချေ။

ဖိုးတေဇနှင့် ပြိုင်ဆိုင်လာသော အခါမှသာ နည်းနည်း …း အခြေအနေတွေ တိုးတက်လျက် သူမသွားလေရာ လိုက် …လာမျိုး။

အိမ်အပြန် ကားနောက်က လိုက်လာတာမျိုးတွေ …ကသာ။

"ဗေဒါရီ့ကို တကယ်မချစ်ဘဲ ဖိုးတေဇကို နှောင့်ယှက်ချင်လို့ တမင်လုပ်နေတဲ့ အမူအရာတွေလား ရဲတိုက်ရယ်"

ဟု ဗေဒါရီက တွေးတောရှေ့ရှုတ်မိလျှင် ခေါင်းအုံး … နှာအပ်က ကျိတ်ငိုရသော ညကလေးတွေ ရှိတတ်ခဲ့ပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ တကယ်တော့ တစ်ဖက်က ဘာမှရေရေရာရာ သိရသေးတာ လည်း မဟုတ်ဘဲနဲ့ ကြိုတင်ကြေကွဲနေတတ်တာ၊ မျှော်လင့်နေ တတ်တာ၊ ရင်ခုန်နေတတ်တာတော့ ဗေဒါရီ လွန်နေခဲ့တာပေ နော်။ အင်မတန်မှ အချစ်မှာ ရူးသွပ်တတ်တဲ့ ဗေဒါရီပဲ။

✣ ❤ ✣





(၈)

ရဲတိုက်နှင့် ဖိုးတေဇ ဆိုသော အမျိုးသားကလေး သောက်နှင့် တွေ့ဆုံခဲ့ကြချိန် အတော်လေး ကြာမြင့်လာသော ဖိုးတေဇနှင့် ဗေဒါရီတို့လည်း အတော်အတန် ရင်းနှီးလာ ။ ထို့အတူပင် ရဲတိုက်၏ အေးစက်စက် အမူအရာများကို ားရကာ ဗေဒါရီသည် ရဲတိုက်အား မျက်လုံးဖြင့် စကားပြော သလို ရဲတိုက်၏ မျက်ဝန်းထဲမှ အရိပ်တွေကိုလည်း ဗေဒါရီ ည်တတ်ခဲ့ပြီ။ ဒါကြောင့်လည်း ရဲတိုက်သည် ဗေဒါရီ၏ တ်မှုကို သဘောပေါက်နေခဲ့လောက်ပြီ။ ထို့အတူ ဗေဒါရီ ည်း ရဲတိုက်၏ ဖွင့်မပြောသော ချစ်ခြင်းတို့ကို ကျေနပ် ားပင်။ ဖိုးတေဇအား ရဲတိုက်၏ညီအစ်ကိုတစ်ယောက် သဘောထားလျက် ခင်ခင်မင်မင် စကားလက်ခံပြောရုံအပြင် ှာ သူ့အတွက် နေရာပေးစရာမှ ရှိတော့အောင် နှလုံးအိမ် ုံးမှာ ရဲတိုက်က နေရာအပြည့် ယူနေခဲ့ပြီဆိုတာတော့ မသိသေးချေ။



www.burmeseclassic.com

www.burmeseclassic.com



"ဗေဒါရီ ဘယ်သူ့ကို ရွေးမှာလဲ သိချင်လိုက်တာ"

သီရိ တစ်နေ့တုန်းက ကပ်မေးဖူးသည်။

"ဘယ်သူကမှ ဖွင့်မပြောသေးတာ၊ စဉ်းစားစရာ မလို ဘူးထင်တယ် သီရိရယ်၊ ဘာတွေမှန်းကို နားမလည် ဘူး၊ အတော့်ကို စိတ်ပင်ပန်းစရာတွေ ပေးတတ်တဲ့ အစ်ကိုတွေပဲ"

ဗေဒါရီက သူမ၏ရင်တွင်းခံစားချက် အစစ်အ ကို ဖုံးကွယ်ခဲ့ပါသည်။

"ဒါပေမဲ့ ဗေဒါရီက ရဲတိုက်ကို ပိုပါတယ်၊ ရှင်တို့ ယောက်ရဲ့ အကြည့်ချင်းတွေ ဖလှယ်နေပုံက အင် မောင်ရဲတိုက်ရဲ့ အကြည့်တွေ စူးစိုက်နေပုံက ဗေဒါရီ ဘယ်လိုနေမယ် မသိဘူး၊ အနားမှာရှိတဲ့ ခိုင်တောင် တုန်ချင်တယ်၊ ဗေဒါရီရဲ့ လှမ်းကြည့်တဲ့အကြည့်မှာ တ ရှိနေတယ်ဆိုတာ ရဲတိုက် သိပုံရတယ်၊ ဘယ်လိုပြော ဖိုးတေဇ စကားလုံးပေါင်းတစ်သိန်း ပြောတာထက် ရောက်တဲ့ အကြည့်တွေနဲ့ ဗေဒါရီ့ကို ချဉ်းကပ်နေ ရဲတိုက် အင်မတန် တော်တာပဲ"

ခိုင်မာလာ့ကို ညာမရဘူး။ သူက တော်တော် နေတယ်ဟု ဗေဒါရီ နားလည်သွားခဲ့၏။





ထိုသို့ သူငယ်ချင်းနှစ်ယောက်၏ နားလည်သွားမှုဖြင့် ရဲတိုက်သည် ဗေဒါရီရဲ့သက်ဆိုင်သူ၊ ရွေးချယ်ခံရသူအဖြစ် သတ်မှတ်ချိန် သိပ်မကြာမြင့်ခဲ့ပါ။ ခါတိုင်းတော့ တစ်ရက်ခြား နှစ်ရက်ခြား လာလာကြည့်တတ်သော ရဲတိုက်သည် ရက်သတ္တတစ်ပတ်၏ ကျောင်းတက်ရက်တွင် တစ်ပတ်လုံး ရောက်မလာခဲ့ချေ။ ထို့အတူ တစ်ရက်ခြား နှစ်ရက်ခြား နှင်းဆီဖြူတွေဖြစ်ဖြစ်၊ ဗေဒါရီ အမြဲလိုလိုစားတတ်သာ ဆီးထုပ်တွေ၊ သရက်ပြားတွေ ဖြစ်ဖြစ်၊ ဗေဒါရီ နှစ်သက်သော ခေတ်ပေါ်အဆိုတော်တွေရဲ့သီချင်း ခွေ အသစ်ထွက်တိုင်း ဝယ်ပေးလိုက်တာမျိုးဖြစ်ဖြစ် ဗေဒါရီရဲ့ နံနက်ခင်းတွေကို တစ်ခါတစ်မျိုး မရိုးရအောင် နှုတ်ဆက်တတ်သော ရဲတိုက်၏ဝတ္တရားများလည်း ထူးဆန်းစွာ ပျက်ကွက်ခဲ့သည်။ ကျောင်းမှာလာကြည့်ရုံ၊ နံနက်ခင်းတွေမှာ လက်ဆောင်တစ်ခုခု ပို့ရုံအပြင် စကားလေးတစ်ခွန်းတောင်မှ ရက်ရောစွာ လာမပြောသော်လည်း ဗေဒါရီက စိတ်မနာစွာ ချစ်ခြင်းတွေ တစ်ထစ်ချင်း မြင့်မားနေခဲ့ပြီးမှတော့ ...။

တစ်နေ့ပြီးတစ်နေ့ ကုန်ဆုံးသွားတိုင်း ဘာများဖြစ်နေလို့ပါလိမ့်၊ ဘယ်များသွားနေလို့ပါလိမ့်၊ သည်လောက်ထိပစ်ထားသင့်ဘူး၊ သူ သိပ်ရက်စက်တတ်နေပြီ၊ ငါ့ထက် စိတ်ဝင်စားရမယ့် တစ်ယောက်များ တွေ့သွားလို့လားဟူသော အတွေးများဖြင့် ရှုးသွပ်ရစမြဲ။ ပြီးတော့ ... မျက်ရည်ကလေးတွေ ရွှဲ



www.burmeseclassic.com

www.burmeseclassic.com



ထင်းတဲ့ ခေါင်းအုံးကလေးနဲ့ အဖော်ပြုရမြဲ။ မေဇမ မေးတော့ ခေါင်းမူးလို့ အန်ချင်လို့ ဖျားချင်လို့ ဗိုက်အောင့်လို့တွေနဲ့ မရှိးနိုင်စွာ အရင်က လိမ္မာသော၊ မညာတတ်သော၊ မေမေ့ကို အရာရာ တိုင်ပင်သော သမီးကလေးက လိမ်ညာတတ်ခဲ့မြဲ။

နောက်ဆုံးတော့ တစ်ပတ်ကုန်လွန်အပြီး ဆယ်ရက်အပြည့် နံနက်မှာ ဗေဒါရီသည် သူမ၏ခိုင်မာလာနှင့် သီရိတို့အား ဖွင့်ဟတိုင်ပင်ဖို့ ဆုံးဖြတ်ခဲ့တော့သည်။

"ရဲတိုက် မလာတာကြာပြီ သီရိရယ်၊ ဘာဖြစ်လို့လဲ မသိဘူး၊ နေမှကောင်းရဲ့လား၊ ဖိုးတေဇလာရင် မေးပေးကြပါနော်၊ ကျုပ် သူ့ကို အရမ်းသတိရနေတယ်"

ရဲတိုက်သာ မလာသော်လည်း မှန်မှန်ကလေး လာတွေ့၍ ဖွင့်ပြောဖို့ တာစူနေသော ဖိုးတေဇအား သူမကိုယ်တိုင် မေးကြည့်ဖို့တော့ မဝံ့မရဲ ဖြစ်နေေ သည်။ ထို့ကြောင့်ပင် သီရိအား မေးခိုင်းရပါသည်။ ခိုင်မာလာနှင့် သီရိက ...

"ဘာလဲ ... ရှင်က ဲတိုက်ကို ပိုသာနေပြီဆိုတဲ့ သဘောလား၊ အဲဒီတစ်ခုတော့ မှန်မှန်ဖြေ၊ ခိုင်တို့ သိပ်သိချင်လွန်းလို့"

"သီရိ ထင်တာပြောရရင် ရဲတိုက်က မျက်လုံးထဲကတစ်ဆင့် ဖွင့်ပြောပြီးလို့ ဗေဒါရီလည်း မျက်လုံးလေးထဲကတစ်ဆင့် အဖြေတွေပေးပြီးပြီမို့ ရဲတိုက်နဲ့ ဗေဒါရီတို့ဟာ တစ်ယောက်ကိုတစ်ယောက် နားလည်တဲ့ ချစ်သူတွေ မဟုတ်လား"





ထိုအခါ ဗေဒါရီသည် ညာနေလည်း မ တော့ပြီ ခြစ်၍ ရှက်ပြုံးကလေးဖြင့် ဝန်ခံရဲခဲ့ပြီ။ အို ... သူသိတာမှတ်လို့။ ရဲတိုက်ဆိုတဲ့သူ သိတာမှတ်လို့။ ကိုယ့်ဘက်က ဖြစ်ချင်တာကို တွတ်တင် စိတ်ကူးယဉ်ထားရတာ။ သူငယ်ချင်းတွေကို ဖွင့်ပြောထား တော့ ဘယ်လောက် စိတ်ချမ်းသာရတဲ့ ဘဝလဲ။

"ကောင်းပြီ၊ ဒါဆိုရင် ခိုင်တို့ မသိမသာ မေးပေးမယ်"

"ကျေးဇူးပါပဲ ခိုင်ရယ်၊ ကျုပ် သူ့အတွက် အရမ်းလည်း စိတ်ပူနေတယ်၊ သူ ကျုပ်ကို တကယ်ချစ်တာ ဖြစ်မှာပေါ့နော်၊ သူ တစ်ခုခု အလုပ်ရှုပ်နေလို့ လာမတွေ့တာလား မသိဘူးနော်"

"အို ... ဘယ့်နှယ်၊ ခိုင်က ရဲတိုက်ရဲ့အစ်မမှတ်လို့ လာမေးရတာတုန်း၊ ဖိုးတေဇကို မေးပေးပါ့မယ်ဆို"

ခိုင်မာလာက သူမ၏ကတိအတိုင်း ဖိုးတေဇ ရောက်လာသောအခါ ရဲတိုက်ရော ဘယ်လိုလဲ ရှင်နဲ့ကျောင်းမှာ အမြဲတမ်းတွေ့ဖြစ်ကြမှာပေါ့၊ အိမ်မှာရော ဘယ်လိုနေကြသလဲနှင့် အစချင်မေးကြည့်ပေးပါသည်။

"ဒီကောင်နဲ့ ကျောင်းမှာ အမြဲတမ်း တွေ့တယ်ဆိုပေမယ့် မတွဲကြပါဘူး၊ အိမ်မှာလည်း သူက အောက်ထပ်၊ ကျွန်တော်တို့က အပေါ်ထပ်ဆိုတော့ ကိုယ့်လှေကားနဲ့ကိုယ် ဆင်းကြ၊ တက်ကြနဲ့မို့ တွေ့ခဲပါတယ်၊ ဒါပေမဲ့ အခုတလောတော့



www.burmeseclassic.com

www.burmeseclassic.com



သူ့မာမာ ရောဂါအခြေအနေ ဆိုးနေလို့ဆိုလား ပါပါ မနေ့က ပြောနေလို့ မာမာနဲ့တောင် စကားများကြသေး တယ်”

“ဟုတ်လား ... တော်တော်စိုးရိမ်ရလို့လား”

“မသိဘူး၊ ပါပါက မေခတောင် အတော်စိုးရိမ်ရတယ် ခင်လည်း ကျန်းမာရေး ဂရုစိုက်၊ ဆေးလိပ်လျှော့သောက် ဆိုလို့ မာမာက ပါပါကို စိတ်ဆိုးဘယ်လေ၊ ရဲတိုက်မာမာ ဒေါ်မေခ အကြောင်း စကားထဲ ထည့်ပြောမိရင် မာမာနဲ့ အမြဲရန်ဖြစ်ရတယ်၊ ဒီတစ်ခါတော့ တော်တော်အခြေအနေ ဆိုးပုံရတယ်၊ ပါပါတောင် မာမာ့ဆီမှာ အကြာကြီးစကား ထိုင်မပြောနိုင်ဘူး၊ နောက်ပြီး အောက်ထပ်မှာပဲ အနေများ နေတယ်၊ ဟိုကောင်လည်း ဆရာဝန်သွားခေါ်လိုက် ဆေး ပြေးဝယ်လိုက်နဲ့ အလုပ်ရှုပ်နေတာ ကျွန်တော် တွေ့သား ကျွန်တော်တောင် မနေနိုင်လို့ ပါပါ့ကို တိတ်တိတ်ကပ်မေး တော့ မရတော့ဘူး မပြောတာပဲ၊ နှလုံး သွေးတိုး ကျောက် ကပ် ဆီးချိုတဲ့၊ အစကတည်းက ဆေးရုံတက်လိုက် ဆင်း လိုက် လုပ်နေရတာကြာပြီ၊ ဒီတစ်ခါတော့ အမြဲကုနေကျ ဆရာဝန်က ဆေးရုံတောင် မသွားခိုင်းတော့ဘူး၊ အခြေအနေ မကောင်းဘူးတဲ့၊ ရဲတိုက်ကလည်း သူ့မာမာအနားမှာ အချိန်ပြည့် နေချင်တော့ ဆေးရုံမပို့တော့ပါဘူးတဲ့၊ ကျွန် တော်လည်း စိတ်မကောင်းဘူး၊ ရဲတိုက်က သူ့မာမာကို ချစ်တာ၊ ကျွန်တော်က ကျွန်တော့်မာမာကို ချစ်တာထက် တောင် ပိုသေးတယ်”

ဖိုးတေဇသည် စိတ်ကောင်းဝင်ကာ ရဲတိုက်၏ အကြောင်းတွေကို စိတ်ရှည်လက်ရှည် ဖြေကြားလေသည်။ ဇေဒါရီသည် ချစ်သူ၏ အခက်အခဲအား သူမပါ လွှဲပြောင်းမျှဝေ ခံစားချင်မိသည်။ အို ... ဇေဒါရီတောင် မေမေ့ကို အင်မတန်မှ လေးစားခဲ့၊ အားကိုးခဲ့၊ ချစ်ခင်ခဲ့၊ မေမေ့ရင်ခွင်သာ အလုံခြုံဆုံးအဖြစ် ထင်မှတ်ထားခဲ့သေးတာပဲ။ ရဲတိုက်ရော သည်လိုပဲ ဖြစ်မှာပေါ့။

ဇေဒါရီက ငိုင်တွေ၍ မျက်နှာညှိုးချင်သောအခါ ဒါရီက လက်ကုတ်ပြီး သတိပေးရ၊ မျက်ရိပ်ပြရသည်။ ဖိုးတေဇ ရိပ်မိသွားမယ်တဲ့။ နေပါစေ။ ရိပ်မိတော့ရော သူနဲ့ ဘာဆိုင်သေး ဘာမှတ်လို့။ သို့သော် ... ဇေဒါရီရဲ့ဘဝတွင် မထင်မှတ်တာတွေ တစ်ခါတစ်ရံ ကြုံတွေ့ရလေ့ရှိကြောင်း သိခွင့်ရခဲ့ပါသည်။ ဘာဖြစ် လို့လဲဆိုရင် ထိုနေ့မှာပဲ ဖိုးတေဇက သူမအား အတိအလင်း ဖွင့် ပြောခဲ့၍ပင်။

အဲသည်နေ့၏ ကျောင်းဆင်းချိန်မှာ ဇေဒါရီသည် ကုန်ဆုံးသွားသည့် နေ့တစ်နေ့အတွက် သူမရဲ့ချစ်သူအား လွမ်း ဆွတ်နေခဲ့မိသေးသည်။ ကားသော့ကို ဖွင့်နေစဉ်မှာ ...

“ဇေဒါရီ ပြန်တော့မလား”







www.burmeseclassic.com

www.burmeseclassic.com



ဟု ရိုပ်ခနဲ ရောက်လာသော ဖိုးတေဇအား တွေ့လိုက်၍ အင်မတန်မှ အံ့ဩမိခဲ့သေး။ နေ့လယ်က တစ်ခေါက်ရောက်လာပြီး "ပြန်တော့မယ်"လို့ နှုတ်ဆက်ခဲ့ပြီး၍၊ ပြီးတော့ တကယ်လည်း ပြန်သွားပြီထင်ခဲ့၍ သည်လိုပဲ နောက်တစ်ခါ ထပ်မလာ တတ်၍ပင်။

"အင်း … ပြန်တော့လို့ပေါ့၊ မပြန်ဘဲ ဘယ်မှ ဟိုဝင်ဒီဝ ထုံးစံမရှိဘူး၊ သွားစရာ ပေါ်လာရင်တောင် မေမေ့ကိုဖုန်း ဆက် အသိပေးပြီးမှ ဆက်သွားတာ၊ မေမေ စိတ်ပူပြ မျှော်နေမှာစိုးလို့"

"အင်မတန် မေမေ ချစ်တဲ့သမီးပဲ၊ ကဲ … ဒါဆို ဗေဒါ မေမေ့ဆီ ဖုန်းဆက်ပြီး ပြောပေးပါ၊ သွားစရာရှိတယ် မေမေ စိတ်မပူနဲ့လို့လေ"

"ဘယ်မှ သွားစရာမရှိပါဘူး"

"အခု ရှိပြီလေ၊ ကျွန်တော်နဲ့ သွားစရာရှိတာ၊ ဗေဒါရဲ ခေါ်ဖို့ တမင် တစ်ခေါက်ပြန်လာပြီး ကျောင်းဆင်းချိန် စောင့်နေတာဗျ"

"ဟင့်အင်း … ကျုပ်က ဘယ်ယောကျ်ားတစ်ယောက် ဖိတ်ခေါ်မှုကိုမှ လက်မခံဖူးဘူး"

"ကျွန်တော့်ရဲ့ဖိတ်ခေါ်မှုကိုတော့ လက်ခံပါ ဗေဒါ အရေးကြီးတဲ့ စကားတစ်ခွန်း ပြောချင်လို့ပါ"





"ဘာလဲ … ထိပ်သီးနိုင်ငံကြီးတစ်ခုကို လှို့ဝှက်ဖြိုခွဲမယ့် အစီအစဉ်တွေ သိလာပြီဆိုတဲ့ စကားလား၊ နေပါစေ၊ ကျုပ် မသိချင်ဘူး"

အမှန်က သည်လိုအခြေမျိုးပြီ ဆိုကတည်းက တစ်နေ့တော့ မလွဲမသွေ ကြားရလိမ့်မည်ဟု မျှော်လင့်ထားပြီးဖြစ်တဲ့ စကားတစ်ခွန်းဖြစ်ကြောင်း ဗေဒါရီက ရိပ်မိပြီးခဲ့ပြီ။ သို့သော် ဗေဒါရီက ထိုစကား ကြားရမည်ကို မလိုလားခဲ့ချေ။ နောက်ပြီး ဖိုးတေဇအတွက် ဖြေစရာ အဖြေက စဉ်းစားစရာ မလိုတော့အောင် အဆင်သင့် ရှိနေခဲ့၍ပင်။

"ခဏလေးပါ ဗေဒါရီ၊ သိပ်မကြာစေရပါဘူး"

"ဒီမှာပြောလည်း ရပါတယ် ဖိုးတေဇရယ်၊ ကျုပ် တစ်ယောက်တည်း ဘယ်တော့မှ ယောကျ်ားလေးတစ်ယောက်နဲ့ဖြစ်ဖြစ် တွဲမသွားချင်ဘူး၊ ခိုင်နဲ့ သီရိ ပါရင်တော့ တစ်မျိုးပေါ့"

"မာနကလည်း တစ်စက်ကလေးမှ မလျှော့ပါလား"

သိပ်မှန်တာပေါ့။ ဘယ်တော့မှ သည်မာနတရားတွေ၊ သိက္ခာတွေ၊ ဣန္ဒြေတွေကို ဘယ်ယောကျ်ားတစ်ယောက်အတွက်နဲ့မှ အလျှော့မပေးခဲ့ဖူးဘူး။ ဒါပေမဲ့ ရဲတိုက်အတွက်ဆိုရင်တော့ လျှော့ပေးခဲ့လိမ့်မယ်ဆိုတာ အမှန်ပဲ။ အဲဒါ အမှန်ဆုံးပဲ။ ဗေဒါရီသည် ထိုသို့ နှုတ်ဖြင့်ချေပရဲသေးသော်လည်း စိတ်ထဲမှတစ်ဆင့် ပြန်ခံချေပရသည်ကို ခံမင်နေသားပင်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ပြောမယ့် စကားကို ဖေဒါရီ ကြိုတင်ရိပ်မိနေမှန်း ကျွန်တော် သိပါတယ်၊ ဒါပေမဲ့ ကျွန်တော်က ကျွန်တော်မြတ်နိုးရတဲ့ မိန်းကလေးတစ်ယောက်ကို လမ်းမပေါ်မှာ ရည်းစားစကား ပြောရမှာကို မလိုလားဘူး၊ အဲဒါကြောင့် တမင် အေးအေးဆေးဆေး စကားထိုင်ပြောလို့ ရမယ့်နေရာကို ကျွန်တော်နဲ့အတူတူ လိုက်ခဲ့ဖို့ ခွင့်တောင်းတာပါ"

ဘုရား ... ဘုရား ... ဖိုးတေဇကလည်း သူမကို တကယ်ပင် မြတ်နိုးသတဲ့။ ထိုစကားကို ဣန္ဒြေသိက္ခာရှိရှိနဲ့ ပြောချင်သတဲ့။ လမ်းမပေါ်မှာ ပြောရမယ့် ရည်းစားစကားမျိုး ပေါ့ပျက်ပျက် မဖြစ်စေချင်တဲ့။ လူပုံစံကြည့်ရင် အရာရာကို လေးလေးနက်နက် မရှိသလိုနဲ့လေ။ အခုတော့ ဘယ်လောက်တောင်များ သူ့ရဲ့"ချစ်တယ်"ဟူသော စကားတစ်ခွန်းကို တန်ဖိုးထားလိုက်သလိုဆိုတာ။ ရဲတိုက်ကတော့ ... အင်း ... ရဲတိုက်ကတော့ အဝေးကကြည့်နေရုံ။ ဖေဒါရီ နှစ်သက်သော အရာဝတ္ထုကလေးတွေကို တိတ်တိတ်ပုန်းရင်း ကျေနပ်ရုံအပြင် မပိုခဲ့။ ပြီးတော့ နှစ်ယောက်တည်း နားလည်နိုင်မည့် ဖေဒါရီ့ထံမှ တုံ့ပြန်အကြည့်ကလေးများအား လျစ်လျူရှုနိုင်ရက်ခဲ့။ ဒါမှမဟုတ် ရှောင့်ရဲနေတတ်ခဲ့။

"ကဲ ... အခုတော့ ဖေဒါရီက ကျွန်တော့်ရဲ့ခွင့်တောင်းမှုကိုလက်မခံနိုင်မှတော့ ကျွန်တော် မဖန်တီးချင်တဲ့ အဖြစ်အပျက်တစ်ခုကို ဖန်တီးရတော့မှာပါ၊ ဟား ... ဟား ...





တကယ့်တကယ်တော့ စိတ်ကူးယဉ်ထားတာတွေဟာ လက်တွေ့မှာ ဘာမှတကယ်ဖြစ်မလာတတ်ဘူးဆိုတာ ဒီအဖြစ်အပျက်နဲ့တင် သိလိုက်ပါပြီ။ ကျွန်တော် စိတ်ကူးယဉ်တာက ကျွန်တော် အင်မတန်မြတ်နိုးမိတဲ့ မိန်းကလေးကို ကျွန်တော်က တန်ဖိုးထားပြီး လေးလေးနက်နက် တိုင်တည်ဖွင့်ပြောချင်တာ၊ ဒါပေမဲ့ အခု ကျွန်တော် လက်ခံရင်ဆိုင်ရမှာက ကျွန်တော့်ရဲ့မြတ်နိုးမှုဟူသမျှကို ရသွားတဲ့ ဖေဒါရီဆိုတဲ့ မိန်းကလေးကို ဖြစ်ကတတ်ဆန်း ရည်းစားစကားပြောတဲ့ အဖြစ်အပျက်ကြီးပဲဗျာ၊ သိလား ဖေဒါရီ၊ ကျွန်တော် ဖေဒါရီ့ကို Valentine ဆိုတဲ့ ဆိုင်ကလေးမှာ စတွေ့ကတည်းက စွဲလမ်းမိသွားတာ၊ အခု ဖွင့်ပြောတဲ့အထိဆိုရင် ခြောက်လတိတိ ရှိနေခဲ့ပြီ၊ ကျွန်တော့်ဘဝမှာ အချစ်ဟူသမျှ၊ မြတ်နိုးမှုဟူသမျှနဲ့ စွဲလမ်းမှုဟူသမျှ ဖေဒါရီ့ကို အပိုင်ပေးထားခဲ့ပြီးပြီ၊ ကျွန်တော် ဖေဒါရီ့ကို လက်ထပ်ဖို့အထိတောင် ရည်ရွယ်ထားပြီးတာမို့ မာမာ့ကိုတောင် ဖေဒါရီအကြောင်း ပြောပြထားတယ်၊ မာမာရေ ... တစ်နေ့ကျရင် ကျွန်တော်က မာမာ့ချွေးမလောင်းကို လက်ဆွဲခေါ်လာတော့မှာ အဆင်သင့် ထမင်းပွဲနဲ့ စောင့်နေလို့"

ဖေဒါရီသည် ထိုစကားများအား ရင်ခုန်ခြင်းကင်းမဲ့စွာ ... ညည်တည်ငြိမ်ငြိမ် နားထောင်နေမိခဲ့သည်။ နောက်ဆုံးပိတ်



www.burmeseclassic.com

စကားတစ်ခွန်းကတော့ ဗေဒါရီ့ကို အတော်လေး အံ့သြစေခဲ့
သူတို့ညီအစ်ကိုဟာ တူပဲတူနိုင်လွန်းတယ်။ ရဲတိုက်ရဲ့စာထဲ
လည်း သူမအကြောင်းကို သူ့အမေအား အမြဲပြောပြတတ်ကြော
တွေ အမြဲပါဝင်နေတတ်သလို၊ ဖိုးတေဇကလည်း ယခု
မာမာ့ကို ပြောထားတယ် ဖြစ်လာပြန်သေးသည်။ ဘယ်ယောက်
လေးကမှ မိမိ တကယ်မမြတ်နိုးဘဲ အမေ့ကို ဖွင့်ပြောလိမ့်
မထင်။ အင်း ... အတွေးရခက်လေစွ။

သူတို့နှစ်ယောက်ဟာ ပြိုင်ဆိုင်နေကြတာပဲလား
ဒါမှမဟုတ် တကယ်ပဲ အကြောင်းတိုက်ဆိုင်စွာ သူမအား ပြို
စိတ်ဝင်စားကြတာပဲလားဟု သိချင်စမ်းပါဘိ။

"ဗေဒါရီ့ကို ချစ်တယ်၊ အဲဒါ ကျွန်တော့်ဘဝမှာ မိန်း
လေးတစ်ယောက်ကို ပထမဆုံးနဲ့ နောက်ဆုံး ဖွင့်ပြော
စကားပါ၊ ဗေဒါရီ ကျွန်တော့်အချစ်ကို အကြွင်းမဲ့ယုံကြ
ပါလို့ မတိုက်တွန်းပေမယ့် ယုံပါလို့တော့ ပြောပါရစေ

အို ... ကြားချင်တဲ့ သည်လိုစကားမျိုးကို ချစ်
ဆီကသာ ကြားလိုပါလျက် ဘယ်ဝင့်ကြွေးကြောင့်များ သည်
တစ်ခွန်းကို ကြားရဖို့ နှောင့်နှေးခဲ့ရပါလိမ့်။ အပြစ်မယူရက်
ကွယ်၊ ရှင့်ကို ကျုပ်က အပြစ်ဟူ၍ မြူမှုန်ကလေးတစ်မှုန်မျှ
တောင် မတင်ရက်တဲ့ ချစ်တဲ့သူကို အချစ်ကြီးတဲ့ မိန်းမတစ်ယေ
ပါ။ ဖိုးတေဇဟာ "ချစ်တယ်"ဆိုတဲ့ စကားတစ်ခွန်းကို ဗေဒါ





ထမဆုံးနဲ့ နောက်ဆုံးပြောဖြစ်မယ့် မိန်းကလေးပါတဲ့။ သည်လို
ပဲကွယ် ဗေဒါရီ့ဆီက ချစ်တယ်ဆိုတဲ့ အဖြေစကားတစ်ခုက
ည်း ရဲတိုက်ဆိုတဲ့ ချစ်သူတစ်ယောက်အတွက်သာ ပေးအပ်ဖို့
ည်ရွယ်ထားခဲ့ပြီးခဲ့ပြီ။ ရဲတိုက်ဖွင့်ပြောလာမယ့် တစ်နေ့ကို သည်
အဖြေနဲ့အတူ မိန်းမတန်မယ့် မျှော်လင့်တကြီးဖြင့် တိတ်တခိုးစောင့်
နေခဲ့ပြီ။

"ဘယ်တော့လောက် အဖြေပေးမလဲ ဗေဒါရီ"

"ဟင့်အင်း ... ရှင် ကျုပ်အဖြေကို မမျှော်လင့်ရင် ကောင်း
မယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်ရဲ့အဖြေဟာ တစ်ယောက်
သောသူအတွက် သတ်မှတ်ထားပြီးသားမို့ပါ။ သူ့ကိုပဲ ဒီ
အဖြေပေးမှာ ဟုတ်တယ်၊ ကျုပ် ဆုံးဖြတ်ပြီးသား"

"ဘာလဲ ... ဗေဒါရီရဲ့'သူ'က ကျွန်တော့်ထက်အရင် ဖွင့်
ပြောပြီး အဖြေတောင်းထားပြီးသားမို့လား၊ ကျွန်တော်
နောက်ကျသွားတာလား ဗေဒါရီ"

ဗေဒါရီသည် သည်မေးခွန်းကိုတော့ မဖြေရဲတော့
သိနိုင်တာမှတ်လို့။ သူတို့ညီအစ်ကိုချင်း ဘာတွေအသိပေး
သလဲမှ မသိတာဟု မိမိဘာသာ သတိပေးဆုံးဖြတ်လျက်
ဆိတ်နေခဲ့သည်။ ဖိုးတေဇသည်လည်း တစ်စုံတစ်ခုအား
မှောင်ကြတ်တွေးကာ ငြိမ်သက်နေရင်းမှ ခေါင်းတညိတ်ညိတ်
ညိတ်၏။ အို ... သူ ဘာတွေများ သဘောပေါက်သွားတာပါ

www.burmeseclassic.com



လိမ့်။ ဘုရား ... ဘုရား ... ရဲတိုက်လို့များ ရိပ်မိသွားပြီလား ဒါဆိုရင် မင်း သွားဖွင့်ပြောထားသလားဟု သွားမေးလျှင် ဟ... အင်း ... ရှင် ... ကျုပ်ကို အထင်မသေးလိုက်ပါနဲ့ ရဲတိုက်ရ... ဟူ၍ တိုင်တည်မိပြန်သည်။

ဖိုးတေဇအား စကားဖြတ်ကာ အိမ်မြန်မြန်ပြန်လာ... ခဲ့ချိန်အထိ ဖိုးတေဇသည် အဲသည်လူ ဘယ်သူလဲဟု တစ်ခွန်း... မေးတာတော့ အံ့ဩစရာကြီးပင်။ ပြီးတော့ သည်အကြောင်းအ... အား ဆက်ပြီး အတင်းမမေးတာလည်း အံ့ဩဖို့ကောင်းသားပဲ

ယခုအခါမှာတော့ ဗေဒါရီသည် သူမ၏စိတ်... အတွင်းမှ အကြောင်းအရာ ဟူသမျှအား မေမေ့ကို တချို့တစ်... သာ တိုင်ပင်တတ်နေပြီမို့ သည်နေ့၏ အကြောင်းအရာကလေး... လည်း မေမေ့အား ဖြတ်တောက်ပြင်ဆင်ပြီးမှ ပြောပြမှာ အမှန်... တည်း။

✣ ❤ ✣





သီရိထံမှ ထိုသတင်းအကြားတွင် ဗေဒါရီသည် ...ကို၏နံဘေးကို ချက်ချင်း ပြေးသွားချင်စိတ်ပင် ဖြစ်မိမတတ်။

“ခိုင် မနေ့ကညကပဲ ဖုန်းဆက်တယ်၊ ညဆယ့်နှစ်နာရီလောက်ကြီးလေ ဗေဒါရီ့ကိုလည်း ချက်ချင်းပြောပြချင်ပါတယ်၊ ဒါပေမဲ့ ညဘက်ကြီး အချိန်မတော် ဖုန်းဆက်ရင် ဗေဒါရီ ကြိုက်လား မကြိုက်လား မသိဘူး၊ နောက်ပြီး ဗေဒါရီ့မေမေက ဗေဒါရီ့ကို စစ်ဆေးနေမှာလည်း စိုးရိမ်မိသေးတယ်၊ အဲဒါကြောင့် အခုမှပဲ ပြောဖြစ်တော့တာ”

“ပြောရောပေါ့ သီရိရယ်၊ မေမေက စစ်ဆေးတာကို ဘယ်တော့မှ မလုပ်ပါဘူး၊ ဒါပေမဲ့ ကျုပ်က မေမေ့ကို အမြဲပြောရမနေနိုင် ပြောပြနေတဲ့အကျင့်ကပါပြီး ပြောပြတာပါ၊ ကဲ ... အခုတော့ ကျုပ်ကို ဘယ်လိုလုပ်ရမလဲ ဆိုတာ အကြံပေးပါဦး၊ ကျုပ် သူ့ကို အရမ်းသနားတယ်၊ အရမ်းသွားတွေ့ချင်တယ်၊ သူနဲ့ တစ်ခါမှ စကားလက်ဆုံ မကျ



www.burmeseclassic.com

www.burmeseclassic.com



မူး၊ စကားလည်း တိုက်ရိုက်မပြောဖူးပေမယ့် သူ့ဘေး ထိုင်ပြီး သူ့ကို အားပေးနှစ်သိမ့်စကားတွေ ပြောချင်တ ကောင်းပါ့မလား မသိဘူးနော်၊ ကျုပ်ဘက်က သိက္ခာ နိုင်တယ်ဆိုတာ သိပေမယ့် သူ့နားမှာ ဖေးမချင်တဲ့ ကတော့ တကယ့်ကို စိတ်အားထက်သန်နေမိတယ်”

“မသင့်တော်ပါဘူး ဗေဒါရီရယ်၊ ဖိုးတေဇသာ ရဲတိုက် ရာမှာ ဆိုရင်တော့ ဗေဒါရီ သွားတွေ့တာ အကြော ဟုတ်ဘူးပေါ့၊ ဒါပေမဲ့ အခုဟာက ဖိုးတေဇရဲ့အ မဟုတ်တာ ရဲတိုက်ရဲ့အမေ၊ ရဲတိုက်က မာနကြီးကြ ဖိုးတေဇလို ခင်ခင်မင်မင် စကားပြောဖူးရင်တော့ တ ပေါ့၊ အခုတော့ ကိုယ်က တစ်ဖက်သတ် ဖြစ်နေမှန်း သိသာသွားရင် ရဲတိုက် ပိုပြီး ဘဝင်တွေ လေဟပ် မယ်”

ခိုင်မာလာက ရဲတိုက်၏ အေးတိအေးစက် အမူ များကို အချိန်ကြာလာသည်နှင့်အမျှ ကြည့်လို့မရချင် ဖြစ်လ လည်းတစ်ကြောင်း၊ ဗေဒါရီ ဖွင့်ဟသမျှ ခံစားချက် ကြားထား၍ ရဲတိုက်၏ အချိန်ဆွဲမှုအား ဗေဒါရီဘက်မှ မခံ နိုင် ဖြစ်လာခြင်းလည်း တစ်ကြောင်းတို့ကြောင့် သည် အကြီးအကျယ် ကန့်ကွက်ချင်နေသည်။ ဟင့်အင်း … တားမ ဘူး ခိုင်ရယ်။ အခုချက်ချင်း သူ့အိမ်ကိုသွားဖို့တောင် စေ





နေပြီ။ ဘာပဲဖြစ်ဖြစ် သူ အင်မတန် တွယ်တာတဲ့ အမေတစ် က်လုံး ဆုံးပါးသွားမှတော့ သူ တော်တော့်ကို စိတ်ထိခိုက် မှာ။ အဖော်မဲ့သွားမှာ။ သူ့ရင်ထဲမှာ ဟင်းလင်းပွင့်ထွက်တော့ တ် နာကျင်နေတော့မှာ။ ဗေဒါရီက ကိုယ်ချင်းစာပါသည်။ ဒါရီရယ်၊ သူရယ်၊ ဖိုးတေဇရယ် သုံးယောက်ဟာ တိုက်တိုက် ဆိုင် အမေကို တွယ်တာကြသူတွေချည်းမို့၊ အမေနဲ့အဖော်ပြု များပုံချင်း တူကြသူတွေချည်းမို့ ဗေဒါရီက မျှဝေခံစားပေး ပါသည်။

ဖိုးတေဇရဲ့အမေ ဆုံးတယ်ဆိုလည်း ဗေဒါရီသနား တ်မှာပါပဲ။ အခုတော့ ဗေဒါရီ ချစ်ရသော ရဲတိုက်ရဲ့အမေ တော့ ဟင်း … ပြောစရာလိုသေးလား။ သူများတွေကို သနား က်တောင် အဆများစွာ ပိုသာနေခဲ့ပြီကွယ်။

“ဗေဒါရီ … အသုဘချတဲ့နေ့မှ သွားလိုက်ပါဟာ၊ လူတွေ ရှုပ်ထွေးနေချိန်သွားရင် သူ သတိထားမိလိုက်မှာ မဟုတ် တော့ ရှင်လည်း သိက္ခာကျစရာ အကြောင်းမရှိဘူး၊ ဒီနေ့ တော့ လူရှုပ်နေလိမ့်မယ်၊ မနေ့က ညကမှ ဆုံးတယ်လို့ ခိုင့်မေမေဆီ ဖုန်းလာတာ၊ အခုလောက်ဆို သူ့အမေဘက် ကအမျိုးတွေနဲ့ဟ၊ ဗေဒါရီ့ကို ဝိုင်းလေ့လာကြမှာ၊ ဗေဒါရီ့ ကြောက်ဘူးလား၊ ပြီးတော့ ရဲတိုက်က ဘယ်လိုထင်သွား မလဲ”



www.burmeseclassic.com

www.burmeseclassic.com



"အို ... ဘာပဲထင်ထင်၊ ကျုပ်က ကိုယ်လုပ်ချင်တာလု
လိုက်ရမှုကို ကျေနပ်တာ၊ စိတ်ထဲမှာ ချုပ်တီးထားရတ
အင်မတန် မုန်းတယ်"

သိလား ရဲတိုက်။ ရှင့်ကိုချစ်တာ ရှင်က ကျုပ်
ကြည့်တဲ့ အကြည့်ကလေးမှာ ချစ်မြတ်နိုးခြင်းပွါတာတွေနဲ့ ယုံကြ
ပြီး သည့်လိုတော့ အထင်မသေးနိုင်ကောင်းရဲ့ဟု တစ်ဖက်သ
အတွေးဖြင့် ခိုင်မာလာနှင့် သီရိ စကားကို နားမဝင်တော့တ
စဉ်းစားပါဦး ဗေဒါရီလို့ ပြောရင် ဟင့်အင်း ... စဉ်းစားစရ
မလိုတော့တာ။ နောက်နေ့မှသွားပါဆိုရင် မရဘူး။ အခုပဲ သွ
ချင်တာ။ ရှင်တို့ လိုက်ခဲ့ပေးတွေနှင့် တဂျီဂျီ ခွတ်တရွတ် ပူ
လျက် အိမ်သိသော ခိုင်မာလာ့ကို မရမကလိုက်ပို့ပေးဖို့ တော
ဆိုရလေသည်။ ဘယ်လောက်အဖြစ်သည်းတဲ့ ဗေဒါရီလည်းနေ

နောက်ဆုံးတော့ ခိုင်မာလာနဲ့ သီရိသည် ဗေဒါ
အလိုကို လိုက်လျောကာ အဖော်လိုက်ပေးကြဖို့ လက်ခံလိုက
တော့၏။ လက်မခံဘဲနေလို့ မရချေ။ အတန်းသွားတက်ရအော
ဟု ခေါ်တာကိုလည်း လိုက်မတက်။ ခိုင်တို့ သီရိတို့ လိုက်
ရင် ကိုယ့်ဘာသာ တစ်ယောက်တည်း မရရအောင် သွားမ
ဖိုးစိန်လမ်းမှာ နေတယ်ဆိုတာကလေး သိရုံနဲ့ တွေ့သမျှ အိမ်ပေါ
ဈေ့ဝင်မေးပြီး ရောက်အောင်သွားမယ်တွေနှင့် ငြိမ်းခြောက်။ ဗေဒါ
ကို အင်မတန် အန္တအတာခံသော သူမ၏သူငယ်ချင်းမလေး





ယောက်တို့ အဲသည်ကိစ္စကြောင့် ဗေဒါရီ ပိုပြီးသိက္ခာကျ ...ားနိုင်
သည်ကို သိမြင်ကြလျက် နောက်ဆုံးတော့ လိုက်ပို့ပေးသည်အထိ
ဖြစ်လာကြတာပဲ။

လမ်းမှာ တစ်လမ်းလုံး မသွားတော့ဖို့ မဲဆွယ်နေ
သော ခိုင်နဲ့ သီရိစကားကို နားမထောင်ဘဲ ရဲတိုက်၏အိမ်အထိ
အတင်းလမ်းပြခိုင်း၊ ကားကို မောင်းခဲ့ပြီး ခြံရှေ့ကားရပ်ရပ်ခြင်း
မှာ မှားပြီလားဟု တွေဝေထိတ်လန့်စေတော့သည်။ ဘုရား ...
ဘုရား ... များပြားလိုက်တဲ့ကားတွေ၊ လူတွေ။ ပြီးတော့ အင်မတန်
ကြီးမားကျယ်ဝန်းတဲ့ ခြံကျယ်ကြီးထဲက တောင့်တင်းခံ့ညားတဲ့တိုက်
အိမ်ကြီးရဲ့ သင်တန်းကျောင်းကရတဲ့ ငွေကြေးကလေးရယ်၊ မေမေ့
ဘတွေ အမွေပေးခဲ့တဲ့ ခပ်လတ်လတ် တစ်ထပ်ခွဲတိုက်ပုကလေး
ရယ်၊ ဗေဒါရီ အသွားအလာ မခက်ခဲဖို့ မေမေ စုဆောင်းထားသမျှ
ငွေကြေးကလေးနဲ့ မဖြစ်မနေ ဝယ်ပေးထားတဲ့ ကားကလေးတစ်
စီးရယ်သာ ပိုင်ဆိုင်သော ဗေဒါရီတို့ရဲ့ဘဝနဲ့ သူ့ဘဝက အဆ
များစွာ ကွာခြားပါဘိ။

"ဝင်မယ်လေ ဗေဒါရီ၊ အထဲမှာ ပါကင်တော့ ရမှာပေါ့"

"ဖြစ်ပါ့မလား မသိဘူး သီရိရယ်၊ လူတွေက အများကြီး
နော်၊ ပြီးတော့ ဖိုးတေဇ တွေ့သွားရင် ကျုပ်ကိုကဲ့ရဲ့နေဦး
မယ် ထင်တယ်၊ ရဲတိုက်ကို ငမ်းငမ်းတက် လိုချင်လို့ဆို
ပြီး အထင်သေးမှာပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဖိုးတေဇက ထင်မှာမဟုတ်ဘူး၊ ရဲတိုက်က ထင်မှာပေါ့ ရဲတိုက်က ထင်မှာ၊ သူက သူ့မိဘရဲ့ ကြွယ်ဝချမ်းသာမှုနဲ့ သူ့ရဲ့ဂုဏ်သတင်း ကျော်ကြားမှုကို အင်မတန် မာနထားတတ်တာ၊ ဗေဒါရီ မသိလို့၊ ခိုင်နဲ့ တစ်ခါတလေ ဖုန်းပြောရင် ဆုံဖူးတယ်ဟေ့၊ မသကာတဲ့မျက်လုံးနဲ့ မကြည့်နဲ့ဦး၊ ခိုင့်မေမေ ပြောခိုင်းထားတဲ့ စိန်ဈေးနှုန်းတွေ သူ့မာမီကိုပြောဖို့ ခေါ်တဲ့အခါမျိုးမှာ တစ်ခါတစ်ရံမှ ဆုံတာပါ၊ ဖုန်းကလေး မတော်တဆ ပြောခွင့်ဆုံရတာကိုပဲ ရဲတိုက်က သူ့ကို ဇာတ်လမ်းရှာမှာစိုးတဲ့ပုံစံနဲ့ ချက်ချင်း စကားကို လိုရင်းပြောပြီး သူ့မာမာကို လှမ်းခေါ်တတ်တယ်၊ တကယ်ဆို သူနဲ့ ခိုင်တို့က ဗေဒါရီ့ဆီ သူ သာလာနေတာမြင်ပြီး မျက်မှန်းတန်းဖူးသားတွေမှန်း သူ သိလျက်သားနဲ့ နည်းနည်းပါးပါး ဖော်ရွေဖို့တော့ ကောင်းတာပေါ့"

ဗေဒါရီသည် ယခုတော့ ထွက်ပြေးလွင့်ပျောက်သွားပြီဖြစ်သော သူမ၏ ... ဘွိမျာကို မတမ်းတမိတော့ချေ။ ပြောနိုင်တာမှတ်လို့။ ငါကလည်း သူ့ရဲ့ကြွယ်ဝမှုနဲ့ ကျော်ကြားမှုကို မက်ပြီး သူ ဘာမှဇာတ်လမ်းမစရသေး ဘာတောင် တမ်းတမ်းစွဲလိုက်လာတယ်လို့ ထင်ချင်ထင်မှာ။ ဗေဒါရီက သူမ၏ချစ်ခြင်းကို ထိုသို့သော ဂုဏ်ပုဒ်များဖြင့် မသိမ်ငယ်စေလို၊ မနှိုင်းယှဉ်စေလို၊ မရှုံးနိမ့်စေလိုသူဖြစ်သည်။ ထို့ကြောင့် ခေါင်းထိုးတော့မတတ်





ဖြစ်ပြီးသားကားကို နောက်ဆုတ်ပြန်လှည့်လျက် ခြံ... မှ မြန်မြန်ထွက်သွားဖို့ မဆိုင်းမတွ ဆုံးဖြတ်မိပါသည်။

"ဗေဒါရီ ... ဖြည်းဖြည်းလုပ်ပါဟဲ့၊ သီရိတို့လာတာ ဘယ်သူမှ မသိလိုက်ပါဘူး ဗေဒါရီ၊ ရဲတိုက်ကို တွေ့ချင်ရင်တော့ မနက်ဖြန်ကျမှ လူအုပ်ထဲကရောပြီး ကြည့်ပေါ့၊ သူကတော့ တော်တော်လေး ခံစားနေရမယ် ထင်တယ်နော်"

သီရိက ဗေဒါရီ့ကို နှစ်သိမ့်သည်။ ဟင့်အင်း ... နေပါစေတော့။ သူက သူ့ရဲ့ဂုဏ်ဓနဆိုတဲ့ ပေတံနဲ့ တိုင်းထွာလိုက်မှာ စိုးရိမ်လွန်းလို့ပါ။ သူ့ရဲ့အတိအလင်း ချစ်သူဘဝကို ဘယ်တော့မှ မရရင် မရပါစေနဲ့တော့။ နောက်တစ်ခါ သူလာရင် သူနဲ့မျက်လုံးချင်းဆုံအောင် မကြည့်တော့ပါဘူး။ သူ့ကိုသေလောက်အောင် ချစ်မိရင်လည်း ချစ်မိပါစေ ဘယ်တော့မှ ရေလာမြောင်းပေးတဲ့ အမူအရာတွေ မပြတော့ဘူး။ အဲဒါ ဘာဖြစ်လို့လဲဆိုတော့ သူ့ရဲ့အဆများစွာ ချမ်းသာကြွယ်ဝမှုကို သိမြင်လိုက်ရလို့ပဲ။ ဗေဒါရီက သူ့ရဲ့ဂုဏ်ဓနတွေကို မက်မောလို့ သူ့ကို တွယ်တာယ် အထင်မခံချင်ခဲ့ဘူးလေကွယ်။

ဗေဒါရီသည် ဘာကိုဝမ်းနည်းသွားမှန်းမသိ ဝမ်းနည်းမိကာ ကားခေါင်းကို လမ်းမဘက် ပြန်ဦးတည်စဉ် မျက်နှာချင်းဆိုင်မှ ကားတစ်စီးက ရဲတိုက်တို့ရှိရာ ခြံထဲသို့ဝင်ဖို့ ဦးတည်လာသာ တွေ့လိုက်၏။ ဩော် ... သတင်းလာမေးတဲ့သူပဲ ထင်ပါရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဟု၍ တွေးမိလျက် မျက်နှာချင်းဆိုင်မိမလို ဖြစ်သွားသည့် သူမ၏ ကားအား နံဘေးဆွဲချပြီး အရှိန်လျှော့ မောင်းပေးလိုက်သည်။

သို့သော် မျက်နှာချင်းဆိုင်မိမတတ် ဖြစ်သွားသော ကားကလေး၏ ကားမှန်နက်တွေ ခပ်ဖြည်းဖြည်း လျှောကျလာလျက်။ ထို့နောက် ...

"ဗေဒါရီ"

ဟုသော လှိုက်လှဲသည့် ခေါ်သံတစ်ခုဖြင့် ကားအတွင်းမှ ခေါင်းပြူ၍ ခေါ်လိုက်သူမှာ အို ... လောကကြီးက ဗေဒါရီ့ကို မညှာတာစွာ သူ မသိစေချင်တာကို သိစေလိုက်ပြီပေါ့ဟု နာကြည်းစွာ တွေးမိတော့သည်။

"မောင်းထွက်သွားလေ ဗေဒါရီ၊ သူ မြင်လည်း မသိချင်ယောင်ဆောင်ပြီး မောင်းထွက်သွားလိုက်"

သီရိက ခပ်တိုးတိုး သတိပေးသံ မဆုံးခင်တွင် ရဲတိုက်သည့် ကားတံခါးအားဖွင့်၍ ဆင်းလာပြီး သူမ၏ကားရှေ့တည့်တည့်ကို လျှောက်လာနှင့်ပြီး ဖြစ်နေခဲ့လေပြီ။

ခေါင်းခပ်ငုံ့ငုံ့နှင့် သူ့အသွင်။ ရုပ်အင်္ကျီ ကြယ်သီးတို့အစုံအစေ့ မတပ်ထား၍ သူ့ရဲ့ရင်ဘတ်၏ ညိုသောအသားအရေ၊ ထို့နောက် ခပ်နွမ်းနွမ်း ဂျင်းပင်န်ဖျော့ဖျော့များ၊ နဖူးပေါ်ဝဲကျနေသော ဆံနွယ်ဖျော့ဖျော့များ၊ အရာရာကို ယုံကြည်သော၊ မိမိကိုယ်ကို ယုံကြည်စိတ်ချသော ခြေလှမ်းတွေ။ ဗေဒါရီသည် မျက်





ဆောင်မခတ်စတမ်း ငေးကြည့်နေမိသည်။ မတွေ့ရတဲ့ ဆယ်ရက်အတွင်းမှာ သူ ပိန်သွားလိုက်တာ။ သူ သိပ်ဝမ်းနည်း ထိခိုက်နေမှာပဲ။ သူ့မာမာကို သိပ်လွမ်းနေမှာပဲ။ ထိုမြင်ကွင်းနဲ့တင် ဗေဒါရီသည် ခုနက ဆုံးဖြတ်ထားပြီးသမျှအား အလိုလို မေ့လျော့သွားတော့သည်။

✤ ❤ ✤



www.burmeseclassic.com

www.burmeseclassic.com



ဇေဒါရီသည် မီးသဂြိုဟ်စက်နားတွင် ခြေစုံရပ်လျက် ခေါင်းတိုင်မှ ထွက်ပေါ်လာသည့် မီးခိုးငွေ့တွေကို မော့ကြည့် မျက်ရည်တွေတွေကျနေသည့် သူမ၏ချစ်သူကလေး နံဘေး၌ ငြိမ်ငြိမ်သက်သက် ရပ်နေခဲ့သည်။ ကြည့်စမ်း ... မိခင်ကို ဘယ် လောက်ချစ်တတ်လိုက်တဲ့ သားကလေးလဲ ဆိုတာ။ မာမာ ... မာမာဟု တတွတ်တွတ် ရေရွတ်ကာ မီးခိုးငွေ့တွေ မော့ကြည့်ဟန် က တကယ့်ကို ပကတိ ဖြူစင်အေးချမ်းလှပါတော့ယ်။

သူ့မှာ မာနတွေမရှိ၊ ဒေါသတွေမရှိ၊ အာဃာတတွေ မရှိ၊ မောက်မာထောင်လွှားခြင်းတွေမရှိ။ တကယ်ပဲ ... တကယ် ပဲ။ မြတ်နိုးချင်စရာ ရိုးသားမှု အသွင်အပြင် အပြည့်ရှိနေခဲ့ တယ်။

"မာမာက ကိုယ့်ကို ဘွဲ့မရခင်အထိ စိတ်မချနိုင်ဘူးတဲ့ တဖွဖွ ပြောတတ်တာ။ ပါပါ့ကို ယုံရတာမဟုတ်ဘူးတဲ့ နှာနှာကြည်းကြည်း ပြောတတ်တယ် ဇေဒါရီ၊ အခု





မာမာက ကိုယ့်အတွက် နောက်ဆံမျှားတင်းနေမလားလို့ ပူပင်မိတယ်၊ ဘာပဲဖြစ်ဖြစ် မာမာ သွားမယ့် ခရီးတစ်ခုကို စိတ်ဖြောင့်ဖြောင့် သွားစေချင်တယ်"

သူ့ထံမှ ရေရွတ်သံလား၊ တိုင်ပင်ဖွင့်ဟသံလား၊ ဇေဒါရီ မဝေခွဲတတ်ချေ။ ထို့ကြောင့် သူ့နံဘေး၌ ခပ်ငြိမ်ငြိမ်ဆက် ရပ်လျက် သူနှင့်အတူ မီးခိုးငွေ့တွေအား မျက်စိတစ်ဆုံး လိုက် ကြည့်မိ၏။

"သွားတော့မလား ဇေဒါရီ"

"ဟင့်အင်း ... ရပါတယ် ရဲတိုက်ရယ်၊ ရှင် စိတ်ကြိုက်နေ ပါ၊ ကျုပ်ကို အားနာမနေနဲ့"

"ဇေဒါရီ ... ကိုယ်နားက မသွားနဲ့ဦးနော်၊ ဇေဒါရီ ... ကိုယ့်နံဘေးမှာရှိရင် ကိုယ့်အတွက် ခံစားထားရသမျှတွေ လျော့ပါးသွားခဲ့သလိုပဲ"

"အင်းပါ"

ရဲတိုက်သည် သူမ၏လက်ဖဝါးအား ဆွဲယူဖျစ်ညှစ် ထားလိုက်၏။ ထို့နောက် ခပ်တိုးတိုး ရှိုက်သည်။ ယောကျ်ားတစ် ယောက် ငိုတာဟာ သူလည်း လူသားတစ်ယောက်မို့ ငိုတာပဲ ခဆန်းပါဘူး။ သို့သော် ထိုသို့ငိုနေသည့် လူသားကလေးကတော့ ဇေဒါရီရဲ့ရဲတိုက် ဖြစ်နေ၍ ဇေဒါရီသည် လွန်တယ်ပဲ ဝေဖန်ပါ စေ။ သူမ၏ရင်ထဲမှာ မခံမရပ်နိုင်အောင် ထိခိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ပြောခြင်းလည်းမရှိ၊ အဖြေပေးခြင်းလည်း မရှိ
ဘဲ အလိုလို နားလည်ခဲ့ကြသော ရဲတိုက်နဲ့ ဗေဒါရီတို့ရဲ့ချစ်သူ
ဘဝကလေးတစ်ခု။ သူ့အိမ်လာတဲ့နေ့မှာ သူနဲ့မတွေ့ချင်တော့လို့
ပြန်အလှည့် ပက်ပင်းတိုး။ ပြီးတော့ သူဟာ သူမရဲ့ကားတံခါးအာ
သူ့ဘာသာဖွင့်၍ သူမအား လက်ကမ်းပေးလိုက်စဉ်မှာ ဗေဒါရီသည်
မာနတွေ၊ သိက္ခာတွေ၊ ဣန္ဒြေတွေ မေ့လျော့သွားခဲ့သည်။

အလိုက်သင့် ကျေကျေနပ်နပ် လက်တွဲခဲ့လိုက်သော
သူမအတွက် ရဲတိုက်အား အပိုင်တွက်ရက်လေခြင်းဟု အပြစ်မတင်
မိမိကိုယ်ကို တန်ဖိုးကျတယ်ဟုလည်း နောင်တမရ။

ကဲ ... ဘယ်လောက်တောင် အဆန်းတကာ့အဆန်း
ဆုံး ချစ်သူဖြစ်နည်းလဲဆိုတာ။

"ကဲ ... သွားတော့မယ်၊ မာမာ့ရဲ့မီးခိုးကလေးတွေ ကုန်
သွားပြီ၊ မာမာလည်း ကောင်းကင်ဘုံပေါ် ရောက်သွားပြီ
ထင်ပါရဲ့"

"ရဲတိုက် ... ရှင်မမောင်းနဲ့၊ ကျုပ် မောင်းမယ်နော်၊ အေ
အေးကလေး ဘေးကထိုင်လိုက်လာခဲ့၊ ပြီးတော့ ကျုပ်
မာမာ့ကို ရှင်ချစ်ရတဲ့အကြောင်း မာမာက ရှင့်ကိုချစ်
အကြောင်းတွေ ပြောပြပေါ့နော်"

"ရတယ်၊ ကိုယ်မောင်းမယ်၊ ဗေဒါရီက ကိုယ့်ကြော
အရှမ်းပင်ပန်းထားရတာပဲ"





"ဟင့်အင်း ... မပင်ပန်းပါဘူး"

"တယ် ... ပြောမရပါလား၊ ခေါင်းခေါက်ခံရတော့မယ်၊
ကောင်မလေး ... ကိုယ် မောင်းပါမယ်ဆိုမှ ငြိမ်ငြိမ်ထိုင်
စမ်းပါ"

ဗေဒါရီသည် ရဲတိုက်အား အလျှော့ပေးလိုက်ပါသည်။
တိုက်၏ မိခင်ဘက်မှ ဆွေမျိုးတစ်စု၊ ဖခင်ဘက်မှ ဆွေမျိုးတစ်စု၊
တိုက်၏ အပေါင်းအသင်းများ ... ပြီးတော့ ဖိုးတေဇ။ အို ...
အားလုံးရဲ့မျက်ဝန်းအကြည့်တွေအောက်မှာ ဗေဒါရီဟာ ဘယ်ခွန်
အားတွေနဲ့များ ပြည့်ဝနေခဲ့လို့ပါလိမ့်။ ကြံ့ကြံ့ခံရင်ဆိုင်ရဲနေလိုက်

"ကျေးဇူးပဲ အချစ်ရယ်"

ရဲတိုက်သည် ကားစက်မနှိုးခင်တွင် ဗေဒါရီ့ဆံပင်
တွေကို နားရွက်နောက်ထဲ ထိုးထည့်ပေးရင်း ပြောတော့ ...

"ဟင် ... ဘာကိုလဲ၊ ကျုပ်နားမလည်ဘူး ရဲတိုက်ရဲ့"

"ကိုယ့်နံဘေးမှာ ရှိနေပေးတဲ့အတွက်ပေါ့၊ ပြီးတော့ အစစ
အရာရာ ကိုယ့်ကို နားလည်မှုတွေနဲ့ ချစ်ခဲ့လို့ပေါ့၊ မာမာ့
အတွက် သောကရောက်နေရချိန်မှာ ဗေဒါရီက ကိုယ့်အနား
ကို ရောက်လာခဲ့ပြီး ကိုယ့်ရဲ့ဘဝထဲကို ကျေကျေနပ်နပ်
ဝင်လာပေးရဲတဲ့အတွက် အားလုံးအတွက်ပါပဲ အချစ်ရယ်၊
ဗေဒါရီက ကိုယ်မျှော်လင့်ထားတာထက် ကိုယ့်ရဲ့အချစ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ကို နားလည်ခဲ့သားပဲ၊ အဲဒီအတွက် ကိုယ် အရမ်းကြည်
တယ်"

ထိုအခါ ဗေဒါရီက ရှက်ကိုးရှက်ကန်း ရယ်မိ
ရဲတိုက်ထံမှ နားလည်မှုကလေးကို မထင်မှတ်ထားပါဘဲ ပိုင်
ခွင့်ရလိုက်၍ ဗေဒါရီသည် သူမ၏ချစ်သူထံမှ မျှော်လင့်တောင့်
မှုသော "ချစ်တယ်"ဟူသည့် ရင်တွင်းစကားကို မေ့လျော့သွာ
သည်။ သူမထံမှ တုံ့ပြန်လိုက်သော စကားတစ်ခွန်းကိုလည်း
လျော့သွားတော့သည်။

ရဲတိုက်၏မိခင် ဆုံးပါးသွားရာမှ အစပြု၍ ဖွ
ပြောဘဲနှင့် ချစ်သူဘဝ ရောက်ခဲ့ကြခြင်းကတော့ ခိုင်မာလာ
သီရိပင် တပြောပြောဖြစ်ကာ အံ့သြမဆုံးချေ။ ပြီးတော့ ဗေဒါ
ကိုလည်း အပြစ်တင်မဆုံးချေ။

"ခိုင်တို့က ရဲတိုက်ကို တွေ့ရုံပဲ ထင်ခဲ့တာ၊ အခု
တစ်ခါတည်း အပိုင်ချည်နှောင်တာကို လက်ခံလိုက်ရတ
လို့ ဗေဒါရီရယ်၊ သူတို့ညီအစ်ကို ဘာတွေကြံစည်ထား
မစုံစမ်းတော့ဘူးလားဟယ်၊ ရှင့်အတွက် ရင်လေးလိုက်တ
"ရဲတိုက်က အလာကြီးပဲ၊ အပိုင်တွက်ပြီး ကားတံခါး
ဆွဲဖွင့်ပြီး လက်ကမ်းလိုက်တာကိုက ဗေဒါရီ သူ့ကို အသ
အသန်ဖြစ်နေမှန်း သိနေလို့ပေါ့၊ လုံးဝမခံချင်စရာပဲ"

သီရိ့ကလည်း ထိုသို့ ဝေဖန်၏။





ဟင့်အင်း ... သူတို့ ဘာမှမသိပါဘူး။ သူတို့ထင်
တာ၊ တွေးတာ၊ ယူဆတာတွေ တစ်ခုမှ မမှန်ဘူးကွယ့်။ ရဲတိုက်
တကယ်ချစ်လို့ ဗေဒါရီ့ကို သူ့ခံစားချက်တွေ၊ ပူဆွေးသောက
တွေကို ဖွင့်ဟခဲ့တယ်။ တော်ရုံဆိုရင် ကိုယ်မချစ်တဲ့ မိန်းမတစ်
ယောက်ရဲ့ နှစ်သိမ့်မှုမှာ ဘယ်သူက ဖြေသိမ့်နိုင်မှာလဲ။ သူတို့မသိ
အောင် ပြောရရင် ရဲတိုက်ဟာ ကလေးငယ်လေးတစ်ယောက်လို
ဗေဒါရီ့ရင်ခွင်ထက်မှာ သူမ၏ပခုံးပေါ် မျက်နှာအပ်ရင်း ရှိုက်ကြီး
တငင် ငိုခဲ့သေးတာပဲ။ ဗေဒါရီက သူ့ဆံပင်တွေကို ပွတ်သပ်ချော
သူ့ကို တရားနဲ့ဖြေဖို့ တတွတ်တွတ် ဖြေသိမ့်၊ သူ့ကျောပြင်
လေးကို ခပ်ဖွဖွသိုင်းဖက်၍ နှစ်သိမ့်။ ကဲ ... ဘယ်လောက်
နီးနှီးပွင့်လင်းလိုက်တဲ့ ချစ်သူဘဝကလေးလည်းဆိုတာ။ ဒါကို
သူတို့မသိကြဘူး။ ချစ်သူချင်းသာ နားလည်နိုင်မှု အတိုင်းအတာ
ကို သူတို့မခန့်မှန်းတတ်ကြဘူး။ သိပ်သေချာတာပေါ့။

အင်း ... ဟိုတစ်နေ့ကတောင် သူ့မာမာ ဆုံးတာ
တစ်ပတ်ဆို တစ်လပြည့်တော့မယ်လို့တောင် သူမအား
သိပေးရင်း မျက်ရည်ဝဲနေခဲ့သေးတာပဲ။ ရဲတိုက်ဟာ တခြားလူ
တွေမှာသာ ဟန်ဆောင်တင်းမာရင် တင်းမာမယ်၊ ဗေဒါရီရှေ့မှာ
တော့ သိုးကလေးတစ်ကောင်လို အားငယ်တတ်၊ အားပေးနှစ်သိမ့်
တာကို လိုလားတတ်သေးရဲ့။

"ကိုယ့်ကို ဗေဒါရီက ရဲတိုက်လို့ပဲ ခေါ်မှာလားဟင်၊ တစ်
ခုခု နာမ်စားကလေးသုံးပြီးခေါ်ဖို့ မရှိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



လို့ မနေ့ညက ဖုန်းပြောဖြစ်ကြရင်း ဗေဒါရီ
တောင်းဆိုထားတဲ့ ရဲတိုက်အတွက် သည်နေ့ ကျောင်းမှာလာ
ရင် စဉ်းစားထားလိုက်ပါ့မယ်ဆိုတဲ့ ကတိနဲ့အတူ ရင်ထဲ
မြတ်နိုးစွာ ခေါ်ဝေါ်မိတဲ့ အခေါ်အဝေါ်ကလေး တစ်ခုကလည်
အဆင်သင့် ရှိနေခဲ့ပြီ။

"ဟော ... ကိုယ်တော်က လာပါပြီ၊ ဟင်း ... အခုမှ
တိုင်း လာနိုင်လွန်းတယ်၊ ပြီးတော့ ဗေဒါရီ့ကို သီရိတို့
ခွဲထုတ်ပြီး တစ်နေ့လုံး သူ့အနားမှာထားဖို့ အပိုင်စီးဦးမ
သီရိတို့မှာ အတင်းအုပ်ရင်တောင် စုံစုံစေ့စေ့ မရှိသေးဘူ
သူက ရောက်ရောက်လာတယ်၊ အံမယ် ... ဟမ်း ... အ
သမီးကလေး ရှင့်ကလည်း သီရိတို့ပြောတဲ့ အတင်းတွေ
ပြန်ဖောက်သည်ချဖို့ မစဉ်းစားနဲ့၊ ဘယ့်နှယ် လေးနှစ်တိ
တွဲလာတဲ့ သူငယ်ချင်းအရင်းကြီးတွေကိုတော့ ဘက်မလို
ချင်ပဲ အခုမှတွေ့တဲ့ ချစ်သူအရင်းခေါက်ခေါက်ကြီးကို
အပြည့်အဝ ယုံကြည်နေတယ်ပေါ့လေ"

"ဒါတော့ ဘယ်တူမလဲ သီရိရဲ့"

ခိုင်က ကြည့်မရစွာ ဝင်ဆူဖြစ်အောင် ဆူသေး
ဗေဒါရီက သူမအား သံယောဇဉ်ကြီးလွန်းသော သူငယ်ချင်း
ယောက်၏ အဆူအပူအား စိတ်မဆိုးရက်ချေ။ တဟိဟိ ရက်
ရယ်လျက် သူမ အနားသို့ရောက်လာပြီဖြစ်သော သူမ၏ချ





ငေးကြည့်နေခဲ့သည်။ ရဲတိုက်သည် သူမနံဘေးမှာ ဝင်ထိုင်
သီရိနှင့် ခိုင်မာလာအား ခေါင်းဆတ်၍ နှုတ်ဆက်လေသည်။

ထိုအခါ မလာခင်ကတော့ ရဲတိုက်အတင်းတွေ
ထားပြီး အခုတော့ ရဲတိုက်က ဖော်ဖော်ရွေရွေ နှုတ်ဆက်ခြင်း
ဘင့် အားနာဟန်ဖြင့် မအီမလည် နှုတ်ဆက်ကြသူမှာ သီရိနှင့်
လာပဲတည်း။

"မသီရိတို့ အတန်းမရှိဘူး ထင်တယ်၊ ကျွန်တော်လာရင်
ခါတိုင်းတော့ အတန်းတက်နေကြတာ များတယ်၊ ဒီနေ့တော့
ထိုင်ပြီး လေကန်နေတယ်နော်"

"ဗေဒါရီ့ကို အတန်းမရှိဘူးလား မေးရမှာ ကိုရဲတိုက်ရဲ့
မေးတဲ့လူ မှားနေပြီ"

"ဩော် ... ဟုတ်လား၊ မသိပါဘူး ဒီသုံးယောက်က
အတန်းအတူတူဆိုတော့ တစ်ယောက်မေးရင် အတူတူဖြစ်
မယ် ထင်လို့ပါ"

ခိုင်မာလာက သီရိ၏စကားမပြေပြစ်မှုကို အားနာစွာ
က်ဖာထေးရသည်။

"ကိုရဲတိုက်က ဉာဏ်ကောင်းတယ် ထင်တယ်၊ ကျောင်း
လည်း သိပ်မတက်ဘဲ အမြဲတမ်း ရိုးလ်နံဘာဝမ်း ဖြစ်နေ
တယ်နော်၊ ခိုင်တို့ဆို အာပြဲအောင် အမြဲတမ်း ရွတ်နေနိုင်
လွန်းလို့ ဂုဏ်ထူးတန်း ရောက်လာတာ သိလား"



www.burmeseclassic.com

www.burmeseclassic.com



"အရေးကြီးတဲ့အတန်း တက်ပါတယ်၊ အခု ဗေဒါရီ ဆိုက
တောင်းစရာအကြွေးရှိလို့ မဖြစ်မနေ အရောက်လာရတာ
အမှန်ဆို ဒီနေ့တစ်နေ့လုံး တက်ရမယ့်အတန်းတွေက
အရေးကြီးတယ်"

ဗေဒါရီသည် သူ့အတွက် စိုးရိမ်ကာ အတန်းတက
ရောပေါ့ဟု ငေါက်ငမ်းတော့ သူက ရယ်ကျဲကျဲဖြင့် အကြွေး
ဖို့ မမေ့နဲ့လေတဲ့လေ။ အင်မတန်မှ မြတ်နိုးစရာ လူကလေး
ကွယ်။ သီရိနဲ့ ခိုင်မာလာတို့က အလိုက်တသိဖြင့် သွားစရာ
သေးတယ်ဆိုကာ အခန်းအပြင်ဘက် ထွက်သွားကြတော့ ရဲတိုက
နဲ့ သူမက ငေးကြည့်ကျန်ရစ်ကြသည်။ ထို့နောက် နှစ်ယောက်သ
တစ်ယောက်ကိုတစ်ယောက် လှည့်ကြည့်၍ ပြုံးတူရယ်ချမိ
သည်။ ကြည့်စမ်း ... ချစ်ရသူရဲ့ချစ်ခြင်းကို အပြည့်အဝ ခံ
ခွင့်ရတဲ့ဘဝဟာ ဘယ်လောက်တောင် ပြီးပြည့်စုံတဲ့ ဘဝလည်း

"ပေး"

ရဲတိုက်သည် လက်ဝါးဖြန့်လျက် သူမမျက်နှာ
တိုးကာ တောင်းဆိုတော့ ဗေဒါရီက ကြောင်နေခဲ့၏။

"ကိုယ့်ကိုခေါ်မယ့် အခေါ်အဝေါ်လေး ကြားချင်လွန်း
တကူးတက လာရတာကွ၊ ဒါကြောင့် ပေးလို့တောင်း
တာ၊ ကိုယ့်မှာ ဘယ်တော့ ဗေဒါရီ အခေါ်အဝေါ်အ
တစ်ခုခု ပြောင်းခေါ်မလဲ ပြောင်းခေါ်မလဲနဲ့ စိတ်ကူး





လိုက်ရတာ၊ အမိကလေး အလိုက်တသိ မရှိလွန်းတော့
ကိုယ့်ဘာသာပဲ ဖွင့်ပြောပြီး တောင်းဆိုရတော့တာပေါ့၊
အဟဲ ဟဲ ... အခေါ်ခံချင်လွန်းလို့ဆိုတာ ဗေဒါရီ သိသွား
ပြီနော်၊ ရှက်စရာ ကောင်းလိုက်တာကွာ"

ဗေဒါရီသည် ကချင်လွယ်အိတ် အနီကလေးထဲမှ
စာရွက်တစ်ခုအား နှိုက်ယူလိုက်၏။ ရဲတိုက်က လိုက်ကြည့်နေရင်း
"ဘာလဲ"ဟု မေးဖြစ်အောင် မေးလိုက်သေးသည်။ ဗေဒါရီက
လွယ်အိတ်ထဲမှ အရာဝတ္ထုကလေးတစ်ခုအား ထုတ်ယူ၍ သူ့
လက်သို့ လှမ်းပေးသည်။ သူက ...

"ကိုယ်တောင်းတာ ဓာတ်ပုံမဟုတ်ဘူးလေကွာ၊ ဗေဒါရီ့
ပုံကို ဓာတ်ပုံရိုက်ထားစရာ မလိုဘဲ ကိုယ့်နှလုံးသားထဲမှာ
အသေရိုက်နှိပ်ထားပြီးပြီ"

အမေးအမြန်း အင်မတန်ထူတဲ့ အမျိုးသားကလေး
အား ဗေဒါရီသည် စိတ်အနည်းငယ် ကောက်ချင်ဟန်ဖြင့် ...

"ဓာတ်ပုံမလိုချင်တဲ့ ရည်းစားမျိုး လောကကြီးမှာ ရှိနေ
သေးတယ်၊ အံ့သြစရာကြီးနော်၊ ကဲ ... ကဲ ... ဓာတ်ပုံ
မလိုချင်လည်း ကိစ္စမရှိပါဘူး၊ ပြန်ယူထားလိုက်ရုံပေါ့၊
ဒါပေမဲ့ တစ်ခုတော့ ရှိတယ်နော်၊ ဓာတ်ပုံနောက်က
စာသားတွေကို ဖတ်ကြည့်ခွင့် မရတော့ဘူးပေါ့၊ ကဲ ...
ပေး ... ပေး"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဟာ ... ဘာတွေ ရေးထားတာလဲ၊ ကိုယ် ဖတ်ကြည့်ချင်တယ်၊ ဒီလိုမညစ်နဲ့ကွာ ပြပါဦး၊ ဟိတ် ... အတင်းမလုနဲ့ ဓာတ်ပုံစုတ်သွားမယ်၊ ကိုယ့်ကို စိတ်မဆိုးနဲ့ကွာ၊ ကိုယ်က ဗေဒါရီ့ဓာတ်ပုံကို မလိုချင်လို့မှ မဟုတ်တာ၊ ဗေဒါရီပေးရင် ပျော်စရာပဲဖြစ်ဖြစ်၊ ဝေဒနာပဲဖြစ်ဖြစ် အကုန်လက်ခံဖို့ ဆုံးဖြတ်ပြီးသားပါ၊ နှုတ်ခမ်းကြီးစူပြီး စိတ်မကောက်ပါနဲ့ အချစ်လေးရယ်၊ စိတ်ပြေပါကွာ"

ဗေဒါရီ့လက်ထဲမှ ဓာတ်ပုံကို အတင်းပြန်လုရင်း စိတ်ကောက်ဖို့ ပြင်ဆင်နေသော ဗေဒါရီ့ကို တတွတ်တွတ်ချော့ရင်း ဓာတ်ပုံနောက်ကျောမှ စာကြောင်းကလေးအား ဖတ်ကြည့်နေ၏။ ထို့နောက် ဟာခနဲ အာမေဍိတ်သံပြုလောက်အောင် သူ့ရဲ့ဝမ်းသာကြည်နူးမှုကို ပြသကာ ဗေဒါရီ့ကို "ကျေးဇူးပဲ အချစ်ရယ်" ဟု သူ ညည်းတွားနေကျ စကားလေးဖြင့် တုံ့ပြန်လိုက်လေသည်။ အဲသည်စကားလေးနဲ့တင် သူဟာ ဗေဒါရီ့ကို ချော့စရာမလိုတော့တာ သူ မသိသေးချေ။ ဗေဒါရီက ထူးခြားတယ် ပြောရမလား။ သူ့ထံမှ မြောက်မြားစွာ ကြားရတတ်သည့် စကားတွေထဲမှ "ကျေးဇူးပဲ အချစ်ရယ်" ဟူသော ကဗျာမဆန်လှတဲ့ စကားလေးကို အင်မတန်မှ နှစ်သက်စွဲလမ်းရပါသည်။ (အင်း ... အဲဒါကိုက အခုချိန်ထိ "ကို" မသိခဲ့ပါဘူးကွယ်။ ဟုတ်တယ် ... ကို မသိခဲ့ဘူး၊ ဗေဒါရီက ပြောမှမပြောပြခဲ့ဘူးတာ၊ ကို ဘာဖြစ်လို့ အဲသည်





စကားလေးကို လက်စွဲသုံးသလဲ ဆိုတာလည်း ဗေဒါရီမမေးဖူးခဲ့ပါဘူး ကို)။

"ကို ...

ဗေဒါရီထက် တစ်နှစ်နဲ့ လေးလတိတိ အသက်ကြီးလို့ အားကိုးတဲ့စိတ်၊ မြတ်နိုးတဲ့စိတ်တွေ ရောစပ်ပြီး ချစ်ခြင်းအတိပြီးတဲ့ ဒီအခေါ်အဝေါ်ကလေးကို နှစ်သက်လိမ့်မယ်လို့မျှော်လင့်ပါရစေ။

ကိုယ့်ရဲ့

**ဗေဒါရီ**"

ဗေဒါရီသည် ကို ထပ်ခါတလဲလဲ ဖတ်နေသောစာကြောင်းကလေးများထံမှ သူမ၏အချစ်တွေကို ကို နားလည်ကြည့်ဖို့ ကြိုးစားခဲ့ပါသည်။ ကို့ကို ဘယ်လိုပုံစံမျိုးဖြင့် ချစ်ခဲ့ပါသည်ဟု တစ်ခါမှ နှုတ်ကဖွင့်မပြောဖူးခဲ့သော်လည်း သည်လိုဓာတ်ပုံနောက်ကျောမှ စာရေးပြီး ပြောမိခြင်းဖြင့် ကို့ကို ဝန်ခံလိုက်သည်။

ကိုကရော ဟင် ... ကိုကရော။ ဘယ်လိုပုံစံမျိုးနဲ့ ဗေဒါရီ့ကို ချစ်ခဲ့သလဲ။

ကို့ရဲ့ပြိုင်ဘက်နဲ့ ယှဉ်ပြိုင်လိုစိတ်၊ အနိုင်ရလိုစိတ်နဲ့ ဗေဒါရီ့ကိုချစ်ခဲ့သလား။ ဟင့်အင်း ... ဗေဒါရီ ဒါတွေ မတွေးရဲခဲ့ချေ။



www.burmeseclassic.com

www.burmeseclassic.com



"ညည်းကို ကိုယ် မှာထားရဦးမယ်၊ စကားပြောရင် ကိုယ့်ကိုယ်ကိုယ် ကျုပ်လို့သုံးတဲ့အကျင့်ကို တခြားသူကိုသုံးချင်သုံးကွာ၊ ကိုယ်နဲ့တော့ ဗေဒါရီလို့ နာမည်လေး ထည့်သုံးပြီး ပြောပါနော်၊ ကိုယ်က အဲဒီနာမည်ကလေးကို စပြီးချစ်မိရင်းက ဗေဒါရီ့ကိုလည်းမြင်ရော ချစ်မိသွားတာ၊ ဒါကြောင့် ဒီနာမည်လေးရော နာမည်ပိုင်ရှင်ကလေးကိုရော ကိုယ် သိပ်မြတ်နိုးတယ်"

ဩော် ... ကို မသိအောင် ပြောပြရဦးမည်။ ကို သူမအား ဘယ်မှာစတွေ့သလဲဟု မေးဖူးစဉ်က ဖိုးတေဇကဲ့သို့ Valentine ဆိုသည့် စားသောက်ဆိုင်ကလေးမှာ ဖိုးတေဇ တွေ့ချိန် အတိုင်း တစ်ပြိုင်တည်း တွေ့ခဲ့ပြီး သူမကို စိတ်ဝင်စားခဲ့ခြင်းဖြစ်ကြောင်း သူမ သိခဲ့ပြီးပြီ။ ကိုကသာ ဖိုးတေဇနဲ့ သူမ ဘာတွေ ပြောခဲ့သလဲ မသိ၍ ရိုးသားစွာ ပြောပြခဲ့ပါသည်။ သို့သော် ကိုနဲ့ ဖိုးတေဇသည် သူမကို တစ်ပြိုင်တည်းမှာ စိတ်ဝင်စားခဲ့ခြင်းဖြစ်ကြောင်း သိသွားခဲ့သော ဗေဒါရီကတော့ ဟိတ်တဆိတ် ကြေကွဲနေမိသည်။

တစ်ခုတော့ ပိုတာ ရှိတာပေါ့။

ခုနက ကိုပြောတဲ့ စကားစုလေးထဲကလို ကိုက ဗေဒါရီ့နာမည်ကို စကြားကတည်းက သဘောကျ မြတ်နိုးခဲ့နှင့်တာတဲ့။ အင်္ဂလိပ်စာ ဂုဏ်ထူးတန်းရဲ့ ကွင်းဖြစ်တဲ့ ဗေဒါရီဟာ





ဆိုတော် မဥ္စုရီရဲ့သမီးအဖြစ် မဂ္ဂဇင်းတွေမှာ ရိုးဟိုးရိုပ်ဟိုတ်ကတည်းက လူပုံမမြင်ဖူးပေမယ့် နာမည်ကလေးကို မြတ်နိုးခဲ့သတဲ့။ ဒါလေးနဲ့ ဖြေသိမ့်နိုင်ခဲ့သားပင်။

ဗေဒါရီ့အတွက် ကိုဟာ အလျှင်ဦးဆုံး ချစ်ခဲ့ရသူဖြစ်သော်လည်း ကို့အတွက် ဗေဒါရီဟာ အချစ်ဆုံးချစ်သူဖြစ်သလား၊ မဖြစ်သလားကိုတော့ သူမ သိခွင့်မရခဲ့ချေ။ ကိုက တေဇလိုလည်း ကိုယ်ရည်မသွေးတတ်၊ ပြောလည်း မပြောတတ်သူပဲ ဖြစ်လေသည်။

✤ ❤ ✤



www.burmeseclassic.com

www.burmeseclassic.com



(ဃ)

"နက်စ်ခါးခါး နှစ်ခွက်လား အစ်ကို"

ကိုက ခေါင်းညိတ်ပြလိုက်၍ စားပွဲထိုးကောင်ကလေး လှည့်ပြီးမှသံ ကြားရသည်။ ဗေဒါရီကတော့ ကို့လှုပ်ရှားမှုမှန် သမျှအား စွဲလမ်းစွာ မေးထောက်ထိုင်ငေးချင်မိသည်။

အင်မတန် ချစ်ဖို့ကောင်းတဲ့ ကို၊ ဂျစ်ကန်ကန်မျက်နှာ ပြင်ကလေးမရှိရင်၊ စူပုပ်ပုပ် နှုတ်ခမ်းထူများမရှိရင်၊ ခပ်တွန့်တွန့် မျက်မှောင်များမရှိရင် ကိုက သည်လောက်တောင် ချစ်ဖို့ကောင်း ပါ့မလား မသိပါ။ ပြီးတော့ ကိုက သည်နေ့မှာ အရင်နေ့တွေက ထက် ပိုပြီးမျက်မှောင်ကလေး ချီထားလေရဲ့။ အင်း ... ကိုက ရန်ခပ်များများမို့ ဘယ်ကောင်နဲ့များ ငြိလာပြန်ပြီလဲ။ ကားမောင်း ရင်လည်း ကားချင်းယှဉ်မောင်းမှု၊ လမ်းသွားရင်လည်း ပခုံးချင်း ဝင်တိုက်မှု၊ ဘုကြည့်ကြည့်မှု၊ သူမပါသော အခါများမှာတော့ သူမအား စူးစိုက်ကြည့်မှု စသည့် အမှုပေါင်းများစွာဖြင့် ကို့မှာ ရန်လိုမင်းသားဘွဲ့ကို ခံယူထားတတ်သူပင်တည်း။





"ညည်းလည်း ကိုယ်နဲ့ပေါင်းလို့ ကော်ဖီဆိုရင် ခါးခါးမှ သောက်တတ်လာပြီ၊ အရင်ကဆို ကော်ဖီမကြိုက်၊ လက် ဖက်ရည်မကြိုက်နဲ့ အခုမှ နက်စ်ခါးခါးကို အင်မတန် နှစ် သက်နေပြီ၊ ဟေ့ ... ဗေဒါရီ တစ်ဆိတ် ကိုယ့်ကိုလိုက် ငေးမနေနဲ့ကွာ၊ ကိုယ်မနေတတ်တော့ဘူး၊ ဗေဒါရီကတော့ ဆံပင်ရှည်တွေနဲ့ကွယ်ပြီး ညစ်ထားတတ်လို့ ကိုယ့်မှာ လိုက်ငေးခွင့် သိပ်မရပေမယ့် ကိုယ့်မှာ ဆံပင်ရှည်တွေမရှိ လို့ မျက်နှာကို ကွယ်မထားနိုင်တာနဲ့ ဗေဒါရီ ငေးတာကို ရှက်ရှက်နဲ့ လက်ခံနေရတယ်၊ နေပါဦး၊ ကိုယ့်ကိုဘာဖြစ် လို့ ဒီလောက် ငေးနေရတာလဲ၊ ပြောစမ်းပါဦး"

"အမှန်ဆုံး ပြောရမလား"

ကိုက ခပ်ကြောင်ကြောင်ဖြင့် ခေါင်းညိတ်၏။ ဒါရီသည် ရှက်ကိုးရှက်ကန်းရယ်လျက် "ချစ်လို့"ဟု ကိုယ့် ရွက်နား ကပ်ပြောလိုက်ပါသည်။ မိမိချစ်သူ မိန်းကလေးဆီမှ တယ်ဟူသောစကားအား မကြာခဏ ကြားခွင့်ရသော အမျိုး ကလေးဟာ ကြည်နူးသင့်သလောက် မကြည်နူးတတ်သူဟု ဒါရီက တစ်စ တစ်စ ရိပ်မိတတ်လာသည်။ သို့သော် ဗေဒါရီ ကိုနဲ့ပတ်သက်ရင် ဘယ်တော့မှ အပြစ်မမြင်တတ်သူဖြစ်၍ သောအခါမှ အပြစ်တင်သည့် အတွေးမျိုး မတွေ့ခဲ့ဖူးချေ။



www.burmeseclassic.com

www.burmeseclassic.com



ကို့ဆီမှာ တစ်စုံတစ်ခု လျှို့ဝှက်ချက် ရှိနေလိမ့်မ ဟု ဇေဒါရီက တစ်ခါတစ်ရံ တွေးတောဆင်ခြင်မှုး၏။ ဒါပေ ကို ဖွင့်ပြောတိုင်ပင်မှသာ သိခွင့်ရချင်သည့် ဇေဒါရီက ကို့ဆီ လျှို့ဝှက်ချက်အား မေးကြည့်ဖို့ မကြိုးစားတတ်သူဘဲ။ နောက် သာမန်မိန်းကလေးတစ်ယောက် ခွင့်မလွှတ်နိုင်သည့် ပြစ်မှုများ ကို့မှာ ရှိသေးသည်။ အဲဒါကတော့ ကိုက ရည်းစားများတာပဲ သည်။

သူမနှင့် မတွေ့ခင်ကတည်းကိုက ဝိုင်အိုင်တီ ရဲတိုက်ဟာ ရည်းစားများသူဟု သတင်းကြီးခဲ့သတဲ့။ သူမနှင့်တွေ ပြီးနောက်ပိုင်း ကို့မှာ နောက်ထပ်ရည်းစားတွေ ရှိသလား၊ သလားလည်း ဇေဒါရီက မစုံစမ်းမိ၍ မသိခဲ့ချေ။ ကို ရည်း များတဲ့အကြောင်းတောင် ခိုင်မာလာနှင့် သီရိ ပြောပြမှသာ ဇေ သိခဲ့ရပါသည်။

"ဟဲ့ ... ရှင် ဒီလို အေးအေးဆေးဆေး ယုံကြည်နေ ဘယ်သင့်မလဲ၊ သေသေချာချာလည်း မေးပြုထားဦး၊ ကြာ ရှင့်ကို လိမ့်ချင်တိုင်း လိမ့်ခံသမျှ ခံနေရဦးမယ်၊ တို့ကတော့ ရအောင် ထပ်စုံစမ်းဦးမှာပဲ၊ ဘယ့်နှယ် စားစကား တစ်ခွန်းမှမပြောဘဲ ပိုင်စိုးပိုင်နင်း လုပ်တ ကိုက သူ့ကိုယ်သူ အင်မတန် အထင်ကြီးနေမှန်း သိ လွန်းနေတာ"





ဟု ခိုင်မာလာက စိတ်မြန်သူပီပီ အင်မတန်မှ စိတ် အားတတ်သည့် သူမအား အမြဲ ဤကဲ့သို့ တိုက်တွန်းနေတတ် မြဲ။ ပြီးတော့ မနေ့ကလေးတင် သီရိနဲ့ သူမတို့ လှည်းတန်းက တိုးဆိုင်တစ်ခုအသွားမှာ ကို့ကားကို လှမ်းတွေ့လိုက်သည်။ ဒီအခါ သီရိမမြင်အောင် မသိမသာ လိုက်ကြည့်တော့ ဇေဒါရီ တို့ ဝင်နေသည့် စတိုးဆိုင်နှင့် လမ်းမကျယ်တစ်ခုခြားတွင်ရှိသော ခြားစတိုးဆိုင်တစ်ခုရှေ့တွင် ရပ်လိုက်တာ တွေ့ရသည်။ ကား မှ ကောင်မလေးတစ်ယောက် ဆင်းအပြီးမှာ ကို့ကားမောင်း ထွက်သွားတာလည်း မြင်ဖြစ်အောင် မြင်လိုက်၏။

အဲသည်အချိန်အတန့်မှာတော့ ဇေဒါရီ့နှလုံးသား တွေ မွမွကြေလျက် သွေးရူးသေးတန်း ဒေါသတွေ ဖြစ်မိသေးရဲ့။ သေမဲ့ တဖြည်းဖြည်း စဉ်းစားကြည့်ပြီးသောအခါ ကို့ကို ချော ပြီး သူမတစ်ယောက်တည်းဘက်ပါအောင် စည်းရုံးကြည့်ဖို့ ဖြတ်လိုက်နိုင်သားပင်။ ဒါကြောင့်လည်း သူမ၏အမူအရာတွေ ပြောင်းလဲဘဲ ပုံမှန်ဟန်ဆောင်ထားနိုင်၍ ကို မရိပ်မိတာပဲ ဖြစ် သည်။ ဩော် ... ဘယ်လောက် ခက်ခဲပင်ပန်းရတဲ့ ဘဝလဲ။

"မနက်ဖြန် ကိုယ် မလာအားဘူး"

"ဟုတ်လား၊ အရေးကြီးတဲ့ ပရယ်တီကယ်ရှိလို့လား ကို"

အမှန်တော့ ကို မလာအားဘူးဆိုသော နေ့တွေဟာ တခြားတစ်ယောက်ဆီ ရောက်နေလိမ့်မလားဟု ဇေဒါရီ န်တိုနေခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အကယ်၍ ကိုယ့်မှာ အရေးကြီးတဲ့ ပရယ်တီကယ်တ
မရှိဘဲနဲ့ တမင်ညာပြီး မလာနိုင်ဘူးပြောရင်ရော ဖေဒါရီက
ဒီအတိုင်း ယုံလိုက်တာပဲလား"

"ကို့ကို ချစ်တဲ့စိတ် တစ်ခုတည်းနဲ့ ကိုနဲ့ပတ်သက်သ
အရာရာကို ယုံကြည်ထားပါတယ်၊ ကို့ကို ဘယ်ကြောင့်
ဘာအတွက်မဲ့ လိမ်ညာထားပါစေ၊ ဖေဒါရီကတော့ အ
တမ်း စိတ်သန့်သန့်နဲ့ ယုံကြည်မိမှာပဲ၊ ကိုက ညာရင်လည်
ကံပဲပေါ့ ကိုရယ်"

အဲဒီနေ့မှာ ကို့မျက်နှာတွေ ပျက်ယွင်းကာ ဖေဒါ
ကို ခါတိုင်းထက် ယုယကြင်နာနေခဲ့သည်။ ဒါဟာ တစ်စုံတ
မှားယွင်းနေတာဟု ဖေဒါရီက တွေးလိုက်မိတိုင်း ရင်နာနေခဲ့
မနက်ဖြန်ဆိုသော တစ်နေ့ဟာ သေချာတာကတော့ ဖေဒါရီ့အ
နောက်ထပ်တစ်ယောက်အတွက် ကို အချိန်ပေးတယ်ဟု သ
အလိုလိုသိမြင်နေခဲ့လေသည်။

ထိုနေ့က ဒဏ်ရာ အနာတရရလိုက်သော ဖေဒါ
စိတ်အား ထပ်မံထိုးဆွခံလိုက်ရသည့်နေ့ကတော့ သိပ်မကြာ
လေးမှာ ကြုံတွေ့ခွင့်ရခဲ့လေသည်။ စတွေ့ခါစကတော့
လုပ်ရက်လေခြင်းဟု ယူကျုံးမရဖြစ်ကာ ကျောင်းမတက်ဘဲ အ
တွင်းအောင်းမိသည်အထိ။ ချစ်သော မေမေသာ နားလည်ခွင့်လွှ
မှုများစွာဖြင့် ဖေဒါရီ့ကို ပုံမှန်ဘဝရောက်အောင် တွဲမခေါ်ခဲ့





လျှင် ဖေဒါရီသည် ဖေါ်ဖေဒါရီဟူ၍ နာမည်ကြီးသော တက္ကသိုလ်
ကျောင်းက ကျူတာပေါက်စကလေး ဖြစ်လာမည်မဟုတ်ချေ။
ကြောင့် စိတ်ဓာတ်တွေ ဗုန်းဗုန်းလဲတော့မလို၊ ပြီးတော့ ကို
ထပ်မံဖန်တီးလိုက်သော မမျှော်လင့်သည့် အဖြစ်အပျက်က ဖေဒါရီ့
ကို နစ်မြုပ်စေတော့မလို။ မေမေပဲ ... မေမေပဲ ဖေဒါရီ့ကို
ပေးခဲ့လို့သာ။

✤ ❤ ✤



www.burmeseclassic.com

www.burmeseclassic.com



အဲသည်နေ့က ခိုင်မာလာရယ်၊ သီရိရယ်၊ ဖေဒါ
ရယ်။ အတန်းထဲက ခိုင်မာလာတို့နှင့် ရင်းနှီးသော သူငယ်ချင်း
အိမ်(သူငယ်ချင်းက အင်မတန်မှ စာတော်သည်)မှာ နားမလည်
သည့်အပိုင်းတွေ စာစုကျက်ဖို့ တိုင်ပင်ထား၍ သွားသည့်နေ့ဖြစ်
ထိုအိမ်ကလေးက တတိယထပ် အခန်းကျယ်ကလေးဖြစ်သည်
စာစကျက်ပြီး သိပ်မကြာခင် အောက်ဘက်ဆီမှာ သီချင်း
ခပ်ဆူဆူတွေ ပေါ်ထွက်လာ၍ ...

"လုပ်ပြီ၊ မီရှယ်တို့အိမ်ကပဲ ဖြစ်မယ်"

ဟု အိမ်ရှင်သူငယ်ချင်းက ညည်းညူလိုက်၏။

"ဘာလုပ်တာလဲ ဝါဝါ၊ အသံတွေကလည်း ဆူလိုက်တာ
နော်"

သီရိက စပ်စု၏။

"ပါတီပေးမလို့ စတင်ပြင်ဆင်တာ ဖြစ်မှာပေါ့၊ သူ
အိမ်က စနေ၊ ဒါမှမဟုတ် တနင်္ဂနွေနေ့တွေဆို တစ်ပတ်ခြား
တစ်ခါလောက် ပါတီပေးတတ်တာ၊ ဝါဝါလည်း အဲ
စိတ်ညစ်ရတာ၊ စာကျက်လို့တောင် မရအောင် ဆူလွန်း





တယ်လေ၊ ကျန်တဲ့အခန်းတွေကတောင် မပြောဘဲ ဝါဝါ
တို့သွားပြောရင် ကိုယ်ပဲ အမုန်းအဖတ်တင်မှာစိုးလို့ မပြော
ဘဲ အောင့်အည်းသည်းခံနေရတာ၊ ဝါဝါတို့လည်း မကြာခင်
ပြောင်းတော့မှာဆိုတော့ ပြောမနေတော့ဘူး"

ဝါဝါက သည်အခန်းကို နှစ်ချုပ်နဲ့ ငှားနေခြင်း
ကြောင်း၊ သူမတို့အိမ်ဆောက်အပြီးဆိုရင် အခန်းပြန်အပ်ပြီး
ောင်းတော့မှာဖြစ်ကြောင်းတွေ ဆက်လက်ပြောပြသေးရဲ့။
ဒါရီက မမီလိုက်သော စာတွေကို ဝါဝါထံမှာ ပြန်ကူးနေရ၍
သေချာချာ နားမထောင်ဖြစ်ခဲ့ပါ။ ထို့နောက် ဝါဝါ ရှင်းပြသော
တွေ နားထောင်အပြီးမှာ အညောင်းအညာဖြေသည့်အနေနှင့်
ဘာမှာ ခဏထွက်ရပ်ဖို့ တောင်းဆိုမိတာကိုက ဖေဒါရီ့အမှားပဲ
သည်။ အကယ်၍ ဖေဒါရီသာ ဝရန်တာထွက်မရပ်ဘူးဆိုလျှင်
ကျူးလွန်နေသည့် လိမ်ညာမှုများကို မျက်မြင်ထပ်မံကြုံတွေ့ရ
မထင်ပါ။ ပြီးတော့ ... ကျန်သုံးယောက် မသိစေချင်ကာမှ
သွားရမည့်အဖြစ်မျိုး ကြုံရမည်မထင်ပါ။

"ဟဲ့ ... ဟဲ့ ... ဟိုကောင်မလေးက ဘောင်းဘီတိုကလေးနဲ့
တော့"

"အဲဒါ မီရှယ်လေ၊ ရည်းစားတွေမှ သူ့အသက်ထက်တောင်
ပိုဦးမယ်၊ အင်မတန်ရည်းစားများတယ်"

ဝါဝါ ဖောက်သည်ချလို့ မဆုံးခင်မှာ ထိုကလေးမ
ခုန်ဆွ ခုန်ဆွဖြင့် 'ဟေး ... ကိုရဲ လာပြီ"ဟု လမ်းမဘက်

www.burmeseclassic.com



ကြည့်၍ အော်လိုက်၏။ ဗေဒါရီတို့လေးယောက်သား ခေါင်း... လမ်းမမှ ချိုးကွေ့ဝင်လာသော ကားတစ်စီးဆီ မျက်လုံးအရော... တွင် အို ... ဘုရားရေဟု ရေရွတ်မိပြီးနောက် သူမ၏ မျက်လုံး... ပြာဝေကုန်တော့သည်။ လုပ်ရက်လိုက်တာ ကိုရယ်။ ရက်... လိုက်တာ။ ဗေဒါရီကတော့ အခုတလော ကို ငြိမ်ချက်သားကော... နေ၍ ခြေငြိမ်သွားပြီ၊ ဗေဒါရီ့အချစ်ကို နားလည်သွားပြီ... အတွေးနဲ့ ပီတိဖြစ်လိုက်ရတာ။ သီရိနဲ့ ခိုင်မာလာက ကို့... အား မှတ်မိစွာ ဗေဒါရီ့ဘက် ဘယ့်နှယ်ဟု မျက်စချီပြလေသည်... ဝါဝါ ... ဝါဝါကတော့ ကားထဲကထွက်လာတဲ့ လူကိုမြင်၍ ... သွားတော့မှာပဲ။

ဟုတ်တယ် ... ဝါဝါက ကို့ကားကိုသာ မမှတ်... ရင်နေမယ်။ အားလုံးအသိအမှတ်ပြုစွာ ဗေဒါရီ့ချစ်သူအ... ကို့ကို မြင်ဖူးနေကျဖြစ်နေ၍ ကို့ကို မှတ်မိသွားတော့မှာပဲ။

အို ... ရှက်စွံ့လိုက်ပါဘိ။

ထိုနေ့တွင် ဝါဝါ၏စူးစမ်းမှု၊ သီရိနဲ့ ခိုင်မာလာ... ကရယ်ဘာဒေါ်သောဖြင့် ဆူပူမှုတွေကို ဗေဒါရီ နာကျင်စွာ ရင်... ခဲ့ရပါသည်။ ကို ... ဘယ်အချိန်ပြန်သလဲကို တမင်ပဲ ဖြော... ပြော၍ စောင့်ကြည့်ချင်သော်လည်း ...

"ပါတီက ကိုးနာရီ ဆယ်နာရီလောက်မှာ စမှာ ဗေဒါရီ... ကိုရဲ့တိုက်က တမင် စောလာတာ၊ ဗေဒါရီ စောင့်ကြည့်... အိမ်အပြန်သိပ်နောက်ကျသွားမယ်၊ ဘာပဲဖြစ်ဖြစ် စိတ်လို...





မာန်ပါ မဆုံးဖြတ်နဲ့ ဗေဒါရီ၊ တော်ကြာ အရှက်ကွဲသွားရင် ဝါဝါတို့လို သာမန်လူက အကြောင်းသိပ်မရှိဘူး၊ ဗေဒါရီကျတော့ အမေ့နာမည်ကြောင့်ပါ လူသိများနေတဲ့ လူဆိုတော့ ဂရုစိုက်သင့်တယ်နော်"

"ဟုတ်တယ် ဗေဒါရီ၊ ကဲ ... ကဲ ... နည်းနည်းမှောင်လာပြီ ပြန်ကြရအောင်၊ သည်လူမကောင်းကြောင်း သိရင် စောစောစီးစီး ဖြတ်လိုက်လို့ရသွားတာပေါ့၊ ဗေဒါရီ ကံကောင်းတယ်လို့ပဲမှတ်ပြီး ဖြေပေါ့ဟယ်"

ဗေဒါရီသည် သူငယ်ချင်းများ၏ ဖျောင်းဖျမှုကြောင့် ...အိမ်ပြန်ခဲ့သော်လည်း ကို ဘယ်အချိန်ပြန်သလဲ ဆိုတာကို ...ာက်လေးသိချင်လှ၍ ဝါဝါ့ကို ကြည့်ထားဖို့ တာဝန်ပေးခဲ့မိ...သည်။ အမှန်က အဲသည်နေ့တုန်းက ဗေဒါရီ့ကားနဲ့ လာခြင်း...တ်ဘဲ သီရိရဲ့ကားနဲ့ သုံးယောက် အတူတူလာခဲ့၍ သူမ...က်နေမှန်းကို မသိခဲ့တာပဲဖြစ်သည်။ ဒါမှမဟုတ် အောက်မှာ...ထားသည့် ကားတွေထဲမှာ ဗေဒါရီ့ကားကိုများ မြင်မိခဲ့လျှင် ... ဘယ်လိုများ ဖြစ်သွားလိမ့်မလဲဆိုတာကို သိချင်သားပင်။

ပြီးတော့ ... နောက်တစ်နေ့ ကျောင်းတက်ချိန်မှာ ...ဆိုင်ရမည့် ကို့ရဲ့စကားတွေအတွက် ကြိုတင်နာကြည်းလျက် ... မျက်နှာချင်းမဆိုင်ချင်ခဲ့ပြန်။ မျက်နှာချင်းဆိုင်မိလျှင် ဗေဒါရီ ...ည်ကျချင်လည်းကျမည်။ သို့မဟုတ် ပေါက်ကွဲမိချင်လည်း ...က်ကွဲမိမည်။ ကို့ကို ထုရိုက်ရန်တွေ့ပစ်ရင်လည်း ရန်တွေ့မိ



www.burmeseclassic.com

www.burmeseclassic.com



မည်။ ကို့ဆီက တောင်းပန်စကားဖြစ်ဖြစ် ဒါမှမဟုတ် အရွဲ့တို စကားဖြစ်ဖြစ်ကိုတော့ လက်ခံရရှိမှာကို စိုးရိမ်နေချင်ပြန်ပါသည်

ထို့ကြောင့် မေမေ့ကို တိုင်ပင်ဖွင့်ပြောကာ သိ ခိုင်မာလာတို့ကို အသိပေးကာ နောက်တစ်နေ့မှစ၍ ကျောင်းတ ဖို့ကို မေ့လျော့ပစ်လိုက်သည်။ ကို့ကို မျက်နှာချင်းဆိုင်ခဲ့မိ ကို့ဆီကကြားရမည့် ချော့မော့စကားများမှာ သူမ ထပ်မံကျ ရမှာ မလိုလားခဲ့၍ပင်။ ကိုက လိမ်ညာမည်။ ချော့မော့မည် ဗေဒါရီ့ကိုပဲ တစ်ယောက်တည်း သတ်သတ်မှတ်မှတ် ချစ်မိ ဟု ပြောချင်ပြောမည်။ ကျန်တာ မိုင်နာတွေဟု ပေါ့ပျက်ပျ ပြောချင်ပြောမည်။ ဒါကို ဗေဒါရီ မကြားချင်သေးချေ။

"သမီးကလေးက အမှန်တော့ ကိုယ့်စိတ်ကို မနိုင်သေး ပါ၊ မေမေသာဆို သူ့ကို ရင်ဆိုင်မယ်၊ သူ လိမ်ညာသမျှ ခပ်ပြုံးပြုံးနားထောင်မယ်၊ ပြီးတော့ ... သူ့ရဲ့ပြစ်ချက် ထောက်ပြပြီး သူ့ကို မုန်းလိုက်ပြီဆိုတာမျိုး ခပ်မာမာ ပစ်မယ်၊ အင်းလေ ... သမီးကလေးက ရဲတိုက်ကို အ တန်ချစ်နေမိတော့လည်း မုန်းတယ်ဆိုတဲ့စကားကို မ ချင်ဘူးဆိုတာ မေမေ ရိပ်မိပါတယ်၊ ဘာပဲဖြစ်ဖြစ်ကွ သမီးလေးရဲ့စိတ်ကို အနာတရဖြစ်အောင် ဆွပေးခဲ့ ရဲတိုက်ကို မေမေကတော့ မုန်းတယ်၊ ကျောင်းကိုလ အကြာကြီးပျက်မနေနဲ့နော် အလွန်ဆုံး တစ်ပတ်ပဲ မေ ခွင့်ပြုနိုင်မယ်၊ ဘယ့်နှယ် ရည်းစားကိစ္စကြောင့် စိတ်





တာတို့၊ ဘဝကို နစ်မွန်းစေတာတို့ဆိုတာ စိတ်ကူးယဉ်တတ် တဲ့လူတွေရဲ့ စကားတွေပါ၊ လက်တွေ့မှာ ဒါတွေဟာ လက်သင့်ခံသင့်တဲ့အရာတွေ မဟုတ်ဘူး"

မေမေသည် ဗေဒါရီ ဘာဖြစ်နေသလဲကို ချက်ချင်း မိကာ ဤသို့ နည်းနည်းဆူပူခဲ့သည်။ ပိုပြီးဆိုးတာက မေမေ့ ခပ်မှ ရဲတိုက်ကို မုန်းတယ်ဟူသောစကားကို ပြောခဲ့ခြင်းပါ။ ဒါရီ ဖြစ်စေချင်တာက ရဲတိုက်နှင့် မေမေ့အကြားမှာ ပဋိပက္ခ ရှိစေချင်တဲ့ အဖြစ်မျိုး။ အခုတော့ ကို့ကြောင့်ပဲ ရဲတိုက်ကြောင့် မေမေဟာ ဗေဒါရီ ခံစားရမှုတွေအတွက် ရဲတိုက်အား မုန်းတီး ဖြစ်ခဲ့ပြီ။

မာမာ ... မာမာနှင့် မိခင်ကို တွယ်တာသော ကို့ မှာ သည်လို ခွင့်မလွှတ်ချင်စရာ အကျင့်တစ်ခု ရှိနေတာတော့ င်နာစရာ။ ဗေဒါရီထင်တာက ကိုက ရိုးသားအေးချမ်းတဲ့ မိခင် ချစ်သော ယောကျ်ားတစ်ယောက်လို့ အစက သတ်မှတ်ခဲ့ဖူးသည်။ အခုတော့ ကိုသည် မေမေ ပြောဖူးသလို ဖခင်ဗီဇ အပြည့်အဝများ ခဲ့သလား။ ဖိုးတေဇမှာရော သည်လိုအကျင့်မျိုး မရှိဘူး ပြော င်မလား။ ကိုတို့ညီအစ်ကိုဟာ ဘာကြောင့် သူမတစ်ယောက် ည်းကို ရွေး၍ သဘောကျခဲ့ဖူးသလဲဆိုသော အတွေးများဖြင့် ချာလည် ရှုးသွပ်ရသူမှာ ဗေဒါရီပင်ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗေဒါရီသည် သူမ ဖြစ်စေချင်သော တောင်းဆိုချက်အား တင်ပြအပြီးတွင် ကို့မျက်နှာအား မျှော်လင့်တကြီး စောင့်ကြည့်မိ၏။ ကတိပေးလိုက်စမ်းပါ ... ကို ... ကတိလေးတစ်ခုပါ။ ဗေဒါရီ တစ်ယောက်တည်းကိုပဲ တွဲဖို့ ဆုံးဖြတ်လိုက်ပါပြီဆိုတဲ့ ကတိလေးပါ ကိုရယ်။

ကိုက ဗေဒါရီ့စကားအား အတန်ကြာ စဉ်းစားပြီး ခနဲ့တဲ့တဲ့အပြုံးဖြင့် ဗေဒါရီ့ကို ထပ်မံစိုက်ကြည့်၏။ အို ... ဘုရားရေ ကို့အပြုံးမှာ မာနတွေ စွန်းထင်းဖိတ်လျှံနေပါရောလား။

"ချုပ်ချယ်တာလား ဗေဒါရီ"

"ကို အထင်မှားနေပြီ၊ ဗေဒါရီက ကို့ကို တည်ကြည်လေးနက်တဲ့ ယောကျ်ားတစ်ယောက် ဖြစ်စေချင်လို့ပါ"

ထိုအခါ ကိုက တဟားဟား ရယ်လိုက်သည်။ လှောင်တာလားဟု သံသယဝင်ကာ ဗေဒါရီ တွန့်ခနဲ ဖြစ်သွားလေသည်။





"ဘာရယ် ... ဗေဒါရီ တစ်ယောက်တည်းကိုပဲ ကို့ချစ်သူအဖြစ် သတ်မှတ်စေချင်တယ် ဟုတ်လား၊ ရယ်ပဲ ရယ်ရသေး၊ အမှန်က ကို့ရဲ့ထာဝရလက်တွဲဖော်အဖြစ် သတ်မှတ်ရမယ့် မိန်းကလေးက ဒီစကားကို ပြောသင့်တာကွ၊ အခု ဗေဒါရီက အရင်ဦးနေပြီ"

"ဟင်"

ဗေဒါရီ အလန့်တကြား ရေရွတ်မိ၏။ ကိုက ဒါရီ့ကို ထာဝရ လက်တွဲဖော်အဖြစ် မသတ်မှတ်ဘူးဆိုတဲ့ းမျိုးနဲ့ ခြိမ်းခြောက်နေခဲ့ပြီ။ ဗေဒါရီက ကို့ရည်းစားတွေထဲ အပျော်တွဲတဲ့ တစ်ယောက်ပေါ့။ ဗေဒါရီက ကို့ရဲ့နံပါတ်စဉ် ယောက်ပေါ့။ ဟုတ်တယ် ... ဗေဒါရီက ကို့ရဲ့လေးလေးနက် ချစ်ခြင်းကို မရလေတဲ့ မိန်းမတစ်ယောက်ပဲ ဗေဒါရီက ချင်းသဘောပေါက်သွားကာ ဒေါတွေ လှိုက်ခနဲ ဖြစ်ခဲ့တော့

"ဒါဆို ... ဗေဒါက ကို့ရဲ့ဘယ်သူလဲ"

"ကို့ရဲ့ဘယ်သူလဲဆိုတာ ဗေဒါရီပဲ ပြန်စဉ်းစားတော့၊ ကိုယ့်မှာ မာမာသဘောတကျ စကားပြောဆို စေ့စပ်ပေးထားခဲ့တဲ့ ပါပါလည်း သဘောတူတဲ့ မိန်းကလေးက ရှိပြီးသား၊ သူ့ကိုပဲ လက်ထပ်ရမှာ၊ သူကပဲ ကိုယ့်ရဲ့လက်တွဲဖော် ဖြစ်ရမှာ၊ ဗေဒါရီက ... အင်း ... ဗေဒါရီက ဘယ်



www.burmeseclassic.com

www.burmeseclassic.com



လိုပြောမလဲ ပြောလိုက်ရင် ဗေဒါရီ မခံမရပ်နိုင်အော
ပေါက်ကွဲသွားနိုင်တယ်"

"ပြောပါ၊ ဗေဒါရီ အားလုံးကို တည်တည်ငြိမ်ငြိမ် ရင်ဆိုင် ရဲအောင်၊ လွန်ခဲ့တဲ့တစ်ပတ်က မြင်ကွင်းတစ်ခုကို ကြုံရ ကတည်းက ကြိုတင်လေ့ကျင့်ထားပြီးပြီ၊ မေမေက ဗေ ရီ့ကို အစစအရာရာ သွန်သင်ထားခဲ့ပြီးပြီ၊ ဗေဒါရီ မေမေ စကားကို နားထောင်ခဲ့လို့ ဒီလောက်ထိ ကို့ကို ဣန္ဒြေ စကားလက်ခံ ပြောနိုင်တာပေါ့၊ ဗေဒါရီ့စိတ်နဲ့သာဆို ကို့ကို အော်ဟစ်ရန်တွေ့ပြီးတာ ကြာပြီ၊ ပြောပါ ကိုတို့ညီအစ်ကိုနှစ်ယောက် တစ်ပြိုင်တည်း ချဉ်းကပ် တည်းက ဘာအကြံအစည်နဲ့ ချဉ်းကပ်သလဲဆိုတာ သံသ ရှိခဲ့ပြီးသားပါ။ တစ်နေ့နေ့တော့ ဗေဒါရီ သိခွင့်ရမှာပဲဆို စိတ်နဲ့ မျှော်လင့်နေတာ ကြာပါပြီ၊ ဒါပေမဲ့ ဗေဒါရီ မျှော် လင့်တဲ့ပုံစံက ကို့ရဲ့ လိုလိုလားလား ဝန်ခံမှုပဲ၊ လက်တွေ့ မှာတော့ ကို့ရဲ့ခနဲ့ခြင်းတွေ ပါဝင်တဲ့ ဝန်ခံမှုဖြစ်နေခဲ့ ပဲ"

မေမေ ... မေမေ ပြောတာ သိပ်မှန်တယ်။ မေမေ စကားကို နားမထောင်မိလို့ သမီးကလေး အခုတော့ မကြားချင် သော စကားတစ်ခုကို ကြားခွင့်ရတော့မယ်။ မေမေ့ကို ကို့ ချစ်နေပြီဖြစ်ကြောင်း ကြိုတင်ဝန်မခံဘဲ ကိုနဲ့ချစ်သူတွေဖြစ်





ဘော်တော်လေးကြာမှ ဝန်ခံလိုက်မိတာကိုက ဗေဒါရီ့အမှား။ ရင်ကဆို မေမေ့ရဲ့ဆုံးဖြတ်ချက်နဲ့ ရပ်တည်နေရ၊ ဗေဒါရီဟာ ခုတော့ ကိုယ်ပိုင်ဆုံးဖြတ်ချက်တစ်ခုကြောင့် ဒုက္ခဆိုတာကို င်ဆိုင်နေရပြီ။

"ဗေဒါရီက အင်မတန် သိချင်နေမှတော့ ပြောပြတာပေါ့၊ အင်း ... ပြောပြီးရင် ဗေဒါရီ ကိုယ့်ကို ပါးရိုက်မလား သတ်ပစ်ချင်စိတ်တွေ ဖြစ်မိမလားတော့ မသိဘူး"

"အို ... စကားမရှည်ပါနဲ့၊ ပြောစရာရှိတာပြော၊ ဒီနေ့ ဒီ အချိန်ကစပြီး ရှင့်ကို မေ့ပစ်ဖို့ ဆုံးဖြတ်ပြီးသား ကို၊ ခုန ကလေးတင်ပဲ ဆုံးဖြတ်လိုက်ပြီးသား"

"အိုကေ ... ဒါဆိုရင် ကိုယ်တို့က သူစိမ်းတွေဖြစ်သွားကြ ရတော့မှာပေါ့နော်၊ ဝမ်းနည်းစရာကြီး၊ ဗေဒါရီ့လို လှပတဲ့ အမျိုးသမီးကလေးနဲ့ အချိန်ကြာကြာ ချစ်သူဖြစ်ခွင့်ကို မပိုင်ဆိုင်ရတာ ကိုယ့်ရဲ့ညံ့ဖျင်းမှုပဲ ထင်တယ်"

ဗေဒါရီသည် ကို့ကို စားပွဲပေါ်မှ ရေနွေးပူပူနဲ့ ပက်ပစ်လိုက်ချင်တော့သည်။ ကို ဘယ်လိုဖြစ်သွားတာ သူမ မျှော်လင့်ထားသည့် ကို့ပုံစံက တည်ကြည်သော၊ အေး းသော၊ လေးနက်သော၊ ရိုးသားဖြောင့်မတ်သော ကို ဖြစ်ခဲ့ပြီး မြင်တွေ့ခွင့်ရသည့် ကို့ပုံစံကတော့ မာနကြီးသော၊ အနိုင် သော ကို ဖြစ်နေခဲ့ပါရောလား။



www.burmeseclassic.com

www.burmeseclassic.com



"ဇေဒါရီဆိုတဲ့ အမည်ကလေး စပြီးကြားရတာက စမှာပဲ ဒေါ်မဋ္ဌူရီရဲ့ ဂီတအကြောင်း အင်တာဗျူးမှာ စတွေ့ရတာ သမီးလေး ဇေဒါရီကလို့ ထည့်ထည့်ပြောတဲ့ မဋ္ဌူရီရဲ့သမီး ဆိုတာကို စိတ်ဝင်စားမိသူက ဖိုးတေဇပဲ၊ ဇေဒါရီရဲ့လား လို့ စာအုပ်ဖတ်နေရင်း ရွတ်လိုက်တော့ အနားမှာရှိတဲ့ကိုယ် က ကြားသွားပြီး ဒုတိယမြောက်လူအဖြစ် ဇေဒါရီ့နာမည် ကို စိတ်ဝင်စားသွားတယ်၊ ကျောင်းမှာစုံစမ်းတော့ အင်္ဂလိပ် စာဂုဏ်ထူးတန်းရဲ့ ကျက်သရေကလေးမှန်း သိရခြင်းက ကိုယ်တို့နှစ်ယောက်ရဲ့ စိတ်ဝင်စားမှုကို ပိုပြီးခိုင်လုံသွားခဲ့ တယ်၊ ဗာလင်တိုင်း(Valentine)ဆိုတဲ့ ဆိုင်မှာ မမျှော်လင့် ဘဲ ဒေါ်မဋ္ဌူရီတို့အခန်းနဲ့ ကပ်ရပ်မှာ နေရာရတော့ ဒေါ်မဋ္ဌူရီရဲ့ သမီးကလေးခေါ်သံ၊ ဇေဒါရီရဲ့ မေမေခေါ်သံ တွေကြောင့် ကိုယ်တို့ သိလို မြင်လိုလှတဲ့ ဇေဒါရီကို မျက်မြင်ကြုံရတယ်၊ အဲဒီမှာ စတာပဲ၊ ကိုယ်က ငါ စိတ် ဝင်စားတယ်လည်းဆိုရော ဖိုးတေဇက ကိုယ့်ကိုလှောင်တယ် မင်းလည်း ဇေဒါရီကို ကြွေပြီး အရှုံးအမှူး ဖြစ်ကျန်မယ့် အထဲမှာ ပါသွားပြီတဲ့၊ ကိုယ် လုံးဝမခံချင်ဘူး၊ လုံးဝမကြွေ စေရဘူး၊ ဇေဒါရီပဲ ကြွေသွားမလား၊ မင်းပဲကြွေသွားမ လား စောင့်ကြည့်ဆိုတော့ ဖိုးတေဇက သူလည်းဇေဒါရီကို စိတ်ဝင်စားသတဲ့၊ ကိုယ်နဲ့သူမှာ ဘယ်သူ့ကို ဇေဒါရီကြွေ





မလဲ ဆိုတာကို သိချင်သတဲ့၊ ဒါမှမဟုတ် ဘယ်သူက ကြွေပြီးကျန်မလဲ ဆိုတာကို စောင့်ကြည့်ချင်သတဲ့၊ ဇေဒါရီ သိထားတဲ့အတိုင်း ကိုယ်တို့နှစ်ယောက်က ဘယ်နေရာမဆို ပြိုင်နေကျအတိုင်း ဒီနေရာမှာလည်း အပြိုင်အဆိုင် ပွဲတစ်ခု လုပ်ဖြစ်သွားကြတယ်၊ ကိုယ်တို့နှစ်ယောက်ရဲ့ပြိုင်ဆိုင်မှု နောက်ထပ်တစ်ခုမှာ ဇေဒါရီကို ရွေးချယ်ခဲ့ကြမိတယ်၊ ဖိုးတေဇက အမြဲ ကိုယ့်ကိုရှုံးနေကျအတိုင်း ဒီပွဲမှာရှုံးသွား ခဲ့တယ်၊ ဒါပေမဲ့ နောက်ထပ်တစ်ပွဲကို သူက စောင့်ကြည့် နေတယ်၊ အဲဒါကတော့ ကိုယ်က အရှုံးအမှူး ဖြစ်မဖြစ်ဆို တာကိုပဲ"

"ဒါဆိုရင် ကျုပ်က ပစ်မှတ်ပေါ့၊ ရှင်တို့ရဲ့အတ္တယှဉ်ပြိုင် ပွဲမှာ ပစ်မှတ်ပေါ့၊ ဟုတ်လား"

ကိုသည် ဇေဒါရီ့အင်မတန်မှ အခံရခက်စေသော ...ဖြင့် ဝန်ခံလေသည်။ ဝန်ခံတဲ့အတွက် ကျေးဇူးပါပဲကို။ ကို ... သူမအား ဖိုးတေဇနှင့် ပြိုင်ဆိုင်လို၍ အပြိုင်ပိုးပန်းခဲ့သည်။ ...၏အချစ်ကို ဖိုးတေဇနှင့်အပြိုင် ကြိုးစားပြီးမှ ကိုက အနိုင် ... ရယူခဲ့သတဲ့။

ပြီးတော့ နောက်ထပ် အနိုင်ပွဲအတွက် သူမအား ...အမှူး မဖြစ်လမ်းမိစေဖို့ ကိုက စိမ်းကားစွာ ဆက်ဆံတတ်တာပဲ ...သည်။ ကို သူမကို လုံးဝမချစ်ခဲ့ဘူးပေါ့။ အို ... ဘယ်လောက်



www.burmeseclassic.com

www.burmeseclassic.com



ဆေးသိမ်းလိုက်တဲ့ ဘဝလဲ။ ချစ်သူ၏ စစ်မှန်သည့် ချစ်ခြင်းကို ရခဲ့ဘဲ သူမမှာတော့ တန်ဖိုးထား မြတ်နိုးလိုက်ရတာ။ နှစ်သိမ့် ကြည်နူးလိုက်ရတာ။ စိတ်ကူးယဉ် မျှော်လင့်လိုက်ရတာ။

"တခြားကောင်မလေးတွေကရော"

"သူတို့တွေလည်း ဖိုးတေဇနဲ့ ပြိုင်ရင်းက များကုန်တာ အမှန်တော့ ကျွန်တော်နဲ့ ဖိုးတေဇ နှစ်ယောက်လုံးမှာ သဘောတူထားကြတဲ့ မိန်းကလေးရှိပြီးသား။ ဒါက ကျွန် တော်တို့ရဲ့ ပြိုင်ဆိုင်မှုတွေပေါ့။ တစ်သက်လုံး ပြိုင်ချင်လည်း ပြိုင်မီမယ် ထင်ပါရဲ့၊ ခက်တာက ကျွန်တော် မပြိုင်ချင်လည်း ဖိုးတေဇက ခဏ ခဏ စိန်ခေါ်တတ်တာပဲဗျ"

ကိုသည် သူ့ကိုယ်သူ "ကျွန်တော်"ဟု ပြောင်းသုံး လျက် ဗေဒါရီကို သူစိမ်းဆန်ပြတော့၏။ ကို တကယ်ရော ပြော နေတာမှ ဟုတ်ရဲ့လားဟု ဇဝေဇဝါဖြင့် ကို့အားအကဲခတ်သော် လည်း အချည်းနှီးပဲတည့်။ ကို့မျက်နှာက မာနထန်သည့်အရိပ်က ဘယ်တော့မှ ပျောက်ပျက်တော့မည် မထင်ချေ။

"ဗေဒါရီကတော့ အင်မတန် ထူးခြားတဲ့ မိန်းကလေးပဲ ကျွန်တော် ဒီလိုဝန်ခံတာကို လုံးဝမတုန်မလှုပ်နဲ့ နားထောင် ပြနိုင်တယ်ဗျာ၊ ကြိုတင်သတင်းရထားလို့လား"

ဗေဒါရီသည် ခေါင်းခါပြရုံကလွဲလျှင် သူမ၌ ပြော စရာစကားတွေ ပါးရှားခဲ့ရပြီ။ ကို့ဆီမှ နာကြည်းစရာစကားတွေ





ကြားရပါလျက် နာကြည်းသင့်သလောက် မနာကြည်းခဲ့သော ကိုယ်ကိုလည်း အံ့ဩချင်သားပင်။

ဘယ်လောက် ခံပြင်းစရာ ကောင်းလိုက်သလဲ။ ကြည့်စမ်း ... မာနကြီးသော၊ အနိုင်ရလိုသော၊ မိမိကိုယ်ကို အထင်ကြီးသောမိန်းမတွေကို အထင်သေးသော၊ လျှော့တွက်တတ် သော ယောကျ်ားနှစ်ယောက်ရဲ့ အတ္တယှဉ်ပြိုင်ပွဲမှာ အမိကပစ်မှတ် က ဗေဒါရီတဲ့။ ဗေဒါရီဟာ ပစ်မှတ်တဲ့။

ဗေဒါရီကို ရွေးချယ်ပြီး ယှဉ်ပြိုင်ခဲ့ကြသတဲ့။ ပစ်မှတ် ... ပစ်မှတ်။ ပစ်မှတ်ဆိုတာဟာ အလယ်ဗဟိုကိုထိအောင် ပစ် တဲ့သူကို အနိုင်လို့ သတ်မှတ်ပေးရတဲ့ အဓိက ဆုံးဖြတ်ပေးရတဲ့ အရာဝတ္ထုကလေးပဲ။

သူမအား အရာဝတ္ထုတစ်ခုပမာ သဘောထား၍ ပြိုင်ရက်ခဲ့ခြင်းကို နာကြည်းပစ်လိုက်ရန် သင့်ပါလျက်၊ အထူး ဖြင့် ကို့ကို နာကြည်းလိုက်သင့်ပါလျက် မနာကြည်းရက်သည် ဗေဒါရီဆိုတဲ့ မိန်းမပဲတည်း။

"ကျုပ်တို့ လမ်းခွဲကြရအောင်၊ ဒါပေမဲ့ တစ်ခုတော့ ရှင့် ကို ပြောခဲ့ရဦးမယ်၊ ရှင်လည်း ကျုပ်ကို အနိုင်ရရုံချဉ်းကပ် ခဲ့လို့ အရှုံးအမှုံး ဖြစ်မကျန်ခဲ့သလို ကျုပ်ကလည်း ရှင့်ကို အရှုံးအမှုံး မချစ်ခဲ့မိဘူး၊ ရှင့်ကို တွဲခဲ့မိခြင်းရဲ့ အဓိက ရည်ရွယ်ချက်ကတော့ မာနကြီးတဲ့ ယောကျ်ားတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ အသည်းကွဲခြင်းဟာ ဘယ်လိုနေလိမ့်မလဲဆိုတာ သိ... လို့ မေမေရယ်၊ ခိုင်မာလာရယ်၊ သီရိရယ် တားတဲ့ကြား... ရှင့်ကို တွဲကြည့်မိတာပဲ၊ ရှင်က မာနကြီးတဲ့ယောကျ်ားပီး... ပါပေတယ်၊ ကျုပ်ရဲ့လှည့်စားမှုမှာ နစ်မြုပ်မသွားခဲ့တာကို... ရှင့်ရဲ့မာနတွေမဲပေါ့၊ ရှင်တို့နှစ်ယောက်မသိသေးတဲ့ ကျုပ်... လျှို့ဝှက်ချက်တစ်ခုကို ရှင့်ကို ပြောပြခဲ့မယ်၊ အဲဒါကတော့... ကျုပ်ရဲ့မေမေဟာ ဖေဖေနဲ့ ဘာမှမဟုတ်တဲ့ ကိစ္စလေး... စကားများပြီး ကွဲခဲ့ကြတဲ့ အကြောင်းရင်းပဲပေါ့၊ ဖေဖေဟာ... အင်မတန်မာနကြီးတယ်၊ မေမေက အခုထိ ဖေဖေ့အကြောင်း... ပြောတိုင်း ဖေဖေ့မာနတွေကိုထည့်ပြောတတ်ဆဲပဲ၊ ဒါကြော... ကျုပ်က မာနကြီးတဲ့ ယောကျ်ားတွေကို မုန်းတယ်၊ မာ... ကြီးတဲ့ ယောကျ်ားတစ်ယောက်ရဲ့ ကျဆုံးခန်းကို သိပ်မြ... ချင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဖေဖေက ကျုပ်... အင်မတန်ချစ်တာတောင် မေမေ့အပေါ် မာနတွေထား... အခုထိ လှည့်မကြည့်ဘဲ ပစ်ထားခဲ့ရက်လို့ ဖေဖေ့ကိုမမုန်း... ပေမယ့် ဖေဖေ့ရဲ့ယောကျ်ားမာနကို မုန်းတယ်၊ ဒါကြော... ရှင့်ကို လက်ခံခဲ့တာ၊ ရှင်က အင်မတန်မာနကြီး... ယောကျ်ားတစ်ယောက်လေ"

ဗေဒါရီသည် ထိုစကားအဆုံးတွင် သူ့အနားမှ ထွ... လာခဲ့မိသည်။ ထိုနေ့ ထိုအချိန်မှစ၍ ကို့ကို သူမ ဘယ်တော့...





...ဖြစ်ခဲ့တော့ချေ။ ကိုက ရှောင်လေသလား။ သူမက ရှောင်လေ...အား မသိပါ။ ထကယ်ပဲ လုံးဝမဆုံခဲ့ကြတာ။ မှန်တာဝန်ခံရ...ကို တစ်နေ့ လက်နက်ချလာမယ့်နေ့ကို တိတ်တဆိတ် မျှော်...ခဲ့မိသေးရဲ့။ "ဗေဒါရီကိုပဲ ချစ်မိပါပြီ"ဆိုတာကို မျှော်လင့်...သေးရဲ့။ သို့သော် ကိုက တကယ်ပဲ မာနကြီးခဲ့လေသည်။

"ရှင့်ဝင်ငွေနဲ့ ကျွန်မဝင်ငွေ ဘယ်သူသာသလဲဆိုတာ ရှင် တွေးကြည့်မိရဲ့သားနဲ့ မောင်ရယ်၊ ရှင်က ဒါကိုဖုံးကွယ်နေချင်သေးတယ်"

... ဟူသော မေမေ့စကားကလေး တစ်ခွန်းအား...သည် ဆတ်ဆတ်ထိမခံဖြစ်ကာ အိမ်ပေါ်မှ ဆင်းသည်အထိ၊ ...ဘာသာ ရပ်တည်သည်အထိ မေမေ့ထက် ဝင်ငွေတောင့်တင်း...သည်အထိ ကျိတ်ကြိုးစားခဲ့သည်။ အဲသည်လိုပဲ ကိုကလည်း ...၏ တမင်အသည်းခွဲဖို့ ရည်ရွယ်ချက်နဲ့ တွဲပါတယ်ဟူသော ...လည်အနိုင်ယူစကားကို အမှန်ထင်မှတ်ကာ မာနကြောင့် ...ဆတ်ထိမခံ ဖြစ်ခဲ့ပုံရသည်။

"ဗေဒါရီ ...

ကျွန်တော့်ရဲ့မာနကို မုန်းလို့ အသည်းခွဲခဲ့ပေမယ့် ဗေဒါရီ ထင်သလို မဖြစ်ခဲ့တဲ့ ကျွန်တော်ဟာ ဘယ်တော့မှ မိန်းမတစ်ယောက်ကြောင့် အသည်းကွဲမှာ မဟုတ်ဘူး ဆိုတာ မြဲမြဲမှတ်ထားလိုက်ပါ ..."



www.burmeseclassic.com

www.burmeseclassic.com



ဟူသော စာတစ်စောင်ဖြင့် ဗေဒါရီ့ကို အနိုင်

ခဲ့သည်။

ကျောင်းမှာ အချိန်ပိုင်းနည်းပြ ဝင်လုပ်ချိန်မှာ သည် သူ့မာမာ သဘောတူခဲ့သည်ဟု ပြောပြခဲ့သည့် မိန်းက ဖြင့် စေ့စပ်လိုက်ခြင်း သတင်းအား သိခွင့်ရခဲ့သည်။ ထို ဗေဒါရီနဲ့ကိုတို့ ချစ်သူသက်တမ်း၏ နှစ်ပတ်လည်ပင်ဖြစ် ဗေဒါရီက မိုက်မဲစွာ သတိရနေခဲ့သေးသည်။ ကိုက သတိ မသိပေမယ့် ဗေဒါရီကတော့ အခုအချိန်ထိ ကိုနှင့်ပတ်သက် ကို သတိရနေတတ်တယ် ဆိုရင် ဗေဒါရီ လွန်ခဲ့သည်ပဲနော်

✣ ❤ ✣








www.burmeseclassic.com

www.burmeseclassic.com



သိပ်လှတဲ့ မိန်းမတစ်ယောက်ထံမှာ ဘယ်တော့မှ မကျ
စေရဘူး။ ထိုမိန်းမကို စွဲလမ်းခြင်းတွေ မဖြစ်စေရ၊ မြတ်နိုး
တွေ မပေးမိစေရ၊ အကြင်နာနဲ့ တွယ်တာခြင်းတွေ မဖ
လှုံစေရ ...

စသည်တို့အပြင် ... "အချစ်"ဆိုသည်မှာ သိပ်လှသေ
မိန်းမများ၏ ဖြားယောင်းသော အလှများကြောင့် ဖြစ်ပေ
သွားတတ်သည်ဟူသော အယူအဆက မှားယွင်းခဲ့လေ
တကယ် တကယ်တော့ အချစ်ဟာ သည်လိုအလှအပ
ကြောင့် ဖြစ်ပေါ်လာခြင်းနဲ့ လားလားမှမဆိုင်ဘဲ ရင်တွင်
၌ နက်နက်နဲနဲ စူးနင့်စွာ ဖြစ်တည်တတ်သည့် အရာတ
ပဲဆိုတာ ဗေဒါရီက သင်ကြားပေးခဲ့လေသည်။

✣ ❤ ✣





(ဂ)

"အောက်ထပ်မှာ လူစုံတက်စုံပါလားဗျ"

"ဟုတ်တယ်၊ ဒီနေ့ ကိုယ့်တူမချောလေး စက္ကင်းရီးယားကို (Honours)တန်း ဆက်တက်ရမယ်ဆိုပဲ၊ အဲဒါ ဝမ်းသာတဲ့ အထိမ်းအမှတ်နဲ့ သူငယ်ချင်းတွေကို ကျွေးတာ၊ နောက်ပြီး သူ့ကို အစစအရာရာ ကူညီပြသပေးတဲ့ ဆရာ/ဆရာမတွေ ကိုဆိုလား ကန်တော့ဦးမတဲ့၊ အလုပ်ကလည်းရှုပ်ပါ့၊ ကိုယ့် အစ်မလည်း ဒီသမီးတစ်ယောက်တည်း ရှိတာဆိုတော့ ပုံအော အလိုလိုက်နေတာ၊ နေဦးဗျ ဒီဝရန်တာကဆိုရင် အကုန်မြင်ရတယ်၊ သူ့မီး ဆရာမတွေ လာလိမ့်မယ်၊ အဲဒီ ထဲမှာ ခင်ဗျားကို ကျွန်တော့်ရဲ့ စွဲလမ်းသူကလေး ပြရဦး မယ်"

"ဘာလဲ ... ဆရာမလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ဒါပေမဲ့ ဆရာမလို့သာ ပြောရတယ် ရုပ်ရှေ ကလေးက နုဖပ်နေအောင်လှတာ၊ တက္ကသိုက်ကျောင်း လား ထင်ရတယ်၊ စတွေ့တုန်းက သမီးသူငယ်ချင်းအော မေ့လို့၊ နောက်မှ ဆရာမမှန်း သိရတာ၊ သိပ်လှတဲ့အမျ သမီးပဲဗျာ"

ယောကျ်ားတစ်ယောက်၏ အားနည်းချက်က အဲ ပဲဟု သူက ချက်ချင်း အပြစ်မြင်မိသည်။ မိန်းမတစ်ယော သိပ်လှပြီဆိုလျှင် သူမ၏အလှကို စိတ်ဝင်စားရာကစပြီး ချစ် ပါသည်၊ ကြိုက်ရပါသည်။ ပိုင်ဆိုင်လိုလှပါသည်တွေ နောက်ဆ တွဲ တစ်သီကြီး လိုက်လာတော့တာ။ သူက အဲဒါကို အင်မတ မုန်းသည်။ သူ့ဘဝမှာ မိန်းမတစ်ယောက်၏အလှကို ယစ်မူး ချစ်မိသည်ဆိုတာမျိုး မရှိစေရ။

"ကျွန်တော်က လှတဲ့မိန်းမတွေကို စိတ်မဝင်စားချင်ဘူ

"ဟ … တစ်မျိုးကြီးပါလား"

"ဟုတ်တယ်၊ ကျွန်တော့်ပါပါဟာ လှတာသိပ်မက် မိန်းမများတယ်ဆိုတဲ့ ဂုဏ်ပုဒ်ကို ပိုင်ဆိုင်နေတာ ပါပါက မာမာ့ကို သိပ်လှလို့ ချစ်မိတယ်ထင်ပြီး လက်ထ သတဲ့၊ အဲဒီလိုပဲ ဖိုးတေဇရဲ့ မာမာကိုလည်း ထပ်တွေ့ သိပ်လှလို့ ချစ်မိရာက လက်ထပ်ပြန် နောက်ထပ် နော ထပ်တွေလည်း ဒီအတိုင်းပဲ၊ ကျွန်တော်က အဲဒါကို အ





တန် ရွံမုန်းတာ၊ ပါပါ ဒီလိုလှတဲ့ မိန်းမမြင်တိုင်း ချစ်မိ လို့၊ ပိုင်ဆိုင်ခွင့်ရအောင်လုပ်လို့၊ ကျွန်တော် မလိုလားတဲ့ အိမ်ထောင်ရေး မသာယာတဲ့ မိဘနှစ်ပါးရဲ့ သားတစ် ယောက်ဘဝကို ရခဲ့တာပဲ၊ အဓိကတရားခံဟာ လှတဲ့မိန်းမ တွေကို စိတ်ဝင်စားတတ်တဲ့ ယောကျ်ားတွေရဲ့ အားနည်း ချက် လုံးဝမရှိချင်လို့ လှတဲ့မိန်းမတွေကို ပိုင်ဆိုင်ရအောင် မကြိုးစားဘူး"

"အေးဗျ၊ ခင်ဗျားအဖေကလည်း တော်တော်အားကျစရာ ကောင်းလောက်အောင် ဖွံ့တဲ့သူပဲ၊ ယူသမျှ မိန်းမတိုင်းက အလှတကာ့ အလှဆုံးတွေချည်း ဖြစ်နေတယ်"

လိမိတက်(Limited)ကားဖြူဖြူကလေး ခြံထဲချိုးဝင် တာမြင်တော့ ကိုထွဋ်ကျော်သည် ပြုံးပြုံးပျာပျာ ထိုင်ရာမှ ထ လိုက်၏။ ဝရန်တာမှာ ကြိမ်ခုံဝိုင်းကြီးတွေချလျက် အောက် ကို ကြည့်နေခြင်းကြောင့် ဝရန်တာက သံတိုင်တွေကြားမှ မြင်ခွင့်ရခြင်းအား ကျေနပ်ဟန်မတူ။ ဝရန်တာလက်ရန်းကို တောင်နှစ်ဖက် ထောက်မှီရင်း ရပ်ကြည့်ဖို့ ပြင်ဆင်၏။

ဘယ်လောက်တောင်များ လှတာမှတ်လို့လဲ။ စိတ် ညည်းတွားလိုက်စဉ် လှတာထက် အပြစ်ကင်းစင်တာတွေပါ ထွားနေခဲ့သော မျက်နှာကလေးတစ်ခုကို ထူးထူးဆန်းဆန်း တာမိသတဲ့။ ကျွတ် … သွားစမ်း။ တစ်ဆိတ် အဓိပ္ပာယ်မရှိ



www.burmeseclassic.com

www.burmeseclassic.com



တာပဲ။ ဘာဖြစ်လို့ သည်အချိန်အထိ ခဏ ခဏ ဖျတ်ခနဲ နှိုင်
ယှဉ်သတိရနေရတာလဲ။ သူမဓာတ်ပုံကို အခုထိ တစ်ခါမှ ထ
မကြည့်ခဲ့တာတောင်၊ ရှင်းရှင်းပြောရင် သော့ခတ်ထားတဲ့ ဗီရို
အံဆွဲထဲမှာ သိမ်းထားခဲ့တာတောင် အလွတ်နီးပါး မှတ်မိနေ
သူမ၏မျက်နှာသွင်ပြင်က အခုချိန်ထိ သူ့ကို နှောင့်ယှက်နေ
သေးသည်။ ဘီယာကို တစ်ချက်မော့စဉ် ...

"ဟော့ ... ကိုရဲတိုက်၊ ကြည့်ပါဗျ၊ ဘီယာခွက်ကြီး ချထ
စမ်းပါ၊ ခဏလေး ကြည့်ပေးရုံပဲ၊ ကျွန်တော့်ရဲ့ကျက်သ
ကလေးကို ကြွားချင်လွန်းလို့"

ဟု ကိုထွဋ်ကျော်က အတင်းဆွဲလှည့်၏။ အားနာ
နှင့် ကိုထွဋ်ကျော်ဘက်လှည့်ကာ ထိုင်ရာမှမထဘဲ ဝရန်တာအော
ဘက်မှ ကားရပ်ရန်နေရာမှာ ရှိနေသော ကားဖြူဖြူကလေး
ကြည့်လိုက်ရသည်။ ကားတံခါး ဖျတ်ခနဲ အပွင့်မှာ အရင်
မြင်ခွင့်ရတာကတော့ မိုးပြာရောင်ဖျော့ဖျော့ လက်ရှည်ကား
ဝတ်ဆင်ထားသည့် လက်တစ်ဖက်ပင်ဖြစ်သည်။ ထို့နောက်ခေါ
မြင့်ကြိုးသိုင်း ဝတ်ထားသည့် ခြေထောက်ဖြူဖြူကလေး တစ်
ပဲ။ အခုထိ ကားထဲကနေ အပြည့်အဝ ထွက်မလာသေး၍ သူ
၏မျက်နှာကို မြင်ရချေ။

"ဗေဒါရီတဲ့ဗျ၊ အဆိုတော် မဥ္ဇူရီရဲ့သမီး"

"ဘာ"





သူ အလန့်တကြား ထရပ်မိသည်။ ကိုထွဋ်ကျော်က
ဘာဖြစ်လို့လဲဟု မေး၏။ သူက လိမ်ညာပစ်လိုက်သည်။

"မဥ္ဇူရီသမီး ဆိုလို့ပါ"

"အမေက အဆိုတော်ကြီး တစ်ယောက်ပေမယ့် ဗေဒါရီက
လုံးသီချင်းမဆိုဘူး၊ စာသင်တာ ဝါသနာပါသတဲ့၊ သမီး
က အိမ်မှာ ပြောလွန်းလို့ သိနေတာ၊ ကျွန်တော်နဲ့ ဆုံဖူး
ပေမယ့် လုံးဝပြုံးရယ်ပြခြင်း မရှိဘူးဗျ၊ အင်မတန် မာန
ကြီးတဲ့ အမျိုးသမီးကလေး၊ ဒါပေမဲ့ သူ မာနကြီးပုံက
အပြစ်ကင်းစင်သလိုပဲ"

ဗေဒါရီ သူ့ရဲ့စိတ်စေတသိတ်ကို လွှမ်းမိုးထားနိုင်
ခဲ့တဲ့ ထူးခြားတဲ့ မိန်းကလေး။ သူမထံမှ "မာနကြီးတဲ့
ယောက်ျားတွေရဲ့ မာနကိုမုန်းတယ်"ဟူသော နောက်ဆုံးကြားခွင့်
ရသည့် စကားထဲမှ တချို့ကို ခုထိ သတိရနေဆဲ။ မဟုတ်သေးပါ
ဘူး သည်လောက်တောင် အချိန်တွေ ဖြတ်သန်းလာခဲ့ပြီးမှ သည်
မိန်းမတောင်ဆုံစည်းရခြင်းမှာ ဖရိုဖရဲ မဖြစ်သင့်ဘူး။ ကွဲခဲ့ကြတာ
ဆယ်နှစ်ဆိုတာ နည်းမှမနည်းတဲ့ နှစ်တွေပဲ။

မိုးသားပြာရောင် ရင်စေ့လက်ရှည် လက်ရင်းခပ်ပွပွ
(ဘီအေလက်ပုံစံမျိုးနှင့်)လုံချည်က မိုးသားပြာအခံပေါ်တွင် အနက်
အစိမ်း အဝါပွင့် ခပ်ကျဲကျဲ ခပ်သေးသေးပါသော အဆင်နှင့် ပြေ
ပြေကြည့်ကောင်းဆဲ။ နူးညံ့ရှည်လျားသည့် ဆံပင်ရှည်တို့က ခါး



www.burmeseclassic.com

www.burmeseclassic.com



အထိကျော် ရှည်လျားနေဆဲ။ ထိုဆံပင်များကို ကလစ်တစ်ခုဖြ နှောင်ထား၍ ကြန့်ခြေ့ရစ္စာ သပ်ရပ်နေသည်။ ဟိုး ... အရင်ကတော ဖားလျားဝေလျက်ရှိတတ်တာ။ သူက သူမ၏ဆံပင်တွေကြားမှာ မျက်နှာအပ်လျက် နေခဲ့ရချိန်များအား ပြန်သတိရချင်လာသည်။

ညီညာသော ခြေလှမ်းများဖြင့် သူမ လှမ်းလာသော အခါ ထွန်းကျော်၏ တူမနှင့် တခြားသူငယ်ချင်းမတချို့က မြေ ကြိုလျက် သူမ၏ လက်တစ်ဖက်တစ်ချက်စီ ဝိုင်းတွဲကြလေသည်။

"မမ ... အစောကြီးလာတယ်၊ ပျော်လိုက်တာ"

ကိုထွန်းကျော် တူမက အော်ကျယ် အော်ကျယ် ပြော၏။ ဗေဒါရီက ဘာပြန်ပြောလိုက်သည် မကြားရချေ။ ထို့နောက် အိမ်အောက်ထပ်ဘက် ဝင်သွား၍ သူမတို့အား မမြင်ရတော့။ ကိုထွန်းကျော်က ထိုအခါမှ သူ့ဘက်လှည့်၍ ဘယ့်နှယ်ဟု အကြံတောင်းတော့သည်။

အင်း ... ဟန်ဆောင်ရတာ ဘယ်လောက်ပင်ပန်း သလဲဆိုတာ အခုမှ ရင်ဆိုင်ခဲ့ရပြီ။ ကြည့်စမ်း ... ကိုယ်နဲ့သက် ဆိုင်ခဲ့ဖူး၊ တိုမိန်းမ၏အလှများမှာ နစ်မွန်းပြုံလဲတော့မတတ် ဖြစ်ခဲ့ဖူး၍ မာနဖြင့် မရမက ရုန်းထွက်ခဲ့တဲ့ လူတစ်ယောက်ဟာ အခုတော့ ထိုမိန်းမ၏အလှများမှာ ယစ်မူးနေတဲ့ လူတစ်ယောက် အတွက် ထင်မြင်ချက်ပေးရတော့မယ်တဲ့။ ရင်ထဲမှာ ထိုသို့ထင် မြင်ချက်ပေးရမည့်အတွက် ထူးဆန်းနာကျင်လာရသည်။





"စာသင်ရင် သိပ်နားထောင်ကောင်းတာဗျ၊ ကိုယ့်ကိုယ်ကိုယ် ကျုပ်က ... ကျုပ်ကနဲ့ ကလေးတွေကို ရှင်းပြတဲ့၊ စကား အဆုံးသတ်တွေမှာ တော်တို့ တော်တို့ ထည့်သုံးတတ်တာ များတယ် အင်မတန် ရိုးစင်းတဲ့ စကားပြောဟန်ပါပဲ၊ ဒါပေမဲ့ ကျွန်တော်က သဘောကျနေတဲ့သူမို့လားတော့ မသိဘူး နိုးနားထောင်ရတာ အမောပဲ"

"သူက ဒီအိမ်မှာ စာလာသင်တယ်၊ ဟုတ်လား"

"ဟုတ်တယ်လေ၊ ကလေးတွေ အကူအညီတောင်းလို့ သင်ပေးတာ၊ လုံးဝငွေကြေးမယူဘူး၊ ပေးရင် စိတ်ဆိုးတယ်၊ ဒါကြောင့် ကလေးတွေက သူ့ကို ဒီနေ့ ကန်တော့ကြဖို့ ကြိုတင်စီစဉ်ထားတယ်လေ၊ သမီးတင်မကဘူး သူတို့တစ်ဖွဲ့လုံး အောင်နားစ်ဝင်ကြတယ်တဲ့။ ဒါကြောင့် ကျေးဇူးတင် ပြီး လက်ဆောင်ကိုယ်စီနဲ့ ကန်တော့ကြမတဲ့၊ ကျန်တဲ့ ဆရာမတွေလည်း အိမ်မှာပဲ စာလာသင်ကြတာ များတယ်၊ အိမ်ကျယ်တယ်လေ၊ ကျွန်တော့်အတွက်တော့ ဗေဒါရီ စာလာသင်တဲ့ အချိန်တွေကို မှတ်သားပြီး အိမ်ပြန်ရတာ အလုပ်တစ်ခု ဖြစ်နေပြီ"

ကိုထွန်းကျော်က သူမ၏ "ကျုပ်ဟူသော ရိုးစင်းသည့် နာမ်စားကို သဘောကျသတဲ့။ သူကတော့ အများကို သည်လိုနာမ် စားသုံးခြင်းကို ခွင့်ပြုလျက် သူ့အတွက်တော့ "ဗေဒါရီ"ဟူသည့်



www.burmeseclassic.com

www.burmeseclassic.com



ချစ်စရာကောင်းသည့် နာမ်စားကလေးသုံးပြီး စကားပြောဖို့ အနိုင် သူ တောင်းဆိုဖူးသည်။ သူမက သူ့ရဲ့တောင်းဆိုချက် အတော် များများကို အမြဲလိုက်လျောခဲ့တာများသည်။

ဟာ ... ဒါ ဟန်ဆောင်တာရော မဖြစ်နိုင်ဘူးလား မာနကြီးသော ယောကျ်ားတစ်ယောက်ရဲ့ မာနတွေကို အမုန်းစိတ် နဲ့ အနိုင်ယူဖို့ သူမကြောင့် အသည်းကွဲသွားစေဖို့ ဟန်ဆောင် လိုက်လျောတာရော မဖြစ်နိုင်ဘူးလား။ ဗေဒါရီ မင်းရဲ့အဲသည် စကား တစ်ခွန်းဟာ ငါ့ကို ခုထိခြောက်လှန့်နေတာ၊ မခံချင်အောင် စိတ်ကိုဆွပေးတာ ဘာကြောင့်များပါလိမ့်။ ငါကလည်း ငါ့ရဲ့မာန အတိုင်း သိပ်လှတဲ့ မိန်းမတွေကို မချစ်မိစေဖို့၊ မိန်းမတစ်ယောက် ကြောင့် ဘယ်တော့မှ အသည်းမကွဲစေဖို့ ဘာကြောင့်များ လိမ် ညာနေခဲ့မိပါလိမ့်။ ကိုယ့်ကိုယ်ကိုယ် လိမ်ညာနေမှန်းသိလျက် ဘယ်သူမှ မသိအောင် အမြဲလိမ်ညာနေချင့်သားပင်။

"ကျွန်တော် ပရိုပို့စ်လုပ်ရင် သူ ငြင်းမယ်ဆိုတာတော့ ကျွန်တော် သိနေသလိုပဲ"

"ဟာ ... ဘာကြောင့်လဲ"

သူ့အသံက ဝမ်းသာအားရအသံ မဖြစ်နေပါဘူးဟု ထပ်မံလိမ်ညာခဲ့ပြန်သည်။

"ဘာကြောင့်လဲဆိုတော့ သူက မမရဲ့ဘဝမှာ မေမေက လွဲရင် ဘယ်သူ့မှ အားမကိုးဘူး၊ မေမေ မရှိတော့ရင်လည်း





ကိုယ့်ကိုယ်ကိုယ်ပဲ အားကိုးမယ်၊ ယောကျ်ားတစ်ယောက် ကို အားကိုးရတယ်ဆိုတာမျိုး ဘယ်တော့မှ အဖြစ်မခံဘူး လို့၊ သမီးက မမမှာ ရည်းစားမရှိဘူးလား မေးတော့ အဲဒီလို မာနစကားကို ပြောဖူးတယ်"

"အဲဒါနဲ့ ခင်ဗျားက လက်လျှော့ထားရတယ်လို့ဗျာ၊ သူက အချစ်ဆိုတာကို မေ့ထားပုံရတယ်"

"ဘယ်ကလာ သူ့မှာ အချစ်ရှိတာပေါ့၊ သမီးတို့တစ်တွေ က အင်မတန် စပ်စပ်စုစု စုံစမ်းတော့ သတင်းကလေး သဲ့သဲ့ရဖူးသား၊ ကျောင်းတုန်းက ရည်းစားရှိခဲ့သတဲ့၊ သူ့ ရည်းစားက ရည်းစားများလို့ ယောကျ်ားတွေကို စိတ်နာနေ တယ်ဆိုလား၊ သူတို့ချင်း ပြောကြလေရဲ့၊ ဗေဒါရီ့ချစ်သူ ဘယ်သူဖြစ်ခဲ့သလဲတော့ ခုထိ စုံစမ်းလို့ရပုံ မပေါ်ဘူး"

ထိုနေ့က သူမ ပြန်သည်အထိ ကိုထွင့်ကျော်နဲ့အတူ ဘာလို့ စောင့်ကြည့်ခဲ့ရသလဲ။ Limiteကားဖြူဖြူလေးရဲ့ နောက် ကို မျက်စိတစ်ဆုံး ဘာလို့ လိုက်ငေးခဲ့သလဲ။ ပြီးတော့ သူမ တစ်ယောက်တည်းပဲဆိုတာကို ဘာလို့ ကျေနပ်မိသလဲ ဆိုတာ ကို သူ တကယ်စဉ်းစားမရခဲ့သေး။

✤ ❤ ✤



www.burmeseclassic.com

www.burmeseclassic.com



ကိုတွင့်ကျော်နဲ့ တွေ့ဆုံပြီးနောက်ပိုင်းတွင် သူ့စိ
အစဉ်တွင် ဗေဒါရီက လွှမ်းမိုးနေခဲ့ပြန်သည်။ သူမအကြော
အတွေးထဲပေါ်လာတိုင်း စိတ်ပျက်လက်ပျက် ညည်းညူကာ လု
လက်စ အလုပ်တွေလည်း ဘေးချထားရပေါင်းများပြီ။ မင်း သိ
ဒုက္ခပေးနေဆဲပါလား ဗေဒါရီ။ ဝေးကွာခဲ့တဲ့ နှစ်တော်တော်မျ
များမှာ တတ်နိုင်သမျှ ကြိုးစားမေ့ပျောက်ထားခဲ့ပြီး သည်
တစ်ခါလောက် ပြန်ဆုံရုံနဲ့ ဘာဖြစ်လို့ နေ့စဉ်ရက်ဆက် သတိ
နေစေအောင် အစွမ်းရှိနေပြန်တာလဲဟု တစ်ယောက်တည်း ရေရွ
ခဲ့ရပေါင်းများပြီ။

"ကို"

ဟု ခေါ်သံကလေးဖြင့် စတင်သော စာကြော
အစကို ဖတ်မိခိုက်မှာ သူမများ အနားကပ်ခေါ်သလားလို့ ထ
ယောင်ထင်မှား ဖြစ်စေတော့မတတ်။ အနှစ်နှစ်အလလ သိမ်းဆည
ထားခဲ့ပြီး တစ်ခါမှထုတ်မကြည့်မိဖို့ မိမိစိတ်ကို မိမိ ချုပ်တီးထ





သမျှ အရာမထင်တော့ချေ။ ယခုတော့ သူမ၏ ခတ်ပုံကလေးအား
ပြတ်နိုးစွာ ထုတ်ကြည့်မိခဲ့ပြီပဲ။

ငါ မင်းကို ဘာဖြစ်လို့ မေ့လို့မရခဲ့သလဲ။ မင်းရဲ့
ကားတစ်ခွန်းမှာ ဘာကြောင့် သည်လောက် ထိခိုက်နာကျင်မိ
သလဲ ဗေဒါရီ။ အဲဒါဟာ ငါ့ရဲ့ အားနည်းချက်ပဲ။ တကယ်ဆို
ါဟာ မင်းကို သည်လောက်ထိ ဝါသသ ဖြစ်မနေသင့်ဘူးဆိုတာ
ကို ကိုယ်တိုင်လည်း ဝန်ခံချင်သားပင်။

နေ့တစ်နေ့၏ ညနေခင်းတစ်ခုမှာတော့ သူသည်
န်ကုန်တက္ကသိုလ်ကြီး ရှေ့က ကားဖြတ်မောင်းစဉ်မှာ သူ့ရဲ့
မှားတစ်ရပ်အား ကျူးလွန်ဖို့ အလိုလို ဆုံးဖြတ်ခဲ့လေသည်။
ဒါကတော့ သူမရှိရာ အင်္ဂလိပ်စာဌာနဘက် ကားဖြတ်မောင်း
ကြည့်ဖို့ပင်။ အတန်းတွေမပြီးသေး၍ ကျောင်းထဲမှာ ကျောင်းသား
က စည်ကားနေဆဲ။ သည်မြေကိုခြေချတော့ လွန်ခဲ့သည့် နှစ်
များစွာအား ထပ်မံလွှမ်းဆွတ်ချင်သားပင်။

စာသင်ခန်းတွေဘက် ဖြတ်လျှောက်ကြည့်ချင်သော်
ည်း သူမများ မတော်တဆ မြင်သွားလိမ့်မလားဟု မဝံ့မရဲ
ဖြစ်ချင်သေးရဲ့။ ထူးခြားတာတစ်ခုကတော့ ကားရပ်ရာနေရာတွင်
ရှိသော ကားများထဲမှ သူမ၏ လိမိတက်ကားဖြူဖြူကလေးရဲ့
ကားနံပါတ်အား တစ်ကြိမ်သာ မြင်ခဲ့ဖူးသော်လည်း ဦးနှောက်ထဲ
မှာ ခုတ်မိနေတာပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုကားနှင့် မလှမ်းမကမ်းတွင် သူ့ကားကိုရပ်လျ
ကားမှန်နက်တွေ အကုန်တင်လျက် ကျောင်းဆင်းချိန်အား ရင်
စွာ ဘာကြောင့် စောင့်ကြည့်မိသလဲ။ ဆံထုံးပုံ့ပုံ့ဖြင့် ဟန်းဘက်
အိတ်လွယ်လျက်၊ ခြင်းတောင်းတစ်လုံး ဆွဲလျက် သူမ၏ကား
တည်ငြိမ်စွာလျှောက်လှမ်းသွားသော ဗေဒါရီအား သူ ဘာကြော
တမ်းတစွာ ငေးကြည့်မိသလဲ။

"ဗေဒါရီ ... ကိုယ်က မာနကြီးတဲ့ ယောက်ျားတစ်ယော
သိပ်လှတဲ့ မိန်းမမျိုးကို မရွေးချယ်ချင်တဲ့ ယောက်ျားတ
ယောက်ပဲ၊ ဒါပေမဲ့ အဲဒီမာနဟာ အပြင်ပန်းထားတဲ့ မာ
ဖြစ်နေပြီး အခုတော့ သိပ်လှတဲ့ မိန်းမတစ်ယောက်
ချောင်းကြည့်နေမိပြီဆိုကတည်းက ကိုယ်ဟာ မာနကြီး
ယောက်ျားမဟုတ်လို့ပဲ"

ဒိုင်ယာရီထဲ ရည်ရွယ်ချက်မဲ့ ရေးချမိသည်။ သ
ဒိုင်ယာရီဟာ သူ့ရဲ့ဆောက်လက်စတိုက်တွေ၊ အိမ်တွေ၊ တံတာ
တွေရဲ့ အစီအစဉ်များဖြင့် ပြည့်နက်ခဲ့သည်မှာ ကြာခဲ့ပြီ။ အ
တော့ သူ့ရဲ့အိပ်မက်များထဲမှ အပိုင်းအစတစ်ခုအား ရေးချဝန်ခံ
လေပြီ။

ဖိုးတေဇ သိသွားရင် ဟားတိုက်လှောင်ပြောင်ဦးမည်
ကိုယ့်ကိုယ်ကိုယ် ကိုးနစ်တိတိညာရတာပဲ အဖတ်တင်ပါတယ်ကွ
ဟု ခနဲ့ခံရတော့မည်။ နောက်ဆုံးတော့ ဗေဒါရီကို စွဲလမ်းမိ





ယောက်ျားတိုင်းကြုံရတဲ့အဖြစ်မျိုး မင်းလည်း ကြုံရတာပါပဲဂွှာဟု
ရဲ့ဦးမည်။ သူက အဲဒါကို မခံချင်ဆုံးတည်း။

"ဗေဒါရီ့ကို ဘယ်တော့မှ အရူးအမူး မစွဲလမ်းမိစေရဘူး၊
ဗေဒါရီကသာ ငါ့ကို စွဲလမ်းနေရစေ့မယ်၊ ဗေဒါရီ့ကို ငါ
လုံးဝမချစ်ဘဲ မင်းနဲ့ ပြိုင်ဆိုင်လိုစိတ် သက်သက်ကြောင့်
သူ့အချစ်ကို ရအောင်ယူမယ်ဆိုတာ မင်း မြဲမြဲမှတ်ထား
လိုက်စမ်းပါ"

"စောင့်ကြည့်ရသေးတာပေါ့ကွာ၊ ဗေဒါရီက မင်းပဲ ကြွေ
မလား၊ ငါပဲ ကြွေမလားဆိုတာ"

ဟူ၍ စကားနိုင်လုခဲ့ကြတာကို မှတ်မိနေသေးရဲ့။
သူနဲ့ ဖိုးတေဇတို့ရဲ့ အပြိုင်အဆိုင် ဇာတ်လမ်းက
မှ စတင်ခဲ့တာ မဟုတ်ချေ။ ဗေဒါရီနဲ့ မတွေ့ခင်ကတည်းက
င်လာခဲ့ခြင်းတည်း။ ငယ်စဉ်ကတည်းက စခဲ့တဲ့ ပြိုင်ဆိုင်မှု
တော့ ပညာရေးဘက်မှာ ပြိုင်ဆိုင်ခြင်း၊ ပြီးတော့ ... အရွယ်
က်လာတဲ့အခါ သူ စိတ်ဝင်စားတဲ့ မိန်းကလေးကို ဖိုးတေဇသိရင်
ဘဇကပါ အပြိုင်လိုက်ပိုးပန်းတတ်ခြင်းတွေ ကြုံရပေါင်းများ
သူလည်း မခံချင်စိတ်တွေ တဖွားဖွားပြုလာကာ ဖိုးတေဇ
ဘာကျနေသော ကောင်မလေးတွေကို အပြိုင်ပိုးပန်းပစ်မိ၏။

အဲသည်တည်းက အဆင်ပြေတာလည်း ပြေသလို
တတ်ခြင်း၊ မပြေလည်း သိပ်လေးလေးနက်နက် မခံစားတတ်



www.burmeseclassic.com

www.burmeseclassic.com



ခြင်းတွေနဲ့ ရဲတိုက်နှင့် ဖိုးတေဇ ဟူသော ညီအစ်ကိုသည် မိန်း
လေးတွေကြားမှာ ရေပန်းစားခဲ့ရသည်ဟု ဆိုချင်လည်း ဆိုလို့ရ
ခဲ့သည်။

"ဗေဒါရီ"

ဟူသော နာမည်ကလေးကို နှစ်ယောက်စလုံး ...
ပြိုင်တည်း စတင်စိတ်ဝင်စားခဲ့ခြင်း၏ နောက်ဆက်တွဲက...
သူတို့နှစ်ယောက်၏ အကြီးမားဆုံးသော ပြိုင်ဆိုင်မှုကြီး စ...
ဖြစ်သွားစေခဲ့တော့တာပဲ။ ပြီးတော့ သူ့ဘဝမှာ မလိုလားလု...
သိမ်လှတဲ့ မိန်းမတစ်ယောက်၏အချစ်ကို ပိုင်ဆိုင်ဖို့ စတင်ကြိုး...
စေခဲ့တော့တာပဲ။

✤ ❤ ✤





(၁၉၈၇)

"ဗေဒါရီတဲ့လား၊ အင်မတန် စိတ်ဝင်စားစရာကောင်းပြီး ရိုးစင်းတဲ့နာမည်ကလေးပဲ"

ဖိုးတေဇက မဂ္ဂဇင်းစာအုပ်အား ဖတ်နေရင်းက ...လန့်တကြား ရေရွတ်သံအား မလှမ်းမကမ်းတွင် ရှိနေခဲ့သည့် ...က ကြားဖြစ်အောင် ကြားလိုက်ခြင်းက စတင်တာပဲ။ သူနဲ့ ...တေဇတို့ရဲ့ တစ်ယောက်အပေါ်တစ်ယောက် မလိုတမာဖြစ်မှုမှာ ...စ်ယောက်ရဲ့စိတ်ဝင်စားခြင်းအား ကျန်တစ်ယောက်က ရှုတ်ချ...ခြင်းလည်း ပါဝင်လေသည်။ အဲသည်မှာ ဖိုးတေဇ စိတ်ဝင်...သည့် ထိုအမည်ကလေးကို သူလည်း ချက်ချင်း စိတ်ဝင်စား...မိလျက် ကဲ့ရဲ့ရှုတ်ချဖို့ ပြင်ဆင်တော့တာပဲ။

"ပုံပြင်ထဲက နာမည်လိုလိုကြီးပါ ဖိုးတေဇရာ၊ လွမ်းလောက်စရာမရှိပါဘူး၊ အလန့်တကြား ထအော်ရတယ်လို့"



www.burmeseclassic.com

www.burmeseclassic.com



"ခင်းကတော့ အမြဲတမ်း ငါနဲ့ ဆန့်ကျင်လိုက်ရမှကျေ
နိုင်တဲ့ ကောင်ပဲကွာ၊ တကယ့် တကယ်တော့ မင်းစိတ်
မှာ ဖျတ်ခနဲတော့ စိတ်ဝင်စားသွားမိမှာပဲ မဟုတ်လာ
မင်းနဲ့ငါက တစ်ယောက်ရဲ့စိတ်ကို တစ်ယောက် သိကြ
သူအချင်းချင်းတွေပါ၊ ညာလို့မရပါဘူး"

"လုံးဝ စိတ်မဝင်စားဘူး၊ မင်းပဲ စိတ်ဝင်စား"

"အိုကေ ... စိတ်ချ၊ မဥ္ဇူရီတောင် အသက်ငါးဆယ်
နီးနေလျက် ဒီလောက်လှနေသေးရင် ဗေဒါရီကရော အ
ဆီကအလှကို နည်းနည်းလေးမှ မရနိုင်ဘူးလို့ မင်း
နိုင်သလား ရဲတိုက်၊ ငါတော့ နာမည်နဲ့အတူ သိပ်လှ
မိန်းမတစ်ယောက်အကြောင်း မကြာခင် ကြားရတော့
ထင်တာပဲ"

ဖိုးတေဇ ပြောတာ မှန်သည်။ သူလည်း ထိုနာ
ကလေးအား စိတ်ဝင်စားမိခဲ့သည်။ မဥ္ဇူရီဆိုသည့် အဆိုတော်
ရဲ့သမီးအဖြစ် သိရပြန်တော့ ပို၍ စိတ်ဝင်စားခြင်းတွေ ဖြစ်လာ
သည်။ သူမကလေးမှာ အဖေမရှိဘူး။ အဖေရဲ့ဥပေက္ခာပြုခြင်း
လျစ်လျူရှုပြီး မိခင်ရဲ့မေတ္တာရိပ်မှာ နေရသူကလေးအဖြစ် သ
ခဲ့ချိန်မှာ ဗေဒါရီဟာ အင်္ဂလိပ်စာဂုဏ်ထူးတန်းရဲ့ ကျက်သရေ
လေးအဖြစ်ပါ စုံစမ်းသိရှိခဲ့ပြန်သည်။ သူကလည်း သူ့နည်း
ဟန်နဲ့ စုံစမ်းခဲ့သလို ဖိုးတေဇကလည်း သူ့နည်းသူ့ဟန်နဲ့ စုံ
ကြခြင်းဖြစ်လေသည်။





ထိုသို့စုံစမ်းသိရှိပြီး မကြာမီ တစ်နေ့မှာ သူမအား
ကြည့်ကြဖို့ သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက်
ပြောဖြစ်ကြသော်လည်း အသီးသီးရိုပ်မိနေခဲ့ကြ၏။ အဲသည်လို
မကြည့်ကြခင် အခိုက်အတန့်မှာ မမျှော်လင့်ဘဲ ဆုံစည်းခွင့်
ိုက်ခြင်းက သူတို့ရဲ့ပြိုင်ပွဲ စတင်ခဲ့စေတော့သည်။

ထိုနေ့က နိုင်ငံခြားမှာ အလုပ်သွားလုပ်ခါနီး သူငယ်
နှစ်ယောက်စလုံးကလည်း သူတို့ညီအစ်ကိုနှင့် အပေါင်းအသင်း
ဖြစ်နေသောကြောင့် စားသောက်ဆိုင်တစ်ဆိုင်မှာ ဖိုးတေဇရယ်၊
ရယ်၊ ထိုသူငယ်ချင်းနှစ်ယောက်ရယ် အစားအသောက်တွေ
ပြင်ဆင်နေချိန် တစ်ဖက်အခန်းထဲမှ ...

"သမီးကလေး ဘာစားချင်သလဲ၊ ကြိုက်တာမှာ"

"မေမေပဲမှာပါ၊ သမီးကလေးက 'ဟိုတယ်က အစား
အသောက်တွေ မကြိုက်ပါဘူး၊ ရွေးပြီးလည်း မမှာတတ်ပါ
ဘူး"

... တဲ့။ ကဲ ... သည်အသံက ဘာထူးခြားတာ
လို့။ သို့သော် အကြင်နာတွေ ဖိတ်လျှံကာ တစ်ယောက်အပေါ်
တစ်ယောက် နားလည်မှုတွေနှင့် ဆက်ဆံကြသည့်အသံ ဖြစ်နေ၍
တာဝန်ခံရရင် ကြားရသူတိုင်း အင်မတန် နားဝင်ချိုစေခဲ့
သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခ္မွေရီသမီးက မဲဇ္ဇူရီရဲ့ကိုယ်ပွားပဲ၊ သိပ်အားကိုးရတဲ့သမီး ဖြစ်မှာပါ၊ အမေကို အင်မတန် ဦးစားပေးတတ်တယ်နော် ဗေဒါရီကရော အဆိုတော်လုပ်ဖို့ ဝါသနာမပါဘူးလား"

"ဟင့်အင်း ... မပါပါဘူး အန့်ကယ်လ်၊ ကျွန်မက စာသင်ရတဲ့ ဆရာမကလေးပဲဖြစ်ချင်တယ်"

ဗေဒါရီဆိုသည့်အမည်၊ မဇ္ဇူရီဆိုသည့်အမည်တွေကို ကြားလိုက်ရတော့ မတိုင်ပင်ဘဲ 'ဗေဒါရီ'ဟု သူတို့နှစ်ယောက်သား ခပ်တိုးတိုးရွတ်။ ပြီးတော့ ... တစ်ယောက်မျက်နှာတစ်ယောက်ကြည့်။ ဘာမှ မသိကြသော ထိုနှစ်ယောက်က မျက်လုံးတွေပြူးပြလျက် 'ဘာလဲ'ဟု စပ်စုကြ၏။ ဖိုးတေဇက မဆိုင်းမတွ ပြောသည်။

"ဟိုဘက်အခန်းမှာကွ၊ အတော်ပဲ သူတို့ပြန်ထွက်ရင် ငါတို့ အခန်းရှေ့က ဖြတ်လျှောက်ပြီးမှ အပြင်ကို ရောက်မှာ၊ စောင့်ပြီး ချောင်းကြည့်ကြရအောင်ကွာ၊ ကျွတ် ... ကျွတ် ... သူမကလေးရဲ့ အတန်းအထိ သွားချောင်းဖို့တောင် ကြံစည်နေတုန်းရှိသေးတာ၊ အဲဒီအတွက် ရင်ခုန်ရခြင်းကလေး ဆုံးရှုံးရတဲ့အတွက် စမ်းနည်းပါဘိ"

"ဘာတွေလဲ ... ဘာတွေလဲ ပြောကြပါဦး၊ မင်းတို့ညီအစ်ကိုရဲ့ဇာတ်လမ်းအသစ်ကလေးလား၊ နိုင်ငံခြားမသွားခင်လေး သိမြင်ခွင့်ရချင်သေးရဲ့"





မင်းမင်းက စပ်စု၏။ ထိုအခါ ဝင်းအောင်က မနေ[illegible]ကွာ ...

"အခုထိ ဒီလို မိန်းမ အပြိုင်အဆိုင်ပိုးတဲ့ ဇာတ်လမ်းက ရှိနေသေးလားကွာ၊ စိတ်မလျှော့ကြသေးဘူးလား"

ဟု သဘောက်သဟန့် ဆုံးမသေးသည်။

"အဆိုတော် မဇ္ဇူရီသမီးကွ၊ အင်္ဂလိပ်စာရဲ့ မင်းသမီးကလေးတဲ့ မောင်၊ မယုံမရှိနဲ့၊ ကိုယ်တို့လည်း လုံးဝ မမြင်ရသေးဘူး နာမည်ကလေး ကြားရုံ၊ အေး ... အခုတော့ အသံကလေး တစ်ခွန်းတစ်စကြားရုံပဲပေါ့၊ ဒါကြောင့် စောင့်ကြည့်ကြမလို့"

"ရဲတိုက်ကရော စိတ်ဝင်စားနေပြီလား၊ သေချာပါတယ်ကွာ၊ မင်းတို့ညီအစ်ကိုက တစ်ယောက်နဲ့တစ်ယောက် အမြဲပြိုင်နေကြပဲဆိုတာ သိပြီးသား"

သူ့အတွက် ဖြေစရာမလိုအောင် မင်းမင်းက အဖြေတစ်ခါတည်းထည့်ပြောပြီး ဖြစ်နေခဲ့သည်။ အင်း ... ပြောရ[illegible]တော့ ဟိုဘက်အခန်းက ခပ်သဲ့သဲ့ကြားရတဲ့ စကားသံများထဲ[illegible] 'မမေ'ဟူသော ခေါ်သံကလေးရဲ့ ပိုင်ရှင်ဟာ အသံနဲ့တင်[illegible]ကို အတော်လေး ညှို့ငင်နေခဲ့သလိုပဲ။ ချိုမြသည့် ကြိုးကြာသံ[illegible]ငိုတ်သံဟူ၍တော့ မခိုင်းနှိုင်းတတ်ပါ။ ဒါပေမဲ့ သူမ၏အသံ[illegible]ဘင်ခုခုများ ထည့်ထားသလားထင်ရအောင် သူ့အတွက်တော့ [illegible]ခါတလဲလဲကြားချင်နေသားပင်။ ထူးဆန်းလေစွ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ဖိုးတေဇ မရိပ်မိစေဖို့ ဣန္ဒြေဖြင့် ဟန်ဆော
ငြ့က် ငြိမ်နေခဲ့သည်။ သူနဲ့ ဖိုးတေဇတို့ဟာ ဒီလိုမျိုး မကြာခဏ
ပြိုင်ဆိုင်နေကျဖြစ်၍ နှလုံးသားထဲကနေ နက်နက်နဲနဲ မချစ်သွာ
မိစေဖို့ အင်မတန် ရှောင်ကြဉ်ရသည်။ အသည်းကွဲတယ်ဆိုရ
သူတို့ပြိုင်ပွဲမှာ အရှုံးအဖြစ် သတ်မှတ်ကြဖို့ နှစ်ယောက်သာ
တိုက်ဆိုင်စွာ အကြံတူစွာ ပြောမိကြဖူးသည်။

"ရဲတိုက် ငြိမ်လှချည်လား"

"ထင်လို့ပါကွာ၊ ငါက အသံကို နားထောင်ပြီး ရုပ်ရည်
ကို ခန့်မှန်းကြည့်နေတာ၊ အန်ကယ်လ်ကြီးဆိုတဲ့ နေ
ဘယ်သူလဲမသိဘူး၊ အမေကို ချိန်တာလား၊ သမီးကို ချိ
တာလား၊ သမီးကိုချိန်ရင်တော့ ငါတို့နှစ်ယောက်နဲ့ တစ်
တော့ နွဲရဦးမယ်ထင်တယ်"

"ဟောကောင် ... လူကြီးကို အဲဒီလို မခြိမ်းခြောက်နဲ့ဟေ
ကွာ၊ သူ့ဟာသူ ချိန်ချင်တာချိန်စမ်းပါစေ၊ ငါက ဘယ်
မှ မစိုးရိမ်ဘူး၊ ဘာဖြစ်လို့လဲသိလား၊ ငါ့သူငယ်ချင်းတစ်
ယောက်ဆီက သတင်းတစ်ခု ရထားလို့ပဲ"

"ဘာလဲကွ၊ မင်းဟာကလည်း ပြောစရာရှိတာ ကုန်အောင်
ပြောမှပေါ့ ဖိုးတေဇရာ၊ ရေလည် အခန်းဆက်များတယ်"

"ဒီလိုကွ၊ ဒေါ်မဥ္ဇူရီဟာ သမီးကလေးကို ဘယ်တော့
ဖခင်အရင်းမဟုတ်တဲ့လူကို အဖေ မခေါ်စေရဘူးတဲ့





ပြီးတော့ သမီးကလေးရဲ့ အိမ်ထောင်ဖက်ကို သမီးကလေး
စိတ်ကြိုက်ရွေးချယ်ဖို့ ခွင့်ပြုထားသတဲ့၊ ငါ့ရဲ့သတင်းရပ်
ကွက်က အတိအကျပြောတာ"

သူတို့၏အခန်းသည် တစ်ဖက်အခန်းမှ အသံများ
အား နားစွင့်လျက် အချိန်အတန်ကြာ စောင့်ဆိုင်းခဲ့ကြသည်။
ဒေါ်ရဲ့ အကျိုးအမြတ်ကတော့ သူတို့ အင်မတန်မြင်လိုလှသော
ဇေဒါရီကို မြင်ခွင့်ရလိုက်ခြင်းပင်ဖြစ်သည်။

ဇေဒါရီသည် အားလုံးထဲမှာ ထင်းခနဲ မြင်သာအောင်
လှပသည့် မိန်းကလေးပဲဖြစ်သည်။ သူမထက်လှသော မိန်းမတွေ
ချင်ရှိမည်။ သို့သော် သူမ၏မျက်နှာပြင်တွင် တွေ့ရသော
အပြစ်ကင်းစင်သည့် Innocent Face မျိုးတစ်ရာမှာတစ်ယောက်
တွေ့နိုင်ခဲ့သားပင်။ ပြီးတော့ သူမရဲ့ထူးခြားချက်မှာ သူ့ကို ရင်
ခုန်သံတိုးတိုးညှို့ညှို့ကလေး ဖြစ်ပေါ်ခြင်းနဲ့ စတင်မိတ်ဆက်လိုက်
ခြင်းပေတည်း။ ဇေဒါရီ မင်းဟာ သိပ်အစွမ်းထက်တဲ့ မိန်းကလေး

"ငါ စိတ်ဝင်စားသွားပြီ"

သူက လွှတ်ခနဲ တစ်ချက်ပြောမိသွား၏။ ထိုအခါ
တေဇလည်း အားကျမခံ ...

"ငါလည်း နာမည်ကလေး စသိကတည်းက နာမည်ကို
စိတ်ဝင်စားခဲ့တဲ့ကောင်ပါကွာ၊ ခုလို လူကလေးမြင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရသော မင်းထက် အဆကုဋေလောက်ပိုအောင် စိတ်ဝင်စား နေပြီ ရဲတိုက်ရာ"

"တကယ်ကော စိတ်ဝင်စားရဲ့လားကွာ၊ ငါ့ကို ပြိုင်ချင်တာနဲ့ လိုက်စိတ်ဝင်စားတာရော မဖြစ်နိုင်ဘူးလား"

"အများကတော့ အများဆုံးကို ရွေးပြီး ပြောနေပြန်ပြီ၊ လုံးဝမဟုတ်ဘူး၊ ရင်ထဲက လှိုက်လှိုက်လှဲလှဲ လိုက်စိတ်ဝင်စားတာပါကွ၊ မသိရင်ခက်မယ်၊ ဉာဏ်မများနဲ့၊ ဒီပွဲတော့ မင်း လက်ရှောင်ကွာ၊ ငါပဲဝင်မယ်"

"ဆောရီးပဲ၊ ငါလည်း မင်းလို မြတ်နိုးမိတာပဲကွ"

"ဟော့ကောင် ... ငါ တကယ်အတည်ပြောနေတာကွာ၊ ခါတိုင်းလို အပျော်မဟုတ်ဘူး ရဲတိုက်ရ၊ မင်း မညစ်နဲ့"

"ဟ ... ချောတဲ့လှတဲ့ မိန်းမတစ်ယောက်ကို တစ်ချိန်တည်းမှာ ယောကျာ်းတစ်ယောက်ကပဲ စိတ်ဝင်စားခွင့်ရှိတယ်လို့ ဥပဒေသတ်မှတ်မထားပါဘူး၊ မင်းလည်း စိတ်ဝင်စားသလို ငါလည်း စိတ်ဝင်စားတာပဲကွ၊ ပြီးတော့ ဇေဒါရီဟာ သူ သဘောကျတဲ့သူကို ရွေးချယ်ခွင့်လည်း ရှိတာပဲကွ၊ မင်းလိုက်ရင် မင်းကိုပဲ ရွေးချယ်မယ်လို့ တစ်ထစ်ချ မတွက်နဲ့လေ၊ မင်းလိုပဲ တခြားကောင်တွေလည်း ရှိဦးမှာပဲ၊ အေး... အဲဒီလိုပဲပေါ့၊ ငါလည်း သူ ရွေးချယ်တဲ့ပန်းကုံးစွပ်မယ့်အထဲ ဝင်ရပ်ခွင့်ရှိတာပေါ့"





"ဟော့ကောင် ... မင်းကို ငါ လုံးဝမယုံဘူး၊ ဒါ ... ဒါ ... မင်း ငါ့ကိုညစ်တာ မဟုတ်လား"

ဖိုးတေသည် ဝုန်းခနဲထလျက် သူ့လည်ပင်းမှ ...ကော်လာစကို ဆွဲ၍ဆုပ်ကိုင်သည်။ သူတို့ညီအစ်ကို၏ ...းနိုင်လုပွဲအား စောင့်ကြည့်နေသော သူငယ်ချင်းနှစ်ယောက် ... ကမန်းကတန်း လူခွဲစေလျက် ...

"ဟော့ကောင်တွေ တော်ကြကွာ၊ ဘာမဟုတ်တာလေးနဲ့ လူကြားမကောင်းပါဘူး၊ ဖိုးတေဇကလည်း မင်းတို့ရဲ့ထုံးစံကို ငါတို့တောင် မသိတာမှတ်လို့၊ ရင်ထဲက မြတ်နိုးတာတွေ ဘာတွေနဲ့ ချဲ့မနေနဲ့ ဘယ်သူက ဘယ်သူ့ကို ပြိုင်တယ်ဆိုတာတော့ ငါတို့မသိဘူး၊ ဒါပေမဲ့ ဒီပွဲမှာလည်း ရဲတိုက် ပြောသလို သူလည်း လိုက်ခွင့်ရှိတယ်၊ ဒီတော့ ရန်များမနေပါနဲ့၊ အရင်ကအတိုင်း အပြိုင်အဆိုင်ပွဲတစ်ပွဲ ဆင်နွှဲလိုက်ကြရုံပေါ့ကွာ၊ ဇေဒါရီကလည်း သူရွေးချင်တဲ့လူ ရွေးမှာပဲ၊ မင်းတို့နှစ်ယောက်ကို မရွေးဘဲ တခြားလူကို ရွေးချင်လည်း ရွေးမှာပဲ၊ ဘာမှမဖြစ်သေးခင် မင်းတို့က အရင်ရန်လိုနေရတယ်လို့ကွာ၊ စိတ်ပျက်ရပါလား"

ဖိုးတေဇသည် ဝင်းအောင်၏စကားကြောင့် တွေဝေ ...က်သွားခဲ့သည်။ ဖိုးတေဇ ဘာလို့ သည်လောက်ဒေါသဖြစ် ...သလဲ၊ ဘာလို့အလျင်ကနဲ့ မတူစွာ သူ့ကိုတားမြစ်ပိတ်ပင်



www.burmeseclassic.com

www.burmeseclassic.com



ရှာသလဲ။ သေချာတာတစ်ခုကတော့ သည်ပွဲမှာ ဖိုးတေဇဟော
အရှုံးကို ရင်မဆိုင်ချင်၍ပင် ဖြစ်လိမ့်မည်။ အမြဲတမ်းအနိုင်ရ
ကျဖြစ်သော သူ့ကို သည်တစ်ခါ နိုင်သွားမှာ ခါတိုင်းထက်ပို
စိုးရိမ်ခြင်းကရော။ သည်ကောင် တကယ်ပဲ ဗေဒါရီကို ချစ်
သွားသလား။

သိပြီ။ ဖိုးတေဇ၏ရင်ထဲမှာ အမှန်တကယ် ချစ်ချ
ချစ်သွားလိမ့်မည်။ ဗေဒါရီအား သူက အပိုင်ချဉ်းကပ်ထားနိုင်ရ
တော့ ဟိုးအရင့်အရင်တွေက နိုင်ရတာထက်ပိုပြီး အရသာရှိ
ကျေနပ်ရမယ်ထင်ပါရဲ့။

ဗေဒါရီ ... မင်းကို ငါ မချစ်ချင်ပါဘူး၊ ဖိုးတေ
အသည်းအသန် ဖြစ်နေမှန်းသိလို့ သည်ပွဲမှာ တမင်ဝင်ပါလို
ရတာပါ။

"ဗေဒါရီ့ကို ဘယ်တော့မှ အရှုံးအမူး မစွဲလမ်းမိစေရ
ဗေဒါရီကသာ ငါ့ကို စွဲလမ်းနေရစေမယ်၊ ဗေဒါရီ့ကို ငါ
လုံးဝမချစ်ဘဲ မင်းနဲ့ပြိုင်ဆိုင်လိုစိတ် သက်သက်ကြော
သူ့အချစ်ကို ရအောင်ယူမယ်ဆိုတာ မင်း မြဲမြဲမှတ်ထာ
လိုက်စမ်းပါ"

သူက ဖိုးတေဇ ဆောင့်ဆွဲခဲ့၍ ဖရိုဖရဲဖြစ်သွားသည
ကော်လာစကို ပြန်ဆွဲဆန့်ကာ တမင်ကလိခဲ့သေးသည်။ သူ့
ရင်ထဲမှာ သူမအား စွဲလမ်းသွားမိခြင်းအား လူမသိစေရ





ပြီးတော့ သူကိုယ်တိုင်လည်း မေ့သွားစေရန် သည်စကားဖြင့်ဖုံး
ကွယ်ပစ်လိုက်သည်။

"စောင့်ကြည့်ရသေးတာပေါ့ကွာ၊ ဗေဒါရီက မင်းပဲ ကြွေ
မလား၊ ငါ့ပဲ ကြွေမလား ဆိုတာ"

ဖိုးတေဇက အနိုင်မခံ ပြန်လည်ချေပ၏။

သူတို့ညီအစ်ကိုဟာ တစ်ယောက်ကို တစ်ယောက်
ပါဆိုက ချစ်ခြင်းရှိမှုအပေါ် မနာလိုရင်း အမုန်းပွားရင်ပွား
ယ်၊ ဆန့်ကျင်ကြရင် ဆန့်ကျင်ကြမယ်။ ရန်လိုရင် ရန်လိုကြ
မယ်။ ဒါပေမဲ့ ဗေဒါရီ့ကို ချစ်မြတ်နိုးမိခြင်းမှာတော့ နှစ်ယောက်
လုံး စိတ်သဘောချင်း တိုက်ဆိုင်စွာ အမှန်တကယ်ပင် ချစ်ခဲ့
ကြသူများဖြစ်ကြောင်း ပြန်တွေးကြည့်ရင်းမှ အခုတော့ တစ်ရေးရေး
သိမြင်စ ပြုလာခဲ့သည်။

✣ ❤ ✣



www.burmeseclassic.com

www.burmeseclassic.com



ဗေဒါရီသည် သူ့ကို အတော်လေး ကယောင်ချောက်
ချားဖြစ်စေသော မိန်းကလေးပင် ဖြစ်သည်။ သူမ၏မျက်လုံးများ
နှင့် ဆုံမိတိုင်း အလျင်တုန်းက မိန်းကလေးတွေနှင့် မတူစွာ၊ ရင်
ခုန်ခြင်းတွေ ပရမ်းပတာ ဖြစ်ခဲ့စမြဲ။ ဟာ ... မဖြစ်သေးပါဘူး
ဒါဟာ ပြိုင်ဆိုင်မှုတစ်ခုလေ၊ ပြီးတော့ သူမဟာ သူ မဖြစ်ချင်ဆုံး
သော အချက်တစ်ခုဖြစ်တဲ့ "လှပတဲ့မိန်းမတစ်ယောက်ထံမှာ ကျ
ဆုံးခြင်း"ဆိုတဲ့ အရာကို ဖန်တီးပေးမယ့် မိန်းမပဲ။ သူမကို မချ
မိစေရဘူး။ ငါက ယောကျ်ားတိုင်းရဲ့ အားနည်းချက်ဖြစ်တဲ့ သိ
လှတဲ့ မိန်းကလေးတစ်ယောက်ထံမှာ ကျဆုံးရတာမျိုး မဖြစ်စေ
ဘူး ဟူသော စိတ်ကူးများဖြင့် သည်ရင်ခုန်ခြင်းအပေါ် လိမ်ည
ပစ်မိခဲ့ ...။

သူမထံ သွားရမှာ မဝံ့မရဲဖြစ်လာတာ။ သို့သော်
သူ့ကို မျှော်နေမည့် မျက်လုံးကလေးတွေရဲ့ ရိုးစင်းမှုကို စွဲလမ်း
တာကြောင့် မကြာခဏ ထိုမျက်လုံးကလေးတစ်စုံရှေ့မှာ အခစား
ဝင်မိတာ။ သည့်ထက် အခြေအနေတိုးအောင် စကားပြောနှုတ်





ဆက်ခြင်းများ လုပ်သင့်မှန်းသိလျက် တစ်ခုခုကို ကြောက်ရွံ့ကာ
အဝေးကပဲ ငေးကြည့်နေခဲ့မိတာ။ ကဲ ... ဘယ်လောက်တောင်
ကော်ခဲပင်ပန်းခဲ့ရတဲ့ သည်တစ်ခါရဲ့ ယှဉ်ပြိုင်ပွဲကလေးလဲ။

တစ်ခါတစ်ရံ ဖိုးတေဇနှဲ့ သူ ဆုံဖူးကြသည်။ ထို
အခါ တစ်ယောက်နဲ့ တစ်ယောက် အနိုင်မခံချင်စွာ ဗေဒါရီ့ကို
အပြိုင်အဆိုင်ငေးကြည့်၊ ဗေဒါရီ သွားရာလိုက်။ ပြီးတော့ ဗေဒါရီ
က ငါ့ကို ဘယ်နှခါလှမ်းကြည့်တာဟူ၍ အမှတ်ယူကြ။ တကယ့်ကို
ပြန်တွေးကြည့်ရင် ရယ်စရာကြီး ဖြစ်နေစေခဲ့သည်။

"ဗေဒါရီက ဘာလို့ ကြည့်ရင်းကြည့်ရင်း ဒီလောက်လှ
လာတာလဲ မသိဘူး၊ မဖြစ်တော့ဘူးကွာ၊ ဗေဒါရီ့ကို ပိုင်
ဆိုင်ရအောင် ဒို့ထက်မက ကြိုးစားရလိမ့်မယ်"

ဖိုးတေဇက သူ ဝန်ခံထားသည့်အတိုင်း ဗေဒါရီ့
ကို တကယ်ချစ်မိနေခြင်း မှန်ကန်ပေလိမ့်မည် ထင်ပါသည်။ သူ့
အားထဲတွင် ဗေဒါရီ့ကို ယှဉ်ပြိုင်ပိုးပန်း၍ ရှုံးနိမ့်ရခြင်းထက်
ဗေဒါရီ့အချစ်ကို ပိုင်ဆိုင်ခွင့်မရမှာ စိုးရိမ်ဟန်တွေအပြည့်ပါဝင်
နေတတ်လေသည်။ သူကတော့ ...

"ဗေဒါရီက မင်းကိုထက် ငါ့ကိုကြည့်ရာမှာ ပိုပြီးအဓိပ္ပာယ်
ပြည့်ဝသလိုပဲ၊ သေချာပါတယ် ဗေဒါရီက ငါ ဖွင့်ပြောစရာ
မလိုအောင် ငါ့ရဲ့ခံစားချက် ဟူသမျှကို နားလည်တတ်နေ
ပြီ၊ နှုတ်တစ်ရာ စာတစ်လုံးတဲ့ကွ"



www.burmeseclassic.com

www.burmeseclassic.com



ဟု သူ့ရဲ့ လျှို့ဝှက်အကြံအစည်အား တစ်စွန်းတစ်
ပြောတတ်တဲ့အခါမျိုးလည်း ရှိတတ်ဖူးသည်။

"ဘာလဲ၊ နှုတ်တစ်ရာ စာတလုံး"

"အဲဒါ မင်းနဲ့မဆိုင်ဘူး"

ဖိုးတေဇက အင်မတန်မှ သိချင်လှစွာ မေးတတ်
သည်။ ဒါပေမဲ့ သူ လုံးဝ အသိမပေးခဲ့ချေ။ အဲသည်လိုမျိုး
ဗေဒါရီ နှစ်သက်မည်ထင်သော အရာဝတ္ထုကလေးတွေကို သူ
စိတ်ကူးနဲ့သူပို့ကာ စိတ်ကူးယဉ် ကြည်နူးရခြင်းကိုတော့ ခံမ
ချင်သားပင်။

ဖိုးတေဇသည် ဗေဒါရီတို့နှင့် ရောရောနှောနှေ
စကားပြောခြင်း၊ နှုတ်ဆက်ကြခြင်းတွေ ရှိသော်လည်း ဘာဖြစ်လ
ဖွင့်မပြောသလဲ ဆိုတာတော့ ထူးဆန်းနေခဲ့သည်။ ဗေဒါရီ ဖြင
လိုက်မှာကို ခံနိုင်ရည်မရှိလို့ပဲလား။ ဒါမှမဟုတ် ဗေဒါရီ အ
အရာတွေကိုက သူ့အပေါ်မှာ ပိုသာနေတယ်ဆိုတာ သူ မပြော
ဖိုးတေဇတောင် ရိပ်မိနေခဲ့လို့ ဖိုးတေဇဟာ သူ့ရဲ့အရှုံးကို ဆေ
စောစီးစီး မရချင်ခဲ့လို့ပဲလား မသိနိုင်သေးပေ။

ဗေဒါရီ ... အခုအချိန်မှာတော့ အမှန်ကို ဝန်ခံကြည
ချင်တဲ့စိတ်နဲ့ ဝန်ခံရရင်တော့ ကိုယ်ဟာ မင်းရဲ့အသိအမှတ်ပြု
အကြည့်နဲ့ ကိုယ်ရောက်လာရင် ကျေကျေနပ်နပ်ပြုံးတဲ့ အပြုံးေ
ကို ရတာနဲ့တင် ညစဉ်ညတိုင်းတောင် အိပ်လို့မပျော်အောင် ဖြ





င်ယောင် လွမ်းဆွတ်တတ်ခဲ့တယ်။ မင်းကိုပြိုင်ဆိုင်ခြင်း မပါတဲ့
ခြင်းနဲ့ ချစ်ကြည့်ချင်ခဲ့တယ်။ နောက်ပြီး တစ်ဖန် မင်းဟာ
ယ်မရွေးချယ်လိုပါဘူးလို့ ကြွေးကြော်ခဲ့တဲ့ သိပ်လှပြီး အလှ
ကြောင့် ကျော်ကြားတဲ့ မိန်းမတစ်ယောက် ဖြစ်နေခြင်းအတွက်
ခွဲမရတဲ့ စိတ်တွေနဲ့လည်း ရူးသွပ်ခဲ့ရဖူးတယ်။

သူငယ်ချင်းတွေ ရှေ့မှာ ကြွေးကြော်သလောက်
ကယ့်တကယ်မှာတော့ ရဲတိုက်ဟာ အဖေ့ဗီဇပါတဲ့ အလှအပကို
သောကျနှစ်ခြိုက်တဲ့ ယောက်ျားတစ်ယောက်ပါပဲလို့ ဝေဖန်
မှာလည်း စိုးရိမ်ခဲ့တယ်။

ဒါကြောင့်လည်း ...

"ဗေဒါရီ့ကို ငါက ဖိုးတေဇနဲ့ အပြိုင်လိုက်ဖို့ သဘောတူ
ရုံတင်ကလေးပဲ၊ လက်ထပ်ဖို့အထိ လုံးဝရည်ရွယ်ချက်မရှိ
ဘူးကွ၊ ငါ လက်ထပ်မယ့် မိန်းမဟာ သာမန်ရုပ်ရည်ရှိတဲ့
မိန်းမမျိုးပဲ ဖြစ်ရမယ်၊ ငါက ပါပါ့လို အလှမက်တဲ့
ယောက်ျား မဟုတ်ဘူးဆိုတာ သက်သေပြမယ်၊ ပါပါဟာ
လှတဲ့မိန်းမတွေ့တိုင်း သူ့စာရိတ္တကို အပျက်ပြားခံပြီး ပိုင်
ဆိုင်ခွင့်ရအောင် ကြိုးစားခြင်းဟာ သူ့ရဲ့အားနည်းချက်ပဲ
ကွ၊ ငါက အဲဒီ အားနည်းချက်ကို သိပ်မုန်းတယ်၊ အဲဒီလို
မျိုး အားနည်းချက်ရှိတဲ့ ပါပါ့ကိုလည်း သိပ်မုန်းခဲ့တယ်၊
ဒါကြောင့် ငါက ပါပါနဲ့ ဘယ်တော့မှ မတူစေရဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ပါပါလို သိပ်လှတဲ့ မိန်းမကို သဘောကျတဲ့ ယောက်ျ
မဖြစ်စေရဘူး"

ဟူ၍ မကြာခဏ ကြွေးကြော်ခြင်းဖြင့် သူ့ကိုယ်
လိမ်ညာပစ်မိသည်။

ဒါပေမဲ့ ဗေဒါဟာ သူ့ရဲ့ခံယူချက်တွေကို တစ်
တစ်ရံ ရိုက်ချိုးနိုင်သည့် အစွမ်းရှိကြောင်း သိခွင့်ရခဲ့လေသည်
အဲဒါကတော့ သူ့ရဲ့မာမာ ဆုံးပါးသွားသည့်အချိန်၊ သူ့စိတ်
လေလွင့်အားငယ်နေချိန်၊ အရာရာကို စိတ်ဓာတ်ကျနေချိန်
ဗေဒါရီ့ကို မမျှော်လင့်ဘဲ ဆုံစည်းခွင့်ရလိုက်ခြင်းပဲ ဖြစ်လေသည်
ဗေဒါရီသည် သူ့လို အချစ်ကို လိမ်ညာသောမိန်းမ မဟုတ်။ သူ
၏အချစ်အား ရဲရဲဝံ့ဝံ့ ပြသရဲသူဖြစ်ကြောင်း ချီးကျူးချင်သွားသည်

သူ့စိတ်တွေကို သူ အမိန့်မပေးနိုင်ခင်မှာ လူ
ကားပေါ်ကဆင်း၍ ဗေဒါရီ့ကားရှေ့တည့်တည့်ကို လျှောက်လှ
ပြီး ဗေဒါရီ့ဘက်ခြမ်းက ကားတံခါးကိုသာ ဆွဲဖွင့်ကာ လက်က
ပေးခဲ့ပြီး။ အဲသည်အချိန်မှာ ဝမ်းသာအားရ ဗေဒါရီ့နာမည်
လှမ်းခေါ်ခဲ့မိသော ကိုယ့်ကိုယ်ကိုယ်လည်း အံ့ပြစ်မတင်။ ဗေဒါ
ထံမှ ဖြေသိမ့်မှုကို လိုလားတောင့်တနေမိသော ကိုယ့်အဖြစ်
ကိုယ် အပြစ်မတင်။

ဗေဒါရီသည် သူ့ရဲ့ကမ်းလှမ်းမှုအား ကျေကျေ
နပ် လက်ခံကာ ရှက်ပြုံးကလေးဖြင့် ...





"ရဲတိုက်ရဲ့အမေ ဆုံးတယ်လို့ သတင်းကြားတာနဲ့ သတင်း
မေးရအောင်လာတာ၊ လူတွေအရမ်းများနေလို့ နောက်မှလာ
မလားလို့ ဆုံးဖြတ်ပြီး ကားပြန်လှည့်တာလေ"

သူ့ရဲ့လက်တွဲခေါ်မှုအား သတ္တိရှိရှိ ရင်ဆိုင်ရဲလေ
သည်။ ဘယ်လောက်တောင် သူ့ကိုချစ်ခဲ့တဲ့ မိန်းကလေးလဲဆို
တာ။

"ကိုယ့်အနားမှာ တစ်နေ့လုံး နေပေးနော်"

"ဟုတ်ကဲ့"

ဖိုးတေဇက တအံ့တသြ လိုက်ကြည့်တာကို ရင်ဆိုင်
သည်။ ဟာ ... ဘာဖြစ်သလဲ။ ဗေဒါရီ လက်ခံလို့ သည်လို
က်ဆွဲခေါ်ခွင့်ရတာပဲ။ ဂုဏ်ယူလိုက်စမ်းပါ။ ဗေဒါရီက ဖိုးတေဇ
အား ပြုံးပြနှုတ်ဆက်တာတွေ့၏။ သို့သော် ဖိုးတေဇက သူနဲ့
ဒါရီအား စကားလာမပြောတာတော့ ထူးဆန်း၏။ ဘာဖြစ်လို့
သိမ့်။ ဖိုးတေဇဟာ သူ့ရဲ့အရှုံးအတွက် မကျေမနပ် ဖြစ်နေခဲ့
သလား။

အဲသည်အချိန်ကတော့ သူ့စိတ်တွေ ကယောင်
က်ချား ဖြစ်နေပြီး တစ်စုံတစ်ဦး၏ ဖြေသိမ့်အားပေးမှုများကို
တ၊ ထိုတစ်စုံတစ်ဦးဟာ ဗေဒါရီ ဖြစ်နေစေလိုသော ဆန္ဒ
သည်း ပြည့်နှက်။ အဲဒါတွေနဲ့ ပြီးပြည့်စုံနေခဲ့ချိန်ဖြစ်၍ သူ
မာမာကို သတိရချိန်တိုင်းမှာ ဗေဒါရီ့ကို တိုင်တည်ငိုယိုခဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆေဒါရီ့ပခုံးမှာ မျက်နှာအပ်၍ မျက်ရည်ကျခဲ့ဖူး၊ ဗေဒါ ခြေသိမ့်သော စကားများ၌ ပျော်ဝင်နစ်မြုပ်ခဲ့ဖူး၊ ဒါတွေဟာ ဟ ဆောင်ခဲ့တာတွေ မဟုတ်ခဲ့ပါဘူး ဗေဒါရီ၊ တကယ့်ကို ရင်ထဲ ဖြစ်ပေါ်ခဲ့တဲ့ စိတ်ဆန္ဒ အစစ်အမှန်တွေဆိုတာ အဲသည် အခ် ကတည်းက ကိုယ့်ကိုယ်ကိုယ် နားလည်ခဲ့မိတယ်။

"ကို ဗေဒါရီ့မေမေက ကို့ကို တွေ့ချင်တယ်ထင်တ ခဏ ခဏ ကို့အကြောင်းတွေ ဗေဒါရီ့ကို မေးတ ဘယ်လိုသဘောရလဲ ကို"

အဲသည်လိုပြောတဲ့ နေ့တစ်နေ့တုန်းကတော့ အတော်လေး ခံပြင်းသွားမိသည်။ ကြည့်စမ်း ... ငါ့ကို အပိုင်ရ နောင်တော့မယ်ပေါ့။ ဦးအောင်ခန့်ရဲ့သားလို့ သိထားပြီးတဲ့အ မှာ အမြင်တွေက အရင်နဲ့ ဘယ်တူတော့မလဲ။ ဦးအောင်ခန့် သိန်းပေါင်းများစွာသော အမွေရဲ့ သုံးပုံတစ်ပုံဟာ သူ့ရဲ့တ ဝင်ရော တရားမဝင်ရော ဇနီးများအတွက်၊ ကျန်တဲ့နှစ်ပုံ သူ့ရဲ့ နှစ်ဦးတည်းသာ ထွန်းကားခဲ့သော ရဲတိုက်နဲ့ ဖိုးတေ သော သားနှစ်ယောက်အတွက်ဆိုတာ ဦးအောင်ခန့်အကြေ သိထားကြတဲ့လူတိုင်းရဲ့ အသိပဲ။

ပြီးတော့ ... သူဆိုရင် မာမာ့အမွေစုရော သူ့အ ပါ ပိုင်ဆိုင်ထားပြီးဖြစ်တဲ့ လူတစ်ယောက်အဖြစ် ဘယ်မိန်းက ရှင်မဆို အမိဖမ်းလိုကြလိမ့်မည် ထင်ပါရဲ့။ ထိုအတွေးတွေ





တ် စိကာစဉ်ကာ တွေးမိလိုက်စဉ် ဗေဒါရီ့ထံမှ အဲသည်စကား ဒေါသဖြစ်မိပြန်သည်။

"ဘာလဲ ... ဗေဒါရီက ဆွေပြ မျိုးပြ ခေါ်သွားချင်လို့ လား၊ ဗေဒါရီ့မေမေက ကိုယ့်ကို အကဲခတ်မယ် ဆိုပါ တော့လေ"

"ဟင့်အင်း ... မဟုတ်ဘူး ကို၊ မေမေက ကို့ကို ခေါ်လာဖို့ ဗေဒါရီ့ကို လုံးဝမပြောပါဘူး၊ ကို့အကြောင်းကလေးတွေ မေးတတ်တာပါ၊ မေမေက ဘယ်တော့မှ ဗေဒါရီ့ကို မချုပ်ကိုင်ပါဘူး၊ ဗေဒါရီ့ကို အမိန့်လည်း မပေးပါဘူး၊ ဗေဒါရီ ဖြစ်ချင်တာမှန်သမျှ မေမေက ဖြစ်ခွင့်ပေးတတ် တယ်၊ မေမေက ဗေဒါရီ့ကို သိပ်ချစ်တာ၊ ပြီးတော့ ဗေဒါရီ လိုလိုလားလား ကိုယ့်ဘာသာ ဖန်တီးမှ မေမေက သိချင်သတဲ့၊ မေမေ ပြောလို့ ဗေဒါရီက လုပ်ရတာမျိုး မဖြစ်စေချင်ဘူးတဲ့၊ အဲဒါ မေမေက ဗေဒါရီ့ကို အမြဲပြော ပြောနေကျ စကားတွေပဲ၊ ကို မေမေ့ကို အထင်မလွဲပါနဲ့"

"ကိုယ့်အကြောင်း ဘာတွေမေးလဲ"

"အင်း ... အစုံပဲပေါ့၊ ကိုက အရက်သောက်လား၊ ဆေး လိပ်သောက်လား၊ လောင်းကစားတတ်လား၊ မိန်းမပွေလား၊ အဟင်း ... နောက်ပြီး ဗေဒါရီ့ကိုရော တကယ်ချစ်ရဲ့လား ဆိုတာတွေပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူမ ထိုသို့သော စကားဖြင့် ခပ်အေးအေး ရှင်းပြ
လျှင် သူ့ရင်ထဲမှာ နင့်နင့်နည်းနည်း ခံစားရလျက် အထင်မှားမိ
သော ကိုယ့်ကိုယ်ကိုယ်ပဲ အပြစ်တင်မိတတ်တာများပါသည်။
သူနဲ့ပတ်သက်လျှင် ဗေဒါရီက ဘာမှ မျှော်လင့်ချက် မထားစွာ
ချစ်ခဲ့နိုင်သည့် မိန်းကလေးပဲ ဖြစ်လေသည်။

သူမအား အထင်မှားမိလေခြင်းဟု ယူကျုံးမရဖြ
ချင်လျက် သူမ၏ဆံပင်များကြားတွင် မျက်နှာကိုမြှုပ်ကာ တိတ်တ
ဆိတ် ငိုညည်းခဲ့ရပေါင်းလည်း များခဲ့ပါသည်။ အဲဒါ ဗေဒါ
လုံးဝမသိခဲ့တာ သေချာသည်။ ငါ ဘာလုပ်ရမလဲ၊ ဘာဆက်လု
မလဲ။ ဗေဒါရီ့ကို မခွဲနိုင်အောင် ချစ်မိနေပြီထင်ရဲ့။ သူမကို ငါ
အနားမှာ အမြဲရှိနေချင်စိတ်တွေလည်း ဖိစီးနေခဲ့ပြီ။ ကိုယ့်ကိုယ်
ကိုယ်လည်း ဝေခွဲမရတော့ဘူး။ သူမအား ထားရစ်ခဲ့ရမှာကို ရင်
မဆိုင်လိုသောစိတ်နှင့် သူမကို အရှုံးအမှုး ဖွဲလမ်းမိကြောင်း
ဖိုးတေဇနှင့် ကျန်သည့် သူ့သူငယ်ချင်းများသိလျှင် "အပြောကြီး
တဲ့ကောင် အခုတော့ ဘာထူးလို့လဲ"ဟူသောစကားတွေ၊ အကြည့်
တွေနဲ့ လှောင်ပြောင်ခံရမှာကို မခံချင်လိုသော စိတ်များဖြင့် ရှုပ်
ထွေးရှုံးသွပ်ခဲ့ပေါင်းလည်း များခဲ့ပြန်သည်။

"ကို စီးကရက်သောက်တာတော့ တွေ့တယ်၊ အရက်ရော
သောက်သလားဟင်၊ လောင်းကစားတော့ လုပ်မယ်မထင်
ပါဘူး၊ အဲဒါရော ဗေဒါရီထင်တာ မှန်ရဲ့လား"





ဟူ၍ သူမက စိုးရိမ်တကြီး မေးတတ်လျှင် ...
"အရက်ကို သူငယ်ချင်းတွေရဲ့ အထိမ်းအမှတ်ပွဲတွေကျမှ
သောက်ဖြစ်ပါတယ်၊ ကျောင်းက သူငယ်ချင်းတွေနဲ့စုပြီး
တကျက်ကြရင် ပျင်းတဲ့အခါ ဖဲရိုက်တာတော့ ရှိတယ်၊
ဒါပေမဲ့ သိပ်ဝါသနာ အပါကြီးတော့ မဟုတ်ပါဘူး၊ အဲဒါ
တွေအတွက်တော့ စိတ်ချ၊ ကျန်တာတော့ ကိုယ်အာမ,မခံ
နိုင်သေးဘူး"

သူက ခပ်ရွှဲ့ရွှဲ့ ဖြေပစ်မိတာမျိုးလည်းရှိ၏။ ထိုအခါ
တွေမှာ သူမသည် တွေတွေဝေဝေဖြင့် ငြိမ်သက်သွားတတ်စမြဲ
သူက အဲဒါကို အားမရချေ။ တကယ်ဆို သူနဲ့တွဲနေကျ
ကောင်မလေးတွေလို သဝန်တိုပြရ၊ စိတ်ကောက်ပြရ။
ဟုတ် အချော့ခံလို၍ ငိုကြောရှည်ပြရ။ အဲဒါလောက်တော့
တစ်ယောက်မှာ ရှိသင့်သည်ထင်သည်။

အခုတော့ သူမပုံစံက သူ ရည်းစားများခြင်းကို
က် သူမနှင့် မဆိုင်သည့်အလား တစ်ဆိတ် ငြိမ်သက်ပြလွန်း
။ မာနထားလွန်းတယ်။ ငါ့ကို တကယ်ရော ချစ်တာမှဟုတ်
။ ငါ့ရဲ့ကျော်ကြားတဲ့ ပညာအရည်အချင်းနဲ့ ဂုဏ်ဓနကို
ာလို့လားဟု သံသယဝင်က ယူကျုံးမရဖြစ်ပြန်။

နေစမ်းပါဦး၊ ဘာယူကျုံးမှုရ ဖြစ်စရာလိုလဲ။ ငါက
ငါ့အကြောင်းနဲ့ငါ သူမကို တွဲတယ်။ သူမကလည်း သူမ



www.burmeseclassic.com

www.burmeseclassic.com



အကြံအစည်နဲ့ ငါ့ကိုတွဲတယ်။ ဘာကြောင့်တွဲချင်စရာလိုသလဲ
မဟုတ်သေးပါဘူး။ တကယ်မချစ်မိပါဘူးလို့ ကြွေးကြော်ထား
မိန်းမတစ်ယောက်ဆီက ဟန်ဆောင်အချစ်ကို ရတော့ရော ဘာဖြ
သလဲ။ အရေးကြီးတာက သူမ မထားခဲ့ခင် သူက အရင်ထား
နိုင်ဖို့ပဲ။

ရဲတိုက်သည် ထိုသို့သော အကြံအစည်များဖြ
နေ့စဉ်ဝေခွဲမရ ဖြစ်ခဲ့ပေါင်းများခဲ့သည့် လူသားတစ်ယောက်ဖြစ်မှ
မသိ ဖြစ်လာခဲ့သည်။

✣ ❤ ✣





"ဘယ်လိုလဲ ရဲတိုက်၊ ဗေဒါရီ့ကို အငြိခံပြီးမှ ရုန်းမထွက်ချင်တော့အောင် ဖြစ်နေပြီထင်ပါရဲ့၊ ငြိမ်ချက်သားကောင်းနေတယ်၊ အင်း ... ဗေဒါရီ ... ဗေဒါရီ၊ ဆေးကတော့ အင်မတန်စွမ်းတာပဲ၊ ဒါကြောင့်လည်း ဗေဒါရီကို တမ်းတမ်းစွဲ ဖြစ်နေကြတဲ့သူတွေ မနည်းဘူး ဖြစ်နေတာပဲပေါ့၊ အေးလေ ... ငါတောင်မှ မင်းနဲ့ငြိသွားတာတောင် ဗေဒါရီ့ကို အလှကြည့်နေခွင့်ရရင် ကျေနပ်နေတဲ့ကောင်ပဲ၊ မင်းလည်း ဘယ်ရုန်းထွက်ချင်တော့မလဲနော်၊ ငါ ကိုယ်ချင်းစာပါရဲ့"

ဖိုးတေဇထံမှ ထိုစကားကို ကြားရသည့်နေ့တုန်းကသူသည် ဗေဒါရီ့ကို တမ်းတမ်းစွဲ ဖြစ်ရတယ်ဆိုသည့် စကားကိုပြုံးမိခဲ့သည်။ ဘယ်လောက် ရှက်ဖို့ကောင်းလိုက်သလဲ။ မိန်းမတစ်ယောက်ရဲ့ အလှမှာ ကျဆုံးနေရတဲ့ ယောကျ်ားတစ်ယောက်အဖြစ် အင်မတန်မှ သေးသိမ်တယ်လို့လည်း ယူဆမိကာ သည်စကားကို ချက်ချင်းချေပဖို့ ဝန်မလေးချေ။



www.burmeseclassic.com

www.burmeseclassic.com



"စောင့်ကြည့်ဦးပေါ့ ဖိုးတေဇရာ"

"စောင့်ကြည့်နေတာပဲလေ၊ မင်း ဘယ်နေ့ဖြစ်မလဲ၊ ဒါ
မဟုတ် ပါပါ့ကို ဘယ်နေ့ မိန်းမတောင်းခိုင်းမလဲ၊ အဲဒီ
နှစ်ခုထဲက တစ်ခုခုကို စောင့်ကြည့်နေတာပဲ"

"မင်းပြောတဲ့ စကားထဲက နောက်ဆုံးတစ်ခွန်းဟာ ငါ့
အတွက် မဟုတ်ဘူး၊ ပါပါ့ကို ဘယ်တော့မှ မိန်းမ
မတောင်းခိုင်းဘူး၊ ပါပါနဲ့မာမာ သဘောကျ စီစဉ်ထားခဲ့
တဲ့ မိန်းမကိုပဲ လက်ခံမယ်၊ နောက်ပြီး ငါလက်ထပ်မယ့်
မိန်းမဟာ ဗေဒါရီလည်း မဖြစ်စေရဘူး၊ ဗေဒါရီ့လိုလူတဲ့
မိန်းမလည်း မဖြစ်စေရဘူး၊ ဒီတော့ ငါ ဗေဒါရီ့ကို ဘယ်
တော့ ဖြတ်မလဲဆိုတာသာ စောင့်ကြည့်နေစမ်းပါ"

"ပြောတာပါပဲကွာ၊ အခုထိ မင်းတို့ တွဲလာတာ ခြောက်
လကျော်နေပြီ၊ ချစ်သက်တမ်း နှစ်ပတ်လည်တွေ ဘာတွေ
တောင် လုပ်ချင်လုပ်နေရဦးမယ်၊ မင်း ကိုယ့်ကိုယ်ကိုယ်
မညာပါနဲ့ ရဲတိုက်ရာ၊ မင်းက နိုင်ထားတဲ့လူပဲ၊ မင်း ဘာ
လုပ်လုပ် ငါက ဘေးကနေ ရပ်ကြည့်ရုံပဲ"

ဖိုးတေဇသည် သူ့ကို အကောင်းပြောသလား
အဆိုးပြောသလားကို သူ မပိုင်းခြားတတ်သေးပါ။ သို့သော် သူ
သည် အဲသည်အခိုက်အတန့်မှာတော့ သူ အင်မတန်မှ ဂုဏ်ယူစွာ
ကြွေးကြော်ထားခဲ့သော မိန်းမလှတစ်ယောက်ကို ဘယ်တော့





ကျဆုံးမိစေရဘူးဆိုတာကြီးအား အဖန်ဖန်ကြားယောင်လျက်။
ဖြစ်စေရဘူး၊ ဖိုးတေဇ ထင်သလို မဖြစ်စေရဘူး။ ငါက ဗေဒါရီ့
ကို ထားခဲ့တယ်ဆိုတာ အားလုံး တအံ့တသြ လက်ခံသွားရစေ
မယ်။ ကြောက်ခမန်းလိလိ မာနများဖြင့် သူသည် သူကိုယ်တိုင်
ရန်းမထွက်လိုပါဘူးဟု တိတ်တဆိတ် ဝန်ခံထားခဲ့ပြီးဖြစ်သော
ဗေဒါရီ့ဘဝထဲမှ ရုန်းထွက်ဖို့ စတင်ကြံစည်တော့သည်။

ဩော် ... မိုက်မဲခဲ့ပါဘိ။

တိုက်တိုက်ဆိုင်ဆိုင် မိရှယ်တို့အိမ်ကပါတီကို သွား
ခြင်းအား သူမ၏အတန်းထဲမှ သူငယ်ချင်းမတွေနဲ့အတူ သူမပါ
ဝင်တွေ့သွားခြင်းဆိုသည့် အကြောင်းကိစ္စက သိပ်မကြာသော
ကာသတ္တပတ်အတွင်း ကြုံရလေသည်။ သူမ ထူးထူးဆန်းဆန်း
ကျောင်းတစ်ပတ်တိတိ ပျက်ခဲ့ပြီးသည့် နောက်တစ်ပတ် ကျောင်းစ
တက်သောနေ့တွင် ...

"ကို ဒီစကားကို ဗေဒါရီ အတတ်နိုင်ဆုံး ဖွင့်မပြောမိဖို့
အကြိမ်ကြိမ် စဉ်းစားခဲ့ဖူးပါတယ်၊ ဒါပေမဲ့ အခုတော့
မပြောလို့ မရတော့ဘူး ကို၊ ကို့ကို ဗေဒါရီ ပြောမှဖြစ်တော့
မယ်၊ အဲဒါ ဘာလဲ သိလား ကို၊ ကို့ရဲ့အခုလက်ရှိတွဲနေ
တဲ့ ကောင်မလေးတွေကို တကယ်မချစ်ဘဲနဲ့ အပျော်တွဲမနေ
ပါနဲ့တော့ ကို၊ ကို့နာမည်လည်း ပျက်ပါတယ်၊ ဗေဒါရီ
ဖြစ်စေချင်တာက ကို့ရဲ့ချစ်သူဟာ ဗေဒါရီ တစ်ယောက်ပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်စေချင်တယ်၊ ကို ဗေဒါရီ့ကို တကယ်ချစ်တယ်ဆိုတာ ယုံကြည်ပြီး ဒီစကားကို ပြောရပါတယ် ကို၊ ဗေဒါရီ့ကို ချစ်ရင် ဒီကိစ္စကိုတော့ လိုက်လျှော့ပါနော်”

သူမနှင့် တွေ့တွေ့ချင်း ထိုကဲ့သို့ စတင်လိုက်ခြင်း က စတာပဲ။ သူ့ဘက်က တင်းမာပြတ်သားမှု၊ သူ့ရဲ့ရင်တွင်း ခံစားချက် အစစ်အမှန်ကို မပေါ်လွင်စေတဲ့ ခုခံကာကွယ်မှု၊ သူ ၏ မျက်ရည်ဝဲသော မျက်လုံးတစ်စုံအား ရင်နာနာနှင့် အရသာ ကြည့်နိုင်ဖို့ ဟန်ဆောင်မှု၊ ပြီးတော့ ... ပြီးတော့ သူ့ သူမနဲ့ပတ်သက်သည့် ရင်နင့်ခြင်းဟူသမျှအား သူမ ရိုက်ချိုး သွားခဲ့သည့် တုံ့ပြန်စကားတစ်ခုမှာ သူ အလဲလဲ အပြိုပြို ဖြစ် ရတာ။

“မာနကြီးတဲ့ ယောက်ျားတစ်ယောက်ရဲ့ မာနကို မုန်း ရှင့်လို မာနကြီးတဲ့ ယောက်ျားတစ်ယောက်ရဲ့ ကျဆုံးခ ကို မြင်ချင်တာနဲ့ တွဲခဲ့တာပဲပေါ့”

တဲ့လား။ သူသည် အဲသည်စကားမှာ အကြိမ်ကြိမ် အဖန်ဖန် ကျဆုံးကာ ဗေဒါရီအား တိတ်တဆိတ် လွမ်းဆွတ် သော ညများစွာ၊ နေ့ပေါင်းများစွာကို ရင်မဆိုင်ချင်လျက် ဆိုင်ရပြန်သည်။ ဗေဒါရီ့ဆီတော့ သူ့ရဲ့ခံစားချက်ကို ဖုံးကွယ် လို၍ သူမအား အနိုင်ပိုင်းသည့် စာတစ်စောင် ရေးဖြစ်အော ရေးပို့ခဲ့မိသေးသည်။ ထိုစာကို ဖိုးတေဇအား တမင်ပြ၍ –





“တွေ့လား၊ ငါက အဲဒီလောက် ပြတ်သားတာ”

ဟု ဝင့်ကြွားခဲ့ချင်သေးသတဲ့။ ဘယ်လောက် မိုက်မဲ တဲ့ ရဲတိုက်လဲ။ ပိုပြီး မိုက်မဲတာကတော့ ပါပါနဲ့မာမာ သဘော ထားတယ်လို့ အကြမ်းဖျင်းသိထားတဲ့ မိန်းကလေးနဲ့ စေ့စပ် ကြဖို့ မကြာခဏ တိုက်တွန်းတတ်တဲ့ ပါပါ့စကားကို သည် ခါ လက်ခံလိုက်မိတာပဲ။ ပြီးတော့ စေ့စပ်သည့်နေ့ကို သူမနဲ့ တို့ ချစ်သူအဖြစ် ရောက်ရှိရတဲ့နေ့ကို တမင်ရွေးချယ်ခဲ့မိတာပဲ။ ဒါရီ ဘယ်လောက် နာကျင်ထိခိုက်သွားမလဲ။

ဒါပေမဲ့ ဗေဒါရီ မသိခဲ့သေးတာ တစ်ခုတော့ရှိ၏။ နဲ့ စေ့စပ်ပြီးသည့်နေ့ရဲ့ နောက်တစ်နေ့မှာ သူ့ရဲ့သတို့သမီး လောင်းက သူမရဲ့ချစ်သူနောက် လိုက်သွားတာပဲ ဖြစ်သည်။ စေ့ ကြောင်းလမ်း ဖျက်သိမ်းခြင်း သတင်းကိုတော့ သတင်းစာထဲ ည့်ခဲ့မိ၍ သူမ မသိခဲ့ဘူးလား၊ သိခဲ့သလား သူ မသိပါ။

✣ ❤ ✣



www.burmeseclassic.com

www.burmeseclassic.com



(၁)

(၁၉...)

ကိုးနှစ်တိတိ သူ့ဘဝထဲကနေ ဆွဲထုတ်ကာ ...
ပျောက်ထားခဲ့သော သူမအား ပထမဆုံးအကြိမ် ဆုံစည်းခွင့်ရလိ...
ရုံဖြင့် ပြန်လည်တမ်းတနေမိသည့် ကိုယ့်ကိုယ်ကိုယ် သည်တ...
တော့ ရဲရဲဝံ့ဝံ့ ဆုံးဖြတ်ချင်သည်။ ဗေဒါရီကို ဘယ်တော့မှ ...
မမေ့ဘဲ တစ်ယောက်တည်း ဖြတ်သန်းလာတာကိုက သူ့ရဲ့...
သားဟာ ဗေဒါရီကလွဲလို့ ဘယ်သူ့ကိုမှ လက်မခံတော့ဘူးဆို...
သေချာနေခဲ့ပြီ။ ဒါကြောင့် သူ့ရဲ့ မာနတွေ၊ ကြွေးကြော်မှု...
ခံယူချက်တွေကို မေ့ပစ်တော့မည်။ ပြီးတော့ နှစ်ရှည်လ...
မက်ခဲ့ရတဲ့ သူ့အိပ်မက်၏ အပိုင်းအစကလေးတွေကို ဆက်ကြ...
ရင်း ဗေဒါရီ့ကို ပိုင်ဆိုင်ခွင့်ရလိုခြင်းတည်းမှူသော အိပ်မက်...
ဖြစ်ကြောင့် လက်ခံလိုက်ခဲ့ပြီ။





ထိုသို့ဆုံးဖြတ်ပြီးနောက် အသက်နှစ်ဆယ့်ရှစ်နှစ်
...ည် ယောကျ်ားတစ်ယောက်သည် လွန်ခဲ့သော ကိုးနှစ်ကကဲ့
...ရင်ခုန်သံတိုးတိုးညက်ညက်ကလေးဖြင့် နေ့သစ်များကို ဖြတ်
...ို့ စတင်တော့သည်။

သည်နေ့ ဗေဒါရီ့ဆီသွားမည်။ ဗေဒါရီ စာသင်ရ
...အခန်းရှေ့မှာ ကိုးအလျင်တုန်းကလို လက်ပိုက်၍ ကော်ရစ်ဒါ
...ကိုမှီလျက် ငေးကြည့်မည်။ မျက်လုံးချင်းဆုံရင် ဘာတွေ
...ပြောရပါ့။ လူလတ်ပိုင်းအရွယ်တစ်ယောက်ဟာ လူငယ်လေးတစ်
...က်လိုတော့ မရဲတော့တာ အမှန်ပဲ။ ဗေဒါရီကရော ဘယ်လို
...မျက်လုံးကလေးတွေနဲ့ တုံ့ပြန်လိမ့်မလဲ။

အိုး ... ရင်ခုန်လိုက်ပါဘိ။

စိတ်ကူးအပြည့်နှင့် ကားကိုမောင်းလာစဉ်မှာ လမ်း
...မှာရပ်ထားသည့် ကားနံဘေးမှ အမျိုးသမီးတစ်ယောက်
...ားခြင်းကို စိတ်ပျက်စွာ ကြုံလိုက်ရတော့တာပဲ။ ကျွတ် ...
...သဲဟု စိတ်ပျက်လက်ပျက်ရေရွတ်ရင်း ကားကို ထိုးရပ်လိုက်
...ရွှေဝါရောင်မြန်မာအမျိုးသမီးဝတ်စုံအပြည့်ဖြင့် အမျိုးသမီးက
...ားဆီလျှောက်လာ၍ ကားမှန်နက်တွေကို ချလိုက်ရသည်။
...မျိုးသမီးသည် သူ့ကားနံဘေးတွင် ရပ်ကြည့်၍ ငြိမ်းချမ်းစွာ
...က် ...



www.burmeseclassic.com

www.burmeseclassic.com



"တစ်ဆိတ် အန်တီ့ကို ကူညီနိုင်မလား သား၊ အန်တီ့ကား ပျက်သွားလို့ ညစ်ခံပွဲကို အချိန်မီမရောက်မှာ စိုးရိမ်တာ ကားတားပြီး အကူအညီတောင်းရတော့တာပဲ၊ အန်ငါ ကားကြုံလိုက်ချင်လို့ပါကွယ်၊ အင်းလျားလိတ်ကို ပို့ပေးနိုင် မလား"

ကြည့်နေရင်းမှ သည်အမျိုးသမီး တွေ့ဖူးပါတယ် နေစမ်းပါဦး ... ကြည့်တော့ အသက် ဘာမှ ရှိဦးမယ်မထင် အမျိုးသမီးက သူ့ကိုယ်သူ အန်တီတဲ့။ သူ့ကို သားတဲ့။

"အန်တီ့ကို မင်္ဂလာဆောင်မှာ အခါတော်ပေးဆိုဖို့ အ အညီတောင်းထားလို့ပါ သားရယ်၊ မင်္ဂလာယူနေတဲ့အချိ မှာ အန်တီက ပျက်ကွက်ရင် သူတို့တွေ စိတ်ထိခိုက်သွာ မှာ မလိုလားဘူးလေ"

"အန်တီက ... အန်တီက အဆိုတော်လား"

ထိုသို့ အလန့်တကြား ရေရွတ်မိအပြီးတွင် ချ ချင်း မှတ်မိသွားတော့သည်။ တိုက်ဆိုင်လိုက်တာဟု တအံ့တ ဖြစ်ကာ သူနဲ့ တစ်ခါမှ ဆုံခွင့်မရလိုက်၍ သူ့ကို လုံးဝမသ မမြင်ဖူးခဲ့သော ဒေါ်မဥ္ဇူရီအား ဗေဒါရီ့မေမေဟူသော အသိဖြ အပြည့်အဝအကူအညီပေးဖို့ ဆုံးဖြတ်လိုက်သည်။

"ဟာ ... သိပြီ၊ အန်တီက ဒေါ်မဥ္ဇူရီပဲ၊ ဆောရီး ဆောရီး၊ ကျွန်တော် ရုတ်တရက် မမှတ်မိဘဲဖြစ်နေတယ်





လာပါ တက်ပါ အန်တီ၊ ကျွန်တော် အန်တီ့ကို အသွား ရော အပြန်ရော ကားနဲ့လိုက်ပို့ဖို့ ကူညီနိုင်ပါတယ်၊ အန်တီကားကရော"

"ဒရိုင်ဘာ စောင့်ကျန်ပြီး လုပ်စရာရှိတာ လုပ်ထားလိမ့် မယ်၊ အရေးကြီးတာက အန်တီ အချိန်မီရောက်ဖို့ပဲသားရဲ့၊ အန်တီ့ကြောင့် နှောင့်နှေးနေမှာစိုးရိမ်လို့ ကျေးဇူးတင်လိုက် တာ သားရယ်"

ဒေါ်မဥ္ဇူရီသည် အင်မတန်ကို ချောမောကျက်သရေ သာ အမျိုးသမီးကြီးပင်ဖြစ်သည်။ ဗေဒါရီတောင် သူမ၏အလှကို နိုင်။ ပြီးတော့ စကားပြောကလည်း နူးညံ့ချိုသာလွန်းသည်။ ကြောင့် ဗေဒါရီက 'မေမေ ... မေမေ'နဲ့ ပါးစပ်ဖျားကမချ။ အမေရဲ့ဆန္ဒတွေကို ဦးစားပေးတတ်တာပဲဖြစ်မည်။ သူတောင် ... သူ့ရဲ့ လိုက်လိုက်လျောလျော ကူညီမှုကရော တကယ့် ရင်းပဲ့တ်ရဲ့လား မသိ။ ဗေဒါရီ့မေမေဆိုတဲ့ အသိနဲ့များ ညီချင်သွားသလား။

"သားက ဘယ်သွားမလို့လဲ"

"ဟဲ ဟဲ ... ကျွန်တော့် ကောင်မလေးဆီ"

သူက ကြည်ကြည်နူးနူး ဝန်ခံလိုက်ရခြင်းအား ခဆုံးအကြိမ် ရင်ဆိုင်မိသူမှာ ဗေဒါရီ့မေမေပဲဖြစ်သည်။ ဥ္ဇူရီက ...



www.burmeseclassic.com

www.burmeseclassic.com



"အိုး ... ဆောရီး၊ အန်တီ ဒုက္ခပေးမိပြီ"

ဟု ရေရွတ် သံကြားမှ ...

"ရပါတယ်၊ ချိန်းထားတာ မဟုတ်ဘူးခင်ဗျ၊ သူ့ကို သွ
ချောင်းကြည့်၊ ပြီး ပြန်လုပ်ရမှာ"

လို့ ရှက်ကိုးရှက်ကန်း ဖွင့်ပြောမိ၏။

"အို ... သားအသက်အရွယ်လောက်ဆို ချစ်သူကော
လေး ရှိသင့်နေပြီ၊ အန်တီ့သား မရှိသေးဘူးဆိုတော့
တာပဲကွယ်၊ ဩော် ... ဒါနဲ့ သားနာမည်လေး ပြော
ဦး၊ နေရပ်လိပ်စာရော၊ အလုပ်အကိုင်ရော၊ ပြော
အန်တီ ရေးမှတ်ထားလိုက်မယ်"

ဘုရား ... ဘုရား။ နာမည်တဲ့။ နာမည်မေး
ဘယ်လိုလုပ် ပြောလို့ဖြစ်ပါ့မလဲ။ ဗေဒါရီ့ဆီက လွှန်ခဲ့တဲ့
နှစ်လောက်တုန်းက အပ်ကြောင်းထပ်မက ကြားခဲ့ပြီးသား ရဲတ
ဆိုတဲ့နာမည်ကို ဒေါ်မဥ္ဇူရီ ဘယ်မေ့လိမ့်မလဲ။ ဗေဒါရီ
အပျော်တွဲရရုံ သဘောထားတဲ့ ရဲတိုက်ကို သူမကရော မမှ
ဘဲ ဘယ်နေလိမ့်မလဲ။ အင်း ... ဒုက္ခပါပဲ။ သည်အတွေး
ကြောင့် လေးအေးစက်ဖွင့်ထားလျက် ချွေးပြန်လာမိသည်။
ယာရင်ကို ကိုင်ထားသည့် လက်ဖဝါးထဲတွင် ချွေးစေးတွေ
စိုစွတ်နေတော့သည်။





"သားရဲ့လက်ထပ်ပွဲကျရင် အန်တီက ခင်မင်မှုနဲ့ လာကူညီ
မလို့၊ အဆိုတော်တစ်ယောက် အတွက်တော့ သီချင်းနဲ့ပဲ
ကူညီပေးနိုင်တာပေါ့၊ ဘယ်လိုလဲ သားရဲ့ကောင်မလေးနဲ့
မင်္ဂလာပွဲမှာ အန်တီက အခါတော်ပေးဆိုပေးဖို့ ပြင်ဆင်
ရတော့မလား။ ကောင်မလေးနဲ့ ဘယ်တော့ ပြေလည်မှာတုံး၊
ကဲ ... အင်လျားလိပ်တောင် ရောက်ပြီ၊ သားနာမည်လည်း
မသိရသေးဘူး"

ရုတ်တရက် ခေါင်းထဲပေါ်လာသည့် နာမည်အား
နဲ့ ပြောမိသွားတော့ ဒေါ်မဥ္ဇူရီ မျက်ခုံးတွေပင့်လျက်
ဘည ခပ်တိုးတိုးရယ်သည်။

"ကို ... တဲ့လား၊ နာမည်က တစ်လုံးတည်းလား သား
ရယ်၊ သားမိဘက ကြံကြံဖန်ဖန် မှည့်တတ်တယ်၊ ဒါဆိုရင်
သားနာမည် မောင်ကိုပေါ့ ဟုတ်လား၊ အန်တီကတော့
သားလို့ပဲ ခေါ်ပါ့မယ်"

ဒေါ်မဥ္ဇူရီကတော့ ကားပေါ်မှ ဆင်းပြီးပြီးချင်း
၍ မေးခွန်းထုတ်ခဲ့သေးသည်။ သည်တစ်ခါ မေးခွန်းက
ာမည်လောက် မခက်ခဲ၍ သူက အလွယ်တကူပင် ဖြေခဲ့ပါ

"ကျွန်တော်က အာခိတက်စ် (Architect)တစ်ယောက်ပါ၊
ကျွန်တော့်ရဲ့ အဆောက်အအုံဆောက်လုပ်မှု အေဂျင့်စီ



www.burmeseclassic.com

www.burmeseclassic.com



(Agency))ကို (......)လမ်းမှာ ကုမ္ပဏီရုံးခန်း ဖွင့်ထား တယ်၊ အန်တီ အကူအညီလိုရင် အချိန်မရွေး ဖုန်းဆက် ဖုန်းနံပါတ်ပေးထားခဲ့မယ်၊ ဩော် ... အန်တီ့ကို ကျွန် စောင့်ပေးရဦးမှာပဲ"

"ရပါတယ် သားကိစ္စရှိရင် သွားပါ၊ အန်တီ ကြိုသ ပါ့မယ်"

"နောက်နေ့မှသွားလည်း ရပါတယ် အန်တီ၊ အန် အစအဆုံး ကူညီခဲ့ချင်လို့ပါ"

"ကျေးဇူးပဲကွယ်၊ သားရော လိုက်ဝင်ခဲ့ပါလား"

"ရပါတယ် အန်တီ၊ ကျွန်တော် ကားထဲမှာ သီချင်း ထောင်နေရတာ ပိုသဘောကျတယ်၊ လူတွေများရင် နောက်တတ်လို့"

ဒေါ်မဥ္ဇူရီ ဟိုတယ်ထဲ ဝင်သွားသောအခါ သူ့ မမျှော်လင့်ဘဲ ပြောင်းလဲသွားသည့် အခြေအနေအား ပြန်တွေး ရင်း တဟားဟား ရယ်ချမိသည်။ နာမည်အခက်အခဲမှာ လိုက်လိုက်လုံလုံ ခေါ်တတ်လေ့ရှိတဲ့ 'ကို'ဟူသော သူ ပိုင် ထားရာ နာမ်စားကလေးအား သုံးလိုက်ရခြင်းသည် သူ့ရဲ့ စိတ်မှာ တွယ်ငြိနေသော ဗေဒါရီ့ကို စွဲလမ်းမှုကလေး ဖြစ် သည်။ သူက သည်တစ်ခါတော့ အဲသည်အတွက် ကျေနပ် သားပင်။





'သား'ဟူ၍ ဒေါ်မဥ္ဇူရီ တစ်ခွန်းခေါ်လိုက်တိုင်း သည်ထဲ ချိုအီသွားသလို ခံစားရခြင်းသည် ဗေဒါရီနဲ့ ပတ် သည့် ဗေဒါရီ့မေမေက ခေါ်လို့ပါဆိုရင် ရဲတိုက် လွန်တယ်ပဲ ကြမလား။ သည်နေ့ တစ်နေ့ကလေးမှာ ဗေဒါရီ့ကို တွေ့ ရလိုက်ပေမယ့် ဗေဒါရီချစ်သော မေမေကို ကူညီခွင့်ရလိုက် အား ဘာပဲဖြစ်ဖြစ် ပီတိဖြစ်နေမိပြန်သည်။

ဒေါ်မဥ္ဇူရီအား အိမ်အရောက်လိုက်ပို့သောအခါ ရင် စိုးရိမ်စိတ်တွေ ဖြစ်လာရပြန်သည်။ ဗေဒါရီများ အိမ်ပြန် ကနေပြီလား။ ရောက်နေခဲ့ရင် သူ့ကိုတွေ့တဲ့အခါ ဗေဒါရီ လိုများ ညှော်ခံမလဲ။ လက်ကနာရီကို မသိမသာကြည့်မိသည်။ အချိန်လောက်ဆိုရင် ကျောင်းမဆင်းသေးပါဘူးဟု ထင်မြင် မှန်ကန်ခဲ့ပါသည်။

ထိုနေ့က ဒေါ်မဥ္ဇူရီ၏ဧည့်ခံမှုနှင့်အတူ ဧည့်ခန်းမှာ ခဲ့ရသော ဗေဒါရီ့ဘွဲ့ဝတ်စုံနှင့် ရိုက်ထားသည့် ဓာတ်ပုံက အား မြတ်နိုးစွာ ငေးကြည့်ခြင်းဖြင့် ရဲတိုက်သည် ဗေဒါရီ ပိုင်သော နယ်မြေတစ်ခုအား ချစ်ခြင်းအတိဖြင့် ခြေချခဲ့ပါသည်။

✣ ❤ ✣



www.burmeseclassic.com

www.burmeseclassic.com



၈

ရဲတိုက်အတွက် တစ်ခါတစ်ရံမှာ အဖြစ်အပျက်
ဟာ မထင်မှတ်ထားပါဘဲ ဖြစ်သွားတတ်ကြောင်း သိခွင့်ရ
သည်နေ့ကတော့ ဗေဒါရီ ကျင်လည်နေရာ တက္ကသိုလ်ဝန်း
ကို ခြေချသည့်နေ့ပဲ ဖြစ်လေသည်။ မျှော်လင့်ခြင်းအတိပြီးသော
ရင်ခုန်ခြင်းအတိပြီးသော ခံစားချက်တို့ဖြင့် ဗေဒါရီ စာသင်
သည့် စာသင်ခန်းတစ်ခန်းကို တွေ့လိုတွေ့ငြား လိုက်ရှာ
တော့ သူ့မှာ ဗေဒါရီနဲ့တွေ့ရင် ဘာတွေ ထောင်းပန်ရမလဲ။
မဟုတ် ဝန်ခံရမလဲ။ ဒါမှမဟုတ် ဗေဒါရီ ရန်တွေ့သမျှ
ငြိမ်ငြိမ်သက်သက် နာခံပြီး ဗေဒါရီ ကျေနပ်အောင် ချော့မော့
တွေနှင့် ရှုံးသွပ်လိုက်ရတာ။

သူနဲ့ မျက်နှာချင်းဆိုင်မှ လျှောက်လာသော လူ
နှစ်ယောက်က သူ့ရဲ့အတွင်းစိတ်တွေကို ရိုက်ချိုးလိုက်တော့
ဖြစ်သည်။ ဟင် ... ဟုတ်မှဟုတ်ရဲ့လား။ လုံးဝ မဖြစ်နိုင်တာ
ဖွတ်အတင်း ငြင်းဆန်ပစ်ကြည့်ချင်သေးသည်။ သို့သော် တက





ကယ်တော့ ဒါဟာ သူ့မျက်စိနဲ့ တပ်အပ်မြင်လိုက်ရ၍ ငြင်း
ဆန်လို့မရနိုင်ပေ။

သူတို့ မမြင်ခင် ချာခနဲ လှည့်ထွက်ဖို့ ပြင်ဆင်
သော့...

"ရဲဘိုက် ဘာလာလုပ်တာလဲ"

အလိုက်ကန်းဆိုး မသိတာလား။ တမင်လှမ်းခေါ်တာ
ဘား ခွဲခြားမရနိုင်ခဲ့ချေ။ စိတ်ထဲက အနည်းငယ် ဆဲရေးလျက်
ပြန်လှည့်တော့ သူ့အနားရောက်လာပြီဖြစ်သော သူတို့နှစ်ယောက်
အား မြင်ရ၏။

"မင်းကရော ဒီကို ဘာလာလုပ်တာလဲ"

"ဗေဒါရီ့ဆီ လာလည်တာလေ၊ ဒီအချိန်ဆို ဗေဒါရီ ဘာ
အတန်းမှ ပြစရာမရှိတော့ဘူးဆိုတာ သိထားလို့ ဝင်လည်
ရင်း ကင်န်တင်းဘက် သွားမလို့ ထွက်လာတာ၊ မင်းက
ရော ဘယ်သူ့ဆီလာတာလဲ၊ အခုလေးတင် မင်းအကြောင်း
ပြောနေတုန်း မင်းကို တွေ့လိုက်ရတော့ အံ့သြသွားတယ်
ကွ"

"ငါ့မိတ်ဆွေ ဆရာတစ်ယောက်ဆီလာရင်း သူ့အတန်းမပြီး
သေးတာနဲ့ ဒီဘက် လျှောက်ကြည့်တာပါ၊ ဪ ...
ဗေဒါရီက ဒီမှာ အလုပ်ပြန်ဝင်နေတယ်ဟုတ်လား၊ ဘယ်နှ
နှစ်လောက်ရှိပြီလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူမသည် မမျှော်လင့်ဘဲ သူ့ထံမှ နှုတ်ဆက်စာ ကို ကြားလိုက်ရ၍ အံ့သြသွားပုံရသည်။ ပြီးမှ ခပ်တိုးတိုးပြန်လည် ကြား၏။ သူက သူမ၏ တည်ငြိမ်သော ဟန်ပန်ကလေးအတွေ ကြေကွဲမိ။ သည်တစ်ခါတော့ ဖိုးတေဇက သူ့ကို အနိုင်ယူသွ ပြီထင်ပါရဲ့။

သူတို့ ဘယ်အချိန်ကတည်းက ပြန်တွေ့နေကြ လဲ။ ဗေဒါရီ အတန်းရှိမရှိ အချိန်ဇယားတွေကိုတောင် သိနေပြီ ဖိုးတေဇဟာ ဂျပန်က ပြန်ရောက်တာမှ တစ်နှစ်မပြည့်သေး ဗေဒါရီ့ကို ဖွဲ့မလျှော့စွာ ထပ်မံချဉ်းကပ်နေခဲ့ပြီပဲ။ ဘယ်အချိန် တည်းက ချဉ်းကပ်နေခဲ့တာလဲ။ သူကတော့ အင်မတန်မှ ညံ့ စွာ မနေ့တစ်နေ့ကမှ သူမကို ပြန်တွေ့ခဲ့၊ သူမအကြောင်း သိခဲ့၊ ကိုယ့်ရဲ့လိမ်ညာထားမှုတွေ အလဟဿဖြစ်နေပြီမှန်း ကော ချက်ချခဲ့။ ထို့ကြောင့် သတ္တိတွေမွေးကာ သူမအား ဒူးထောက်အ ခံဖို့ ဆုံးဖြတ်ခဲ့ပြီးမှ ...။

"တစ်ခုခု လိုက်သောက်ပါလား ကိုရဲတိုက်"

"ဟာ ... နေပါစေ၊ ကျွန်တော့်မိတ်ဆွေနဲ့ ချိန်းထား မအားဘူးခင်ဗျ၊ အခုချိန်လောက်ဆို သူ အတန်းပြီးသွ ပြီထင်တယ်၊ ကျွန်တော့်ကိုမမြင်လို့ လိုက်ရှာနေဦးမယ် ဒါကြောင့် အခုပဲ သူ့ဆီပြန်သွားတော့မလို့၊ ကျွန်တော့် ခွင့်ပြုပါဦး ဗေဒါရီ၊ ဟော့ကောင် ... ဖိုးတေဇ ငါ သွ တော့မယ်"





"အေး ... မင်းဆီ ငါ ဖုန်းဆက်လိုက်မယ်၊ မင်း ဘယ် အချိန်ရှိမလဲ"

"ညဘက်တွေ ရှိတတ်တာများတယ်"

ဗေဒါရီဘက် တစ်ချက်ကြည့်ကာ 'သွားမယ်'ဟု တ်ဆက်မိခြင်း၌ သူ့ရဲ့နှလုံးသားတွေ မွမွကြေသံများ ပါသွား သလား။ အငြိုးအတေးကင်းသော၊ အာဃာတတွေကင်းသော၊ ပြစ်တင်ခြင်းကင်းသော ပကတိဖြူစင်မှုတွေ လွှမ်းသည့် မျက် ်းကလေးအား နှမြောဇာသစွာ စိုက်ကြည့်မိခဲ့ခြင်းအတွက် ောင်တမရချင်တော့ပါ။ သူ့ရဲ့မိုက်မဲမှုကြောင့် သူ့နံဘေးမှာ နေခဲ့တဲ့ ဗေဒါရီဟာ ယခုတော့ ဖိုးတေဇနံဘေးမှာ ယှဉ်တွဲတွေ့ နေခဲ့ရပြီ။ ဘယ်လောက် ကြေကွဲဖို့ကောင်းလိုက်တဲ့ အဖြစ်လည်း ဆိုတာ။

မနေ့တုန်းက ဗေဒါရီ့မေမေရဲ့ 'သား'ဟူသော ခေါ်သံအောက်မှာ စိတ်ကူးယဉ် မျှော်လင့်ချက်တွေနဲ့ ရူးသွပ်ခဲ့ ရသည်။ သည်နေ့တော့ တစ်ခါမှ မတွေးထားခဲ့ဖူးသော အဖြစ် အပျက်တစ်ခုကို ရင်ဆိုင်ခဲ့ရ၍ အနာဂတ်မဲ့သော လူတစ်ယောက် ဘဝကို အလိုလိုလက်ခံလိုက်ရပြီ။

"ငါက ဗေဒါရီ့ကို မင်းလို အပျော်တွဲမှာ မဟုတ်ဘူးကွ၊ တကယ်မြတ်နိုးမိတဲ့စိတ်နဲ့ တစ်သက်လုံး ပိုင်ဆိုင်ခွင့်ရချင် ခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com




ဟူ၍ ဖိုးတေဇ ဝန်ခံခဲ့ဖူးသော လွှမ်းခဲ့သည့်ကိုးနှ က စကားအချို့အား အမှတ်ရလိုက်မိသည်။ မင်း ကံကောင်းပါ တယ် ဗေဒါရီ။ ငါ့လို အချစ်ကို တန်ဖိုးမထားတတ်တဲ့ ယောကျ်ား တစ်ယောက်ထက်စာရင် ဖိုးတေဇလို မင်းကို လေးလေးနက်နက် ချစ်တတ်တဲ့ ယောကျ်ားတစ်ယောက်ရဲ့ လက်ကမ်းမှုကို မင်း လက်ခံထိုက်ပါတယ်။ တကယ်တော့ အရာရာကို အတ္တမှားတွေ နဲ့ ဆုံးဖြတ်ခဲ့မိခြင်းရဲ့ အပြစ်ဒဏ်ဟာ ကိုယ် တကယ်ချစ်ရတဲ့သူ ကို ဆုံးရှုံးရခြင်းဆိုတဲ့ ဒဏ်ခတ်မှုနဲ့ ကြုံတွေ့ရခြင်းပဲ။ ကိုယ် ကျေကျေနပ်နပ်ပဲ ခံယူပါ့မယ် ဗေဒါရီ။ သူ့ရဲ့အတ္တမှားကြီးဖြစ် တဲ့ ...

သိပ်လှတဲ့ မိန်းမတစ်ယောက်ထံမှာ ဘယ်တော့မှ မကျဆုံးစေရဘူး။ ထိုမိန်းမကို စွဲလမ်းခြင်းတွေ မဖြစ်စေရ၊ မြတ် နိုးမှုတွေ မပေးမိစေရ၊ အကြင်နာနဲ့ တွယ်တာခြင်းတွေ မဖိတ်လှ စေရ စသည်တို့အပြင် အချစ်ဆိုသည်မှာ သိပ်လှသော မိန်းမများ ၏ ဖြားယောင်းသော အလှများကြောင့် ဖြစ်ပေါ်သွားတတ်သည် ဟူသော အယူအဆက မှားယွင်းခဲ့လေစွ။ တကယ့်တကယ်တော့ အချစ်ဟာ သည်လို အလှအပတွေကြောင့် ဖြစ်ပေါ်လာခြင်းနဲ့လား လားမှမဆိုင်ဘဲ ရင်တွင်း၌ နက်နက်နဲနဲစူးနင့်စွာဖြင့် ဖြစ်တည်တတ် သည့်အရာတစ်ခုပဲဆိုတာ ဗေဒါရီက သင်ကြားပေးခဲ့လေသည်။

✣ ❤ ✣








www.burmeseclassic.com

www.burmeseclassic.com



ဗေဒါရီထံမှ ဝန်ခံစကားကို ကြားခွင့်ရလိုက်သော အခါ သူသည် အသံထွက်အောင်ပင် သူ့ရဲ့အံ့သြမှုကို ပြသမိတော့၏။

ကြည့်စမ်းပါဦး. သည်မိန်းကလေးဟာ အချစ်ကို ဘယ်လောက် တန်ဖိုးထားတတ်သလဲ၊ ချစ်သူကို ဘယ်လောက်တောင် အကြွင်းမဲ့ ချစ်တတ်လိုက်သလဲ။

သည်မိန်းကလေးမျိုးကိုပဲ ပိုင်ဆိုင်ချင်စမ်းပါဘိဟု သူ့နှလုံးသားက လှိုက်လှိုက်လှဲလှဲ တောင်းဆိုမိတော့သည်။

✣ ❤ ✣





(က)

ဖျတ်ခနဲလှည့်အကြည့်ဝယ် ဟာခနဲ ရေရွတ်မိတော့မတတ် ဖြစ်စေခဲ့သည်။ ကျောခိုင်းလှည့်ထွက်သွားသူတစ်ယောက်ရဲ့ နောက်ကျောကို တမ်းတမ်းတတ ငေးနေခဲ့လိုက်တာ။ ဗေဒါရီ စိတ်မနှာဘူးလားဟု တစ်နေ့ မေးကြည့်ဖို့ ဆုံးဖြတ်လိုက်မိသည်။

"ဒီကောင်နဲ့ကျွန်တော် မတွေ့ကြတာတောင် အတော်ကြာပြီ"

"ဟင် ... ရှင်တို့ တစ်တိုက်တည်း အပေါ်ထပ် အောက်ထပ် နေတာ မဟုတ်ဘူးလား"

"မဟုတ်ဘူး၊ သူက သူ့ဘာသာ တိုက်တစ်လုံးရွှေ့ပြီး ပြောင်းနေတာ ကြာလှပြီ၊ ကျွန်တော် ဂျပန်ကပြန်မရောက်ခင်ကတည်းက ဖြစ်မယ်ထင်တယ်"

"ရှင်က ဂျပန်ကို ဘာသွားလုပ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပါပါ့ အဆက်အသွယ်ကောင်းတာနဲ့ ဗိသုကာတစ်ယောက် အနေနဲ့ ကုမ္ပဏီမှာ အလုပ်လုပ်ခွင့်ရမယ်ဆိုတော့ စိတ်ဝင်စားပြီး သွားလုပ်ဖြစ်တာပါ၊ ရဲတိုက်က စိတ်မဝင်စားဘူးတဲ့ အဲဒါကြောင့် ကျွန်တော် တစ်ယောက်တည်း သွားလုပ်တာပေါ့၊ ပါပါက သူ့သားနှစ်ယောက်လုံးကို နိုင်ငံရပ်ခြားမှာ အလုပ်စွန့်စွန့်စားစားလုပ်ကြတာကို သိပ်ဂုဏ်ယူချင်တာ ဒါပေမဲ့ ရဲတိုက်က ဂျစ်ကန်ကန်ဗျ၊ ပါပါ့စကား နားမထောင်ဘူး၊ ဖေဒါရီ သိတဲ့အတိုင်း ကျွန်တော်တို့အတွက် ငွေကြေးက အဓိကမဟုတ်ပါဘူး၊ ပါပါက ကျွန်တော်တို့ကို သူ့အရိပ်မခိုဘဲ ဖြစ်ထွန်းအောင်မြင်သွားတာကို ပိုသဘောကျလို့ပါ၊ အဲဒါကို ရဲတိုက်လည်း သဘောပေါက်တယ်လေ ဒါကြောင့် သူ့ဘာသာ ပါပါ့အလုပ်တွေထဲက ခွဲထွက်သွားပြီး ကျွန်တော့်နည်းတူ ဖြစ်မြောက်အောင် လုပ်ပြနေလေရဲ့"

သူမက 'ဪ'ဟု ခပ်တိုးတိုး မှတ်ချက်ချသံပြုရင်း ဟင်း … ဒီပုံအတိုင်းဆို သူမထံမှ မျှော်လင့်နေခဲ့သော ချစ်ခြင်းတစ်ခုက အလှမ်းဝေးနေဆဲပဲ ထင်ပါရဲ့။ ဖိုးတေဇဟာ ရဲတိုက်ကိုယှဉ်လိုက်ရင် အမြဲရှုံးနိမ့်ရမယ့်ဇာတာပါတယ် ထင်ပါရဲ့'။ အတွေးနဲ့ စိတ်ဓာတ်ကျချင်စ ပြုလာခဲ့သည်။

ကင်န်တင်းမှာထိုင်ပြီး သူ့အကြောင်းကိုယ့်အကြောင်း ပြောနေခဲ့သော်လည်း သူ့စိတ်တို့က ရဲတိုက်နဲ့ မတွေ့ခင် ဖေဒါရီ





စကားပြောချိန်ကလောက် မပျော်ချင်တော့ပေ။ ဖေဒါရီ့မျက်ခွံ့အဖွင့်အပိတ် စကားပြောလိုက်တိုင်း လှုပ်ရှားသွားသော နှုတ်ခမ်းနှစ်လွှာနှင့် ကျက်သရေရှိစွာ ငေးကြည့်မိတိုင်း သူမအား နောက်တစ်ခါ ဆုံးရှုံးရမှာကို ရင်မဆိုင်ရဲခဲ့ချင်ပြန်။

သိလား ဖေဒါရီ။ ကိုယ်က မင်းကို အလျင်ဆုံး ချစ်ခဲ့ရတဲ့သူပါ။ ရဲတိုက် စိတ်မဝင်စားခင်ကတည်းက နာမည်အလေးကစလို့ မင်းအကြောင်းတွေ ရဲတိုက်ထက်ဦးအောင် ကြိုတင်ခဲ့ခမ်းလို့၊ အို … အစစအရာရာပါပဲ။ ကိုယ်က ရဲတိုက်ထက်ဦးအောင် ချစ်ခဲ့မိသူပါ။ ဒါပေမဲ့ မင်းကို ဘာဖြစ်လို့များ ကိုယ် ပိုင်ဆိုင်ခွင့်မရခဲ့ပါလိမ့်။

ဖေဒါရီ လွန်ခဲ့တဲ့ ကိုးနှစ်ကနေ သည်နေ့အထိ တစ်နေ့မှ မေ့လို့မရခဲ့ဘူးဆိုတာ ပြောပြမိရင် ဖိုးတေဇ လွန်တယ် ပြောကြမလား။

"ဖေဒါရီကရော အခုထိ တစ်ယောက်တည်းပဲလား"

ဟုစတွေ့တွေ့ချင်း မေးမိတော့ မျက်ရည်တစ်ချက် ဆွသွားခြင်းအား ချက်ချင်း ဖုံးကွယ်ရယ်မောပစ်လျက် (သူ့အား တတ်တရက် ဆုံခွင့်ရ၍ သူနဲ့ယှဉ်တွဲကာ ရဲတိုက်ကို သတိရသွားခြင်းကြောင့် မျက်ရည်ဝဲတာပဲဖြစ်မည်)။

"တစ်ယောက်တည်းပါပဲ ဖိုးတေဇ်ရယ်၊ ဪ … ဪ… မေ့လို့ … မေ့လို့ … ဖေဒါရီ့မေမေလည်း ရှိသေးတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ ကျုပ်ရဲ့ဘဝမှာ နှစ်ယောက်တောင် ကျုပ်ရယ် မေမေရယ် ဘယ်လောက်အေးချမ်းတဲ့ဘဝလဲနော်”

တဲ့လား ဗေဒါရီ။ အဲသည်စကားရဲ့ အသွားအလာ ကို ဘာသာပြန်တတ်ခဲ့ဖို့ကောင်းသည်။

ဗေဒါရီ့ကို နှုတ်ဆက်ပြီး အိမ်ပြန်လာသည့်တိုင် အောင် သူမအား မိတ်ဆွေတစ်ယောက်အဆင့်ထက် မပိုစွာ ပြောဆက်ဆံခဲ့သည့် ရဲတိုက်အား သံယောဇဉ်မပြတ်စွာ လိုက် နေခဲ့သည့် ဗေဒါရီ့အကြောင်းတွေပဲ တွေးနေခဲ့သည်။

ဂျပန်ကပြန်ရောက်ရောက်ချင်း သူ ပထမဆုံးလု သည့်အလုပ်က ဗေဒါရီ့သတင်းကို စုံစမ်းတာပဲဖြစ်၏။ ဗေဒါ အခုထိ တစ်ယောက်တည်းပဲ အဖော်မရှိသေးဘူး၊ အင်္ဂလိပ်စာဌာန ကျူတာဖြစ်နေပြီဆိုသော စုံစမ်းသိရှိချက်များရရှိပြီး မကြာ ဗေဒါရီနဲ့ မဆုံ့ဆုံဖြစ်အောင် တမင်ဖန်တီးခဲ့ရသူမှာ ဖိုးတေ ဖြစ်လေသည်။ အဲဒါကတော့ အလွယ်ကလေးပါ။ ဗေဒါ စာသင်ပေးရသည့် အတန်းတွေကို စုံစမ်းလျက် ထိုအတန်းဆင် ချိန်လောက်မှန်းပြီး အတန်းရှေ့ မသိမသာဖြတ်လျှောက် ကဲ ဗေဒါရီနဲ့ မတော်တဆ ဆုံမိတယ်ပဲပေါ့။ အဲဒီနေ့ကလေးဟာ သူ့ အတွက် သိပ်ရင်ခုန်ဖို့ကောင်းတဲ့နေ့ပဲ။ ဗေဒါရီကလည်း သူ့အတွက် သိပ်ချစ်ဖို့ကောင်းနေတော့တာပဲ။

“မှတ်မိလား ဗေဒါရီ”





ဟု သူက မျက်နှာချင်းဆိုင် တွေ့တွေ့ချင်း နှုတ် ဆက်တော့ ဗေဒါရီက ချက်ချင်း မှတ်မိသွားခဲ့တာလေးကလည်း ချစ်ဖို့ကောင်းတာပဲ။

“ဖိုးတေဇ … ဖိုးတေဇနော်၊ ရှင်က အရင်တုန်းကအတိုင်းပဲ၊ အသားတွေ ပိုဖြူလာရုံကလွဲရင် ဘာမှ မပြောင်းလဲဘူး”

“ဗေဒါရီကလည်း အရင်တုန်းကလို သိပ်လှနေတာရော ကျွန်တော် ပြောခွင့်ရှိမလား”

လို့ သူက ခပ်ရွှတ်ရွှတ်ပြောတော့ သူမက သူ ချိတ်နိုးသော အပြုံးကလေးဖြင့် ပြုံးနေခဲ့သည်။ ပြီးတော့မှ တစ် ယောက်တည်းပဲလားဟူသော စကားကို မေးမိသည့် ကိုယ့်ကိုယ် ကိုယ် ဖြတ်ရိုက်ချင်သွားတော့ပေါ့။ သူမရဲ့ ဖြေကြားချက်ကို ချက်ချင်း ဘာသာပြန်တတ်ခဲ့ဖို့ ကောင်းတာပေါ့။

အခုတော့ ရဲတိုက်နဲ့ သူတို့နှစ်ယောက်တို့ ဆုံကြ ချိန်မှာမှ သူမရဲ့အမူအရာတွေကို ဘာသာပြန်တတ်တာတော့ သူ ညံ့တယ်ပဲ ဆိုရမလား။ သူမနဲ့ ပြန်တွေ့ကြပြီး သူမထံ မကြာခဏ အလည်အပတ်ရောက်တတ်သော သူ့ရဲ့ခြေလှမ်းတွေကိုရော သူမ သိမိမနေဘူးဆိုနိုင်မလား။

“ဟော … အချိန်မှန် ရထားကြီး ဆိုက်ကပ်လာပါပြီ”

ဟူ၍ သူ လာလည်သည့် တစ်နေ့တုန်းက ဗေဒါရီ ၏ လုပ်ဖော်ကိုင်ဖက် ဆရာမတချို့ ခပ်တိုးတိုးအတင်းအုပ်ကြသည်



www.burmeseclassic.com

www.burmeseclassic.com



ကို နားစွန်နားဖျား ကြားလိုက်ခဲ့ဖူးသည်။ အဲသည်နေ့ကတော
သူ့ကိုယ်သူ ဗေဒါရီရဲ့ သက်ဆိုင်သူအဖြစ် ကြည်နူးလိုက်ရတာ

တကယ်တော့ ရဲတိုက်နဲ့ သူမတို့ လမ်းခွဲလိုက်
ကတည်းက ဗေဒါရီ့ကို ထပ်မံကြိုးစားချင်ခဲ့တာပေါ့။ ဒါပေ
သူမ ဘယ်လိုထင်မလဲ။ ပြီးတော့ ယုံရော ယုံပါ့မလား။ ညီအ
ကိုအချင်းချင်းလည်းဖြစ်သည့် ရဲတိုက်နဲ့သူ့ကို ပိုပြီးတောင်
ကြည်းသွားနိုင်သည်။

သူမကို အရူးလုပ်သည် ဟူ၍ ယူဆသွားမှာ
ဗေဒါရီ့ကို အဝေးကပဲ ချောင်းကြည့်ခဲ့ရတဲ့ဘဝ။

ကျောင်းတွေပိတ်သွားတော့ ဗေဒါရီနဲ့ ဝေးသွာ
ပေမယ့် သူက တစ်နေ့မှ မမေ့ခဲ့ချေ။ ကျောင်းဖွင့်ဖွင့်ချ
အတန်းတွေ ကသုတ်ကရက် ဖြတ်ကျော်ရ။ ကျောင်းမပြီးခင်မှာ
ပါပါ့စီမံကိန်းကို လက်ခံလိုက်ရတာတွေကြောင့် ကျောင်းပြီးပြီးချ
ဂျပန်ကို ထွက်သွားရ၍ သူချစ်သော ဗေဒါရီအား နောက်ဆံတ
ငင်နဲ့ ထားခဲ့ရဖူးသည်။

ကဲ ... အခုတော့ ပြန်ရောက်ရောက်ချင်း ဗေဒါ
ကို နှစ်တွေလည်း သည်လောက်ကြာမှ အားလုံးကို မေ့လော
ရောပေါ့ဟူသောအတွေးနဲ့ မျှော်လင့်ခဲ့မိကာမှ ဟူး ... မဟုတ်သေး
ပါဘူး။ အခုအချိန်မှာ သူမဟာ ချစ်သူနဲ့ ဘဝအဖော်ဆိုတာ
တော့ ခွဲခွဲခြားခြား ပိုင်ခြားနိုင်ကောင်းပါရဲ့။





ဥပမာ ... သူမက ရဲတိုက်ကို မနာကြည်းနိုင်ဘဲ
ခုထိ ချစ်နေတယ်ပဲထားပါ။ ရဲတိုက်က သူ့ရဲ့ကြွေးကြော်ထား
အတိုင်း သိပ်လှတဲ့ မိန်းမတစ်ယောက်ထံမှာ မကျဆုံးစေရဘူးလို့
ထားသူမို့ ဗေဒါရီ့ကို ဘယ်တော့မှ လက်ထပ်ရဖို့ ထပ်မံ
ကြိုးစားမှာ မဟုတ်ဘူး။ ကဲ ... သည်တော့ သူက ဗေဒါရီ့ကို
လက်ထပ်ခွင့်တောင်းရင် ဗေဒါရီဟာ သူ့ ဦးနှောက်နဲ့ စဉ်းစားပြီး
ဖြတ်လက်ခံခဲ့ပါစေ။ သူက ပီတိဖြစ်ချင်သားပင်။

အနှစ်နှစ်အလလက တောင့်တခဲ့ရတဲ့ အိပ်မက်က
သားကို ထာဝရမက်ခွင့် ရချင်သေးရဲ့။

✣ ❤ ✣



www.burmeseclassic.com

www.burmeseclassic.com



ညဘက်မှာတော့ ရဲတိုက်ထံ ဖုန်းဆက်၍ ဆွေးနွေး…ကြသည်။

"မင်း နေ့လယ်က မင်းမိတ်ဆွေ ဆရာတစ်ယောက်… လာတယ်ဆိုတာ တကယ်လား ရဲတိုက်၊ ဗေဒါရီ့ကို … ကြည့်တာရော မဖြစ်နိုင်ဘူးလား"

သူ အင်မတန် မသက်သာသည့် ရဲတိုက်အား တကွ… နယ်မြေမှာ ဆုံခွင့်ရခြင်းအား တမင်ဖွင့်မေးပစ်လိုက်၏။ ထို… ရဲတိုက်က ခပ်သဲ့သဲ့ရယ်လျက် …

"မှန်တာပြောရရင် အရင်တုန်းက …တဲ့ E… နေရာကလေးကို သတိရလို့ လာကြည့်တာပေါ့၊ ဗေဒါ… အဲဒီမှာရှိနေမှန်း လုံးဝ မသိခဲ့ဘူး၊ ပြီးတော့ မင်းနဲ့ … တွေ့နေခဲ့မှန်းလည်း ငါ လုံးဝ မသိဘူး၊ တွေ့တွေ့… သိပ်အံ့ဩသွားတယ်၊ မင်း မဆိုးပါဘူး၊ ဟိုးအရင် ကို… တုန်းက ငါ့ကို ဝန်ခံခဲ့သလို ဗေဒါရီ့ကို တကယ်ချစ်သ… အခုထိ ဖွဲ့ရှိတုန်းပဲကွာ အံ့ရော"





အဲသည်အခါကျမှ သူ အတော်လေး စိတ်အေးသွား…သည်။

"ဘယ်လိုလဲ … မင်းတို့အခြေအနေ၊ ကြည့်ရတာ တော်တော်ပြေလည်နေပြီထင်တယ်၊ သူ့အချိန်စာရင်းတွေတောင် မင်း သိနေပြီဆိုမှတော့ မင်းတို့ ပြန်တွေ့တာ ကြာပြီလို့ ယူဆရမလိုပဲ"

အမှန်စင်စစ်ကတော့ ဗေဒါရီ ပြောပြထား၍မဟုတ် …ကြိုတင်စုံစမ်းထားနှင့်ပြီး ဗေဒါရီ အတန်းမရှိမယ့် အချိန်လောက် …မှန်း၍ လာလည်တတ်နှင့်ပြီးဖြစ်ကြောင်း သူသာလျှင် သိပါ…သည်၊ ဒါပေမဲ့ ရဲတိုက်အား သိပ်စိတ်မချသေးတာနှင့် တမင်နှုတ်…နေခဲ့တာ ဖိုးတေဇ မှားသလား။ ဘယ်သူမဆို သည်အမှား …ကျူးလွန်မိကြမှာပဲ။

"ရဲတိုက်ရာ … မင်း သိပါတယ်၊ ငါ ဗေဒါရီ့ကို သိပ်ချစ်ခဲ့တာကွ၊ အကြောင်းကြောင်းတွေကြောင့် ဒီလောက်နှစ်တွေ ကြာသွားရပေမယ့် ငါက သူ့ကို မျှော်လင့်ဆဲပဲ၊ မင်းဟားရင်လည်း ခံရမှာပဲကွာ၊ ငါက ဗေဒါရီ့ရဲ့ ဒုတိယလူ မကလို့ နံပါတ်စဉ်ဘယ်နခုမြောက်ချစ်သူပဲ ဖြစ်ပါစေ၊ ဗေဒါရီ့ကို ပိုင်ဆိုင်ရရင် သိပ်ပြီးပြည့်စုံတဲ့ဘဝကို ရသလို ခံစားရမှာပဲ၊ ငယ်ငယ်တုန်းက အကြောင်းတွေ ငါတို့ မေ့ထားလိုက်ရအောင်၊ အခု အားလုံးကို အသစ်အတိုင်း ပြန်တည်ဆောက်ချင်တယ်၊ ဒီတစ်ခါ မင်း ဝင်မပါဘူး မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ရဲတိုက်ဘက်မှ တဒင်္ဂ တိတ်ဆိတ်သွားတော့ ဖုန်း
ခွက်ကို ကိုင်ထားသည့် သူ့လက်ဖဝါးတွေထဲ ချွေးစေး
စိုစွတ်လာအောင် ရဲတိုက်၏ တိတ်ဆိတ်မှုကို ကြောက်ရွံ့မိ
သည်။ ရဲတိုက်က အလျှော့မပေးဘဲ သည်တစ်ခါ ဝင်ရှုပ်
ဘုရား ... ဘုရား ... နေ့လယ်က တွေ့ခဲ့ရတဲ့ ဗေဒါရီ့ရဲ့ တမ်း
မျက်ဝန်းတွေကို ဖျတ်ခနဲ သတိရလိုက်တော့ ရင်တွေ တဒိုင်းဒိုင်း
ဆောင့်ခုန်လာခဲ့သည်။

"ဟေ့ကောင် ရဲတိုက်၊ ဘယ်လိုလဲကွ၊ တစ်ခုခုပြောကွ
မင်း ဘာလို့ ငြိမ်သွားရတာလဲ"

"မင်းကလည်း ငါ့ထက် အသက်သာ တစ်လကြီးတာ
ကလေးကျနေတာပဲ၊ နေပါဦးကွ၊ ငါက မင်းကို မေး
ရှိလို့ စဉ်းစားနေတာ"

"မေးလေ၊ ဘာမေးမှာလဲ"

"မင်းက ဗေဒါရီကို တစ်သက်လုံး သစ္စာရှိရှိ လက်တွဲ
လို့လား၊ ဗေဒါရီကရော မင်းကို လက်ခံမှာ သေချာလို့လား"

"ဒါက ငါ့အပိုင်းပါကွာ၊ မင်းကို အပ်ကြောင်းထပ်အောင်
ငါ ပြောပြီးပြီပဲ၊ ဗေဒါရီ့ကို မင်းလို အပျော်ချစ်ခဲ့တာမဟုတ်
ဘူး၊ တကယ်ချစ်ခဲ့ပါတယ် ဆိုတာ မင်းလည်းအသိ
ဝင်းအောင်နဲ့ မင်းမင်းတို့လည်း အသိ၊ ငါ အားလုံး





ကြေညာခဲ့တာပဲ၊ အခုထိ ဗေဒါရီ့ကို စိတ်မပျက်ဘဲ ကြိုး
စားနေဆဲဆိုကတည်းက မင်း သိဖို့ကောင်းတယ်"

"အေးပါကွာ၊ ဒါဆိုလည်း ပြီးတာပါပဲ၊ သူ့ဘက်က
အခြေအနေ တိုးတက်နေပြီပေါ့နော်"

"မင်း အမြင်ပဲ"

သူက မယုတ်မလွန် ဖြေမိသည်။ ရဲတိုက်ထံမှ
ပြင်းတစ်ခု ကြားလိုက်ရခြင်းကတော့ ဘာကြောင့်လဲဟု
စားစရာကောင်းသားပင်။ သို့သော် ...

"စိတ်ချပါ ဖိုးတေ၊ ငါ သည်တစ်ခါ မင်းတို့ကြားမှာ
ဝင်မပါချင်တော့ပါဘူး၊ အရင်ကလို မင်းနဲ့ အရာရာကို
လိုက်ပြိုင်ဖို့မှ စိတ်မဝင်စားတော့တာ၊ အဲဒါကြောင့် ပါပါ
ဂျပန်ပို့တာတောင် မင်းနဲ့ပြိုင်ပြီး မသွားခဲ့တာသာကြည့်၊
ကဲ ကဲ ... အားလုံးအတွက် စိတ်ချလက်ချကြိုးစားပေတော့၊
ဒါပဲကွာ၊ ငါလုပ်စရာတွေ အများကြီးပုံနေပြီ၊ ဆက်လုပ်
ရဦးမယ်၊ မင်းကတော့ ဗေဒါရီ့အကြောင်း တွေးပြီး
အိပ်ရာထဲမှာ ဇိမ်နဲ့ ငြိမ့်နေပေါ့"

ပြောပြောဆိုဆို ဖုန်းချသွားသည့် ရဲတိုက်၏ ဝင်မပါ
တော့ပါဘူး ဟူသော စကားအား ကြားခွင့်ရစဉ်မှာ အရာရာ
စိတ်ချလက်ချ ရယ်မောပစ်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်းအပြင်ဘက်က ဖြတ်လျှောက်သွားသည့် မာမာက ကြားလိုက်၍ စပ်စုရန်အတွက် သူ့အခန်းထဲ ဝင်လာခဲ့၏။ ဟိုးလွန်ခဲ့တဲ့ ကိုးနှစ်တုန်းကကို မာမာ သတိရချင်မှ ရလိမ့်မည်။ အဲဒီတုန်းက မာမာ့ကို ကျောင်းသွားခါနီးမှာ နှုတ်ဆက်တိုင်းမှာ –

"ကျွန်တော် ကောင်မလေးကို ထမင်းစားဖိတ်ခဲ့မယ်၊ မာမာ ထမင်းပွဲနဲ့ ထိုင်စောင့်နေနော်၊ မာမာ့ချွေးမလောင်းကို ဧည့်ခံဖို့သာ အဆင်သင့်ပြင်ထား"

လို့ အမြဲနှုတ်ဆက်ခဲ့တာ။ မာမာက ဘယ်နေ့ခေါ်လာမလဲ ခေါ်လာမလဲနဲ့ မျှော်နေခဲ့တတ်တာ။ ရဲတိုက်နဲ့ ဗေဒါရိုက် အဆင်ပြေသွားကြတဲ့ နောက်ပိုင်းမှာ မာမာ့ကို သူ့ဘာသာ မျက်နှာပူလျက် တိတ်တဆိတ် ရှက်ရွံ့ခဲ့ရတာ။ မာမာလည်း လူကြီး ပီပီ ရိပ်မိလျက်၊ သူ့ရဲ့ ခပ်ငေါင်ငေါင်အမူအရာတို့ကြောင့် လျစ်လျူရှုခဲ့ဖူးတာ။ ဒီအကြောင်းတွေ အခု မာမာ့ကို ပြောပြပြီး ဝန်ခံချင်ပါသည်။ မာမာ မှတ်မိပါ့မလား။ ကဲ … မမှတ်မိဘူးပဲထားတော့၊ သည်တစ်ခါလည်း ကောင်မလေးတစ်ယောက်ကို အိမ်မှာ ထမင်းစားဖိတ်ဖို့ စီစဉ်ထားတယ်။ မာမာ ထမင်းပွဲနဲ့ စောင့်နေပါ ဟု ပြောမိပြန်ရင် မာမာ ဘယ်လိုများ တုံ့ပြန်ဦးမှာလဲ။

မာမာသည် သူ့ခုတင်ပေါ်ကို တစောင်းဝင်ထိုင်ရင်း အမြင်မတော်သည့် အဝတ်အစား တိုးလိုးရတွဲလောင်းတွေ ကောက်သိမ်းရင်း …





"အင်း … ငါ့သားလည်း ဒီအသက်အရွယ် ရောက်နေပြီ၊ အမေက ဝေယျာဝစ္စ လိုက်ဆောင်ရွက်ပေးရတုန်းပဲ၊ သည်အရွယ်ဆို အမှန်တော့ ဇနီးတစ်ယောက်ကပဲ သားရဲ့တာဝန်တွေ ဆောင်ရွက်ပေးဖို့ လိုအပ်တာ"

ခါတိုင်းကဲ့သို့ ဗျစ်တောက် ဗျစ်တောက် ပြောနေခဲ့လေသည်။ ပြောထားနှင့်ဦး မာမာရေ၊ အခု မာမာ့သား ဘာတွေကြံစည်ကြိုးစားနေတာလဲဆိုတာ မာမာမှ မသိတာလို့ စိတ်ထဲမှ တုံ့ပြန်မိပါသည်။

"ဒါနဲ့ ခုနက ဘာတွေ သဘောကျပြီး ရယ်နေခဲ့တာတုံး၊ တစ်ယောက်တည်း ဖုန်းကိုင်ရင်းတန်းလန်း ရယ်နေရတယ်လို့၊ ဘယ်သူ့ဆီကမို့လဲ"

"ရဲတိုက်ဆီ ဆက်တာပါ"

"ရှုပ်ရှုပ်ယှက်ယှက် သားရယ်၊ သူ့စည်းနဲ့သူ ကိုယ့်စည်းနဲ့ကိုယ် နေစမ်းပါ၊ သူနဲ့ရောတာ မာမာ မကြိုက်ဘူး"

"ကလေးတွေမှ မဟုတ်တော့တာဘဲ မာမာရယ်၊ မယားကြီးရဲ့သား၊ မယားငယ်ရဲ့သားတွေ ခွဲခြားနေလည်း ဘာမှပိုမထူးပါဘူး၊ ရှင်းရှင်းပြောရရင် ပါပါပေးတဲ့ အမွေလည်း ညီတူညီမျှပါပဲ၊ သားတော့ ငယ်ငယ်တုန်းကသာ တစ်ယောက်နဲ့ တစ်ယောက် ရန်လိုပြီး ပြိုင်ဆိုင်မိတာ၊ အခုအရွယ်မှာ ပြန်တွေးကြည့်ရင် သိပ်အဓိပ္ပာယ်မရှိသလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး ... တယ်သွေးနီးနေကြပါလား၊ ချစ် ... ချ
မင်းပဲ ညီအစ်ကိုတွေလို သဘောထားပြီး သေအောင်ချ
ပေတော့၊ ဟိုကဖြင့် ငယ်ငယ်ကများ မင်းကို အင်မတ
အနိုင်ပိုင်းတတ်တာကို မေ့ထားနိုင်တာ အံ့ပါရဲ့ကွယ်၊
သား မမှတ်တဲ့အတိုင်းပဲ၊ မင်းပါပါစကား အတော်မှာ
ဝင်နေပုံရတယ်"

အင်း ... ခက်ပဲ ခက်ရဲချည့်။ မာမာက ဘာလို့များ
ကလေးကလား ကိစ္စတွေကို သတိတရနဲ့ အငြိုးအတေး ထားတတ်
ပါလိမ့်။ အကယ်၍များ သူ့ရဲ့အချစ်ရေးကိစ္စမှာလည်း ရဲတိုက်
ဝင်ရှုပ်လို့၊ ဝင်ပြိုင်ဆိုင်လို့၊ ဝင်ပြီးအနိုင်ယူခဲ့လို့ ရှုံးနိမ့်ခဲ့ပါတယ်
ဆိုတာကို မာမာ သိရင် ဘယ်လိုများ ဝေဖန်လိမ့်မလဲ။ ခွင့်လွှတ်
ကျေအေးနိုင်သည့် သူ့ကိုပဲ ဝေဖန်မလား။ ရဲတိုက်ကိုပဲ ထုံး
အတိုင်း ထပ်ပြီး အပြစ်မြင် အမုန်းပွားလိမ့်မလား။ မဖြစ်ဘူး —
လုံးဝ မဖြစ်ဘူး။ ရဲတိုက်နဲ့ ဗေဒါရီတို့ ချစ်ခဲ့ကြဖူးတယ်ဆိုတာ
မာမာ မသိစေရ။

အကယ်၍ ဗေဒါရီကသာ သူ့ရဲ့ဇနီးကလေး ဖြစ်
လာခဲ့ရင်တောင် အရင်က ရဲတိုက်နဲ့ ဇာတ်လမ်းရှိခဲ့ဖူးတယ်ဆိုတာ
မာမာ သိလို့မဖြစ်ချေ။ မဆီမဆိုင် ဗေဒါရီ့ကိုပါ မေမေက
မကြည်ဖြူသွားမှာတော့ စိုးရိမ်ခဲ့သားပင်။ သူကသာ ဗေဒါရီ့ကို
အကြွင်းမဲ့ချစ်စိတ်နဲ့ အရာရာကို မေ့ပစ်နိုင်ပေမယ့် မာမာကတော့





ရဲတိုက်တို့သားအမိအား မုန်းတီးစိတ်ဖြင့် ဗေဒါရီ့ကိုပါ ရောယောင်
မုန်းတီးတာမျိုး မဖြစ်စေချင်။ ကြည့်စမ်း။ ဘယ်လောက်ခက်ခဲ
ခံပန်းရတဲ့ ဗေဒါရီအပေါ် ချစ်မိတဲ့ ချစ်ခြင်းတွေလဲ ဆိုတာ။

"ဗေဒါရီ ... ကိုယ်ကတော့ မင်းအကြောင်းတွေ စတင်
စုံစမ်းပြီးလို့ မင်းဆီ ထပ်မံချဉ်းကပ်ချိန်ကစပြီး အရာရာ
တိုင်းအတွက် စိတ်ကူးနဲ့ ရှုံးသွပ်နေရပြီ၊ ဒီတစ်ခါတော့
ကိုယ့်ကို ပျော်ရွှင်မှုတွေ ဆောင်ကြဉ်းပေးမယ့် အဖြေမျိုး
ပေးစေချင်တယ်တယ်၊ ချစ်ခြင်းပါသည်ဖြစ်စေ၊ မပါသည်
ဖြစ်စေပေါ့၊ မင်းဆီက ရရှိလာမယ့် အဖြေဟာ ကိုယ့်ဘဝ
တစ်ခုလုံး အစစအရာရာ ပြီးပြည့်စုံတဲ့ အဖြေမျိုးပဲ ဖြစ်စေ
ချင်ပါရဲ့"

ဟု ဗေဒါရီ့ကို တိုင်တည်ရေရွတ်မိတတ်ခြင်းတည်း
ဟူသော အလေ့အထကိုလည်း ဖိုးတေဇမှာ ကပ်ငြိစပြုခဲ့ပြီ။

✤ ❤ ✤



www.burmeseclassic.com

www.burmeseclassic.com



(၁)

"ဘယ်သူနဲ့ တွေ့ချင်လို့ပါလိမ့်ကွယ်"

"ဗေဒါရီ ရှိလားခင်ဗျ၊ ဒီနေ့ သူ့ကျောင်းကို သွားလည်တော့ နေမကောင်းလို့ ခွင့်ယူထားတယ်ဆိုတာနဲ့ သတင်းလာမေးတာပါ၊ ကျွန်တော့်နာမည် ဖိုးတေဇပါခင်ဗျာ၊ ဗေဒါရီ့မိတ်ဆွေပါ"

"အေးကွယ် ... အေး၊ ဟုတ်ပြီ၊ အန်တီ ဒီနာမည်ကို သိပ်ကြားဖူးတာပဲ၊ သမီးကလေး ခုတလော ပြောပြတဲ့အထဲ မကြာခဏပါနေတဲ့ နာမည်ပိုင်ရှင်ကလေးပဲ၊ ကဲ ... ဝင်ထိုင်ပါဦး"

လိမ္မာလိုက်တဲ့ ဗေဒါရီကလေးရယ်၊ ကိုယ့်နာမည်ကို မကြာခဏထည့်ပြောပြီး မေမေ့ကို ဖွင့်ပြောတဲ့အတိ သိတတ်နေလိုက်တာ။ အရဲစွန့်ပြီး သတင်းလာမေးရကျိုးနပ်ပါပေရဲ့။ ဖိုးတေဇသည် လည်တဆန့်ဆန့်ဖြင့် အနွေးထည်ဖြစ်ဖြစ်ဝတ်ပြီး အခန်း





ထဲက ထွက်လာမည့် နေမကောင်းတဲ့ မျက်နှာကလေးနဲ့ ဗေဒါရီ့သွင်ပြင်အား မှန်းဆမျှော်လင့်ရပြန်သည်။

သည်နေ့လောက် အရှက်ကွဲရတဲ့အဖြစ်မျိုး မရှိခဲ့ချေ။ ခါတိုင်းလို ဗေဒါရီ့ဆီသွားတော့ ဗေဒါရီရဲ့လုပ်ဖော်ကိုင်ဖက် ဆရာမပေါက်စကလေးတွေက ...

"ဒေါ်ဗေဒါရီ နေမကောင်းလို့ ဒီနေ့ ကျောင်းမလာနိုင်ဘူးလို့ ခွင့်တိုင်ထားတယ်၊ ကိုဖိုးတေဇက ကြိုသိမထားတာအမှတ်လျှော့တာပေါ့၊ မြန်မြန်သတင်းသွားမေးချေတော့၊ တော်ကြာ အမှတ်ခြစ်ရင်တောင် အမှတ်ပေးကပ်စေးနှည်းတဲ့ ဒေါ်ဗေဒါရီက ရှင့်ကိုလည်း နောက်ထပ်ရမယ့်အမှတ်တွေတောင် ကြိုလျှော့ထားရင် လျှော့ထားနေဦးမယ်"

ဆိုတာလည်း တစ်မျိုးပြောလိုပြော ...

"မနေ့ကတောင် ဒီနေ့ ကိုဖိုးတေဇ မလာပါလားလို့ ပြောနေကြသေးတယ်၊ ဧကန္တ ဒီနေ့ ဒေါ်ဗေဒါရီ နေမကောင်းဖြစ်တာ ကိုဖိုးတေဇ မနေ့က အခစားဝင်နေကျ မဝင်တာကို စိတ်ကောက်ပြီး နေမကောင်း ဖြစ်သွားတာလို့ ထင်တယ်"

ဆိုတာလည်း တစ်မျိုးဝေဖန်။ တကယ်သာဖြစ်ရင် ဘယ်လောက်ကောင်းလိုက်မလဲလို့ သူက စိတ်ကူးယဉ်ပီတိဖြစ်ခဲ့သေး။



www.burmeseclassic.com

www.burmeseclassic.com



ပြုံးစိပြုံးစိဖြင့် သူ့အားဝေဖန်၍ ကျန်ခဲ့သည့် ဆရာ တွေကို ကျောခိုင်းလှည့်ထွက်ရတာ ဘယ်လောက် နောက်ကျော မလုံလိုက်တဲ့အဖြစ်လဲ။ ဘာတွေပြောပြီး ဟားကြမလဲ။ အတင်း အုပ်ကြမလဲ။ ဗေဒါရီကရော ဘာတွေများ ပြောထားခဲ့သ သူမကို အသည်းအသန် ပိုးပန်းနေသူပါ။ အားနာလို့ လက်ခံ နေရတာလို့များ ပြောထားခဲ့မယ်ဆိုရင် ဘယ်လောက် ရှက်စ ကောင်းလိုက်လိမ့်မလဲ။

ဒါပေမဲ့ ဗေဒါရီက သည်လိုမျိုး ကိုယ်ရည်သွေးပြေ တတ်မယ့် သူကလေး ဟုတ်ပုံမရပါ။ ပြီးတော့ သူ့ကို မိတ်ဆွေ ရင်းတစ်ယောက်လို ခင်မင်စွာ ဆက်ဆံတယ်ပဲထား၊ သူက ဘာ ကိုမကျေနပ်နိုင်ရမှာလဲ။ ဒါကြောင့်ပဲ ... ဒါကြောင့်ပဲ အိမ် ရာရောက် အရဲစွန့်ပြီး သတင်းမေးရတဲ့အထိ သတ္တိတွေ မွေးနိုင် တာပဲဖြစ်သည်။

"ဟော ... ဖိုးတေဇ၊ နေမကောင်းဘူးဆိုတာနဲ့ လူ စာတွေ တစ်ပွေ့တစ်ပိုက်နဲ့ ရောက်လာရတယ်လို့ရှင်"

ဗေဒါရီသည် သူမ၏မေမေ့လက်ကိုဆွဲလျက် သူ ရှေ့မှာ နှစ်ယောက်အတူ ဝင်ထိုင်လိုက်၏။ ရွှင်ရွှင်ပျပျရှိလှသော သူမပုံစံက နေမကောင်းသည့်ပုံစံ လုံးဝမတွေ့ရချေ။ သူ အဲသည်အတွက် အတော်လေး အံ့ဩချင်နေခဲ့သည်။

"ဗေဒါရီ နေမကောင်းဘူးဆို၊ ကျောင်းက ဗေဒါရီ့သူငယ် ချင်းဆရာမတွေက အဲဒီလိုပဲ ပြောလိုက်တာပဲ"





ဗေဒါရီက ခပ်တိုးတိုး ရယ်လိုက်လျက် ...

"ရှင့်ကို တမင်နောက်လွတ်လိုက်တာ၊ မနေ့က ကျုပ် မနက်ဖြန် မေမေ့မွေးနေ့မို့ မနက် ဘုရားအတူတူသွားစရာ ရှိတယ်၊ နေ့ခင်းမှာ လူအိုရုံတွေ၊ မိဘမဲ့ဂေဟာတွေ၊ စိတ် ကျန်းမာရေးဆေးရုံတွေမှာ အလှူငွေတွေ သွားလှူပေးစရာ ရှိတယ်၊ ဒါကြောင့် ကျောင်းမလာနိုင်ဘူးလို့ မှာခဲ့တယ်၊ ရှင်က မနေ့ကမှ ကျောင်းဘက်မရောက်တာ ဘယ်သိပါ့ မလဲ၊ အဲဒါနဲ့ ရှင့်ကို ဝိုင်းနောက်လိုက်ကြတာ ဖြစ်မှာ ပေါ့"

ကြည့်စမ်း ... ဒါကြောင့် ဗေဒါရီ့သူငယ်ချင်း ဆရာမတွေ ပြုံးစိစိနဲ့ ဖြစ်နေခဲ့ကြတာ။ သူ လှည့်ထွက်သွားတော့ ခပ်သဲ့သဲ့ရယ်သံတွေနဲ့ ကျန်ရစ်ခဲ့ကြတာ။ စဉ်းစားသာကြည့်၊ ကိုယ့်ကို ခါတိုင်း သာမန်ကြည့်သလို ကြည့်ပြီးဖြေရင် ဘယ်ရှက် စရာလိမ့်မလဲ။ အခုတော့ သူတို့ပုံစံက သူ့ရဲ့စိုးရိမ်တကြီးဖြစ်မှုအား အဖြစ်သည်းတယ်ဆိုတဲ့ပုံစံနဲ့ ဝိုင်းလှောင်ကြတာကိုက စိတ်မလုံ ချင်စရာ။ သူကပဲ အသည်းအသန် ဗေဒါရီ့ကို တစ်ရက်မတွေ့ရ ရင် မနေနိုင်တဲ့သူတစ်ယောက်ပမာ သတ်မှတ်နေကြဟန်မျိုးနဲ့။ မိန်းမတွေများ အဲဒါမကောင်းတာ။ ချစ်ခြင်းမေတ္တာကို အလေး အနက်မထားတတ်ကြဘူး။

"ဖိုးတေဇရယ် ... ဒါတွေ ဘာလို့အများကြီး ဝယ်လာရ တာလဲ၊ ကျုပ်ဖြင့် တကယ်လည်း နေမကောင်းမဖြစ်ဘဲနဲ့၊



www.burmeseclassic.com

www.burmeseclassic.com



နေမကောင်းဖြစ်လည်း လူမမာစာတွေ ကျုပ်ကမကြိုက်
အင်မတန် မုန်းတာ၊ မေမေဆို ကျုပ်နေမကောင်းရင်
ကျွေးရမှန်းမသိလို့ အတော့်ကို စိတ်ညစ်တာပဲ”
“ဗေဒါရီ့အတွက်ရယ်လို့ သက်သက်ရည်ရွယ်ပြီး ဝယ်
တာ မဟုတ်ပါဘူး၊ ဗေဒါရီ့မေမေကလည်း လူကြီးဆို
အာဟာရဖြစ်တဲ့ အစားအစာတွေ တမင်ရွေးဝယ်ပြီး ယူ
ခဲ့တာ၊ ဗေဒါရီ့အတွက် မလိုလည်း အန်တီ့အတွက်
ဘာပဲဖြစ်ဖြစ် လိုအပ်မှာပဲ”
“အံမယ်လေး ...အန်တီကလည်း သမီးကလေးအတိုင်း
ကွယ့်၊ သမီးကလေးက အန်တီနဲ့တူလို့ အစားအသော
ကြေးများတာ၊ ဒါပေမဲ့ သားက စေတနာနဲ့ဝယ်လာတ
ဆိုတော့ အန်တီက သားလည်းကုသိုလ်ရအောင် သံ
တော်တွေ လှူပေးပါ့မယ်၊ နောက်ဆို အန်တီ့ဆီလာ
ရင် လက်ဆောင်တွေ မပါလည်း စစ်မှန်တဲ့ ခင်မ
အပြည့်နဲ့ လာလည်ရင် အန်တီက သိပ်ကျေနပ်မှာ
အခုတော့ ဒီပစ္စည်းတွေအတွက် ကျေးဇူးပဲ သား
ကဲ... သားရော၊ အန်တီရော၊ သမီးကလေးရော ပြ
ကုသိုလ်အဖြစ် သံဃာတော်တွေကို မနက်ဖြန်ဆွမ်းကပ်
လှူဖွယ်ဝတ္ထုအဖြစ် လှူလိုက်မယ်နော်၊ သားလည်း မန
ဖြန်ဆွမ်းကျွေးကို လာခဲ့ပေါ့၊ အန်တီ ဖိတ်ပါတ
အန်တီ့မွေးနေ့က ဒီနေ့ဆို ...”





“ဒီနေ့က ပိတ်ရက်မဟုတ်တော့ အန်တီ့ကျောင်းသားတွေကို
ကျောင်းမပိတ်ချင်တာနဲ့ မလုပ်ဖြစ်တာ၊ ဘုရားသွားရုံ၊
ငွေလှူရုံပဲ၊ မနက်ဖြန်မှ ဆွမ်းကပ်ရမှာ၊ မနက်ဖြန်ကပိတ်
ရက်ဆိုတော့ အားလုံး အဆင်ပြေတယ်လေ၊ သမီးကလေး
က အန်တီ့အတွက် ဝယ်ခြမ်းချက်ပြုတ်နေရလို့ ဒီနေ့တစ်
ရက် ကျောင်းမှာခွင့်ယူထားတာ”

အင်မတန်မှ မိခင်အတွက် တတ်သိလိမ္မာတဲ့ သမီး
လေးပါပဲ ဗေဒါရီ။ ဆံပင်အရှည်ကြီးအား ဘီးကျော့ပတ်ပတ်
က် သနပ်ခါးကွက်တိကွက်ကျား တင်နေသော မျက်နှာပြင်က
းမှာ အပြစ်ကင်းစင်မှုက အထင်းသား။ မိခင်အတွက်၊ မိခင်
မွေးနေ့အလှူအတွက် ကိုယ်တိုင်ချက်ပြုတ်ပေးသတဲ့။ ဘယ်
ာက် မြတ်နိုးစရာ ကောင်းလိုက်သလဲ။ သူတောင် သည်အသက်
ယ် ရောက်တဲ့အထိ မာမာ့ကို ဘာမှသိတတ်ခဲ့ခြင်း မရှိသေး
။

“ကျွန်တော် ဘာကူညီရမလဲ မဗေဒါရီ”
“ဟင့်အင်း ... ရပါတယ်၊ နည်းနည်းပါးပါး ချက်ပြုတ်ရုံ
တင်ကလေးမို့ မပင်ပန်းပါဘူး၊ အိမ်မှာကူတဲ့ ကောင်မလေး
နှစ်ယောက်လည်း ရှိတယ်လေ၊ ကျုပ်က ချက်ပေးရုံပဲ၊ သူ
တို့ကပဲ အောက်ခြေသိမ်း လုပ်ကြတာ၊ နောက်ပြီး ဘုန်း
ကြီးဆယ်ပါးရယ်၊ အခု မေမေ ဖိတ်လိုက်တဲ့ ရှင်ရယ်ပဲ
ရှိမှာ၊ ဘယ်သူမှ ဖိတ်မထားပါဘူး၊ အိမ်သားတွေချည်းပဲ”



www.burmeseclassic.com

www.burmeseclassic.com



"မေမေ့မိတ်ဆွေ သားတို့အရွယ် သူငယ်လေးတော့ မ
က ယုဇနမှာ မတော်တဆတွေ့လို့ ဖိတ်လိုက်မိသေးတ
လာပါ့မလား မသိဘူး၊ ဖိုးတေဇ ... သားသိသလား
ဘူးကွယ့်၊ သူလည်း သားလို အာခီတက်စ်တစ်ယောက်
နာမည်က မောင်ကိုတဲ့"

ဘုရား ... ဘုရား။ သူနဲ့ရွယ်တူတစ်ယောက်
ဒေါ်ဗေဒါရီ့မေမေတို့က ခင်မင်ရင်းနှီးပြီးသားတဲ့။ အဲသည်ပုဂ္ဂိ
ကရော အိမ်လည်လာရင်း ဗေဒါရီ့ကို စိတ်မဝင်စားဘဲ နေ
မဟုတ်။ ဗေဒါရီ့မေမေကရော အဲသည်လူသာ ဗေဒါရီ့ကိုလ
ထပ်ပါရစေလို့ ခွင့်တောင်းခဲ့ရင် သဘောတူသွားလိမ့်မလ
ဖိုးတေဇဟာ အချစ်ရေးမှာ ပြိုင်ဘက်နဲ့ အမြဲယှဉ်ပြိုင်ရမယ့်
ပါတယ် ထင်ပါရဲ့။

ရဲတိုက်ရန်က အေးသွားတော့ နောက်တစ်ယော
က အလိုလို ပေါ်လာရတယ်လို့၊ ဘယ့်နှယ် ကြံကြံဖန်ဖန် အ
တက်စ် ဖြမ်ပုံချင်းကလည်းတူသေး။ အသက်အရွယ်ကလည်
တူသေးသတဲ့။

"ကျွန်တော်တို့ ဘက်ချ်(Batch)မှာတော့ မကြားဖူးပါ
အန်တီ"

ဟု ဖြေကြားရင်း ပန်းတိုမချွေရစိတ်ပွားခဲ့ရ၊ အ
ကြာ စကားထိုင်ပြောရင်း ဗေဒါရီ့ မျက်နှာကလေးကို
ဗေဒါရီဟာ ငါ့ဇနီးကလေးပဲ ဖြစ်ရမယ်ဟု အသားလွတ်ဆိုတော





။ နောက်တစ်နေ့ဆုံရမယ့် မောင့်ကို ဆိုသည့် ပြိုင်ဘက်အသစ်
စ်ယောက်အား ကြိုတင်ကျိန်ဆဲနေခဲ့မိပြန်သည်။

ဒါပေမဲ့ နောက်တစ်နေ့ရဲ့ ဆွမ်းကျွေးအလှူပွဲမှာ
ဘက်အသစ်က ရောက်မလာခဲ့ပါ။ ဒေါ်မဥ္ဇူရီကတော့ ထို
ောင်ကို ဆိုသူအား သူ့ထက်ပို၍ ခင်မင်ပုံရ၏။ မောင်ကိုလည်း
ာသေးဘူး၊ မောင်ကိုလည်း မလာပါလားနှင့် တဖွဖွပြောမဆုံး
ဗေဒါရီကတောင် ...

"မေမေကလည်းနော်၊ လူကြီးသူမတစ်ယောက်ရဲ့ ဖိတ်
ကြားမှုကို မလေးစားတဲ့ မလာတဲ့ လူကိုများ တသသ
ဖြစ်ရတယ်လို့၊ သမီးကလေးကတော့ သိပ်မကြည်ပေါင်၊
သမီးကလေးက ဖိတ်ရင်လာမှ ကျေနပ်တာ"

လို့ သူမ၏မေမေအား မောင်ကို့ကို မကျေမနပ်
ချပြောဆိုခဲ့သေးသည်။ သည်ပုံအတိုင်းဆိုရင် ဗေဒါရီက
မေမေ၏မိတ်ဆွေ သူ့ရဲ့ပြိုင်ဘက်အသစ်အား သိကျွမ်းသေးပုံ
ချေ။ ဒါပေမဲ့ မိခင်ကို အင်မတန် ချစ်တတ်သော သမီးတစ်
ာက်ဟာ မိခင်က သည်လူနဲ့ သဘောတူတယ်ဆိုရင် မိခင်ဆန္ဒ
မလိုက်လျောဘဲ နေမှာမဟုတ်တာတော့ သေချာသလောက်
ခဲ့သည်မို့ ရဲတိုက်ကြောင့် စိတ်အေးရလုလု ဖြစ်နေခဲ့ရခြင်းများ
ာတစ်ဖန် မောင်ကိုကြောင့် ပြန်လည်ရှန်းကြွ ပူပန်လာရတော့
ည်။

✣ ❤ ✣



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲဝင်ဝင်လိုက်ခြင်း သူ့ကို တစ်ခါမှ သည် ထိုင်မစောင့်စဖူး ထိုင်စောင့်နေသည့် ရဲတိုက်အား တွေ့လိုက် အံ့ဩချင်သွားရသည်။ ဘာကိစ္စများပါလိမ့်ဟု ဖျတ်ခနဲ တွေး ပြန်လျှင် အရင်ဆုံး ဆက်စပ်မိလိုက်တာက ဗေဒါရီကြောင့်မ လားဟူ၍ပင်။ ဖိုးတေဇအတွက် သည်နေ့တော့ မနက်ပိုင်း မောင်ကို့အတွက် ပူပန်ရ၊ အခုလည်း ထပ်မံပူပန်ရနဲ့။ ပူပန်ခြ ရဲ့ ပြည့်နှက်နေခဲ့လေစွ။

"ဘယ်က ပြန်လာတာလဲ"

"အလှူကပါ"

ဗေဒါရီတို့အမေ မွေးနေ့ဟု ဘာကြောင့် မပြော ရသလဲတော့ မဝေခွဲတတ်သေးပါ။ ရဲတိုက်က တစ်ချက် ဟ ခနဲ ရယ်ပစ်၏။ သူက စူးစမ်းတော့ ...

"ဗေဒါရီ့မေမေ ဒေါ်မဋ္ဌူရီရဲ့ မွေးနေ့ဆွမ်းကျွေးပွဲက မဟု လား၊ မင်းကလည်းကွာ၊ ပြောလိုက်တော့ ဘာဖြစ်သွား မှတ်လို့၊ တိုတောင်းနေပြန်ပြီ"





သည်ကောင် ဘယ်လိုသိသလဲ။ အိမ်မှာလည်း ဘယ် ကိုမှ ပြောမထားခဲ့မိပါလား။ အရင်ကတည်းက ဒေါ်မဋ္ဌူရီ နေ့လို့ သိထားနှင့်ပြီးခဲ့လို့များလား။

"အံ့ဩသွားလား ... အံ့ဩမနေနဲ့ ငါ သိပြီးသား၊ ငါ့ကို လည်း ဖိတ်ထားသားပဲ၊ ငါ တမင်မလာတာ"

"ဘာ ... ဘာရယ်၊ မင်းကို ဖိတ်ထားတယ် ဟုတ်လား၊ မဖြစ်နိုင်တာပဲ၊ မင်းနဲ့ ဗေဒါရီနဲ့လည်း အဆက်အသွယ်မရှိ၊ ဒေါ်မဋ္ဌူရီကဆို မင်းကို တွေ့တောင်မှ မတွေ့ဖူးခဲ့တာ"

သည်ကောင် တမင်လုပ်ကြံပြောတာဟု ထင်မှတ် သူက အနည်းငယ် ဒေါသဖြစ်ရတော့သည်။ ရဲတိုက်ဟာ ဆို နည်းနည်း အနိုင်ပိုင်းလိုက်ရမှ အိပ်ပျော်ပုံရတယ်။

"မင်း မယုံလည်းနေကွာ၊ ငါနဲ့ ဒေါ်မဋ္ဌူရီတို့က ယုဇန စူပါမားကပ်မှာ ဟိုတစ်နေ့က ဆုံမိတော့ သေသေချာချာ ပြောပြီးဖိတ်သွားတာ"

မောင်ကို ... ဘုရားရေ ... ဒေါ်မဋ္ဌူရီ ပြောတဲ့ ကိုဟာ ရဲတိုက်တဲ့။ ရဲတိုက်ဟာ ဘာဖြစ်လို့ သည်လို လိမ် ထားခဲ့တာလည်း။

"မင်း ... မင်းက မောင်ကိုလို့ နာမည်လိမ်ထားခဲ့တာလား၊ ဘာဖြစ်လို့ ဒီလိုနာမည်လိမ်နဲ့ ငါနဲ့ ဗေဒါရီကိစ္စမှာ ဝင် ရှုပ်ရပြန်တာလဲကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... ဟော့ကောင် ... အထင်က ကြီးပြီးလွဲ
ပြန်ပြီ၊ ငါ နာမည်ဘာကြောင့် လိမ်ထားရသလဲ ဆိုတာ
မမေးဘဲနဲ့၊ ငါ့ကိုဆို အရင်ကြိုပြီး မကောင်းမြင်ချင်တယ်"

"ပြောပါဦး ... ဘာကြောင့် မင်းနာမည် မောင်ကို ဖြစ်
သလဲ"

"ဒေါ်မဥ္ဇူရီ မင်္ဂလာဆောင်တစ်ခုမှာ အခါတော်ပေးသိ
ဆိုဖို့ အသွားလမ်းမှာ ကားပျက်လို့ အချိန်မမီဖြစ်၊
အချိန်မှာ ငါ့ကားကိုတား၊ အကူအညီတောင်း၊ ငါက
ပေးလိုက်ရ၊ ကဲ ... မင်းစဉ်းစားကြည့် ဒေါ်မဥ္ဇူရီဟာ
ပဲဖြစ်ဖြစ် သူ့ကို ကူညီပေးသွားတဲ့ လူတစ်ယောက်ရဲ့နာ
ကို မမေးဘဲ နေမလား၊ မေးတော့တာပေါ့၊ အေး ...
လည်း ငါ့နာမည် ရဲတိုက်ပါလို့ ဘယ်အမှန်ပြော
မလဲ၊ ဗေဒါရီက သူ့အကြောင်းတွေဆို အမေကို
အသိပေးတတ်တယ်ဆိုတာ မင်း သိသားပဲ၊ လွန်ခဲ့
နှစ်က သူ့သမီးကို အပျော်တွဲပြီး ထားခဲ့တဲ့ ရဲတို
တော့ မှတ်မှတ်ရရ ဖြစ်နေမှာပဲ"

"သိပြီ ... သိပြီ၊ ငါ သဘောပေါက်ပြီ၊ အဲဒါနဲ့
လုပ်ကြံပြီး နာမည်လိမ်တစ်ခု ပြောခဲ့မိတယ် ဆို
အဘွားကြီးက မင်းကို တော်တော်ခင်နေတာ ဘာ
လဲ၊ ဘယ်နှခါ ဆုံဖူးကြလို့လဲ"





"မင်းကလည်းကွာ မေးခွန်းတွေချည်း ဖိမေးနေတော့တာ
ပဲ၊ စိတ်ချ ... စိတ်ချ မင်းရဲ့ဗေဒါရီကို ငါ လုံးဝမေ့ထား
တယ်၊ ဒေါ်မဥ္ဇူရီက သူ့ဘာသာ မောင်ကိုအိုဘဲ့ လူကို
ခင်တာပါ၊ ရဲတိုက်လို့ သိခဲ့ရင် ပါးမရိုက်သွားတာကံကောင်း၊
မှတ်မှတ်ရရ နှစ်ခါပဲဆုံတာပါ၊ ဒေါ်မဥ္ဇူရီက သူ့ကိုကူညီ
ပေးခဲ့တာကို တော်တော်ကျေးဇူးတင်လို့ ဖြစ်မှာပေါ့"

ဒါဆိုလည်း တော်ပါသေးရဲ့။ ဗေဒါရီ လုံးဝမသိသေး
ကိုက စိတ်နှည်းနှည်း အေးချင်စရာ၊ ဒါပေမဲ့ ဒေါ်မဥ္ဇူရီက
ဆက်တောင် သံယောဇဉ်ကြီးနေတာကတော့ ဘဝင်မကျချင်
သို့သော် ရဲတိုက်ပြောသကဲ့သို့ပဲပေါ့လေ။ ဒေါ်မဥ္ဇူရီ ခင်မင်
သံယောဇဉ်ကြီးတာက မောင်ကို ဖြစ်ပြီး ရဲတိုက်မှမဟုတ်ခဲ့
ရဲတိုက်လို့သာ သိသွားကြည့်။ ဒေါ်မဥ္ဇူရီ ဘယ်လောက်
ကြည်းသွားမလဲ။ သူမရဲ့သမီးကလေးအား နှလုံးသားထဲမှာ
တရ ဖြစ်စေခဲ့သူကို ဘယ်လိုနည်းနဲ့ ခွင့်လွှတ်နိုင်မှာ မဟုတ်

"ဘယ်လိုလဲ ဖိုးတေဇ၊ တော်တော် ပြေလည်နေပြီထင်တယ်၊
အလှူကို သီးသန့်ရွေးဖိတ်တာလို့ ငါ့ကို ဒေါ်မဥ္ဇူရီ ပြော
သွားတော့ မင်းက သီးသန့်ရွေးဖိတ်ရတဲ့သူ ဖြစ်သွားပြီပေါ့
နော်"



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှာ စနောင့်စနင်း ဖြစ်ချင်စရာက
ရဲတိုက်ရဲ့တိမ်ဝင်ခြောက်သွေ့တဲ့ အသံပဲ။ ရှင်လန်းတက်ကြွမှု
အလျှင်ကလို မာနကြီးတဲ့ မျက်လုံးတွေကလည်း အရောင်မှိန်
သူ့ကိုလည်း အစစအရာရာ အလျှင်ကလို နိုင်ထက်စီးနင်း
တွေနဲ့ မဆက်ဆံဘဲ အလျှော့ပေးလို့။

ရဲတိုက်ပုံစံက အင်မတန်မှ တန်ဖိုးကြီးမားသ
တစ်စုံတစ်ခုအား လောလောဆယ် ဆုံးရှုံးသွားနေခဲ့သူပမာ။
စရာပဲ။ ရဲတိုက်ဟာ သူတောင် အားကျရလောက်အောင်
တမ်း အောင်မြင်မှုတွေချည်း ရနေခဲ့တဲ့သူပဲ။

သူကတော့ ပါပါကြောင့် ဂျပန်က ကုမ္ပဏီတစ်ခု
ဗိသုကာတစ်ယောက် သွားလုပ်မိတာနဲ့ အဆက်အသွယ်တွေ
စီးပွားရေးအမြင်ကျယ်ပြီး အောင်မြင်ရသူ။ ရဲတိုက်ကတော့
အရိပ်ကို မမှီခိုဘဲ သူ့ဘာသာ တိုးတက်အောင်မြင်အောင်
ခဲ့တာ သူ့နည်းတူ အောင်မြင်နေခဲ့သူ။

ပြောရရင် ရဲတိုက်ဟာ အမြင်ကတ်စရာကောင်း
လောက်အောင် သူ့ထက် ရှေ့တစ်လှမ်းကြိုကြိုရောက်နေတတ်
သူပဲ။

"ရဲတိုက် ... မင်း တစ်ခုခု ဖြစ်နေလား"

"ထင်လို့ပါ၊ ငါ့ဆောက်ကစ တိုက်တစ်ခု သိပ်စိတ်
မကျဖြစ်နေလို့ လူက ငေါင်ချင်နေတာ"





"မင်း ... အရင်က စီးကရက် ဒီလောက်မသောက်ပါဘူး၊ အခု တော်တော်သောက်တယ်၊ ငါနဲ့ စကားပြောနေတုန်း တစ်လိပ်ပြီး တစ်လိပ်ပါလား၊ မင်း အရင်ကထက်စာရင် ပေးလ်(Pale) ဖြစ်နေသလိုပဲ၊ နေမကောင်းလို့လား"

"ညဘက် အိပ်မရတဲ့ရောဂါပဲ ရှိတယ်၊ အိပ်မရတော့ စီးကရက်တွေသောက်ပြီး စိတ်ကူးနဲ့ ပုံစံဖော်နေတဲ့ တိုက်တွေလည်း မနည်းတော့ဘူး၊ ဒိုင်ယာဇီပင်လည်း သောက်တာ မနည်းတော့ဘူး၊ ကြာတော့ ရှင်းရှင်းပြောရရင် တစ်လောကလုံး အိပ်နေတဲ့သူတွေကို မနာလို ဖြစ်လာတဲ့အထိပဲ၊ အိပ်မရလွန်းလို့ တစ်ခါတလေ ခဏ ခဏ ဒိုင်ယာဇီပင် သောက်လွန်းတော့ တစ်ည တစ်ည ဘယ်လောက် သောက်မိမှန်းတောင် မရေတွက်နိုင်ဘူး၊ နောက်ပြီး ... ငါ့စိတ်ထဲမှာ လောကကြီးက ပျော်စရာမကောင်းဘူးလို့ချည်း ထင်နေမိတယ်၊ ငါ အဲဒါကို တစ်စုံတစ်ယောက်ကို တိုင်ပင်ချင်နေတာနဲ့ မင်းဆီလာပြောတာကွ၊ ပြေးကြည့်ရင် ငါတို့မှာ သွေးသားရင်းချာဆိုလို့ မင်းနဲ့ငါပဲရှိတာ မဟုတ်လား"

"ဆရာဝန်ပြကြည့်ပါလား၊ မင်းရောဂါက ဒီပရက်ရှင် (Depression)လို့ ပြောရခက်ခက်ပဲ၊ ဘာလို့ဆိုတော့ မင်းမှာ စိတ်ကျရောဂါ ဖြစ်စရာကောင်းလောက်အောင် ဘဝမှာ ဘာမှကြီးကြီးမားမား မဆုံးရှုံးဖူးခဲ့တဲ့လူကို ငါ ထင်လို့ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အေးပေါ့၊ ငါကိုတွေ့တဲ့လူတိုင်း အဲဒီလိုပဲ သုံးသပ်ကြမှာ ပဲ၊ တကယ့်တကယ်တော့ကွာ ဘယ်သူမှ မရိပ်မိနိုင်တဲ့ ကြီးမားတဲ့ အဆုံးအရှုံးတစ်ခုကို ငါ ရင်ဆိုင်နေရတယ်ဆို တာ ငါကိုယ်တိုင်ပဲ သိပါတယ်ကွာ"

ရဲတိုက် ... သည်ကောင် ဘာတွေဖြစ်နေတာလဲ တစ်သက်နဲ့တစ်ကိုယ် တစ်ခါမှမတွေ့ရဖူးတဲ့ သွင်ပြင်နဲ့။ ပြီးတော့ ရဲတိုက်ဟာ သူ့ရဲ့အရှုံးကို ဘယ်တော့မှ ဖိုးတေဇကို အသိမပေး ဘူးဆိုတာ အားလုံးအသိ။ ဖိုးတေဇကသာ သူ့နည်းသူ့ဟန်နဲ့ သွားရသည်ပဲ ဖြစ်ပါစေ။ ရဲတိုက်ဟာ ဖိုးတေဇရှေ့မှာ ဘယ်တော့ မှ ဝန်မခံချင်တတ်။ ကဲ ... အခုတော့ ဘယ်လောက်ထူးဆန်းအောင် လိုက်သလဲဆိုတာ။

ဖိုးတေဇသည် ရဲတိုက်အား ပခုံးကို သိုင်းဖက်၍ ဖြေသိမ့်လျက် ...

"ဆက်ပြောကွာ၊ မင်း ဘာတွေ ဆုံးရှုံးသွားလို့လဲ၊ ငါတတ် နိုင်တဲ့ကိစ္စဆို ကူညီပါ့မယ်"

ဟု စာနာစိတ်ဖြင့် ပြောမိ၏။ သို့သော် ရဲတိုက် သည် အက်ကွဲခြောက်ကပ်စွာရယ်ကာ နေပါစေတော့ကွာ ငြင်းဆန်ပစ်လေသည်။ အင်မတန် မာနကြီးတဲ့ကောင်။ သနား လည်း ချော့မော့ရသေး၊ မာနကလည်း ကြီးသေး။ အပေါ်ထပ် ဆင်းလာသည့် မာမာက ရဲတိုက်၏ပခုံးအား ဖက်ထားသည်ကို





အား မဲ့ရွဲ့ကြည့်တာမြင်တော့ ရယ်ချင်ချင်။ မာမာ မလိုလား ဘာက အဲဒါပဲ။ ရဲတိုက်ရဲ့မာမာ မလိုလားခဲ့တာလည်း အဲဒါပဲ။ ရဲတိုက်နဲ့ ဖိုးတေဇ ဘယ်တော့မှ ညီအစ်ကိုလို ရင်းရင်းနှီးနှီးမနေ စေရ ဆိုတာပေါ့။ ဒါပေမဲ့ ငယ်ငယ်ကတော့ ရန်လိုရင်ရန်လိုမယ်၊ ပြိုင်ရင်ပြိုင်မယ်၊ ရဲတိုက်ကို သူများရိုက်လိုက်လို့ ခံလာရရင် ဖိုးတေဇက လက်စားချေဖို့ မရွံ့စတမ်း။ သည်လိုပဲ ဖိုးတေဇသာ ကြည့်။ ရဲတိုက်က တစ်ပွဲတစ်လမ်း ဖန်တီးပြီး ကလဲ့စားချေ ခြင်းဆိုတာ တစ်ယောက်ကိုတစ်ယောက် ဖွင့်မပြောဘဲ ထားခဲ့ကြ တဲ့ သံယောဇဉ် အတိမ်အနက်ပဲ။

"ပြန်မယ်ကွာ၊ ငါ အလုပ်ကိစ္စတစ်ခု ချိန်းထားတာရှိလို့၊ ဩော် ... မင်းကို ပိတ်ထားရဦးမယ်၊ မောင်ကို ဆိုတာ ရဲတိုက်လို့ ဘယ်တော့မှ မပြောမိစေနဲ့နော်၊ နောက်ဆုံး မင်းနဲ့ ဗေဒါရီ လက်ထပ်ပြီးကြတဲ့အထိပေါ့ကွာ၊ မင်းရဲ့ ပတ်ဝန်းကျင်မှာ ငါ့ကဏ္ဍကို ဖျောက်ထားရင် ကောင်းမယ်၊ အဲဒါ မင်းအတွက်ရော ငါ့အတွက်ရော အဆင်ပြေမယ်လို့ ငါထင်တယ်"

ရဲတိုက်ရေ ... အထင်တွေ စွတ်ကြီးနေပြန်ပြီ။ အခု ဗေဒါရီ့ကို ဖွင့်မပြောရဲဘဲ အချိန်တွေဆွဲခဲ့တာလည်း ကြာလှ ဖွင့်ပြောမယ် ကြံစည်တိုင်း ဗေဒါရီဟာ အလျင်ကအကြောင်း တကယ်ရော မေ့သေးရဲ့လား။ သူ့ရဲ့အချစ်ကိုရော ယုံပါ့



www.burmeseclassic.com

www.burmeseclassic.com



မသား၊ မယုံဘဲ ငြင်းလိုက်ရင် ဘယ်လိုရင်ဆိုင်ရမလဲတွေနဲ့ လမ်းခုလတ်မှာ ယောင်နန ရပ်တန့်နေခဲ့မိတာလည်း ကြာလှပြီ။

အင်း ... သည်နေ့တွေရတဲ့ ဗေဒါရီရဲ့ ရင်းနှီးဆော်ရွှေတဲ့ အမူအရာတွေကို အားကိုးပြီး သိပ်မကြာခင်တော့ ဖွင့်ပြောလိုက်မှပါပဲ။ မဟုတ်ရင် နှစ်ဆယ့်ရှစ်နှစ်ဆိုတဲ့ အသက်ကို ကြည့်မရဖြစ်နေတဲ့ မာမာက သူ့သဘောကျ ဇွတ်စီစဉ်ပစ်လိုက်မှ ဒုက္ခများနေပါဦးမယ်။

မာမာ မစီစဉ်ခင် ကိုယ်က အလျင်ဦးအောင် ရှာထားမိတဲ့ ဗေဒါရီကို တစ်နေ့တော့ လက်ဆွဲခေါ်ပြီး မာမာ့ရဲ့ ထမင်းပွဲကို သည်တစ်ခါ ဖြစ်ဖြစ်မြောက်မြောက် အားပေးမှာပါလေ ခပ်ရွှတ်ရွှတ် တွေးခဲ့မိသည်။ လူဆိုတာ ဘယ်လိုဝေဖန်ရမလဲ။ သူတစ်ပါးရဲ့ စိတ်ဆင်းရဲမှုအတွက် ခဏတာပဲ ဝင်ရောက်သနား ပေးရုံကလွဲရင် ကိုယ့်အကြောင်းပဲ ကိုယ်ဂရုစိုက်ချင်ကြတာချည်း ပါပဲ။ ထို့ကြောင့် ခုနက ရဲတိုက်၏စိတ်ဓာတ်ကျနေမှုများအား အလိုလို မေ့သွားမိတော့သည်။

✣ ❤ ✣





(ဂ)

မဖြစ်သင့်ဘူး။ သူ ... အင်မတန်မှ တန်ဖိုးထားမြတ်နိုးခဲ့သော စကားတစ်ခွန်းကို သည်လိုပုံစံနဲ့ သူမ ရင်ဆိုင်တာမျိုး မဖြစ်သင့်ဘူး။ အနည်းဆုံးတော့ ရှက်ရွံ့ခြင်းတွေ၊ အံ့သြခြင်းတွေ၊ အင်း ... တစ်ခုခုပေါ့။ သူမမှာ ထူးခြားသွားစေသင့်တယ်။ ခုတော့ "ဪ ... ဒါလား"ဟု ခွန်းတုံ့ပြန် ခပ်ဝေးဝေးကို ငေး၍ စိုက်ကြည့်ကာ ငေးငိုင်။ သူမရဲ့အသွင်က ဖျော့လင့်ပြီးသား စကားတစ်ခွန်းအတွက် သိပ်ပြီးတုန်လှုပ်ဟန် မရှိချေ။

သူ ... မျှော်လင့်ထားတာက တစ်မျိုး၊ လက်တွေ့မှာ တစ်မျိုးကြုံခွင့်ရခဲ့သူမှာ ဖိုးတေဇပင် ဖြစ်လေသည်။ တောင်းရမည့် အဖြေကိုတောင် မဝံ့မရဲ ဖြစ်လာရခြင်းမှာ သူမ၏တည်ငြိမ်ပြတ်သားသော အမူအရာတို့ကြောင့်ပဲတည်း။ ရင်မောရလေစွ။

"ဖိုးတေဇရယ် ... ရှင်က ကျုပ်ကို စိတ်မကုန်သေးဘူးလား"

စိတ်ကုန်ရင် သည်စကားကိုပြောပါ့မလား။ အဓိပ္ပာယ်မရှိဘာ။ သူမကို ဘယ်လောက် မြတ်နိုးနေခဲ့ရတယ်ဆိုတာ မရိပ်မိသေးဘူး ထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က အရင်တုန်းက ရည်းစားရှိခဲ့ဖူးတာ၊ ရည်းစား ကွဲခဲ့ဖူးတာတွေ အစုံအစေ့ သိထားပြီးလျက်နဲ့ လက်ထ ပါရစေဆိုတဲ့ စကားမျိုးကိုပြောဖို့ စဉ်းစားသေးတယ်နော် ကျုပ်ကို ဘာဖြစ်လို့ လက်ထပ်ချင်တာလဲ ... ဟင်"

"ဗေဒါရီ့ကို ချစ်တယ်ဆိုတဲ့ စကားကို အရင်စပြော ကလေးကလား ဆန်နေမှာစိုးလို့ လက်ထပ်ပါရစေဆို စကားကို အရင်တောင်းဆိုတာပါ ဗေဒါရီ၊ ကျွန်တော် ဗေဒါရီ့ကို အခုမှချစ်တာ မဟုတ်ပါဘူး၊ လွန်ခဲ့တဲ့ နှစ်လောက်ကတည်းက ချစ်ခဲ့တာပါ၊ အဲသည်ပွဲမှာ ကျွ တော် ရှုံးနိမ့်သွားရပေမယ့် ဗေဒါရီ့ကိုတော့ စွဲစွဲလမ်းလ ချစ်နေမိတာ ဝန်ခံပါတယ်၊ ဗေဒါရီလည်း သိပြီးသာ ရဲတိုက်ဟာ ကျွန်တော့်ကို ပြိုင်ဆိုင်ချင်လို့ ဗေဒါရီ့ အချစ်ကို ကျွန်တော်နဲ့အပြိုင် ကြိုးစားခဲ့ပြီး၊ ရဲတိုက် သွားတာတောင် ကျွန်တော့်ရဲ့ ဗေဒါရီ့အပေါ် ထား ချစ်ခြင်းတွေက လျော့ပါးမသွားခဲ့တာ အမှန်ပဲ၊ ရဲတို ကွဲသွားတာတော့လည်း ဗေဒါရီ့ကို သနားစိတ်နဲ့ ဖေ ပေမယ့် ပွဲလန့်တုန်း ဖျားခင်းတယ်တင်မှာ စိုးရိမ် အဆေးကပဲ စေးကြည့်ခဲ့ရတယ်၊ ဂျပန်က ပြန်ရောက် ချင်း ကျွန်တော် ပထမဆုံး စုံစမ်းမိတဲ့သူကတော့ ဗေ ပဲပေါ့၊ ဗေဒါရီ့ဆီမှာ ကျွန်တော့်ရဲ့အချစ်တွေ ဒုတိယအ ဖွင့်ဟဖို့ ကြိုးစားခဲ့တာဟာ ကျွန်တော့်ရဲ့ ဗေဒါရီအပေ





တဲ့ ချစ်ခြင်းအတိမ်အနက်တွေပါ ဗေဒါရီ၊ ကျွန်တော့်စကား တွေမှာ မုသားတစ်ခွန်းမှ မပါပါဘူး"

သူက ရှည်လျားစွာ ဆက်တိုက်ပြောချခဲ့သည်။ သူ့မှာ အင်မတန်မှ ဆွဲလှုပ်ပစ်ချင်စရာ ကောင်းလောက်အောင် ငြိမ်သက်နိုင်လွန်းသည်။

သိရဲ့လား ဗေဒါရီ၊ ကိုယ်က မင်းနဲ့ပတ်သက်ရင် အရူးအမူး ချစ်ခဲ့တာ၊ ကိုယ့်ဘဝမှာ မင်းက အလိုအပ်ဆုံးပဲ၊ မင်း မရှိလို့ကို မဖြစ်တော့ဘူး ... ဟူ၍ သူ့အား ရင်ခွင်ထဲတွင် ထွေး ပွေ့လျက် တတွတ်တွတ် ပြောပြလိုက်ချင်သေးရဲ့။

"ရဲတိုက်နဲ့ တွဲခဲ့ဖူးတယ် ဆိုတာကို တကယ်ပဲ ဘယ်လိုမှ မခံစားရဘူးလား၊ ကျုပ် ကြားဖူးတာကတော့ အချစ်မှာ သဝန်တိုခြင်းကလည်း ဒွန်တွဲနေတယ် ဆိုလား"

"ဪ ... ဒါလား၊ သဝန်တိုတာပေါ့ ဗေဒါရီရယ်၊ ဒါပေမဲ့ ဖြစ်ပြီးတဲ့ အကြောင်းအရာတစ်ခုကို တသသ ပြန်ပြောမနေချင်တာကတော့ ကျွန်တော့်ရဲ့စရိုက်ပဲ၊ ဘယ် သူ့ ဘယ်သူရယ်လို့လဲ အပြစ်မတင်ချင်ဘူး"

"ကျုပ်ကတော့ ချစ်တဲ့သူကို ကိုယ်တစ်ယောက်တည်းပဲ ချစ်ချင်တယ်၊ အဲသည်လိုပဲ ချစ်တဲ့သူကလည်း ကိုယ့်တစ် ယောက်တည်းကိုပဲ ချစ်နေစေချင်တယ်၊ နောက်ပြီး ကိုယ့် ချစ်သူကို သဝန်လည်းတိုတယ်၊ ကိုယ့်အပြင် တခြားသူတွေ နဲ့ ရှုပ်ရှုပ်ယှက်ယှက် မရှိစေချင်ဘူး၊ ချစ်ရသူက ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



အပေါ် သစ္စာရှိစေချင်သလို ကိုယ်ကလည်း ချစ်ရသူအပေါ် သစ္စာရှိတဲ့သူပဲ ဖြစ်ရမယ်၊ ပြီးတော့ ချစ်သူကို ပိုင်ဆိုင် ချင်တယ်၊ အင်း ... အတ္တကြီးတယ်လို့ပြောချင် ပြော ရမှာပေါ့၊ ကျုပ်က အချစ်နဲ့ပတ်သက်ရင် အတ္တကြီးတယ်

သူမ၏စကားပြောဟန်များက အိပ်မက်,မက် ကယောင်ကတမ်း ရေရွတ်နေဟန် ဖြစ်နေလေသည်။ နံဘေးတွင် ရှိနေသော သူ့ကို ပြောနေဟန်နှင့် မတူဘဲ သူမဘာသာ ညည်း တွားနေသည့်အလား။ မင်း... ဆိုလိုတဲ့သဘောက ဘာလဲ ဗေဒါ ရဲတိုက်ကိုပဲ အမြဲတမ်း သစ္စာရှိရှိ ချစ်နေမယ်ဆိုတဲ့ သဘောလား

ဒါလည်း ဟုတ်ချင်မှ ဟုတ်မည်။ ရဲတိုက်က သူ့ အား အပျော်တွဲလျက် ထားရစ်ခဲ့ထားခဲ့ရသူ ဗေဒါရီဟာ ရဲတိုက် စွဲစွဲလမ်းလမ်း ချစ်နေဖို့မပြောနဲ့၊ နာကြည်းချင် နာကြည်းနေ မည်။ ရဲတိုက်နှင့် ပတ်သက်ခဲ့သမျှတွေ ပြန်တွေးမိတိုင်း နောင် တွေတောင် ရချင်ရနေဦးမည် ထင်ရဲ့။ သို့သော် ဒါကလည်း ပြောရခက်သားပင်။ ဟိုအလျှင်တစ်ခါ သူနဲ့ သူမတို့ ရဲတိုက်အား ဆုံခဲ့စဉ်က သူမ မျက်ဝန်းတွေက ရဲတိုက်အား တမ်းတမ်းတ ငေးကြည့်နေတတ်တာကို မေ့ထားလို့မရပေ။

ဒါပေမဲ့ ရဲတိုက်ကတော့ သူ့စကားအတိုင်း လူ သည့် မိန်းမတစ်ယောက်ရှေ့မှာ ဘယ်တော့မှ ဒူးထောက်အညံ့ မည့်သူ မဟုတ်ချေ။ အင်မတန်မှ မာနကြီးတာ သူ့ အသိဖြင့် ရဲတိုက်အား စိတ်ချထားခဲ့လေသည်။ ဗေဒါရီသာ ... အင်း





ဒါရီသာ သူ့ဘဝထဲ ဝင်လာအောင် အတော်လေးကို စည်းရုံး သည့် အခြေအနေမျိုးများ ဖြစ်နေလိမ့်မလား။

"ကျွန်တော်လည်း အချစ်နဲ့ပတ်သက်ရင် အတ္တကြီးတဲ့လူ တွေစာရင်းထဲမှာ ပါပါတယ် ဗေဒါရီ၊ ဒါပေမဲ့ ကျွန်တော် က ငါ့ဘက်ကတော့ ဒီလိုသဘောထားရတယ်၊ သူ့ဘက်က လည်း ဒီလိုပဲ သဘောထားစေဆိုတဲ့ စိတ်တော့ မရှိပါဘူး၊ ဗေဒါရီကတော့ တစ်ဖက်သတ် ဖြစ်နေသလိုပဲ၊ ဝေဖန်တာ ကို စိတ်မဆိုးနဲ့ ဗေဒါရီ"

"ရပါတယ်၊ ဟုတ်သားပဲနော်၊ ကျုပ်က သိပ်တစ်ဖက်သတ် ဖြစ်နေပြီ၊ ကိုယ့်စိတ်နဲ့ သူ့စိတ်ဆိုတာ တူနိုင်တာမှတ်လို့ ပဲ၊ ဒါကို တွေးခဲ့မိဖို့ မေ့သွားတယ်၊ တစ်ခုတော့ ရှိတာ ပေါ့၊ ချစ်တဲ့သူကို ဘာလုပ်လုပ် ခွင့်လွှတ်ပြီး ချစ်နေချင် တဲ့စိတ်တော့ အပြည့်အဝ ရှိနေတာ အမှန်ပဲ၊ အဲဒါလည်း ဗေဒါရီရဲ့ အတ္တတစ်ခုဖြစ်မယ် ထင်ပါရဲ့နော်"

မလွယ်ဘူး ... မလွယ်ဘူး။ သူမရဲ့စကားအသွား ဘတို့ကိုက အလျှင်တုန်းက အရိပ်တွေ မလွှတ်သေးဘူး။ ချာတာ တစ်ခုကတော့ ဗေဒါရီဟာ ရဲတိုက်ရဲ့လုပ်ရပ်မှန်သမျှ အကြွင်းမဲ့ ခွင့်လွှတ်ခြင်းတွေနဲ့ ချစ်နေနိုင်သေးတယ် ဆို င်ဖြစ်သည်။

သည်လိုကောက်ချက် ဆွဲမိတော့ ချွေးပြန်ချင်လာရ ည်။ ဟင့်အင်း ... မရဘူး ဗေဒါရီ၊ မင်းကို ကိုယ့်ဘက်တိမ်း



www.burmeseclassic.com

www.burmeseclassic.com



ညွှတ်လာအောင်၊ ဒါမှမဟုတ် ကိုယ့်ရဲ့အယူအဆတွေကို လ
လာအောင် စည်းရုံးမှုဖြစ်မယ်။ မဟုတ်ရင် မင်းက လမင်းကြ
က မရနိုင်တဲ့ ထမင်းဆီဆမ်း ရွှေလင်ပန်းကို မျှော်လင့်
ကလေးသူငယ်လို ဖြစ်နေခဲ့လိမ့်မယ်ဆိုတာ မင်း သိလား
မင်း သိရောသိရဲ့လား။

ရဲတိုက်ဟာ တစ်နေ့တော့ မင်းဆီ ဒူးထောက်
မှာပဲလို့ မျှော်လင့်ချက်နဲ့များ အချိန်တွေ အကြာကြီးအတွ
နောက်ထပ် အဖော်မရှာဘဲ နေခဲ့တာလား။ ဥပမာ ကိုယ့်တ
ကိုယ်လည်း ဗေဒါရီဆိုတဲ့ မျှော်လင့်ချက်ကလေးကြောင့်
လောက် အချိန်တွေအထိ နောက်ထပ် အချစ်မရှာခဲ့သေ
ပေါ့။

"မေးချင်တာ တစ်ခုရှိတယ်၊ ဗေဒါရီ စိတ်မဆိုးနဲ့
"ဟင် ... ဘာမေးမှာမို့လို့လဲ၊ မေးချင်ရင်တော့
ကျုပ် စိတ်ဆိုးမှာကြောက်ပြီး မမေးဘဲ မနေပါနဲ့၊ ဖိုး
မေးတဲ့စကားမှာ စိတ်ဆိုးစရာ ပါချင်ပါမှာပေါ့၊ ဒါ
ကျုပ်က အဲဒီအတွက် စိတ်မဆိုးမိဖို့ ပြင်ဆင်ထားပါ

မေးသင့် မမေးသင့် ချိန်ဆမနေတော့ဘဲ မေးဖို့
ပြင်ပြီး ဖြစ်နေခဲ့သူမှာ ဖိုးတေဇပင် ဖြစ်တော့သည်။

"ဗေဒါရီက ရဲတိုက်ကို အခုထိ ချစ်နေသေးတယ်
သဘောလား ဗေဒါရီ၊ ဗေဒါရီ သူ့ကို တကယ်
ဘူးပေါ့နော်"





ဗေဒါရီက ခပ်တိုးတိုးရယ်၏။ သို့သော် ... ထိုရယ်
သံက အက်ကွဲကြေမွလို့နေသည်။ ခြောက်ကပ်ကပ်လည်း နိုင်လှ
သည်။ မျှော်လင့်ချက်မဲ့သူ၏ ငိုညည်းသံကဲ့သို့ ဖြစ်နေချေသည်။
ဘယ်လိုပြောရမလဲ ဟိုးတစ်ပတ်က သူကြားလိုက်ရသော ရဲတိုက်
ရဲ့ရယ်သံမျိုးလိုပဲ။ အင်မတန်မှ ဆင်တူနေတော့တာပဲ။

"ဖိုးတေဇက သိနှင့်နေမှပဲ၊ အင်း ... ဝန်ခံရတာပေါ့လေ၊
ဟုတ်တယ် ... ကျုပ်က ကို့ကိုချစ်နေဆဲပဲ၊ ကိုဆိုးခဲ့သမျှ
ကို အပြစ်မယူနိုင်ဘဲ ချစ်နေခဲ့တယ်၊ ကို ငါ့ကို တကယ်
မချစ်ခဲ့ပါလားလို့ ယူကျုံးမရ ဖြစ်နေခဲ့မိတယ်၊ ကို့ကို
အဲဒီတုန်းက စကားနဲ့အနိုင်ပိုင်းခဲ့မိတာကို အခုထိ ကိုယ့်
ကိုယ်ကိုယ် အပြစ်တင်နေခဲ့ဆဲပဲ သိလား ဖိုးတေဇရယ်၊
ကျုပ်က ကို့ကို ကို့ရဲ့မာနတွေကိုမုန်းလို့၊ မာနကြီးတဲ့
ယောကျ်ားတွေကိုမုန်းလို့ အသည်းခွဲဖို့ ရည်ရွယ်ချက်နဲ့
တမင်တွဲခဲ့တာပဲလို့ အနိုင်ယူပြောခဲ့မိတယ်၊ ကိုတော့
သိပ်နာကျင်ထိခိုက်ရမှာပဲလို့ တွေးမိတိုင်း နောင်တရလို့
မဆုံးဘူး"

"ကို ဆိုတာ ရဲတိုက်ကို ခေါ်တာလား"

"ဟုတ်တယ်"

ဟု သူမက ရှက်ကိုးရှက်ကန်းဖြေ၏။ သူက အလန့်
တကြား ...

"ဘာရယ်"



www.burmeseclassic.com

www.burmeseclassic.com



လို့ ယောင်၍ ရေရွတ်မိတော့သည်။ "ကို"ဆိုတာ ရဲတိုက်ကိုခေါ်တဲ့ နာမ်စားတဲ့။ ဒါဆို ရဲတိုက်ကရော ရဲတိုက်ဟာ "ကို"ဆိုတဲ့ နာမ်စားရဲ့ရှေ့မှာ "မောင်"ထည့်ပြီး သူ့ကိုယ်သူ "မောင်ကို"လို့ ဒေါ်မဥ္ဇူရီကို ညာပြောခဲ့တာ သဘောရိုးနဲ့မှဟုတ် ရဲ့လား။

မပြောနိုင်ဘူး သည်ကောင့်စိတ်က မှန်းရတာ ခက်ခက်ရယ်။

"ဗေဒါရီက သူ့ကို မျှော်လင့်နေတယ်ပေါ့"

"မှားနေပြီ ဖိုးတေဇရဲ့၊ ကျုပ်က သူ့ကို မမျှော်လင့်ပါဘူး ကျုပ်တစ်ယောက်တည်း စိတ်ထဲမှာကျိတ်ပြီး ချစ်ခွင့်ရရင် ကို ကျေနပ်နေတာ"

"စိတ်ထဲမှာ ကျိတ်ပြီးချစ်ခွင့်တဲ့လား ဗေဒါရီရယ်"

ဗေဒါရီ့ထံမှ ဝန်ခံစကားကို ကြားခွင့်ရလိုက်သော အခါ သူသည် အသံထွက်အောင်ပင် သူ့ရဲ့အံ့ဩမှုကို ပြသမိတော့ ၏။

ကြည့်စမ်းပါဦး၊ သည်မိန်းကလေးဟာ အချစ်ကို ဘယ်လောက် တန်ဖိုးထားတတ်လိုက်သလဲ။ ချစ်သူကို ဘယ် လောက်တောင် အကြွင်းမဲ့ ချစ်တတ်လိုက်သလဲ။ သည်မိန်းကလေး မျိုးကိုပဲ ပိုင်ဆိုင်ချင်စမ်းပါဘိဟု သူ့နှလုံးသားက လှိုက်လှိုက်လှဲလှဲ တောင်းဆိုမိတော့သည်။





"ကဲ ... ကျုပ်ရဲ့စိတ်တွင်းက ခံစားချက်တွေ အကုန် ရှင် သိပြီးပြီဆိုတော့ အကယ်၍ ကျုပ်က ရှင့်ရဲ့လက်ထပ်ခွင့် ကို လက်ခံပါပြီတဲ့ ရှင်က အရင်ကလို စိတ်ရှင်းရှင်းနဲ့ ကျေနပ်နိုင်ပါဦးမလား၊ ငါ့ကိုတော့ အားကိုးထိုက်တဲ့လူ တစ်ယောက်၊ အရည်အချင်းရှိတဲ့ လူတစ်ယောက်လို့ သဘောထားပြီး သူ့ဘဝအတွက် ရွေးချယ်လက်ထပ်ခဲ့ တယ်၊ ဒါပေမဲ့ သူ့နှလုံးသားထဲမှာ ငါ မရှိဘူးလို့ သိထား တဲ့ရှင်က ကျေနပ်နိုင်မယ်လို့ ကျုပ် မထင်ဘူး၊ ဒါကြောင့် ဒီစကားကို ရှင် ပြောခဲ့ဖူးတယ်လို့ မှတ်မထားတော့ပါဘူး၊ အရင်ကလို အင်မတန်ရင်းနှီးတဲ့ သူငယ်ချင်းတွေလိုပဲ ဆက်ဆံကြရအောင်နော်၊ ကျုပ်က ရှင့်ရဲ့လက်ထပ်ခွင့်ကို မေ့ပစ်နိုင်ပါတယ်"

"မဟုတ်ဘူး ဗေဒါရီ၊ ကျွန်တော် ဒီစကားကို မရုပ်သိမ်း နိုင်ဘူး၊ ဗေဒါရီ့ကို ပိုင်ဆိုင်ခွင့်ရဖို့ အနှစ်နှစ် အလလ စောင့်နေခဲ့ပြီးမှတော့ ဗေဒါရီရယ်၊ ကျွန်တော်လည်း ဗေဒါရီ့ လို အတွေ့တစ်ခုတော့ရှိတယ်၊ အဲဒါကတော့ ကိုယ့်ချစ်သူက ကိုယ့်ကိုချစ်သည်ဖြစ်စေ မချစ်သည်ဖြစ်စေ ကိုယ့်ချစ်သူကို ထာဝရ ကိုယ့်ဘဝထဲမှာ ထားခွင့်ရရင် ကျေနပ်နေတတ် တဲ့ အတွေ့ပဲဗျ၊ ကဲ ... ဘယ်လိုလဲ ဗေဒါရီ ကျွန်တော့်ကို လက်ခံစဉ်းစားပေးနိုင်မလား"

"အင်း ... အင်မတန်မှ ခွဲကြီးတဲ့ ဖိုးတေဇပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဗေဒါရီ ကြိုက်တဲ့အချိန်ထိ စဉ်းစားပါ၊ ကျွန်တော်က လည်း စောင့်လက်စနဲ့ စောင့်ပါမယ်"

ဗေဒါရီက ငြိမ်သက်နေတော့သည်။ စဉ်းစားမယ် မစဉ်စားဘူးတော့ မပြောခဲ့ချေ။ အေးလေ ... သည်လောက်ထိလိုက် လျှောခဲ့တာပဲ ကံကောင်း။ ဟိုးအလျင် ကိုးနှစ်တုန်းကလို တစ် ထိုင်တည်း မငြင်းပစ်တာကိုက သူမရဲ့အခြေအနေ တိုးတက်မှုပဲ။

ကြည့်စမ်း မာမာသာသိရင် ဘယ်လောက်ရင်ကျိုး လိုက်မလဲ။ ရဲတိုက်ရဲ့ရည်းစားဟောင်းကိုမှ ချစ်ခွင့် လက်ထပ်ခွင့် ကို အောက်ကျနောက်ကျခံပြီး တောင်းတဲ့သား။ ရဲတိုက်ကို ချစ်နေပါသေးတယ်ဆိုတဲ့ မိန်းမတစ်ယောက်ထံမှာ အချစ်မပါသော လက်ထပ်ခွင့်ကိုမှ ဖွဲကြီးကြီးနဲ့ စောင့်မျှော်နေတဲ့ သားအဖြ ယူကျုံးမရ ဖြစ်လိုက်မယ့်ဖြစ်ခြင်း။ မတတ်နိုင်ဘူး မာမာရယ် နှလုံးသားက သည်မိန်းကလေးကိုမှ လိုလိုလားလား ဖြစ်နေမိ တော့။

"ကျုပ်ရဲ့အဖြစ်အပျက်နဲ့ ခံစားချက်မှန်သမျှ အကုန်သိခွ ရတာ ကျုပ်ရဲ့မေမေပဲ၊ မေမေ တစ်ယောက်ပဲ ဒီအကြောင်း တွေ အသိပေးထားတာ၊ အခု ရှင်ကတော့ ကျုပ်ရဲ့ရင်ထဲ ကအကြောင်းတွေ အကုန်သိခွင့်ရတဲ့ ဒုတိယမြောက်လူပဲ ပေါ့၊ မေမေလည်း ရဲတိုက်ကို သမီးကလေးက အခုထိချ နေသေးတယ် မေမေရယ် ဆိုတာကို သိခွင့်ရတော့ ရှင့်လိ ပဲ အံ့သြခဲ့တာပေါ့"





ဘုရား ... ဘုရား။ ဒေါ်မဥ္ဇူရီက အကုန်သိသွားခဲ့ ...ဲ့ သမီးကို အင်မတန်မှချစ်သော ဒေါ်မဥ္ဇူရီဟာ သူမရဲ့သမီး ...ံစားချက်တွေကို စာနာမှာပေါ့။ သနားနေခဲ့မှာပေါ့။ ရဲတိုက် ...ဗေဒါရီကို ထပ်ပြီးကြိုးစားဦးမယ်ဆိုရင် သမီးဖြစ်သူရဲ့ နှစ် ...လများ ကိန်းအောင်းမျိုသိပ်ခဲ့ရတဲ့ ဝေဒနာတွေကို ထော့က် ...ပြီး သမီးအလိုကို လိုက်လျောမှာ သေချာလိုက်သည့်ဖြစ်ခြင်း။

ဖိုးတေဇသည် ဗေဒါရီကို သည်တစ်ခါ ဆုံးရှုံးလိုက် ...ိုးရိမ်ရခြင်းသည်လည်း တစ်ဒုက္ခ။ ဒေါ်မဥ္ဇူရီနှင့် ခင်မင် ...းသော မောင်ကို အမည်ခံသူမှာ ရဲတိုက် ဖြစ်ကြောင်းသာ ...းမှာ စိုးရိမ်ရခြင်းသည်လည်း တစ်ဒုက္ခ။ အကယ်၍ ဒေါ်မဥ္ဇူရီ ...းခဲ့ရင် သမီးဖြစ်သူရဲ့ အနှစ်နှစ်အလလ မျိုသိပ်ကြေကွဲခဲ့ ...သာ ခံစားချက်တို့ကို စာနာလျက် ရဲတိုက်အား မနာကြည်း ...တီးခဲ့တာကို ရဲတိုက် သိသွားရင် တစ်မျိုးတစ်ဖုံ ပြောင်းလဲ ...မှာ စိုးရိမ်ရခြင်းသည်လည်း တစ်ဒုက္ခ။ အို ... စိတ်ညစ်စရာ ...ကောင်းသေးတော့။

✣ ❤ ✣



www.burmeseclassic.com

www.burmeseclassic.com








(က)

"မမ ... မမ ခဏလေး၊ ဒီနားမှာ ကားရပ်ပေးပါ၊ သုန်လုပ်စရာလေးရှိလို့၊ လေးလေးထွင့်ကားတွေ့တာနဲ့ သတိရသွားပြီ"

"ဘာတုန်း သုန်သုန်၊ ရှင်ပဲ ဗိုလ်ချုပ်ဈေးသွားချင်လို့ဆို၊ ကျုပ်နဲ့မှ သွားချင်တယ်ဆိုလို့ ကျုပ်မှာ ဝယ်စရာမရှိဘဲနဲ့ အဖော်လိုက်ပေးရတာတော့၊ ကျုပ် အချိန်သိပ်မရဘူး၊ နောက်ကျရင် ကျုပ်မေမေ စိတ်ပူနေဦးမယ်"

ပြောရတာ ရှက်တော့ရှက်သားပင်။ ကိုယ့်ထက်အသက်ငယ်သော တပည့်မကို အမေ စိတ်ပူမှာ စိုးရိမ်ပြီး အိမ် ...ဖို့ စိတ်လောရခြင်းတွေ ပြောပြတာ။ သုန်သုန်ကတော့ အိမ် ရောက်ရင် မမက အမေစိတ်ပူမှာ ကြောက်တုန်းလို့ အတင်းအုပ် ... ဘယ့်နှယ်လုပ်ရမလဲ။ သို့သော် အမှန်အတိုင်း ပြောရရင်



www.burmeseclassic.com

www.burmeseclassic.com



ဗေဒါရီ ကိုယ်တိုင်ကိုက ဘယ်လိုမှ ဟန်ဆောင်လို့ရတဲ့ စိတ်ရင်း အမှန်အကန် ဖြစ်နေ၍ပင်။ သည်အချိန်လောက်ဆို မေမေစောင့်နေပြီဆိုတာက အမြဲတမ်း အလိုလို အမှတ်ရရှိတတ်။ မေမေ စိတ်ပူရမယ့် အဖြစ်မျိုးကိုလည်း ဘယ်တော့မှ မလိုလားတတ်တာ ဗေဒါရီပဲတည့်။

"လေးလေးထွင့်ဆီမှ ပိုက်ဆံဝင်တောင်းမလို့၊ သုန့်မှာမုန့်ဖိုးနည်းနေတယ်၊ တော်ကြာ မလောက်မှာ မမရဲ့"

"ကျုပ်ဆီက ယူလေ၊ နှစ်ထောင်လောက်ပါတယ်"

"ဟင် ... ရမှာမဟုတ်ဘူး၊ သုန်က ငါးထောင်လောက် ထပ်လိုချင်တာ၊ သုန်ဝယ်မှာက ဈေးကြီးလွန်းနေလို့ ဒယ်ဒီသိရင် ဆူမှာ မမရဲ့၊ ဒယ်ဒီမသိအောင် ဝယ်ရမှာ"

အို ... သည်ကလေးမနှယ်၊ ပိုက်ဆံတွေ သိပ်သုံးနေတယ်။ ဗေဒါရီနဲ့မေမေတို့ရဲ့ဘဝမှာ သုန်သုန်တို့လောက် ကျိကျိတက်ချမ်းသာတာမျိုး မရှိခဲ့၍ ဗေဒါရီဆို သုန်သုန့်အရွယ်တုန်းက ငွေကိုသုံးရမှန်း မစဉ်းစားတတ်ခဲ့သေးချေ။ အခုတောင် ဗေဒါရီ စီးနေတဲ့ ခေတ်ပေါ်ကားကလေးဟာ ဖေဖေ အတင်းဝယ်ပြီး လက်ဆောင်ပေးလို့သာ။

"ဖေဖေ့သမီးအတွက် ဒီတစ်ခါပဲ ပေးပိုင်ခွင့်ရတာပါ၊ ယူပါ သမီးရယ်၊ ဖေဖေ့ကို အာဃာတထားရင် ဖေဖေ့ရဲ့ တစ်ခါတည်းသော ပေးခွင့်ရတဲ့ လက်ဆောင်ကိုယူပါ"





ဟူ၍ ဖေဖေ မျက်ရည်တဝဲဝဲနှင့် တောင်းပန်ခဲ့လို့ ... တကယ်တော့ ဖေဖေ့အနေနဲ့ ဗေဒါရီကို ကြီးကြီးမားမား ...ာက်ပံ့တာဆိုလို့ သည်တစ်ခါပဲ ရှိဖူးပေမယ့် သူမသည် ...ခါမှ ဖခင်က ထောက်ပံ့ရစေဆိုတာမျိုး မတွေးတတ်ခဲ့ဘူးပါ။ ...ဘာသာ ဘာစိတ်ကူးပေါက်ပြီး ဝယ်ပေးခဲ့သည် မသိချေ။

"မမ ... ဟယ် မမ၊ ဘယ့်နှယ်ငြိမ်သွားတာလဲ၊ သုန်နဲ့ ခဏဝင်လိုက်ခဲ့လေ၊ လေးလေးထွင့်က သုန်တစ်ယောက်တည်းဆို ယုံမှာမဟုတ်ဘူး၊ နောက်ပြီး ဒါ လေးလေးထွင့်ရဲ့ရုံးခန်း မဟုတ်ဘူး၊ သူ့မိတ်ဆွေရဲ့ရုံးခန်း၊ သုန်က လေးလေးထွင့်ကား ရပ်ထားတာတွေ့လို့ ဝင်ရမှာ၊ ကြောင်စီစီကြီးမို့ပါ၊ ခဏလိုက်ခဲ့ပေးပါနော်"

အကယ်၍သာ ဗေဒါရီသည် အားမနာတတ်သည့် ...ဖြစ်ခဲ့လျှင် သုန်သုန့်ဦးလေး၏မိတ်ဆွေဆိုသူ ရုံးခန်းကို ...သုန်နဲ့အတူ လိုက်ဝင်ပေးဖို့ လိုက်လျောမိမည်မထင်။ နောက်ပြီး ...မပါလှသော သုန်သုန်နဲ့အတူ ဗိုက်ချုပ်ဈေးကို အဖော်လိုက် ...ဖို့ကိုလည်း ငြင်းဆန်ပစ်မိမည်။ ယခုတော့ သုန်သုန့်ကိုအားနာ ...တစ်ခုတည်းနှင့် မိမိမသိကျွမ်းသည့် နေရာတစ်ခုကို အတူ ...ိုက်ဝင်သွားခြင်းကပင် သူမ၏အိပ်မက်တို့အား ထပ်မံလှုပ်နှိုး ...ိုက်ရတော့တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



စတွေ့ခါစက “ကို”ဟု စိတ်ထဲက ခေါ်မိလျှ
တုန်လှုပ်သွားမိသည်။ ကိုထွဋ်ကျော်အား မကြာခဏ ဆုံဖူးသေ
လည်း ကိုထွဋ်ကျော်၏မိတ်ဆွေသည် ကို ဖြစ်လိမ့်မည်ဟု ဗေဒါ
တစ်ခါမှ မမျှော်လင့်ခဲ့ဖူးချေ။ ကိုက သူ့ရုံးခန်းထဲ ဝင်လာသော
ဗေဒါရီကို အံ့အားသင့်စွာ ငေးကြည့်ရင်း ဆတ်ခနဲတောင် ဖြ
သွားသလိုပဲ။ သူမအား မျှော်လင့်နေသော ကိုထွဋ်ကျော်ကတော့
ပျာယီးပျာယာ ခုံဆွဲပေးရ၊ နှုတ်ဆက်ရ။ ဆရာမကို အားနာစရာ
ဟု သုန်သုန့်ကို ဆူရ။ ကိုကတော့ သိပ်စိမ်းကားနိုင်တာပဲနော်

ကို့မျက်လုံးတွေက အလျင်ကလို မတောက်ပ
တော့ဘူး။ အရောင်တချို့ ဖြတ်ပြေးလျက် မှေးမှိန်နေသလိုပဲ
ကို ဟိုတစ်လောက ကျောင်းမှာ တစ်ခါတွေ့ရတာထက်စာရင်
သိပ်ချောင်ကျသွားသလိုပဲ။ ကို နေမကောင်းဘူးလားဟင်။ ကို
ဆံပင်တွေ ရှည်စပြုနေပြီ။ အလျင်ကဆို ဆံပင်တိုတိုထားရ
စိတ်ရှင်းတယ် ပြောတတ်တာ သတိရသေးပါရဲ့။ နှုတ်ဆက်ချင်
နှုတ်ဆက်ပါလား ကိုရယ်။ မိတ်ဆွေတွေလိုပေါ့။ ဗေဒါရီက ခွင်
လွှတ်တတ်ပါတယ်။

“ရဲတိုက် ... ကိုယ့်တူမရဲ့ဆရာမ ဒေါ်ဗေဒါရီလေ၊ အင်္ဂလိပ်
ဒီပါ့ထိမင့် (English Department)ကပေါ့၊ ဆရာမ
ဒါက ကျွန်တော့်အရင်းနှီးဆုံး လုပ်ဖော်ကိုင်ဖက် မိတ်ဆွေ
လေ၊ လုပ်ငန်းစပ်တူရှယ်ယာရှင်တွေပေါ့၊ ရဲတိုက်တဲ့ အာခ
တက်စ်နဲ့ ဘွဲ့ရထားတယ်”





ရဲတိုက်သည် ကိုထွဋ်ကျော်၏ လောကွတ်နှင့် ဖော်
ရွေမှုတို့ကို ခါတိုင်းလိုဆိုရင် ကျိတ်ဟားချင် ဟားမိမည်။ ယခု
တော့ သူ့မျက်ဝန်းတည့်တည့်မှာ ဆံထုံးကလေး ပုံ့ပုံ့ထုံးလျက်
အနေရခက်နေသော ဗေဒါရီကို ငေးနေမိ၍ ကိုထွဋ်ကျော်အား
စိတ်မဝင်စားမိချေ။ ကံကြမ္မာရယ် ... တိုက်ပဲ တိုက်ဆိုင်လွန်းနေ
ပြီ။ ဖိုးတေဇကို တမင်အလှျော့ပေးပြီး နောက်ဆုတ် ပုန်းရှောင်နေ
ခဲ့ကာမှ သူမတို့ ထပ်မတွေ့ရရင် ဝေဒနာက သက်သာနိုင်လိမ့်
မယ်ဆိုကာမှ ထပ်တွေ့ရပြန်ပြီနော်။

“ကိုရဲတိုက်နဲ့ ကျွန်မတို့က အလျင်ကတည်းက သိကျွမ်း
ပြီးသား မိတ်ဆွေတွေပါ ကိုထွဋ်ကျော်”

“ဟာ ... ဟုတ်လား၊ ကိုယ့်လူ ... ခင်ဗျားက တယ် မှင်
သေတာပဲ၊ ကိုယ့်ကို ဘာမှလဲ မပြောဖူးပါလား၊ ဟား
ဟား ... ရှက်တောင် ရှက်သွားပြီ၊ ကဲ ... သုန်သုန်၊ ကိုယ့်
ဆရာမကို ဒုက္ခပေးဖို့ ခေါ်လာပြီး တစ်ခုခု ဧည့်ခံဖို့ စီစဉ်
လေ၊ ဘာမှာမလဲလို့ မေးလိုက်ဦး”

“နေပါစေ ကိုထွဋ်ကျော်”

ကိုထွဋ်ကျော်က “ဟာ ... ဘယ်ဟုတ်မလဲ”ဟု
ပျာပျာသလဲပြော၍ ဆရာမ ဘာသောက်မလဲလို့ မေး၏။ အဲသည်
မှာ သူ့ရင်တွေကို ဝှန်းဒိုင်းကြဲ ဆူညံသွားအောင် ယူကျုံးမရဖြစ်
သွားအောင်၊ အက်ကွဲနာကျင်သွားအောင် ဖြစ်စေတော့တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



သူမရဲ့အဖြေက "နက်စ်ကော်ဖီခါးခါးပဲ စီစဉ်ပေးပါ"ဟူသော
အဖြေ။

သုန်သုန်ရဲ့ ...

"မမက အိမ်မှာ စာလာသင်လည်း နက်စ်ခါးခါးပဲ သော
တယ်၊ မုန့်လည်း မစားတတ်ဘူး"

ဟူသော ဖြည့်စွက်ဖြေ၊ အို ... ဒီနက်စ်ခါးခါး
မင်း မမေ့သေးဘူး။ အခုထိ စွဲစွဲမြဲမြဲ သောက်နေတယ်ဆို
ကိုယ့်အတွက် အိပ်မက်တွေလား ဗေဒါရီ။ ကိုယ် ပြောခဲ့ဖူးတ
မင်း ကိုယ်တိုင်လည်း ဝန်ခံခဲ့ဖူးတယ်။ ကိုယ့်ကြောင့် နက်
ခါးကို သောက်တတ်လာတယ်ဆိုတာ ဖျတ်ခနဲ သတိရသွား
အခါ ရင်ထဲမှာ ငြိမ်းချမ်းသွားခဲ့လေသည်။

"ဒါဆို ရဲတိုက်နဲ့ အကြိုက်တူနေပြီ၊ ရဲတိုက်လည်း န
ခါးခါး အမြဲသောက်တယ်၊ ကဲ ... ဒီအခန်းထဲအ
နက်စ်ခါးခါး နှစ်ခွက်ရယ်၊ လက်ဖက်ရည်တစ်ခွက်
သုန်သုန့်အတွက် မေ့ခ်ီရှိပ် တစ်ခွက်ရယ် မှာလိုက်

မဆင်မခြင် ပြောလိုက်သည့် ကိုထွဋ်ကျော်
ဗေဒါရီသည် ချက်ချင်းပင် သူမ၏လျှို့ဝှက်ချက်အား "
သွားပြီဟု ရိပ်မိလိုက်ပါသည်။ ကို့မျက်နှာ စစတွေ့ကျ
ကဲ့သို့ မှုန်တေတေ ဖြစ်မနေ။ နှုတ်ခမ်းတွေ ပိပိရိရိ တင်
နေ။ အနည်းငယ် ခပ်ကွေးကွေးဖြင့် ပြုံးချင်ချင်။ အို ... ပြ





ဗေဒါရီ ရင်ခုန်ရသော ထိုမျက်လုံးများအား ရင်ဆိုင်ခွင့်ရတော့တာပဲ။ ကို ... လုလည်ကလေးပဲ။ ဒါပေမဲ့ ကိုက သူ့ကိုစွဲလမ်းနေသေးတယ် ဆိုတာကို သိခွင့်ရလို့ အနိုင်ရပြီဆိုတဲ့ ပီတိနဲ့ ကျေနပ်နေတာပါ။ ဗေဒါရီကိုမှ ကိုက မချစ်ခဲ့တာပဲ၊ ထားရစ်ခဲ့တာပဲ။

ကြည့်စမ်း ... ဘယ်လောက် ကြေကွဲစရာကောင်းလိုက်တဲ့အဖြစ်လဲ။ ခဏတဖြုတ် ပြန်သတိရရင်တောင် ကို့ရဲ့စကားလုံးကိုင်းမှာ အခုထိ အသစ်အတိုင်း ထင်မှတ်ကြားယောင်ပြီးကျိတ်ငိုရတာ နှစ်တွေမနည်းတော့ဘူး သိလား ... ကို။ အေးလေကို အနိုင်လိုချင်လည်း နိုင်ပါစေတော့။ ဗေဒါရီက အစကတည်းက ရှုံးပြီးသားပါ။

သည်နေ့ကလေး တစ်နေ့ကိုတော့ ကြိုတောင့်ကြိုခဲ့ကို့ကို အကြာကြီး ခိုးကြည့်ခွင့်ရသောနေ့အဖြစ် အမှတ်တရဖြစ်နေရတော့မည်။ နောက် သည်လိုတွေ့ခွင့် ရချင်မှရမည်ဆိုတာကိုတွေးမိရင်း ကို့ကို ငါ ဘာလို့ သိပ်ချစ်မိတာပါလိမ့်ဟူ၍ အဖန်ဖန် တွေးကြည့်နေမိပြန်၏။

"ဗေဒါရီ ... ဖိုးတေဇနဲ့ အမြဲတွေ့လား"

ဘုရား ... ဘုရား၊ ကိုက ငါ့ကို စကားစပြောပြီ။ ပြီးတော့ တစ်ခါက ကို တွဲတွေ့ဖူးတဲ့ ဖိုးတေဇာနဲ့ အထင်တလွဲတွေမြင်ပြီး ကောက်ချက်ဆွဲထားပုံလည်း ရသေး။ အို ... ဘယ်လိုများ ရှင်းပြခွင့် ရနိုင်ပါ့မလဲ။ ဘယ်လောက်တောင် ကံဆိုးလိုက်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ဗေဒါရီလဲ။ နေပါဦး ... ကိုကို ရှင်းပြတော့ရော ဘာများထူးခြားမှာမှတ်လို့။ ကိုနဲ့က သိပ်ကိုဝေးပြီးခဲ့ပြီပဲနော်။

"ဟိုတစ်ပတ်ရဲ့ သောကြာနေ့ကတော့ တွေ့ဖြစ်ပါတယ်"

"ဘယ်တော့ စားရမှာလဲလို့ ဒီတစ်ခါတွေ့ရင် မေးပေးစမ်းပါ၊ ရဲတိုက်က မေးတယ်လို့ ပြောနော်၊ သူက ဘာကိုမေးထယ်ဆိုတာ သိပါတယ်၊ ဗေဒါရီလည်း သိချင်သိနေမှာ ပြောလို့မရဘူး ဒီကောင်ကအခုတလော သိပ်လျှိုတာ ဖုန်းဆက်တိုင်းလည်း မရှိဘူး၊ ဒါကြောင့် ဒီစကားကို အင် မတန် မေးချင်နေတာ၊ အခုမှပဲ ဆန္ဒပြည့်တော့တယ် ဆက်ဆက်မေးလိုက်နော် ဗေဒါရီ"

ဟန်ဆောင်ပြုံးတွေနဲ့ သည်စကားကို ပြောရတာ ခက်ခဲလိုက်ပါဘိ။ မင်း ရိပ်မိသွားပြီ။ ငါ ဖိုးဇွတဇကို သည်စကား ဘာသဘောနဲ့ မေးတယ်ဆိုတာ မင်း ရိပ်မိသွားပြီပေါ့။ ကိုထွန်းကျော်တောင် တအံ့တသြ ဗေဒါရီကို ငေးနေမှတော့ ဖိုးတေ အတွက်လည်း လုံခြုံစိတ်ချရအောင်၊ ကြေညာပြီးသားဖြစ်အောင် ဗေဒါရီ့ကို အနေခက်လောက်စရာ အကြည့်တွေနဲ့ သဘောတကျ ကြည့်နေတဲ့ ကိုထွင့်ကျော်လည်း သိသွားအောင်၊ ဗေဒါရီလည်း သူ့ကို ရဲရဲတင်းတင်း စကားပြောရဲအောင်၊ တမင် ဖိုးတေနဲ့ ဗေဒါရီ၏ ပတ်သက်ဆက်နွယ်နေမှုအား သွယ်ဝိုက် မေးပစ်လိုက်တော့၏။





သူ ... ထင်ထားတာက ရှက်ကိုးရှက်ကန်းပြုံးပြီး ခေါင်းငုံ့သွားမယ့် ဗေဒါရီ ဖြစ်ခဲ့သည်။ သို့သော် တကယ့်တကယ် မှာတော့ သူ့အား မွမွကြေသော မျက်ဝန်းအစုံဖြင့် တအံ့တသြ တုံ့ပြန်ကြည့်လိုက်သည့် ဗေဒါရီ့နှုတ်ခမ်းတွင် ခပ်မဲ့မဲ့ပြုံးလျက် ရှိနေခဲ့သော ဗေဒါရီ။ သေသေချာချာကြည့်ရင် သူမမျက်ဝန်းမှာ မျက်ရည်စတွေဖြင့် ဝေ့ခနဲ ရစ်သိုင်းသွားတာကိုတောင် မြင်နိုင် လောက်သည့် ဗေဒါရီ ဖြစ်နေခဲ့သည်။ ဘာလဲ ဗေဒါရီ၊ ဘာတွေ ... မင်းတို့ အဆင်မပြေကြဘူးလား။ ဖိုးတေဇက ကိုယ့်ထက် ... လျှင် မင်းကို ချစ်ခဲ့ရှာတာပါ။ သူ့အချစ်က မင်းကို လုံခြုံနွေး ... သွားတဲ့ ဘဝတစ်ခု ဖန်တီးပေးနိုင်လိမ့်မယ်လို့ ကိုယ်က စေတနာ ... မှုန်နဲ့ ဆုံးဖြတ်ပေးခဲ့တာပါ။

အင်း ... ဖိုးတေဇ ဘာတွေများ မပြေမလည်ပြော ... ါလိမ့်။ မဖြစ်သေးပါဘူး၊ သည်ကောင့်ကို နားချဦးမှ။ အထင် ... ဖို့၊ သူနဲ့ ဗေဒါရီဟာ တစ်ယောက်ကိုတစ်ယောက် ဟန်ဆောင် ... ချစ်ခဲ့ကြတာမို့ သဝန်မတိုဖို့၊ ဗေဒါရီ့ကို အတတ်နိုင်ဆုံး ခွင့် ... ဖို့၊ လောကမှာ ဗေဒါရီနဲ့ အသင့်တော်ဆုံးသူ။ ဗေဒါရီ့ကို ... အေးရာရာ နားလည်ဖေးမပေးနိုင်သူ။ သူ ချစ်မြတ်နိုးရသော ... ကလေး၏ဘဝမှာ အားကိုးထိုက်သူဟာ ဖိုးတေဇ တစ်ယောက် ... ရှိသည်ဟု ယူဆကာ ဗေဒါရီ့ကို ဖိုးတေဇ၏အရိပ်အောက်မှာ ... အေးချမ်းချမ်း ရှိနေစေချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကတော့၊ အင်း ... ကိုယ်ကတော့ အချစ်ကို
တန်ဖိုးမထားတတ်ခဲ့သူမို့ မိမိချစ်သူအား ပိုင်ဆိုင်ခွင့်ရခြင်းတည်း
ဟူသော ဆုလာဘ်မျိုးကို မမျှော်ကိုးတော့ပါဘူး။

"လေးလေးထွင့် သွားမယ်၊ မေ့စ်ရှိတ်က သောက်လို့လည်း
ကောင်းတယ်၊ လေးလေးရဲ့ မုန့်ဖိုးငါးထောင်ကိုလည်း
ကျေးဇူးတင်တယ်နော်၊ မမကို ဒုက္ခပေးရတာလည်း အား
နာလှပြီ၊ လာ ... မမ သွားကြရအောင်"

"သွားလိုက်ပါဦးမယ်ရှင်၊ ကော်ဖီအတွက် ကျေးဇူးတင်
တယ် ကိုထွင့်ကျော်"

"ဟာ ... ရပါတယ်၊ ကျွန်တော့်တူမ ဆိုးတာကိုပဲ အား
နာနေမိတာပါ ဒေါ်ဗေဒါရီ"

"ရပါတယ် တစ်ခါတလေပဲ၊ သွားမယ်နော်"

ဗေဒါရီတို့ ထွက်သွားပြီး စက္ကန့်အနည်းငယ်
ကိုထွင့်ကျော်၏ အားတုံ့အားနာ အပြုံးကို လက်ခံရရှိ၏။

"ဆောရီးဗျာ၊ ခင်ဗျား ညီအစ်ကိုတော်နဲ့ သက်ဆိုင်သူ
မသိလို့ ကျွန်တော် ခင်ဗျားကို စိတ်ထဲရှိတဲ့အတိုင်း
ပြောမိတယ်၊ အဲဒါတွေ မေ့ပစ်လိုက်တော့ဗျာ၊ ဖိုး
ကို မပြောမိစေနဲ့၊ တော်ကြာ အချင်းချင်း မျက်နှာ
တွေ ဖြစ်ကုန်ဦးမယ်၊ ခင်ဗျားက ဘယ်လိုလူလဲဗျ၊
ကတည်းက သိထားရင်လည်း ပြောပြပါလား၊ ကျွန်
ပြောသမျှ ငြိမ်နားထောင်ရတယ်လို့ ရှက်တောင် ရှက်တ





တကယ့်တကယ်တော့ ကျွန်တော့်ရဲ့သက်ဆိုင်သူ
ပါ ကိုထွင့်ကျော်။ ကိုယ့်အပြစ်ကို ကိုယ့်ဘာသာပဲ ကြိတ်
ခံစားနေရတာ ဘယ်လောက်ကြာပြီလဲ။ ဖိုးတေဇနဲ့ သူမကို
ပြီးတွေ့လိုက်ရကတည်းက စတာပဲ။ ဗေဒါရီ့မေမေကို "မေမေ"
စိတ်ဖြေခေါ်ရင်း ဗေဒါရီ့မေမေရဲ့ "သား"ဟူသော ခေါ်သံ
ပီတိဖြစ်ရင်းနဲ့ ဒေါ်မဉ္ဇူရီ သိထားခဲ့သော မောင်ကို ဆိုတဲ့
တစ်ခုကိုတောင် ဖိုးတေဇရဲ့လမ်းခရီးအတွက် မြေမြှုပ်ပစ်ဖို့
ဖြတ်ပြီးသားပါ ကိုထွင့်ကျော်။

"ခင်ဗျားကသာ သိပ်လှတဲ့ မိန်းမတစ်ယောက်ကို မပိုင်ဆိုင်
ချင်ရင်နေမယ်၊ ခင်ဗျားရဲ့ ဖိုးတေဇကတော့ အင်မတန်အား
ကျစရာပဲ၊ ဗေဒါရီ့အချစ်ကို ရသွားခဲ့တယ်၊ ဗေဒါရီ့ကို
ပိုင်ဆိုင်ရတော့မယ်နော်၊ နေစမ်းပါဦး၊ ခင်ဗျားကရော
ဘယ်တော့လောက် အဖော်နဲ့ ဖြစ်မှာလဲ၊ ကျွန်တော်တွေ့
တိုင်း တစ်ယောက်မဟုတ် နောက်တစ်ယောက် ရည်းစား
ထည်လဲတွဲနေပြီး အတည်တကျလည်း မတွေ့မိဘူး၊ ဘယ်
သူ့ကို လက်ထပ်ဖို့ စဉ်းစားထားလဲ၊ ခင်ဗျားရဲ့အတွဲကလေး
တွေထဲက တစ်ယောက်ယောက်ကိုတော့ ရွေးထားလေဗျာ"

"ရွေးစရာ မလိုတော့ဘူးဗျ၊ ကျွန်တော်ချစ်တဲ့ မိန်းကလေး
ကို ကျွန်တော် ပိုင်ဆိုင်ခွင့် မရခဲ့လို့ ကျွန်တော့်ဘဝထဲကို
သူမကလွဲရင် ဘယ်သူ့ကိုမှ ပေးမဝင်နိုင်လို့ ဘယ်တော့



www.burmeseclassic.com

www.burmeseclassic.com



မှ လက်ထပ်တော့မှာ မဟုတ်ဘူး၊ တစ်သက်လုံး အ
အတိုင်းပဲ နေသွားတော့မှာ"

"ဟာ ... ခင်ဗျားမှာ ဇာတ်လမ်းရှိခဲ့တာကိုး၊ အဲဒီမိန်း
လေး ဘယ်သူလဲ၊ သိခွင့်ရှိမလား"

ရဲတိုက်သည် ခေါင်းကို ခပ်လေးလေး ခါပြလိုက်၏
ကိုထွဋ်ကျော်က အလိုက်တသိ ဆက်မမေးတော့ချေ။ ချစ်တဲ့မိ
ကလေး ဗေဒါရီရေ ... ဟန်ဆောင်ရတဲ့အလုပ်၊ လိမ်ညာရ
အလုပ်ဟာ ဘယ်လောက်ပင်ပန်း ခက်ခဲတယ်ဆိုတာ လက်တွေ့
ရင်ဆိုင်ခဲ့ရပြီ။ ဒါဟာ ဝဋ်ကြွေးတွေပဲပေါ့၊ ဖြစ်နိုင်ရင် သည်က
ကြီးထဲက အဝေးဆုံး တစ်နေရာကို ထွက်ပြေးပြီး သွားနားလို
ချင်တယ်။

ကိုယ် နှစ်သက်ခုံမင်နေပြီဖြစ်တဲ့ အိပ်မက်တခု
မက်ရင်းပေါ့။

✤ ❤ ✤





ဖိုးတေဇသည် မဆီမဆိုင် ဝင်ပူပန်ပေးသော ရဲတိုက်
သံသယအနည်းငယ် စတင်ဖြစ်ထွန်းလာတော့သည်။ ထူးထူး
ခြား အရေးကြီးတဲ့ကိစ္စ မရှိပါဘဲ ညဥ့်နက်သန်းခေါင်ကြီး
ဆက်ခြင်း၊ ပြီးတော့ မင်းနဲ့ ဗေဒါရီတို့ ကတောက်ကဆဖြစ်
ကြသလားလို့ မဆိုင်းမတွ မေးလိုက်ခြင်း၊ ထိုအသံမှာစိုးရိမ်
ရောစွက်နေခြင်းများအား သံသယရှိလာ၏။

"ဘာဖြစ်လို့ မေးတာလဲ၊ မင်းနဲ့ ဘာဆိုင်လို့လဲ"

သူ့အသံမှာ ဒေါသတွေ ပျော်ဝင်မနေပါဟု ကိုယ့်
ာ အဆုံးအဖြတ် ပေးသော်လည်း တစ်ဖက်မှ ရဲတိုက်က
ရိပ်မိသွားပုံရ၏။ ခြောက်ကပ်ကပ် ရယ်လျက် ...

"ဆိုင်တော့ မဆိုင်ပါဘူးကွာ၊ ဒါပေမဲ့ နေ့လယ်က
ဗေဒါရီနဲ့ ငါတို့ ဆုံကြသေးတယ်၊ အဲဒီမှာ မင်းနဲ့အကြောင်း
စကားစတော့ ဗေဒါရီ မျက်နှာညှိုးနေတာ သတိထားမိလို့
မေးတာပါ၊ မင်းကလည်း ဒေါသကြီးပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟင် ... ဗေဒါရီနဲ့ ရဲတိုက် ဆုံကြတယ်၊ ဘယ်
ဆုံတာလဲ။ ဘာကြောင့် ဆုံသွားကြတာလဲ။ မဟုတ်သေးပါ
ရဲတိုက်က သွားတွေ့တာတော့ မဟုတ်နိုင်ဘူး။ မမျှော်လ
တိုက်ဆိုင်ပြီး ဆုံကြတာပဲဖြစ်မည်။ ဒါဆို ... ဒါဆို ... အ
ဗေဒါရီဟာ ရဲတိုက်ကို စိတ်မနာရက်ဘဲ ချစ်နေဆဲပါလို့
ထားခဲ့တာ။ သူ့အတွက်မဟုတ်တဲ့ ချစ်ခြင်းအရိပ်အငွေ့တွေပါ
အကြည့်တွေနဲ့များ ခိုးကြည့်နေခဲ့မလား။ ရဲတိုက်က သူနဲ့ သူ
အကြောင်းကို တစ်လွဲတွေးပြီး မေးလိုက်ခြင်းအား သူမ
ညှိုးသွားတာများလား။ ဟာ ... ရဲတိုက်ကရော ဘာဖြစ်လို့
မျက်နှာ ညှိုးတာကို အရေးတယူ ရှိနေတယ်ဆိုတာလည်း
ထားရမယ့်အချက်ပဲ။ သည်ကိစ္စလေးကို ရေးကြီးခွင်ကျယ်
ငါ့ကို ညကြီးသန်းခေါင် အူကြောင်ကြောင်နဲ့ ဖုန်းဆက်မေး
ရဲတိုက်က သည်အကြောင်းအရာကို တနုံ့နုံ့ ဖြစ်နေလို့ပဲ

သံသယ ... ဟုတ်တယ် သည်သံသယဟာ
တကာ မွေးယူတဲ့အရာမှ မဟုတ်ခဲ့တာ။ အဖြစ်အပျက်တွေ
သံသယ ဖြစ်ချင်စရာတွေချည်း ဖန်တီးလာခဲ့ပြီ။

"ဟေ့ကောင် ... ဟေ့ကောင် ဖိုးတေဇ၊ ဟာ ...
သွားတာလဲ၊ တိတ်ဆိတ်သွားလိုက်တာကွာ၊ ဒါ
မိတာနဲ့ပဲ ကြိုတင်သဝန်တိုရတယ်လို့၊ ဒါကြောင့်
နဲ့ မင်း အဆင်မပြေတာ ဖြစ်မယ်"





"ဘယ်သူပြောလဲ၊ ငါတို့ အဆင်ပြေတာ မပြေတာတွေ
က မင်းနဲ့သိပ်ပတ်သက်နေသလား ရဲဘိုက်၊ နောက်ပြီး
ဗေဒါရီနဲ့ မင်း ဘာအကြောင်းနဲ့ တွေ့ကြသလဲ၊ တကယ်
ဆို မင်းရဲ့စကားအတိုင်း ဗေဒါရီ့ကိုတွေ့ဖို့ မကြိုးစားသင့်
ဘူး ထင်တယ်"

"အထင်မလွဲနဲ့ ဖိုးတေဇ၊ ဗေဒါရီ့ကို ငါသွားတွေ့တာမဟုတ်
ဘူး၊ ငါ့ရုံးခန်းကို သူ့တပည့်တစ်ယောက်ကြောင့် ရောက်
လာတာ၊ သူကိုယ်တိုင်လည်း ဘယ်သူ့ရုံးခန်းရယ်လို့သိပြီး
ဝင်လာတာ မဟုတ်ဘူး။ ငါတို့ မတော်တဆ ဆုံကြတာပါ
ကွာ၊ ငါက မင်းကို ဘယ်တော့စားရမှာလဲလို့ မေးခိုင်း
လိုက်တာကို မျက်နှာညှိုးသွားလို့ မင်းတို့အခြေအနေကို
သိချင်တဲ့စိတ်နဲ့ မေးမိတာ၊ ဗေဒါရီ့ကိုလည်း တလွဲမထင်
နဲ့၊ သူက အင်မတန်သိက္ခာရှိတဲ့ မိန်းမဆိုတာ မင်းယုံကြည်
ထားသင့်တယ်"

"ဗေဒါရီ မျက်နှာညှိုးတာ မညှိုးတာ၊ ဗေဒါရီ့ကို ငါအထင်
လွဲတာ မလွဲတာကို မင်း သိပ်စိတ်ပူပန်နေသလား၊ မင်း
ပြောတော့ ငါတို့ကိစ္စ ဝင်မပါပါဘူးဆို၊ အခုတော့ ဘယ့်
နှယ် မင်းအသံက ဗေဒါရီ စိတ်ညစ်ရမှာကိုပဲ မလိုလား
သလိုလို၊ ဗေဒါရီ့အတွက်ပဲ စိုးရိမ်နေသလိုလို ဆိုတာ
အသိသာကြီးပါကွာ၊ ရဲတိုက်ရာ ... မင်းဟာ အင်မတန်



www.burmeseclassic.com

စိတ်ထားယုတ်ညံ့တဲ့ကောင်ပဲ၊ ငါ့ကိုဆို အမြဲတမ်းရှုံးနိမ့် နေစေချင်တယ်၊ ငါလိုချင်တဲ့အရာ မှန်သမျှ မင်းကလိုက် ပြီး ဦးအောင် အရယူထားတယ်၊ မင်း ဘယ်လောက်ဟန် ဆောင် ဟန်ဆောင် မင်း စိတ်ရင်းအမှန်ကိုက အဲဒီအတိုင်း ဖြစ်နေပြီ”

“ဟေ့ကောင် ... မင်း ငါ့ကို မစော်ကားနဲ့၊ အရင်က အဲ စိတ်မျိုးရှိရင် ရှိမယ်၊ အခုချိန်မှာ ငါ့စိတ်ထဲက အားလုံးရှင်း တယ်၊ မင်းတို့နှစ်ယောက်အတွက် တကယ့်ကိုစိတ်ရင်း အမှန်နဲ့ သိချင်လို့ မေးမိတာကို မင်းက အထင်လွဲနေတာ ပဲ”

ဟုတ်ရဲ့လား၊ ရဲတိုက် အမှန်ပြောတာမှ ဟုတ်ရဲ့ လား။ အကယ်၍ မှန်တာပြောတာပဲ ထားပါတော့။ သူ သည် ဒေါသတွေ အလိုလို ဖြစ်လာရတာဟာ ဗေဒါရီ၏ ဝန်ခံစကား ကို သတိရနေ၍ပဲ ဖြစ်မည်။ ဒါက သူ ပြုပြင်ရမည့်အချက် မိမိဘာသာ ဝေဖန်ကြည့်မိသည်။ ဗေဒါရီ့အား ခွင့်လွှတ်ခြင်း ပါဝင်သော ချစ်ခြင်းဖြင့် ချစ်ပါသည်။ အလျင်က အဖြစ် မေ့ထားပါသည်ဟူသော ဆုံးဖြတ်ချက်နဲ့ ချစ်မိပြီးမှပဲ သူတို့ တဆ ဆုံကြတာကို ဘာဖြစ်လို့ ဒေါသဖြစ်စရာ လိုသလဲ။

ကမ္ဘာကြီးက ရှင်းရှင်းပြောရရင် ရန်ကုန်မြို့ကြီး ကျဉ်းကျဉ်းလေးပဲမို့ ရဲတိုက်နဲ့ ဗေဒါရီဟာ တစ်နေ့မဟုတ် တစ်နေ့တော့ ဆုံရဦးမှာပဲ။ အဲသည်အခါမှာ ဗေဒါရီက ဘယ်လို သဘောထားနဲ့ပဲ ပြောဆိုဆက်ဆံပါစေ။ ဒါတွေကို လျစ်လျူရှုနိုင် သည်။ အစကတည်းက ဗေဒါရီ့ထံမှ ချစ်ခြင်းပါချင်ပါ မပါချင် သည်း ကိစ္စမရှိဆိုသော “လက်ထပ်မှု”ဆိုတာကြီးအား ကြိုတင် ချော်လင့်ပြီးပြီပဲ။

ဆောရီးပဲ ရဲတိုက်။

နောက်ပြီး ကိုယ့်ကို ခွင့်လွှတ်ပါ ဗေဒါရီဟု တောင်း ခံမိပြန်ပါသည်။

“တော်ပြီ ဖိုးတေ၊ မင်းဟာ ညီအစ်ကိုလို သဘောထား ပြီး ဆက်ဆံဖို့ မသင့်တဲ့ကောင်ပဲ၊ ငါ့စေတနာကို စော် ကားတယ်၊ မင်းဟာ ငါ့ကို မင်းရဲ့ပြိုင်ဘက်အဖြစ် မြင်တုန်း ဆိုတာ မင်းစကားတွေထဲက ဓာတ်ပြနေပြီ”

ရဲတိုက်က ဤစကားဖြင့် တုံ့ပြန်လျှင် သူ့ရင်ထဲတွင် ဒိတ်ခနဲ တုန်လှုပ်ရတော့သည်။ မဖြစ်ဘူး ... မဖြစ်ဘူး ရဲတိုက် ကို တောင်းပန်ရတာ အောက်ကျချင်ရင်လည်း အောက်ကျပါစေ တော့။ ရဲတိုက်သာ သူ့ကိုပြိုင်ပြီး ဗေဒါရီ့ကို ထပ်ပြီးအပြိုင်ကြိုး စားရင် ဘုရားရေ ... သူ လိုလားသော ဗေဒါရီ့ကို ဒုတိယအကြိမ် ဆက်လွှတ်ရခြင်းတည်းဟူသည့် အဖြစ်ကြီးက စောင့်ကြိုနေတော့ သည်။ အသည်အတွေး ဝင်လာသည့်အခါ လူက ဓာတ်လိုက်ခံရသလို အဆတ်ဆတ် တုန်ယင်လာရပြီ။






www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ရဲတိုက်၊ ဟော့ကောင် ... ဆောရီးကွာ ... ဆော ငါ အရမ်းတောင်းပန်တယ်၊ အထင်လွဲမိတာ စိတ်မဆိုး ကွာ၊ ငါက ဗေဒါရီ့ကို အရမ်းချစ်ရတော့ အမြဲ အရာရာကို စိုးရိမ်နေမိလို့ပါ၊ မင်းကို ငါ ယုံသွား ငါက ဗေဒါရီ့ကို ပိုင်ဆိုင်ခွင့်မရှိမှာ သိပ်ကြောက်လွန်း အခုလို ဒေါသတွေ မထားသင့်ဘဲ ထားမိတာပါ ရဲတိုက် ရာ၊ မင်းရဲ့စေတနာကိုလည်း ငါ ဝမ်းသာပါတယ်၊ ဆေ လေ ... ဟုတ်ပါရဲ့၊ မင်းနဲ့ဗေဒါရီဟာ ဘာပဲဖြစ် တစ်ခါတစ်ရံတော့ ဆုံကြမှာပဲ၊ အဲဒီမှာလည်း ငါနဲ့ သက်ပြီး မိတ်ဆွေလို ဆက်ဆံရင် ဆက်ဆံမယ်၊ မဟုတ် ဥပမာ ... ဗေဒါရီက ငါ့ဇနီး ဖြစ်လာတဲ့အခါ ရင်တော့ ဆွေမျိုးအရင်းအချာတွေအဖြစ် ဆက်ဆံ ဆက်ဆံမယ်ဆိုတာ ငါတွေးထားသင့်တယ်၊ ဆောရီး ငါ လုံးဝတောင်းပန်တယ်"

ရဲတိုက်သည် တောင်းပန်ခြင်းတွေက တစ်သီ ဖြင့် ရှုပ်ထွေးနေသည့် ဖိုးတေဇအား အပြစ်မတင်ချင်တော့ အချစ်နဲ့ပတ်သက်ရင် ဘယ်သူမဆို သဝန်တိုကြစမြဲ။ စိတ် တတ်ကြစမြဲ။ ပိုပြီးဆိုးတာက ဖိုးတေဇချစ်သည့် ဗေဒါရီနဲ့ သက်လျှင် သတ္တိရှိရှိ ဆက်ဆံပြောဆိုရမည်မှာ ရဲတိုက်၏ အ အချက်ပင်ဖြစ်သည်။ မဆင်မခြင် ဗေဒါရီ့ဘက်က စိုးရိမ်





ဖြင့် ဖိုးတေဇအား မေးမိသည်ကပဲ ရဲတိုက်၏အခိကဟာကွက် ဖြစ်နေခဲ့လေသည်။ ဒါကြောင့်ပင် ဖိုးတေဇ မရိပ်မိခင် ဟာကွက် ကို ဖုံးကွယ်ပစ်နိုင်ဖို့ ကြိုးစားခဲ့ရသည်။

တကယ်တော့ ဖိုးတေဇကို ဒေါသမဖြစ်မိပါ။ သူ ကိုယ်တိုင်က မဆင်ခြင်မိတာ။ ဗေဒါရီ့ကို အချိန်တိုင်း သတိရနေ မိပြီ။ သူမ၏ညှို့းလျသော မျက်ဝန်းအစုံတို့က သူ့ကို နာကျင်စေ ခဲ့တာ။ ဒါကြောင့် သူမအကြောင်းတွေးနေရင်း နောက်ဆုံး ဘယ် အကျိန်မှန်း မကြည့်မိဘဲ ဖုန်းဆက်မေးမိတာကိုက သူ့ရဲ့အခိက အမှားကြီးတစ်ရပ် ဖြစ်သွားခဲ့သည်။

တော်ပါသေးရဲ့ ငယ်နိုင်ဖြစ်သော ဖိုးတေဇကို ကြို ဆောက်ထားနိုင်၍သာ။ နောက်မို့ သူ့ကြောင့် သူချစ်ရသော ဗေဒါရီရဲ့ဘဝလေး အေးချမ်းခြင်းအတိ မဖြစ်ခဲ့ရင် ဘယ်လောက် ယူကျုံးရ ဖြစ်မိမလဲ။

"ဟော့ကောင် ... ရဲတိုက်၊ ဘယ်လိုလဲ၊ ငါ့ကို ခွင့်လွှတ် တယ်ဆိုတာ ပြောစမ်းပါကွာ၊ မင်းပါးစပ်က ပြောတာ ကြားရမှ ငါ စိတ်ချမ်းသာနိုင်မယ်"

"ထားပါတော့ ... ခွင့်လွှတ်ရမှာပေါ့၊ တော်ပြီ နောက်ဆို မင်းကို စကားပြော ဆင်ခြင်ရမယ့် စာရင်းထဲ ထည့်ထား တာ အကောင်းဆုံးပဲ၊ ညီအစ်ကိုချင်း အကောင်းပြောမှန်း မသိ အဆိုးပြောမှန်းမသိ မင်းတော့ နာတော့မယ်"

www.burmeseclassic.com



"ဟား ဟား ... ရဲတိုက်၊ ငယ်ငယ်တုန်းကလို ပါပါ မသိ အောင် ဘောလုံးကွင်းမှာ ချိန်းပြီးထိုးကြမလား၊ အဲဒီလို မထိုးကြရတာ ကြာပြီ"

"အခုထိုးမလား ... ရတယ် ဟော့ကောင်၊ ငါက အညိုအမည်း ဖြစ်သွားလို့ ဗျစ်တောက် ဗျစ်တောက် လုပ်မယ့်သူ မရှိ ဘူး၊ မင်းကိုသာ ဗျစ်တောက် ဗျစ်တောက်လုပ်မယ့် အမျိုး သမီးကလေး ရှိနေတယ်ဆိုတာ သတိရဦး၊ ကဲ ... ဒါ ကွာ ငါ အိပ်ချင်လာပြီ၊ နောက် ဆုံကြသေးတာပေါ့၊ အဲဒီ ကျရင် နှစ်ယောက်တွဲ မြင်ချင်တယ် ဖိုးတေဇ၊ ဟော့ကောင် ကြိုးစားထားဦး"

ရယ်သံသဲ့သဲ့အား လျှစ်လျူရှု၍ ဖုန်းကို တမင်ချ ပစ်လိုက်မိ၏။ ထို့နောက် မျက်နှာအား လက်ဖဝါးတွေထဲမှာနှစ် ကာ ခပ်တိုးတိုး ရှိုက်မိပြန်သည်။ လက်ဖဝါးဆီမှ စိုစွတ်မှုများ ကြောင့် မျက်ရည်တွေပါလားဟု သတိထားမိလိုက်မှ မာမာပြီး ရင် မိန်းမတစ်ယောက်အတွက် ပထမဆုံး မျက်ရည်ကျမိပြန် ထိတ်လန့်တကြား ဖြစ်သွားရ၏။ ထိုမိန်းမက သူ အချစ်ဆုံး ဗေဒါရီဖြစ်နေပြီ။ သူမအား မိုက်မဲစွာ ထားရစ်ခဲ့မိခြင်းကို တသသ ဖြစ်ရပြန်သည်။

ဗေဒါရီ ... လောကကြီးမှာ မာမာပြီးရင် ငါ့ကို လွှမ်းမိုးထားနိုင်ဆုံး မိန်းမဟာ မင်းပဲ။ မာမာ့ကဲ့သို့ မိခင်ကဲ့သို့





ဆင်တူသော မေတ္တာတွေ စာနာနားလည်မှုတွေ ခွင့်လွှတ်တတ်မှု တွေ ပေးဆပ်နိုင်တာ မင်းပဲ။ မင်းရဲ့ရင်ခွင်မှာ မင်းရဲ့နှစ်သိမ့်မှု တွေကို ကျေကျေနပ်နပ် ခံယူခဲ့မိတဲ့ မာမာ့ကို ဆုံးရှုံးရစဉ် ကာလ လေးမှာပဲ ငါသိနေခဲ့တာ။ မင်းဟာ မေတ္တာတရား ကြီးမားတဲ့ မိန်းမပဲလို့။ ဒါပေမဲ့ မာန်တွေ အတ္တတွေ အယူအဆတွေက ကြောက်ခမန်းလိလိ အနိုင်ယူခဲ့တာမို့ အခုတော့ ချစ်တဲ့သူကို အခြားသူတစ်ယောက်ရဲ့ ရင်ခွင်မှာ ရှိနေခြင်းအား ကြုံနေခဲ့ရပြီ။ ချစ်တဲ့သူရဲ့ဘဝကလေး အဆင်မပြေမှာကို စိုးရိမ်ခြင်းအတိနဲ့ စောင့်ကြည့်နေတတ်ခဲ့ပြီ။

ဘယ်လောက်တောင် ချောက်ချားစရာကောင်းတဲ့ ဘဝလဲ။ နောင်တစ်နေ့မှာ ရင်ဆိုင်ရမယ့် သူ့ချစ်သူ ဗေဒါရီဟာ သူ့ထက် အသက်တစ်လကြီးသော ညီအစ်ကိုတော် ဖိုးတေဇရဲ့ ဇနီးအဖြစ် သူ့ရဲ့မရီးအဖြစ် ရင်ဆိုင်ရလိမ့်မယ်လို့ ဘယ်တုန်းကမှ မျှော်လင့်ထားခဲ့ဖူးပါ။ သို့သော် ... ယခုတော့ မကြာခင်ပဲ ထိုဘဝမျိုးကို ရောက်ရတော့မည်။

စီးကရက်တိုများစွာဖြင့် ပြည့်နှက်သော၊ ဘီယာတချို့ ပြင် ယစ်မူးသော နိုးတစ်ဝက် အိပ်တစ်ဝက် အိပ်မက်အပိုင်းအစ များဖြင့် ရှိနေတတ်သော အိပ်ရေးပျက်သည့် ညပေါင်းများစွာ ရင်ဆိုင်နေသည့်သူမှာ ရဲတိုက်ပဲ ဖြစ်နေခဲ့တော့သည်။

✣ ❤ ✣



www.burmeseclassic.com

www.burmeseclassic.com



(၁)

ဖေဒါရီ့မေမေသည် သည်တစ်ခါတော့ ဖေဒါရီ့ဆုံးဖြတ်ချက်အား မထောက်ခံချင်တော့တာ အံ့သြဖို့ကောင်း သည်။

“သမီးကလေးရဲ့ ရွေးချယ်မှုဟာ မရိုးသားဘူးလို့ တယ်၊ ရဲတိုက်ရဲ့အမေးစကားကို အရွဲ့တိုက်တယ်လို့လည်း မေမေ ယူဆတယ်၊ ကိုယ်တကယ်မချစ်ဘဲနဲ့တော့ လူ ယောက်ကို လက်ထပ်ဖို့အထိ မစဉ်းစားသင့်ဘူး၊ နော သမီးရွေးမယ့် ဖိုးတေဇဟာ ရဲတိုက်ရဲ့ညီအစ်ကိုဆိုတဲ့အ ကြီးကြောင့် သမီးကလေး တမင်ရွေးချယ်ပစ်တာ မ လား၊ ကိုယ့်ကိုမချစ်ဘူးဆိုတာ သိပြီးထားတဲ့ လူတစ်ယော ကို ဘာဖြစ်လို့ အရွဲ့တိုက်ချင်ရတာလဲကွယ်၊ သမီးက က ဖိုးတေဇကို လက်ထပ်လို့လည်း သူက ဘာမှ မှာမှ မဟုတ်တာ၊ သူ့ကိုယ်တိုင်ကိုက သည်လိုဖြစ်





လို့ ကြိုတင်မှန်းဆပြီးသား မျှော်လင့်နေပြီးသားပဲ၊ ဒါကို သမီးကလေးက ဘာဖြစ်လို့ ကိုယ့်အတွက် နစ်နာမယ့်ကိစ္စ ကို စဉ်းစားသလဲ”

မဟုတ်သေးဘူး မေမေ။ သမီးကလေးရဲ့ ရည်ရွယ် က တစ်မျိုးရှိနေခဲ့တာ မေမေ မသိခဲ့လို့ပါ။ ဒါက မေမေ့ကို ပြောရမယ့် စကားထဲမှာ ပါဝင်နေလေရဲ့။

ကို့ဆီမှ ဖိုးတေဇနဲ့ သဘောတူနေသော စကားကို လည်ကြားယောင်တိုင်း မုန်းတီးသည်။ နာကြည်းခြင်းများဖြင့် ရည်ကျရသည်။ သူမအား မချစ်ပါဘူးဟု သိထားပြီးသည့် တစ်ယောက်ထံမှ မရနိုင်သော ချစ်ခြင်းတစ်စုံတစ်ရာကိုမှ မက်မောမော လိုချင်နေခြင်းအတွက်လည်း ကိုယ့်ကိုယ်ကိုယ် က်ပစ်ခဲ့ပေါင်း များပြီ။ တစ်သက်လုံး ကို့အား တမ်းတ၍ နေခဲ့ရလျှင် နေပျော်ပါပြီဟု ဆုံးဖြတ်ထားသမျှ ကို့ဆီက ဘဝအတွက် စီရင်ပေးသော စကားတို့ကို အထအနကောက် ပြန်သည်။

ဟင်း ... သိစေရမယ်။ ကို အင်မတန် လိုလားသော ရဲ့ဇနီး ဖေဒါရီဘဝကိုမြင်စေရမယ်။ အဲသည်အခါကျရင် ယူကျုံးမရဖြစ်စေလောက်အောင်၊ ဖိုးတေဇရဲ့ဘဝကို အား ရလောက်အောင် ဖေဒါရီဟာ အင်မတန်မှ သစ္စာရှိသော တစ်ယောက်၊ တာဝန်ကျေသော ဇနီးတစ်ယောက်၊ အကြင်နာ



www.burmeseclassic.com

www.burmeseclassic.com



ပြည့်ဝသော ဇနီးတစ်ယောက်။ အို ... စသည် စသည်ဖြင့်ပေါ့ ဂုဏ်ပုဒ်တွေ တစ်သီကြီးနဲ့ မိန်းမတစ်ယောက်အဖြစ်ကို အသိအမှတ် ပြုသွားစေရမယ်။ ပြီးတော့ သူမအား မပိုင်ဆိုင်ရခြင်းအတွက် ကိုယ့်ကိုယ်ကိုယ် အပြစ်တင်သွားစေရမယ်။

ဒါဟာ ဗေဒါရီရဲ့ ကို့အပေါ် ချစ်မိတဲ့ ကြီးမားသော အချစ်တွေရဲ့ အချစ်ကြီးမှုပါ ကို။

ကိုကပဲ ဆုံးဖြတ်ပေးခဲ့တာ၊ ကိုကပဲ လမ်းပြပေး တာ၊ ကိုယ်ကပဲ စီရင်ပေးခဲ့တာ။ ဗေဒါရီ တစ်ယောက်တည်း မနေနဲ့၊ ဖိုးတေဇကို လက်တွဲရမယ်လို့ ကိုပဲ အောင်သွယ်ပေး ခဲ့တာ။

ဗေဒါရီက အဲဒါကို နာကြည်းသွားခဲ့တာပဲ ကို။

"သမီးကလေးဟာ ဘယ်လိုဝဋ်ကြွေးများ ပါသလဲမသိ လွန်ခဲ့တဲ့ ကိုးနှစ်က ရဲတိုက်ကြောင့် စိတ်ညစ်ညူးခဲ့ရ ပြီ၊ အခုလည်း ရဲတိုက်ကြောင့် စိတ်ညစ်ညူးခံပြီး ဖိုးတေဇ ကို လက်ထပ်ဦးမတဲ့၊ မေမေက သမီးကလေးရဲ့ဘဝ ညီအစ်ကိုထဲက တစ်ယောက်ယောက်ရဲ့ ဘဝထဲမှာ မြင် ပစ်တာထက် တခြားတစ်ယောက်ရဲ့ဘဝထဲမှာပဲ မြင် စေချင်တာ။ မေမေ့သဘောက သမီးကလေးကို ရဲတိုက် လည်း သဘောမတူဘူး၊ ဖိုးတေဇနဲ့လည်း သဘောမတူ မေမေ့သမီးကလေးဟာ သူတို့ကြောင့် စိတ်ညစ်ညူးစေ





ချည်း ကြုံရလို့ သူတို့ကို မေမေ့ အလိုလိုနေရင်း မုန်း တယ်"

ဘုရားရေ... မေမေ့ဆီမှ သည်စကားကို ကြားရခြင်း ဗေဒါရီ့ကို ဦးနှောက်ခြောက်စေသည်။ မေမေ မကြိုက်ဘူး။ သည်ကိစ္စကို ရပ်တန်းကရပ်ဟု မတားမြစ်ခဲ့ဘဲ မေမေ့ရဲ့ မုန်းတယ် သော စကားဖြင့် အဆုံးသတ်ပေးခြင်းကို ဗေဒါရီ နားလည် သွားခဲ့ပြန်ပါသည်။

ဟင့်အင်း ... မရတော့ဘူး မေမေ။ တစ်သက်လုံး ခဲ့တဲ့ မေမေ့သမီးကလေးဟာ သည်တစ်ခါတော့ မိုက်ပါရစေ။ တစ်ခုလုံးနဲ့ ရင်းနှီးပြီး ကို့ကို စိတ်ဒဏ်ရာတစ်ခုခု ပေးပါရ

ကို့နှလုံးသားထဲမှာ ဗေဒါရီ့ကို မချစ်ခဲ့မိတာ မှား ခြင်းဟု နောင်တရသွားအောင် လုပ်ပါရစေ။

"သမီးကလေးရဲ့ ဆုံးဖြတ်ချက်ကို မပြင်ဘူးလား၊ မေမေက ဒီကိစ္စကို လုံးဝအသိအမှတ် မပြုသေးဘူးနော်၊ စဉ်းစားပါ သမီးကလေးရယ်၊ ကိုယ့်ဘဝမှာ အပျော်တွေ ဆိတ်သုဉ်း ရမယ့်အဖြစ်၊ သမီးကလေး ဖိုးတေဇကို ဘယ်လိုနည်းနဲ့မှ မချစ်နိုင်ဘူး ဆိုတာ မေမေ သိထားတယ်"

"သမီးကလေးရဲ့စကားကို အသိအမှတ် ပြုလိုက်ပါတော့ မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"ပြောမရပါလွန်းကွယ်၊ မေမေ့စိတ်ခာတ်ရော ဖေဖေ့
ခာတ်ရော နှစ်ခုစလုံး ပိုင်ထားမှတော့ ဘယ်လိုအလျှော့
ခိုင်းလို့ ရတော့မလဲလေ၊ မေမေရော သမီးကလေးရဲ့
ရော တစ်ယောက်ကို တစ်ယောက် အလျှော့မပေး
လည်း ဒီလို ကွဲကွာခဲ့ကြတာပေါ့၊ ကဲ ... ကဲ ... သဘော
မေမေက သမီးကလေးသာ ဆုံးဖြတ်ချက် ပြင်မယ်
မေမေ့ဖျက်စီထဲမှာ သဘောကျထားတဲ့ တစ်ယော
စီစဉ်ပေးမလို့ဟာ အခုတော့ မေမေ့ရည်ရွယ်ချက်
မအောင်မြင်တော့ဘူး"

ဟင် ... မေမေက သူမအား သဘောတူထား
လူတစ်ယောက်ရှိသတဲ့။ ကြည့်စမ်း ... မေမေ ဘာလို့ အ
ကတည်းက ကြိုတင်မပြောထားခဲ့သလဲ။ မေမေ သိဂုဏ်လူ
လား။ ဘယ်တုန်းကများ တွေ့ထားပြီး သဘောတူထားပါ

"အဲဒီလူက ဘယ်သူလဲ မေမေ၊ သမီးကလေး သိချင်
ဗေဒါရီက စပ်စုတော့ မေမေက ခပ်ပြုံးပြုံးက
ဖြင့် ဖြေလေသည်။

"မေမေကသာ ကျိတ်သဘောတူခဲ့တာပါ၊ သူ့မှာ
သဘောကျနေတဲ့ ကောင်မလေး ရှိသတဲ့၊ မေမေနဲ့
ခဏတွေ့တိုင်း မေးတိုင်း အဆင်မပြေသေးဘူးလို့
နေရှာတယ်၊ အင်မတန် သနားဖို့ကောင်းတဲ့ သူငယ်





သူ့မိန်းကလေးကို အင်မတန် မြတ်နိုးတတ်တဲ့ သူငယ်က
လေးပေါ့"

"ဟာ ... သိပြီ သိပြီ၊ မောင်ကို ဆိုတဲ့ လူကြီးလား၊ မေမေ
ကလည်း နာမည်ကြီး ခပ်တုံးတုံးရယ်၊ လူပုံတုံးကြီးပဲ
ဖြစ်မှာပါ၊ နောက်ပြီး သူ့မှာက ရည်ရွယ်ထားတဲ့သူက
လေးလည်း အဆင်သင့်နဲ့"

"အံမယ် ... ပြောနိုင်ဘူးတော်၊ မေမေ့သမီးကလေးက
သိပ်လှပြီး သိပ်လိမ္မာတာ တွေ့သွားရင် သဘောကျချင်
ကျသွားမှာ၊ ပြီးတော့ သူ့မိန်းကလေးနဲ့ကလည်း အခုထိမှ
အဆင်မပြေနိုင်တာ၊ သမီးကလေးကို မေမေ့ဆီကသာ
လိုလိုလားလား တောင်းယူလို့ကတော့ မေမေက ချက်ချင်း
သဘောတူပစ်မှာ"

"တွေ့တောင် မတွေ့ဖူးဘဲနဲ့"

"အေးလေ ... ဟုတ်ပါရဲ့၊ ဒါပေမဲ့ သူ အိမ်ရောက်ရင်
သမီးကလေးရဲ့ဓာတ်ပုံတွေကိုတော့ အကြာကြီး ငေးကြည့်
နေတတ်တာ မေမေ သတိထားမိတယ်၊ ဘယ့်နှယ်ကွယ်
မေမေနဲ့ ခဏတစ်ဖြုတ်တွေ့ပြီး ခင်မင်တာလောက်နဲ့တော့
ဒီလောက်ရင်းနှီးစရာ အကြောင်းမရှိပါဘူး၊ သူ တစ်ခုခုကို
မျှော်လင့်လို့ရော မဖြစ်နိုင်ဘူးလား"

"သူက အိမ်ကို ဘယ်နှခါ လာလည်ဖူးလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"သုံးခါတည်းပါကွယ်၊ ဒါပေမဲ့ အဲဒီသုံးခါစလုံးမှာ
ကောက်ချက်ဆွဲလို့ ရတာက သူဟာ သမီးက
စိတ်ဝင်စားတော့မယ့်ပုံ ပေါ်နေပြီ"

"မရတော့ဘူး မေမေ၊ သမီးကလေးက ဖိုးတေ
နောက်နေ့ပဲ အဖြေပေးတော့မှာ"

ထိုအခါ မေမေသည် "အေးလေ ... သဘောပဲ
ဟု ခွင့်ပြုခဲ့ပါသည်။ မေမေ၏ ကောင်းသည် မကောင်း
ခွဲခြားဝေဖန်ခြင်းတွေကို သိရပါလျက် ဆက်လက်မိုက်မဲ
သားပင်။ ဒါဟာ ကိုကို ချစ်မိခြင်းရဲ့ အဆုံးအဖြတ်တွေပဲ
ကိုကို တစ်သက်လုံး အနီးကပ် နှိပ်စက်သွားနိုင်မယ့်၊ လ
ချေခြင်းတွေပဲပေါ့။

ကို သိထားရမည်။ သိကို သိအောင်ရမည်။
ကလေးတစ်ယောက်ကို တကယ်မချစ်ဘဲ အပျော်ကွဲခဲ့
ကိုကသာ ကိုမိန်းကလေးကို နှင့်နှင့်နဲနဲ မချစ်မိခဲ့သော်မယ့် က
ခဲ့သူ မိန်းကလေးတစ်ယောက်ရဲ့ ရင်ထဲမှာ အနက်ရှိုင်းဆုံး
ဒဏ်ရာအနာတရကစ်ခု ဖြစ်ကျန်ခဲ့တတ်တယ်ဆိုတာကို သိ
မယ်။ အဲသည်မိန်းကလေးဟာ ကိုကိုလည်း အင်မတန်နက်
ပမာဏများပြားသော အချစ်တွေနဲ့ ချစ်ခဲ့ပြီ။ သူမအား ဒီ
ရစ်ခဲ့တဲ့ ကိုအပေါ် တစ်ခါတစ်ရံ မုန်းတီးလျက် သူမ ခံစား
ခံစားသွားရစေဖို့ လက်စားချေချင်လည်း ချေနိုင်တယ်ဆို
သိသွားစေချင်သေးရဲ့။





ထို့နောက် ဖေဒါရီသည် မေမေ ထွက်သွား၍ တစ်
ယောက်တည်း ကျန်ခဲ့ရသည့် သူမ၏အိပ်ခန်းထဲ၌ ခပ်တိုးတိုး
လေး ကျိုက်ရယ်နေမိခဲ့၏။ ဒါပေမဲ့ မျက်ဝန်းထဲမှ တစ်ဆင့်
နွေးစိုစွတ်သည့် အရာဝတ္ထုတချို့ ပါးပြင်ပေါ်သို့ စီးဆင်းကျလာ
ခြင်းအား ထိတ်လန့်သွားပြီး ကြမ်းတမ်းစွာ သုတ်ဖယ်နေသေးတာ
တော့ ထူးဆန်းလှသည်။ မျက်ရည်တွေ ... မျက်ရည်တွေ။ မျက်
ရည်ကျတယ်ဆိုရင် ငိုတယ်လို့ သတ်မှတ်ကြတာပဲပေါ့။ ဒါဆို
ဖေဒါရီက ငိုတယ်ပေါ့။

အင်း ... ထူးဆန်းလေစွ။ ရယ်သံနှင့်အတူ မျက်
ရည်တွေသုတ်၍ မရနိုင်အောင်ကျလျက် ငိုနေခဲ့ခြင်းကတော့
တကယ့်ကို ထူးဆန်းနေခဲ့ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ၏ လက်ထပ်ရက် နီးလာသောအခါ ဗေဒါရီ
သည်။ သူမ၏ ရည်ရွယ်ချက် ပြည့်ခါနီး၍ ပျော်ရွှင်နေသင့်ပါလျက်
မပျော်နိုင်တာတော့ မထူးဆန်းနိုင်တော့ပေ။ ညစဉ် ညတိုင်း အိပ်
မပျော်ခြင်းတွေ ကြီးစိုးမင်းမူလာလျှင် ဒေါသတကြီးဖြင့် အိပ်ဆေး
တွေ ထသောက်ဖူးပေါင်းလည်း များခဲ့သည်။ Diazepen (ဒိုင်ယာ
ဇီပင်)ဆိုသည့် အိပ်ဆေးပြားကလေးတွေကလည်း သူမ၏ အိပ်ပျော်
ခြင်းအား မစွမ်းဆောင်နိုင်ခဲ့ပြန်တဲ့ အခါမျိုးမှာ ဗေဒါရီက ထို
ဆေးပြားတွေကို ကျိန်ဆဲပစ်တတ်သည်။

"နေကောင်းရဲ့လား ဗေဒါရီ၊ အခုတလော အရမ်းချောင်
ကျပြီး အရမ်းလည်း ပေးလ်(Pale)ဖြစ်နေတယ်၊ ကော့
လက်ထပ်ရတော့မယ့် ရက်တွေကို စိတ်ကူးနဲ့ ပျော်နေရလို့
ည,ည အိပ်မရဘူးထင်တယ်"

ဟူ၍ သူမအပေါ် သွိုင်ယ်ချင်းများက မေးယူရသည်
အထိ။ ဟုတ်တယ် ... အိပ်မရတာတော့ အမှန်ပဲ။ ဘာကြောင့်





အိပ်မရသလဲရဲ့ အဖြေကို သူမကလွဲရင် ဘယ်သူက သိနိုင်တာ
တ်လို့နော်။ လောကကြီးက ကိုယ်လုပ်ချင်တာ လုပ်ခွင့်ရတဲ့အခါ
သွမှာ သိပ်နေချင်စရာ ကောင်းသားပဲနော်ဟု ခပ်ရွဲ့ရွဲ့တွေးတတ်
သည်။

"ဗေဒါရီ ကိုယ့်ကို မချစ်နိုင်ရင် ရပါတယ်၊ ဒါပေမဲ့ ကိုယ့်
ကို လက်ထပ်ရလို့ ဗေဒါရီ့ဆီမှာ မှားတယ်ဆိုတဲ့ နောက်
တစ်မျိုးတော့ ရမသွားစေရပါဘူးလို့ ကိုယ် ရဲရဲကြီးကတိ
ပေးပါတယ်၊ ကိုယ်က ဗေဒါရီ့ကို ပေးဆပ်နိုင်သမျှ အရာ
အားလုံး ပုံပြီးတော့ ချစ်နေခဲ့ပါတယ်"

ဟူ၍ သူမ၏ခင်ပွန်းလောင်း ဖိုးတေဇက မကြာ
ကြာပဲ ထိုကတိတွေ အထပ်ထပ် ပေးသေးရဲ့။

"အင်မတန် ပညာတော်ပြီး လှပတဲ့ ချွေးမလေးတစ်ယောက်
ကို ရတဲ့အတွက် မာမာ့သားကို ချီးကျူးနေရတယ်၊ သမီး
ဟာ မာမီ စိတ်ကူးထားဖူးတဲ့ သားရဲ့ဇနီးလောင်းကလေး
ပုံစံ တကယ်ဝင်ပါပေတယ်"

ဟု သူမ၏ယောက္ခမလောင်းက လိုလိုလားလား
ပြောဆိုခဲ့သေးရဲ့။

ကဲ ... သူများအမြင်မှာ ဘယ်လောက် အားကျစရာ
ကောင်းလိုက်တဲ့ ဘဝလဲနော်။ အစစအရာရာ နားလည်ပေးတတ်
သည့် ခင်ပွန်းလောင်းနဲ့ လိုက်လှဲဖော်ရွေသော ယောက္ခမလောင်း



www.burmeseclassic.com

www.burmeseclassic.com



တို့နဲ့ ဆုံစည်းခွင့်ရတဲ့ မိန်းမတစ်ယောက်ရဲ့ဘဝ။ ဖေဒါရီလောက် ကံကောင်းတာ မရှိ။ ပြီးပြည့်စုံတဲ့ဘဝကို ပိုင်ဆိုင်တာမျိုး နှစ်ဖက်မိဘ အဆင်ပြေ၊ သဘောတူ၊ ညှိနှိုင်းထားခဲ့ပြီမို့ နောက် နှစ်ရက်ကြာလျှင် ကြီးကျယ်ခမ်းနားသော မင်္ဂလာပွဲကြီးကိုတောင် ဆင်နွှဲရတော့မှာလေ။

"ဖေဒါရီ ... ပန်းရောင်တွေထဲက ဘယ်ပန်းရောင်မျိုး ကြိုက်လဲ၊ ဒါမှမဟုတ် ရွှေဝါရောင်၊ ရွှေဖလားရောင် နဲ့သာရောင် ကြိုက်တာရွေး၊ အားလုံး ဖေဒါရီ့သဘော ကိုယ်က ဖေဒါရီ ကြိုက်တာ အကုန်ကြိုက်တယ်"

နာမည်ကြီးရက်ကန်းစင်ဟစ်ခုမှာ အော်ဒါမှာမို့ စီး တုန်းကလည်း ဖေဒါရီ ... ဖေဒါရီနဲ့ ပါးစပ်ဖျားကမချ။ ဦးဇေ ပေးတတ်လွန်း၊ အလိုလိုက်တတ်လွန်း။

"မာမာ့က ကိုယ်တို့ကို သူနဲ့အတူတူ လာနေစေချင်တာ ဘယ်လိုသဘောရလဲ ဖေဒါရီ"

"ကျုပ် မေမေနဲ့ မခွဲနိုင်ဘူး"

လို့ တစ်ခွန်းတည်း ပြောလိုက်ရုံရှိသေး ...

"ဟာ ... ရတယ် ရတယ်၊ ဒါဆိုလည်း အတူတူနေလိုက် ကြတာပေါ့၊ မာမာ့ဆီတော့ တစ်ခါတလေ သွားနေကြတာ ပေါ့၊ ဒါပေမဲ့ တစ်ခါတလေပါ၊ ဖေဒါရီ့မေမေဆီမှာ အမြဲ တမ်းနေကြဖို့ ကိုယ် သဘောတူပါတယ်"





ဟူ၍ လိုက်လျောတတ်လွန်းသည့် ဖိုးတေဇပဲ ဖြစ် သည်။

"ငါ့သားကတော့ ဟုတ်သွားပြီဟေ့၊ အင်း ... ဟိုတစ်ကောင် ကျန်သေးတယ် ရဲတိုက်ဆိုတဲ့ ဂျစ်တူးကောင်"

ဖိုးတေဇ၏ပါပါ ဦးအောင်ခန့်က ထိုနာမည်အား သည့်ပြောသောအခါ ဖိုးတေဇသည် သူမကို လှည့်ကြည့်အကဲခတ် ခဲ့သေးသည်။ သို့သော် ... ဖေဒါရီက အယာပေါက်စွာ ဘာတစ်ခု ခု ထိရှနာကျင်သွားဟန် မပြခဲ့သည့်အခါ ဖိုးတေဇ၏မျက်နှာ ရွှင်ပျ ကျေနပ်သွားခြင်းအား တွေ့ခဲ့၏။ ဩော် ... ဘာပဲဖြစ်ဖြစ် သည်လူဟာ ငါ့ကို အင်မတန်ချစ်လွန်းလို့သာ ခွင့်လွှတ်ပြီး ာက်ထပ်ခွင့် တောင်းခဲ့တာ။ တကယ့် တကယ်တော့ သဝန်တို စိတ်ကလေး ရှိချင်သားပဲ။

"သမီးကလေး ... ကိုယ်လုပ်ချင်တာကို စိတ်ဆုံးဖြတ်ပြီး လုပ်ခဲ့ပြီပဲ၊ ဘာမှတွေဝေမနေနဲ့တော့၊ စိတ်အေးအေးထား ဟုတ်ပြီလား၊ ကဲ ... ဒီနေ့ညတော့ အိပ်ပျော်အောင်အိပ် လိုက်ပါ သမီးကလေးရယ်၊ အိပ်ရေးဝမှ မနက်ဖြန်မနက် သမီးကလေးမျက်နှာ လန်းပြီးပြည့်နေမှာ၊ မနက်ဖြန် သမီး ရဲ့မင်္ဂလာယူရမယ့်ပွဲလေ၊ မေမေ့သမီးကလေးက လိမ္မာသား နဲ့၊ မေမေ့စကား နားထောင်နော်"



www.burmeseclassic.com

www.burmeseclassic.com



မနက်ဖြန်ဆိုသည့် တစ်နေ့ကို ရင်ဆိုင်ရတော့မည့် ညတွင် မေမေက ဗေဒါရီ့ကို ချော့မော့ဖျောင်းဖျစဉ် ဗေဒါရီက မေမေ့ရင်ခွင်တွင် ခေါင်းတိုးပြီး အားရပါးရ ရှိုက်ငိုခဲ့ပါသည်။

ကျိတ်ငိုခဲ့ရတဲ့ ကာလတွေထက်စာရင် အခုလို ငိုခ လိုက်ရတာမျိုးလောက် အရသာရှိတာ မရှိ။ မေမေ့နားလည်မှု အား သည်တစ်ခါလောက် ပီတိဖြစ်ခဲ့တာမျိုးမရှိ။ "သမီးကလေး ကို ခွင့်မလွှတ်နဲ့ မေမေ"ဟုလည်း ဗလုံးဗထွေး ပြောခဲ့မိသေးရဲ့ အဲသည်နေ့ကျမှ ဗေဒါရီ့အတွက် အိပ်မပျော်ခြင်းအတွက် သူ့ ကိုယ်သူမ ကျိန်ဆဲ၊ ဆေးပြားတချို့ ရေနဲ့မျှောချ။ အင်း ... အိပ် ပျော်ခြင်းအား ပိုင်ဆိုင်ဖို့ရာ ခက်ခဲလှပါဘိတော့။

မနက်ရောက်တော့ ရင်တွေ တလှပ်လှပ်နဲ့။ ခေါင်း ထဲက မူးချင်သလိုလို။ မျက်လုံးတွေက ပြာခနဲ၊ ခေါင်းထဲ မိုက်ခနဲ၊ မဖြစ်ဘူး မေမေ့ကိုပြောမှဟု တွေးလိုက်ပြီး အိပ်ရာ ကုန်းထရတာ ဗေဒါရီ့အတွက် အတော်လေး ပင်ပန်းနေခဲ့သည်။ ဗေဒါရီနဲ့ မေမေနေထိုင်ရာ အပေါ်ထပ်ကလေးမှာ မေမေ့ကိုမတွေ့ ၍ ခြံထဲမှာများ ရှိမလားဟူသော အတွေးဖြင့် အိမ်အောက်ထပ် ကိုဆင်းရာ အိမ်ဘေးဘက် လှေကားထိပ်ကိုရောက်အောင် လာ မိတာကိုက ဗေဒါရီ့အမှား။

လှေကားထိပ်အရောက်မှာ လူက ယိမ်းထိုးပြီး မိုက် လာခြင်းအား အထိတ်ထိတ် အလန့်လန့်ဖြင့် လှေကားလက်ရန်





တွကို အားကိုးတကြီး ဆုပ်ကိုင်၍ အောက်ကို ဆက်ဆင်းလာ တာကိုက ဗေဒါရီ့အမှား။

လှေကားတစ်ဝက် မရောက်ခင်မှာ ဗေဒါရီ့ခန္ဓာ ကိုယ်ဟာ တွယ်ရာမဲ့သည့် သစ်ရွက်တစ်ရွက်ကဲ့သို့ လွင့်ကျသွား တာကို နောက်ဆုံး သိလိုက်ချိန်မှာ ဗေဒါရီသည် သူမ၏အမှား အား သိမြင်သွားခဲ့၏။ သို့သော် ... အလွန်နောက်ကျသွားခဲ့ပြီ ဖြစ်ကြောင်း သူမ၏ခန္ဓာကိုယ်နဲ့မြေပြင်တို့ မထိခင်ကလေးမှာ ဗေဒါရီက သူမကိုယ်သူမ ကျိန်ဆဲပစ်လိုက်ပါသည်။

✣ ❤ ✣



www.burmeseclassic.com

www.burmeseclassic.com



ဖိုးတေဇသည် မျက်ဝန်းအစုံ မှေးမှိတ်လျက် ငြိ
သက်နေသော သူမ၏လက်ဖဝါးကလေးအား တင်းတင်းကျပ်ကျ
ဆုပ်ကိုင်ထားခဲ့သည်။ တစ်စက်စက်ကျနေသော ဒရစ်ပိုက်
ဆေးရည်များ၊ နှလုံးခုန်စက်၏ တတိတိ မြည်သံတို့နှင့် ချော
ချားစရာကောင်းသည့် နေရာတစ်နေရာမှ သူမအားဆွဲဖွ၍
သွားချင်လှပါပြီ။ ထွက်မသွားပါနဲ့ ဗေဒါရီ။ ကိုယ့်ဘဝထဲ
ထွက်မသွားပါနဲ့။ အနှစ်နှစ် အလလက စုစည်းထားတဲ့ ကိုယ့်
အချစ်တွေကို မင်းတစ်ယောက်ပဲ ပိုင်ဆိုင်ခွင့်ပေးခဲ့တာ။

"စိုးရိမ်စရာတော့ မရှိတော့ပါဘူး၊ ဒါပေမဲ့ ဒီလူနာရဲ့
တောက် အကြောတချို့ ချွတ်ယွင်းသွားတဲ့အတွက်
ကောင်းလာတဲ့အခါ ပုံမှန်အတိုင်း လမ်းလျှောက်
မလျှောက်နိုင်တော့ ခန့်မှန်းလို့ မရသေးဘူး"

"အကယ်၍ မလျှောက်နိုင်ရင်ရော ဒေါက်တာ"

မာမာက စိုးရိမ်တကြီးဖြင့် မေး၏။





"မလျှောက်နိုင်ရင် ချိုင်းထောက်နဲ့ကျင့်ပြီး လျှောက်ရမှာ ပေါ့၊ အင်း ... ကျွန်တော့်အထင်တော့ အဲဒီ Chance က ပိုများတယ်"

"ကျွန်မသမီးကလေးတော့ ဒုက္ခပါပဲ ဒေါက်တာရယ်၊ အဲဒါ တစ်သက်လုံး ဖြစ်သွားမှာလားရှင်၊ ကုလို့မရဘူး လား"

ဒေါ်မဥ္ဇူရီက မျက်ရည်တွေတွေကျလျက် မေးလေ သည်။

ဆရာဝန်ကြီးက အနည်းငယ် စဉ်းစားပြီးသော အခါ ...

"နှစ်ရှည်လများ ဆေးမှန်မှန်သောက်ရမယ်၊ လေ့ကျင့်ခန်း မှန်မှန်ယူရမယ်၊ ဒီလူနာအတွက် အဲဒီလို ကျင့်ပေးဖို့ စိတ် ရှည်ပြီး အနီးကပ် စောင့်ရှောက်နိုင်မယ့် လူတစ်ယောက် လိုကိုလိုနေမှာပဲ၊ ချိုင်းထောက်နဲ့ အကျင့်ရပြီး တစ်သက် လုံး နေချင်လည်း နေလို့ရတာပေါ့၊ ဒါပေမဲ့ အကောင်း အတိုင်းဖြစ်ဖို့ဆိုရင် ခုန ကျွန်တော်ပြောသလို ကျင့်နေမှ ဖြစ်မှာ၊ အဲဒီလိုကျင့်ဖို့က တစ်နှစ်ဖြစ်ချင်ဖြစ်မယ်၊ နှစ်နှစ် လည်း ဖြစ်ချင်ဖြစ်နေမယ်၊ လေး,ငါး,ဆယ်နှစ် ကြာချင် လည်း ကြာမှာပဲ၊ လူနာရဲ့စိတ်ဓာတ်အပေါ်မှာလည်း လို သေးတယ်"



www.burmeseclassic.com

www.burmeseclassic.com




"အို ... ဒုက္ခပါပဲ၊ ဒါဆို ဘယ်လွယ်မလဲ"

မာမာက ခပ်ညည်းညည်း ရေရွတ်၏။ ကြည့်စမ်း ဘယ်လောက် အံ့သြစရာ ကောင်းလိုက်သလဲ။ မနေ့တစ်နေ့ အထိ သွက်သွက်လက်လက် သွားလာလှုပ်ရှားနိုင်တဲ့၊ သူ့ရဲ့လ တွဲခေါ်မှုကို အတူတူလျှောက်နိုင်ခဲ့တဲ့ မိန်းမတစ်ယောက် အခုတော့ သူသွားရာနောက်ကို ပျော်ရွှင်သွက်လက်စွာ လိုက် မယ့် ခြေလှမ်းမျိုးတွေ မပိုင်ဆိုင်နိုင်တော့ဘူးတဲ့လား။ မဖြစ် တာ။ ဗေဒါရီဟာ သူ့အတွက် လှပတင့်တယ်တဲ့ ဇနီးမယ လှလှလေးပဲ ဖြစ်စေချင်ခဲ့တာ။ အခုတော့ ... အခုတော့ ကံကြ က ရက်စက်လှချည်လား။

✣ ❤ ✣








www.burmeseclassic.com

www.burmeseclassic.com



ဗေဒါရီသည် အရင်တစ်ပတ်တုန်းက သတင်းစ
ကလေးကို သူမ ဘယ်တော့မှ ဖွင့်မကြည့်တော့ဖို့ ဆုံးဖြတ်ထား
သော အံဆွဲကလေးထဲတွင် သော့ခတ်ပြီး သိမ်းဆည်းထားလိုက်
ရ၍ အနည်းငယ် စိတ်ပေါ့ပါးသွားခဲ့ပြီ။ ပြီးတော့ ခုံတစ်လုံးမှာ
ဝင်ထိုင်ရင်း ချိုင်းထောက်ကလေးအား ဘေးမှာထားလိုက်လေသည်
ဒါဟာ ဗေဒါရီ့အတွက် အမှန်ကန်ဆုံး ကျင်လည်ရမယ့် ဘဝတ
ပဲပေါ့ဟု တစ်ချက် ညည်းတွားမိပြန်သည်။

ကံကြမ္မာဟာ ဗေဒါရီ့ကို ရှင်းရှင်းပြောရရင် ဗေဒါ
ရဲ့ဖြစ်တည်ခွင့်ကို တစ်မျိုးတစ်ဖုံ ပြောင်းလဲပစ်ခဲ့တဲ့ လွန်ခဲ့သ
လပေါင်းများစွာကို အခုအချိန်မှာတော့ ပြန်လည်၍ အသစ်တ
အပြစ်မတင်ချင်။ ဖိုးတေဇရဲ့ ဆုံးဖြတ်ချက်အား မှန်တယ်လို့တော
ဝေဖန်ခဲ့မိသည်။ ဘယ်ယောကျ်ားတစ်ယောက်က သူ့ကိုချော့
သာယာမှု ဆိတ်သုဉ်းစေနိုင်မယ့် မိန်းမတစ်ယောက်ကို လက်
ချင်ပါ့မလဲ။ ပြီးတော့ သူ ... လက်တွဲခေါ်ရာကို ဘက်ကြွ





ခွဲလယ်တင့်စွာ၊ ဂုဏ်သရေရှိစွာ အတူတူ လိုက်လျောနိုင်မယ့်
မိန်းမတစ်ယောက်ကို ဖိုးတေဇ မရွေးချယ်ခဲ့တဲ့အတွက် ဗေဒါရီက
ခွင့်လွှတ်နိုင်သားပင်။

"သမီးကလေး ဘာတွေလုပ်နေတုန်း"

"သတင်းစာဟောင်းတွေ သိမ်းနေတာ မေမေ"

"မေ့လိုက်ပါတော့ သမီးကလေးရယ်"

"အို ... မဟုတ်သေးဘူး မေမေ၊ သမီးကလေးဘာမှမဖြစ်
ပါဘူး၊ အဟောင်းတွေကို ထပ်မမြင်ရတော့အောင် အပြီး
အပိုင် သိမ်းနေတာပါ"

မေမေသည် စေ့စပ်ကြောင်းလမ်းနှင့် မင်္ဂလာဆြေ့ခံပွဲ
အစီအစဉ် ဖျက်သိမ်းခြင်းဟူသော ခေါင်းစဉ်များ ပါဝင်သည့်
သတင်းစာတွေကြောင့် ဗေဒါရီ တစ်စုံတစ်ရာ ထိခိုက်မှာ စိုးရိမ်
သတဲ့။

ဗေဒါရီက ရယ်ရယ်မောမောဖြင့် သိမ်းထားပြီးခဲ့
ကြောင်း သိရပြန်လျှင် ယူကျုံးမရ ဖြစ်သတဲ့။ တစ်ခါတစ်ရံမှာ
ဖြစ်ရလေ သမီးကလေးရယ် ... ဟုလည်း တစ်ယောက်တည်း
ကော်မှာ ခိုး၍ရေရွတ်ခဲ့တာတွေ ဗေဒါရီက ချောင်းနားထောင်
ခဲ့ဖူးပေမြီ။ ဒါ့ကြောင့် မေမေ စိတ်အနှောင့်အယှက် ဖြစ်ရပြီ။
သာ အင်မ တန်ဒုက္ခပေးတဲ့ သမီးပဲလို့ ဗေဒါရီက အမြဲတမ်း
ကိုယ်ကိုယ် အပြစ်တင်တတ်တာတွေလည်း ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် မေမေသည် ဖေဒါရီ့ရှေ့မှာ ဖေဒါရီ စိတ်ခါတ်ကျစရာ စကားတွေ မပြောတတ်။ ဖေဒါရီ့ကို သနားတဲ့ စကားမျိုးတွေလည်း မပြောတတ်။ မေမေက ဖေဒါရီ့ချိုင်းထောက်ကြီးကို မေ့ထားဟန်မျိုး ဟန်ဆောင်ကောင်းနေတတ်။

ဖေဒါရီက မေမေ စိတ်ချမ်းသာဖို့ ဆေးတွေမှန်မှန် သောက်၊ လေ့ကျင့်ခန်း မှန်မှန်ယူ၊ ခြံထဲဆင်းပြီး ကောင်းကင်ပြာကြီးကိုဖြစ်ဖြစ်၊ ပန်းပင်ကလေးတွေကိုဖြစ်ဖြစ် လိုက်ငေး။ ဒါ… ဒါတွေက ဖေဒါရီရဲ့ တစ်နေ့တာတွေပဲပေါ့။ ဖေဒါရီရဲ့အဖော်… အခုတော့ မေမေ တစ်ယောက်ကလွဲရင် ဘယ်သူမှ အစားထိုး… မရတော့တာ။ တကယ်တော့ ဖေဒါရီ့ဘဝမှာ အလိုအပ်ဆုံး… မေမေပဲ။

ကို ... ဖေဒါရီချစ်သော ကိုကရော ဘယ်ဆီရောက်… နေခဲ့သလဲဟု တစ်ခါတစ်ရံ တွေးကြည့်ခဲ့သေးသည်။ ဖေဒါရီ… ဖိုးတေဇတို့ လူသိရှင်ကြား စေ့စပ်လိုက်ပြီးကတည်းက ကို… သည်ပတ်ဝန်းကျင်မှာ မြင်ခွင့်မရတော့တာ။ မြန်မာပြည်ရဲ့အ… အဖျားပဲ ရောက်နေသလိုလို၊ နယ်စပ်မှာပဲ မိုတယ်လ်ဆော… သွားသလိုလို၊ နိုင်ငံခြားပဲ ထွက်သွားသလိုလို အသံတွေဖြင့်… တုံ့ပြန်သည့် ဖိုးတေဇ၏မိသားစုဝင်များကြောင့် သူမသည် … သတင်းကို မကြားခဲ့ရတာ ကြာပါပြီ။ အခုချိန်မှာ ကိုက… ဖေဒါရီ့အဖြစ်တွေကို သိနေခဲ့ပြီလား။ အိုး ... ကိုကသိတော့…





…ကခံစားပေးနိုင်တာမှတ်လို့။ အစကတည်းက သူ မချစ်နိုင်ပါဘူး …ပြီး ကြွေးကြော်ထားတဲ့ မိန်းမတစ်ယောက်ရဲ့ ကျဆုံးမှုကို ဘာ …ားစိတ်ဝင်စားလောက်စရာ ရှိတာမှတ်လို့။

ကို ... စိတ်မဝင်စားတာ မပြောနဲ့၊ ဖေဒါရီ့ကို ဘာ …ဖြစ်ဖြစ် ချစ်သည်ဖြစ်စေ မချစ်သည်ဖြစ်စေ လက်ထပ်ခွင့်ရရင် …နပ်ပါပြီဆိုတဲ့ ဖိုးတေဇတောင် ဖေဒါရီဆိုတဲ့ ဘဝတစ်ခုကို …ယ်တကူ မေ့သွားခဲ့တာပဲ။

"သမီးကလေး ... ထမင်းစားချိန်ရောက်ပြီ၊ ဆာနေပြီလား"

မေမေက ဖေဒါရီ့အခန်းထဲ နောက်တစ်ကြိမ်ဝင် …ပြီး ဖေဒါရီ့နဖူးကလေးအား ခပ်ဖွဖွနမ်းကာ မေး၏။ ဒီနေ့ …ာ တစ်ခုခုကို တက်ကြွအားသန်နေလိုပဲ။ ပြီးတော့ ပျော်နေ…လိုပဲ။ ဖေဒါရီက မေးကြည့်ချင်သားပင်။

"မေမေရော ဆာပြီလား"

"ဟင့်အင်း ... မေမေ စားလို့မဖြစ်သေးဘူး သမီးကလေးရဲ့၊ ဧည့်သည်တစ်ယောက်နဲ့ ချိန်းထားတယ်၊ သမီးကလေး စားနှင့်မလားလို့"

"ဧည့်သည်က အရေးကြီးတဲ့ ဧည့်သည်လား မေမေ"

မေမေက "အင်းပေါ့"ဟု မဖြေချင့် ဖြေချင်ဖြေ၏။ …သည် မေမေ့အဖြေကြောင့် အတော်လေး ဝမ်းနည်းချင် … အားလေ ... မေမေ့လုပ်ငန်းကလေးကို အရင်ကလို အကြဲ



www.burmeseclassic.com

www.burmeseclassic.com



မပြုနိုင်၊ ပါဝင်မဆွေးနွေးနိုင်၊ မေမေ့ကို အကူအညီမပေးနိုင် သမီးတစ်ယောက်ကို မေမေက ပြောလည်း အပိုပဲလို့ သတ် ချင် သတ်မှတ်မှာပေါ့။ မေမေ့မှာ ဗေဒါရီ့ဆေးကုသစရိတ် အကွက် ဦးနှောက်ခြောက်စရာတွေ ရှိချင်ရှိမည်ဟု ဗေဒါရီ မိတိုင်း မေမေ့ကို သနားခဲ့ပါသည်။

"သမီးကလေးကထိုင်နေရတဲ့လူပဲ မဆာပါဘူး မေ မေမေ့ဧည့်သည်နဲ့ တွေ့ပြီးမှ၊ မေမေ အားသွားမှ မေ အတူတူ ထမင်းစားချင်တယ်"

"ကလေးလိုပဲကွယ်၊ ကဲ … အခု သမီးကလေး ဘာ မလို့လဲ"

"ဆေးသောက်ထားရတော့ အိပ်ချင်သလိုလို ဖြစ်နေ

"ဒါဆိုလည်း အိပ်လိုက်ပေါ့၊ အိပ်ချင်တုန်း အိပ်လိုက် အားဖြစ်ပါတယ်၊ အကယ်၍ ဧည့်သည်က သမီးက ကို တွေ့ချင်တယ်ဆိုရင် မေမေ လာနှိုးရမလား"

ဟင့်အင်း … မတွေ့ချင်ဘူး။ မေမေ့ဧည့်သည် ဟာ ဗေဒါရီ့အဖြစ်ကို သိပြီးထားနှင့်သူတွေး ဗေဒါရီကိုကြ စုတ်တသပ်သပ် သနားကြ။ အားပေးစကားတွေ မကြား လျက် ပြောကြ။ ဟိုဟာလုပ်ပါလား၊ သည်ဟာလုပ်ပါ အကြံပေးကြခြင်းတွေကား ဟန်ဆောင်မှုသက်သက်တွေ၊ မပါတဲ့စကားတွေအဖြစ် ဗေဒါရီက မှန်းတီးပါသည်။





ဗေဒါရီက မဆိုင်းမတွပင် ခေါင်းခါပစ်လိုက်တော့ မေက ခပ်သဲ့သဲ့ရယ်၏။ အို … သည်ဧည့်သည်က မေမေ့ကို လိုပျော်ရွှင်မှုတွေများ ဆောင်ကြဉ်းပေးမှာပါလိမ့်။ မေမေ့ကို ယ်အပြုံးတွေနဲ့ သစ်လွင်စေတော့တယ်။

မေမေ ထွက်သွားတော့ ဗေဒါရီသည်အိပ်ရာထဲတွင် ရင်းမှ ဆေးတွေအရှိန်ကြောင့် မျက်လုံးအစုံက မှေးစင်း ခဲ့ပြီ။ ခုတင်ဘေးက စာကြည့်စားပွဲပေါ်တွင် ပန်းအိုးကလေး နှင်းဆီဖြူဖြူတို့ ရနံ့ကြောင့် ဗေဒါရီ့အခန်းကလေးဟ နေ့ ပိုငြိမ်းချမ်းနေခဲ့သလား။ မေမေ အလိုက်တသိ ထိုးပေး တဲ့ သည်နှင်းဆီဖြူကလေးတွေကို ဟိုးအရင်တုန်းက ကို့ရဲ့ ပန်းကြေး လက်ဆောင်ကလေးအဖြစ် ဗေဒါရီက မြတ်နိုး ရဲ့။

ကိုက ထားရစ်ခဲ့တာတောင် သည်နှင်းဆီဖြူလေး သူမ မပစ်ပယ်ရက်ခဲ့ပါ။ ထို့နောက် ဗေဒါရီသည် ငြိမ်း ကမ္ဘာလေးတစ်ခုကို ဖန်တီးနိုင်သည့် အိပ်မက်တစ်ခု က်နိုင်ဖို့ မျက်လုံးမှိတ်ကာ အိပ်ပစ်လိုက်ပါသည်။

✣ ❤ ✣



www.burmeseclassic.com

www.burmeseclassic.com



မှေးခနဲ အိပ်ပျော်သွားခဲ့ပြီးနောက် ဗေဒါရီ[illegible] သူမ အင်မတန်မှ တောင့်တသော အိပ်မက်တချို့ကိုမက်[illegible] ချင်သော်လည်း မက်ခွင့်မရ၍ သည်အိပ်ပျော်ရခြင်းအား အ[illegible] မကျေမနပ် ဖြစ်ချင်လာသည်။ အိပ်ပျော်နေရင်းမှ အိပ်မက်[illegible] သော အိပ်ပျော်ခြင်းအတွက် ဝမ်းနည်းချင်လာသည်။ လူက [illegible] နေရာမှ ဆတ်ခနဲ နိုးသွားပြီးနောက် တစောင်းအနေအထာ[illegible] နံရံကို အကြာကြီးစိုက်ကြည့်ကာ မလှုပ်မယှက် နေမိပြန်[illegible] ဘာလုပ်ရမှာလဲ၊ သွားစမ်းပါ။ အဓိပ္ပာယ်မရှိတဲ့ အိပ်ပျော်[illegible]

အိပ်စက်ခြင်းတွေမှာ အိပ်မက်မပါရင် အလ[illegible] ဘာမှအကျိုးမရှိတဲ့ အိပ်စက်ခြင်းပဲပေါ့ဟူ၍ ဗေဒါရီက ယူ[illegible] ချင်သတဲ့။ ကိုယ်ဖြစ်ချင်တာတွေ တစ်ခါတစ်ရံ အိပ်မက်[illegible] ရှာတွေ့ရင် အင်မတန်မှ စိတ်ချမ်းသာရတဲ့ ဘဝပဲ။ ဒါ[illegible] ဗေဒါရီက အိပ်ပျော်အောင် ခဏခဏပဲ တမင်ကြိုးစားအ[illegible] ခဲ့တာ။





အခုတော့ အလကားပဲ။ အိပ်မက်မပါတဲ့ [illegible] ကောင်းလှစွာ ကုန်ဆုံးသွားတဲ့ အိပ်စက်ခြင်း။ ကြည့်စမ်း [illegible] လောကကြီးက မတရားဘူး။ ဗေဒါ မလိုလားတဲ့ အိပ်မက်တွေပေါ်[illegible] တဲ့ အိပ်စက်ခြင်းကို တစ်ခါတစ်ရံ ပေးတတ်ဆဲပဲ။

"သား ... မင်း မနက်စာတောင် မစားခဲ့ရဘူးဆို၊ သမီး ကလေးက သောက်ထားတဲ့ ဆေးအရှိန်ကြောင့် အကြာကြီး အိပ်ချင်အိပ်နေမှာ"

ဘုရားရေ ... ငါ့အခန်းထဲ မေမေရောက်နေပြီ။ ပြီး တော့ မေမေ့နှုတ်ဖျားမှ ချိုမြစွာ ခေါ်သံကလေး "သား"တဲ့။ အဲသည်လူကလည်း ငါ့အခန်းထဲ ရောက်နေခဲ့ပြီ။ ပြီးတော့ ငါ နိုးလာတဲ့အထိ ထိုင်စောင့်နေခဲ့သလား။ အို ... ဘုရား ... ဘုရား၊ ငါက ဘယ်ယောက်ျားတစ်ယောက်ကိုမှ ထပ်တွေ့လိုစိတ် မရှိ တော့တာ။ မေမေ ဘာတွေ လျှောက်လုပ်နေသလဲ။ အင်း ... ဆက်ပြီး အိပ်ချင်ဟန်ဆောင်နေမှ။

"သား ... သမီးကလေး မနိုးခင် အန်တီ နောက်တစ်ခါ ထပ်တိုက်တွန်းချင်သေးတယ်ကွယ်၊ မင်း သေသေချာချာ စိတ်ဆုံးဖြတ်ပါဦးလား၊ အန်တီကတော့ မင်း ဒီစကားကို စတင်တောင်းဆိုခဲ့တဲ့ ကာလတွေကို တွက်ဆပြီး မင်းရဲ့ သံယောဇဉ်နဲ့ သမီးကလေးရဲ့ စွဲလမ်းမှုတွေကို ငဲ့ကွက်ပြီး ခွင့်ပြုလိုက်ရတာ။ တကယ့်တကယ်တော့ ဒါက ရေရှည်မှာ



www.burmeseclassic.com

www.burmeseclassic.com



သားအတွက် စိတ်ပြိုငြင်စရာ ဖြစ်ချင်ဖြစ်လာနိုင်တယ်နော်သား အခုချိန်မှာ အန်တီ့ကို အားနာစရာ မလိုဘူး၊ လက်လျှော့ပြီး ထပြန်ချင်ရင် ပြန်လည်း အန်တီ အားလုံးကိုနားလည်ခွင့်လွှတ်ပြီးသား၊ အို ... အားလုံးပဲ၊ အားလုံးကိုပါပဲ၊ ဖိုးတေဇကိုရော၊ ဖိုးတေဇရဲ့အဖေနဲ့ အမေကိုရောပြီးတော့ သားကိုရောပေါ့"

အို ... သည်လူဟာ မေမေ့ကို ဘာတွေ တောင်းဆိုခဲ့သလဲ။ သူမ၏သိလိုစိတ် တဖွားဖွား ဖြစ်ထွန်းလာမှုသည် သိပ်ကြာကြာ ဖြစ်တည်ခွင့် မရခဲ့ချေ။ ဗေဒါရီ့အတွက် အဖြေဆိုတာချက်ချင်းသိခွင့်ရခဲ့၍ပင် ဖြစ်လေသည်။

"ကျွန်တော့်ရဲ့မေတ္တာကို မယုံသေးလို့လား၊ အန်တီရယ်"

"ယုံပါတယ် သားရယ်၊ သမီးကလေး ဒီလို စဖြစ်တဲ့သတင်းကြားရတဲ့နေ့ကတည်းက ဒီနေ့အထိ သားကတစ်ရက်မပျက်တောင်းဆိုခဲ့တဲ့ တောင်းဆိုမှုနဲ့ သမီးကလေးအိပ်ပျော်နေချိန်တိုင်း ခဏလေးငေးကြည့်ပြီး နောက်ပြန်တလှည့်လှည့် ပြန်သွားတတ်တဲ့ သားရဲ့ဟန်မဆောင်တတ်တဲ့ အမူအရာကလေးတွေကိုယုံပြီး ဒီနေ့တော့ သမီးကလေးနဲ့ တွေ့ခွင့်ပေးလိုက်တာပါ၊ တစ်ခုတော့ ရှိတယ်သားရယ်၊ သမီးကလေးရဲ့ ဆုံးဖြတ်မှုကို သား ခံနိုင်ရည်ရှိဖို့ပဲ"





အို ... ဆုံးဖြတ်ပစ်လိုက်ရတာပေါ့၊ ဟင် _ နေစမ်းပါဦး၊ သည် ... သည်အသံဟာ ... ထိုအသံအား စောင်တွေနဲ့နားရွက်ကို ကွယ်နေခဲ့၍ ကွဲကွဲပြားပြား ကြားခွင့်မရလိုက်တာကိုဒါသဖြစ်ချင်သည်။ ဘုရားရေ ... သည်အသံမျိုးက သူမသိပ်ရင်းနှီးလွန်းနေခဲ့ပါရဲ့။ သို့သော် အသံပိုင်ရှင် မည်သူဖြစ်ကြောင်းကို ထိုအသံပိုင်ရှင်ကပင် ဝန်ခံခဲ့ပြန်သောအခါ ...

"ဟင့်အင်း ... ဗေဒါရီ မဆုံးဖြတ်ရဘူး အန်တီ၊ ရဲတိုက်က ဗေဒါရီ့ဆုံးဖြတ်မှုတွေကို သူကိုယ်တိုင်ပဲ ဆုံးဖြတ်ပေးချင်တယ်ဆိုတာ ဗေဒါရီ သိခွင့်ရမှာပါ"

ဗေဒါရီသည် တစောင်းလှဲနေရာမှ "မေမေ"ဟုအကျယ်ကြီး အော်ကျမိလျက် လူက အလိုလို ထလိုက်မိလျက်သား ဖြစ်နေခဲ့တော့သည်။

ဗေဒါရီသည် မေမေ့ရင်ခွင်ထဲသို့ အားကိုးတကြီးတိုးဝင်လျက် စိတ်ရှိလက်ရှိ ငိုပစ်လိုက်သောအခါ မေမေကဗေဒါရီ့ဆံပင်များကိုသပ်၍ နှစ်သိမ့်ခဲ့သည်။ ဘာတွေဖြစ်ခဲ့သလဲမေမေ။ မေမေနဲ့ ကိုတို့ ဘယ်တုန်းကတည်းက ဗေဒါရီ့အကြောင်းတွေ ပြောနေခဲ့ကြသလဲ။ မေမေက "ရဲတိုက်ကို မုန်းတယ်"ဆို။ အခုတော့ မေမေ ဘာလို့ မမုန်းနေတာလဲ။ မေမေမုန်းတဲ့ လူတစ်ယောက်ရဲ့ ရင်ခွင်ထဲကို ဗေဒါရီ့ကို ဘာလို့ ယုံယုံကြည်ကြည်အပ်ပေးချင်ခဲ့တာလဲ။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ သိထားတဲ့ မောင်ကိုဟာ ရဲတိုက် ဖြစ်နေခဲ့တယ် ဆိုတာ လွန်ခဲ့တဲ့ ရှစ်လလောက်တုန်းကမှ သိခွင့်ရခဲ့တယ် သမီးကလေး ဆေးရုံကဆင်းပြီး တစ်ပတ်ပြည့်တဲ့နေ့မှာ သားက မေမေ့ဆီ ရောက်လာပြီး သူ့နာမည်အရင်း ဝန်ခံခဲ့တယ်၊ ပြီးတော့ အဲဒီကတည်းကစပြီး အခုချိန်အထိ တစ်နေ့မပျက် သမီးကလေးကို သူ့ပဲ ပိုင်ဆိုင်ခွင့်ပေး ဆိုပြီး တောင်းဆိုခဲ့တော့တာပဲ၊ မေမေ သားကို တော် လေး ယုံကြည်လာတဲ့ လွန်ခဲ့တဲ့ သုံးလလောက်က သမီးကလေး အိပ်ပျော်နေချိန်တွေမှာ ခဏတစ်ဖြုတ် တွေ့ခွင့်ပေးခဲ့မိတယ်၊ သမီးကလေး သဘောမတူဘဲ တစ်ခါ မေမေ့သဘောအတိုင်း လုပ်နေခဲ့တဲ့အတွက် မေမေ ကို စိတ်ဆိုးချင်လည်း ဆိုးတော့ သမီးကလေးရယ်"

ရဲတိုက်သည် မိခင်၏ရင်ခွင်ထဲ တိုးဝင်၍ အား တကြီး ဖက်တွယ်ကာ ငိုရှိုက်နေသည့် ချစ်သူကောင်မလေး သူကိုယ်တိုင် နှစ်သိမ့်ခွင့် ရချင်နေခဲ့သည်။ မင်း ငြင်းချင်သလော ငြင်းစမ်း ဗေဒါရီ။ သည်တစ်ခါလည်း ငါပဲ အနိုင်ပိုင်းပါရစေ အနိုင်ပိုင်းပြီး ဗေဒါရီ့ဘဝထဲကို ဝင်ပါရစေ။ ဖြူလွှဖားယား အင်္ကျီဖြူကလေးနှင့် ဆန့်ကျင်လျက် တစ်ကိုယ်လုံး ဖုံးတော့ ရှည်လျားနေသည့် ပိုးသားဆံပင်တွေက ရင်ခုန်ချင်စရာ ကော လှသည်။ သိလား ဗေဒါရီ။ ကိုယ် မင်းကို ဘယ်လောက်





ချစ်နေခဲ့မိတယ်ဆိုတာ ပြောပြမှ ဖြစ်တော့မယ်။ မင်း သိရဲ့လား ဗေဒါရီ။

"မေမေ ... သမီးကလေး သူ့ကို မတွေ့ချင်ဘူး အပြင်ကို ထွက်သွားခိုင်းလိုက်ပါ၊ သမီးကလေးနားမှာ မေမေပဲ ရှိ စေချင်တယ်"

"ကဲ ... ဘယ်လိုလဲ သားရေ၊ အခုကျတော့လည်း တယ် နှုတ်ဆိတ်နေပါရောလား၊ တစ်ခုခု ဝင်ပြောလေကွယ်"

သူက ရှက်ကိုးရှက်ကန်း တစ်ချက်ရယ်လျက် ဗေဒါရီ့မေမေ ထိုင်နေသော ခုတင်စွန်း၏ တခြားတစ်ဖက်အစွန်း တွင် ဝင်ထိုင်လိုက်မိ၏။

"ဒီမှာ ရဲတိုက်ရဲ့၊ ခြေထောက်မသန်စွမ်းတော့တဲ့ မိန်းမ၊ ခြေ ထောက်ကို အားကိုးနေရတဲ့ မိန်းမ၊ ပြီးတော့ နှစ်ရှည်လ များ လေ့ကျင့်မှုတွေ ဆေးကုသမှုတွေကြောင့် အကောင်း ပကတိ ဖြစ်ချင်ဖြစ်မယ်၊ မဖြစ်ချင်လည်း မဖြစ်ဘူးဆိုတာ တောင် ရေရေရာရာ မသိနိုင်တဲ့ မိန်းမတစ်ယောက်ကို လက်ထပ်ဖို့ ရှင်မိုးလို မိုက်မိုက်မဲမဲ ခွင့်တောင်းချင်တယ်၊ ကျုပ်ဘာသာ တစ်ယောက်တည်း အေးချမ်းရတဲ့ဘဝကို မမြင်ချင်လို့လား၊ ဒီမှာ ကျုပ်ရဲ့ဆုံးဖြတ်ချက်ကို ပြောလိုက် မယ်၊ ကျုပ်က ဘယ်တော့မှ ယောကျ်ားတစ်ယောက်ရဲ့ ဘဝထဲမှာ ကျုပ်ဘဝကို မြှုပ်နှံဖို့ မစဉ်းစားတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မဥ္ဇူ၏ ရင်ခွင်ထဲမှ ဖြုန်းခနဲ ရုန်းထွက်ကာ သူ့အား လေသံမာမာတို့ဖြင့် ရန်တွေ့လေသည်။ ကိုယ့်ရဲ့ချစ်ခြင်းဟူသမျှကို မင်း မသိနေသေးသရွေ့ သည်လိုပဲ ဆုံးဖြတ်ဦးမှာပဲ။ ပြီးတော့ ကိုယ့်ကို မယုံကြည်နေဦးမှာပဲ. မဟုတ်လား ဗေဒါရီ၊ မင်း ကိုယ့်ကို ဘယ်လောက်တောင် ချစ်နိုင်ခဲ့တယ်ဆိုတာ ကိုယ်သိထားခဲ့ပြီ။ သည်လောက်တော်င် အချစ်တစ်ခုအား တန်ဖိုးထားတတ်တဲ့ မိန်းမတစ်ယောက်ရဲ့အချစ်ကို စော်ကားမိတဲ့ ကိုယ့်ကိုယ်ကိုယ်လည်း ဒဏ်ခတ်ခဲ့ပေါင်း များခဲ့ပြီ။

"ကိုယ့်ကို ဖိုးတေဇကိုချစ်တဲ့ အချစ်မျိုးနဲ့ မချစ်နိုင်ရင်လည်း ကိစ္စမရှိပါဘူး။ ကိုယ်က ဗေဒါရီ့ကို ကိုယ့်ဘဝထဲ ဆွဲခေါ်ပြီး နွေးထွေးတဲ့ ဘဝကလေးတစ်ခုကို ပိုင်ဆိုင်စေချင်လို့ပါ၊ ကိုယ်ဖန်တီးပေးမယ့် ဘဝက မာနတွေ အာဃာတတွေ၊ အငြိုးအတေးတွေ၊ ပြိုင်ဆိုင်မှုတွေလည်း မရှိဘူး၊ ဗေဒါရီ့အတွက် သီးသန့်ဖန်တီးပေးမယ့် သုခဘုံကလေးပါ ဗေဒါရီ၊ မင်း ဘယ်လိုပဲ ငြင်းချင် ငြင်းတော့ ကိုယ်က မေမေ့ဆီမှာ ခွင့်တောင်းပြီးပြီ၊ မေမေကလည်း ခွင့်ပြုပြီးပြီ"

"အို ... ကျုပ်မှ သဘောမတူတာ၊ ဟင့်အင်း ... မရဘူး မေမေ သမီးကလေး သူ့ကို လက်မထပ်ဘူး မေမေ"





ဒေါ်မဥ္ဇူရီက သူ့ထံမှ "မေမေ"ဟု ပြောင်းခေါ်ခြင်းအားအသိအမှတ်ပြု ခေါင်းညိတ်ကာ သူမ၏သမီးဖြစ်သူရဲ့ လက်ဖဝါးကလေးတစ်ဖက်အား ဆွဲယူ။ ပြီးတော့ သူ့ဆီကမ်းပေးစဉ် သူက အလိုက်တသိ လက်ကမ်း။ သူမက မျက်ရည်တွေဖြင့် ခေါင်းခါငြင်းဆန်။

ကဲ ... နောက်ဆုံးတော့ ရဲတိုက်ဟာ ဗေဒါရီ့ကို ပိုင်ဆိုင်ခွင့်ရတာပဲပေါ့။ ဒါဟာ မှန်ကန်တဲ့ အဆုံးအဖြတ် တစ်ခုပါ ဗေဒါရီ။

"ကိုယ့်ကို ဘာလို့ လက်မထပ်နိုင်တာလဲ၊ ဖိုးတေဇကို ချစ်သလောက် မချစ်ရင်တောင် အရင်က ရည်းစားဟောင်း ဆိုတဲ့ သံယောဇဉ်ကလေး ထားပေးပါလား"

"ဖိုးတေဇကို ချစ်ပါတယ်လို့ ဘယ်သူက ဝန်ခံနေလို့လဲ။ ရှင့်ကို လက်မထပ်နိုင်ဘူးလို့ အော်နေတာ မကြားဘူးလား"

"ဟုတ်ကဲ့၊ အဲဒါ မကြားမိလို့ပါ၊ နောက်ထပ် ဘယ်လောက် အော်အော် ကြားမှာလည်း မဟုတ်ပါဘူး၊ ကဲ ... မေမေ၊ ကျွန်တော့်လို့ပဲ မေမေလည်း မကြားမိဘူးဆိုတာ ကူပြောပေးပါဦး"

ဗေဒါရီ့မေမေက သူမ၏သမီး ပါးပြင်ပေါ်မှ မျက်ရည်တွေကို သုတ်ပေးရင်း "အေး ... မကြားပါဘူးကွယ်"ဟု ခေါင်းဝိုး ထောက်ခံတော့ ဗေဒါရီသည် အရာရာအား အရှုံးပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည့်အနေဖြင့် ငြိမ်သက်တိတ်ဆိတ်သွားတော့သည်။ ထို့နောက် ခုနကနှင့် မတူစွာ သူမ၏လက်ဖဝါးအား အုပ်ကိုင်ထားသည့် သူ့လက်အစုံပေါ် သူမ၏ ကျန်လက်ဖဝါးတစ်ဖက်ဖြင့် ထပ်၍ အုပ်ကိုင်လျက် ...

"ဗေဒါရီကြောင့် တစ်စုံတစ်ဦးရဲ့ဘဝမှာ ဝန်ထုပ်ဝန်ပိုးကြီးဖြစ်သွားမှာ စိုးရိမ်တယ်၊ အထူးသဖြင့် ဗေဒါရီ့ကို တကယ်မချစ်ခဲ့ဘဲ သနားလို့ လက်ထပ်ချင်လာလို့ ကို့ဘဝမှာ ဝန်ထုပ်ဝန်ပိုးဖြစ်ရမှာ အစိုးရိမ်ဆုံးပဲ၊ ကို ဗေဒါရီ့ကိုလက်မထပ်ပါနဲ့နော်၊ ဗေဒါရီတို့ မိတ်ဆွေတွေလို နေကြရအောင်၊ ကိုက ဗေဒါရီ့ကို သနားရင်လည်း ဒီလိုနည်းနဲ့တော့ မကူညီချင်ပါနဲ့၊ မစောင့်ရှောက်ချင်ပါနဲ့ ကို၊ ညီမလေးတစ်ယောက်လို စောင့်ရှောက်ပြီးတော့ ကို ကူညီနိုင်သလောက် အချိန်ထိ ကူညီချင်ရင် ကူညီပါ၊ တစ်နေ့ကျရင် ကို့မှာ အဖော်ရှိလာတဲ့အခါ မကူညီနိုင်တော့ရင်လည်း ဗေဒါရီက ဘယ်သူ့ကိုမှ အပြစ်မတင်တော့ပါဘူး၊ ဗေဒါရီ ပြောတာကို နားထောင်ပါ ကို၊ ဗေဒါရီကို ဒီလိုသံယောဇဉ်တွေ ရှိနေခဲ့တယ်ဆိုတာ သိရရင်ပဲ ဗေဒါရီ ကျေနပ်ပါတယ်"

ဖျောင်းဖျသော လေသံဖြင့် သူ့ရဲ့ရင်ထဲကို ထိုးဆွသည့် စကားတွေ ထွေပ်မံပြောသေးရဲ့။ အင်မတန်ဆိုးတဲ့ ဗေဒါရီပဲ။





ဗေဒါရီ့မေမေက အလိုက်တသိ ပြတင်းဝမှာ သွားရပ်ကာ သူတို့အား ကျောခိုင်းလိုက်သောအခါ သူက ကျေးဇူးပဲ မေမေဟု စိတ်ထဲမှ ရေရွတ်မိသည်။ ဗေဒါရီ သိခွင့်မရခဲ့တဲ့ ကိုယ့်ဆီက ချစ်ခြင်းတစ်ခု၊ ကိုယ့်ဆီက အမြဲတောင့်တခဲ့တဲ့ အိပ်မက်တစ်ခုကို ပြောပြခွင့် ရချင်သေးရဲ့။ သည်ချစ်ခြင်းတစ်ခုကို ဗေဒါရီ ယုံအောင် တစ်သက်လုံး ပြောရရင်လည်း ပြောရပါစေတော့။ နောက်ဆုတ်လို့ မရတော့ဘူး ဗေဒါရီ။ မင်းမှမသိဘဲ။ မင်းဆီက "ကို"ဆိုတဲ့ ခေါ်သံလေးကို ပြန်သုံးနှုန်းလိုက်တာကိုကပဲ ကိုယ့်အတွက် အပြင်းထန်ဆုံး ဆွဲအားတစ်ခု ဖြစ်ခဲ့ပြီ။

"အချိန်အကြာကြီး မျိုသိပ်ထားရတဲ့ ကိုယ့်အချစ်တွေကို ထည့်မတွက်တော့ဘူးလား ဗေဒါရီ၊ ဘာဖြစ်လို့ အချစ်ကို မေ့ပစ်လိုက်တာလဲ"

ထိုအခါ ဗေဒါရီသည် ရဲတိုက်အ[illegible] အထူးအဆန်းသဖွယ် မော့ကြည့်လိုက်လေသည်။ ထို့နောက် အနှစ်နှစ် အလလတ တမ်းတခဲ့ရသည့် အိပ်မက်များထဲမှ အပိုင်းအစကလေးတစ်ခုအား ထာဝရ ပိုင်ဆိုင်ခွင့်ရလျှင်တော့ ပိုင်ဆိုင်ချင်သားပင်ဟု မှိုက်မိုက်မဲမဲ အ[illegible]ဖြင့် ထိုစကားတစ်ခွန်းအား စိတ်ချလက်ချ ယုံကြည်ပို့ ဆုံးဖြတ်လိုက်ခြင်းကြောင့် ဗေဒါရီမှားသလား။ ဟင့်အင်း ... ဗေဒါရီ မသိချေ။ ယခုထိ ဗေဒါရီ တကယ်မသိသေးချေ။



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com





ရှင်မိုး
(ဆေးတက္ကသိုလ်)
2:20 A.M, Saturday,
22 nd July, 1995.

www.burmeseclassic.com